ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၇ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၇ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၀၈ ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၁၀၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးချုပ်၊
## ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ

တရားရုံးချုပ် (နေပြည်တော်)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | **B.A.; B.L.** | တရားသူကြီးချုပ် |
| ၂။ | ဦးထွန်းထွန်းဦး | **B.A. (Law); LL.B.** | ဒုတိယတရားသူကြီးချုပ် |

တရားရုံးချုပ် (ရန်ကုန်)

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး | **B.Sc.; R.L.; (Advocate)** | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးခင်မြင့် | **Master Mariner (F.G); H.G.P.; R.L.; LL.B.; (Advocate)** | တရားသူကြီး |
| ၃။ | ဒေါက်တာတင်အောင်အေး | **B.Sc.; B.L.; LL.M.; LL.D.** | တရားသူကြီး |
| ၄။ | ဦးမြင့်သိန်း | **B.Sc.; B.L.; (Advocate)** | တရားသူကြီး |
| ၅။ | ဦးချစ်လွင် | **B.Sc.; B.L.; (Advocate)** | တရားသူကြီး |
| ၆။ | ဦးတင်အေး | **B.A.; H.G.P.; R.L.** | တရားသူကြီး |
| ၇။ | ဦးဟန်ရှိန် | **B.A. (Law); LL.B.; (Advocate)** | တရားသူကြီး |

တရားရုံးချုပ် (မန္တလေး)

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်လတ် | **B.A.; B.L.; (Advocate)** | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးစန်းတင့်ရီ | **B.A. (Law); LL.B.; (Advocate)** | တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | **B.A. (Law); LL.B.; (Advocate)** | တရားသူကြီး |
| ၄။ | ဦးစိန်လှိုင် | **B.A. (Law); LL.B.; LL.M.; (Advocate)** | တရားသူကြီး |
| ၅။ | ဦးသက်ထွန်း | **B.A.; B.L.; (Advocate)** | တရားသူကြီး |
| ၆။ | ဦးကျော်ဝင်း | **B.A.(Hons.); H.G.P.; R.L.** | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး<br>ဒုတိယတရားသူကြီးချုပ် | **B.Sc.; R.L.; (Advocate)** | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာတင်အောင်အေး<br>တရားသူကြီး | **B.Sc.; B.L.; LL.M.; LL.D.** | အဖွဲ့ဝင် |
| ၃။ | ဦးစိန်လှိုင်<br>တရားသူကြီး | **B.A. (Law); LL.B.; LL.M.; (Advocate)** | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာထွန်းရှင်<br>ဒုတိယရှေ့နေချုပ် | **B.A. (Law); LL.B.;<br>M.A.Business Law (Lond);<br>LL.D. Intl. Law (Ghent, Belgium);<br>F.R.G.S (Lond); A.M.R.Ae.S (Lond);<br>Dip Intl. Law (Lond)** | အဖွဲ့ဝင် |
| ၅။ | ဦးမြင့်နိုင်<br>ဒုတိယရှေ့နေချုပ် | **B.A. (Law); LL.B.; (Advocate)** | အဖွဲ့ဝင် |
| ၆။ | ဦးစိုးညွှန့်<br>ညွှန်ကြားရေးမှူးချုပ် (တရားရေးရာ)<br>တရားရုံးချုပ် | **B.A.; R.L.** | အဖွဲ့ဝင် |
| ၇။ | ဦးမြသိန်း<br>ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ)<br>တရားရုံးချုပ် | **B.A.(Law);LL.B.; LL.M.** | အဖွဲ့ဝင် |
| ၈။ | ဦးတင်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး | **B.A.(Law);LL.B.** | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၉။ ဦးမျိုးညွန့်<br>တရားရုံးချုပ်ရှေ့နေ | **B.A.; H.G.P.; R.L.; D.B.L.**<br>**(Advocate)** | အဖွဲ့ဝင် |
| ၁၀။ ဒေါ်ခင်လှမြင့်<br>ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>တရားရုံးချုပ် (ရန်ကုန်) | **B.A.(Law); LL.B.** | အဖွဲ့ဝင် |
| ၁၁။ ဦးအောင်ဝင်း<br>ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>တရားရုံးချုပ် (ရန်ကုန်) | **B.A.(Law); LL.B.; LL.M.** | အဖွဲ့ဝင် |
| ၁၂။ ဦးလှအေး<br>ညွှန်ကြားရေးမှူး<br>စီမံနှင့်ဝန်ထမ်းရေးရာဌာန<br>တရားရုံးချုပ် (နေပြည်တော်) | **LL.B.** | အဖွဲ့ဝင် |
| ၁၃။ ဒေါ်သင်းခိုင်<br>ညွှန်ကြားရေးမှူး<br>ဥပဒေလုပ်ထုံးလုပ်နည်းဌာန<br>တရားရုံးချုပ် (နေပြည်တော်) | **B.A.(Law); LL.B.; LL.M.** | အတွင်းရေးမှူး |

“ တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည် ”

( ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ )(၁)

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ- ၆၁၆

# မာတိကာ

## စီရင်ထုံးပြုသော ပြစ်မှုများ


| | | စာမျက်နှာ |
|---|---|---|
| ညွှန်းချက် | | က-ဈ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော်<br>ဒေါ်ခင်ဆွေဝင်း ပါ ၅ | နှင့် | ၁ |
| မဌေး (ခ) မကြည်ကြည်ဌေး<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ၁၆ |
| မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ၂၉ |
| မောင်စိုး<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | နှင့် | ၃၈ |
| အောင်ဇော်မိုး<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ၄၈ |
| ဦးအောင်မြင့်<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ၅၇ |

# မာ တိ ကာ

## စီရင်ထုံးပြုသော တရားမမှုများ


| | | စာမျက်နှာ |
|---|---|---|
| ညွှန်းချက် | | က-ဒ |
| ဦးခင်မောင်ရီ (ခ) စုရှန်ရီ<br>ဦးရင်ကြွယ် ပါ ၂ | နှင့် | ၁ |
| ဦးစန်းမောင် ပါ ၅<br>ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီး | နှင့် | ၁၅ |
| ဒေါ်စန်းလွင်<br>ဒေါ်သန်း (ခ) ဒေါ်သန်းသန်း | နှင့် | ၂၉ |
| ဒေါ်ညွန့်ညွန့် (၎င်း၏အခွင့်ရ<br>ကိုယ်စားလှယ် ဦးမျိုးသန်း)<br>ဒေါ်လောရာ | နှင့် | ၄၄ |
| ဦးထွန်းထွန်း (၎င်း၏အထွေထွေ<br>ကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးမာ)<br>ဦးမြတ်ဖော်အောင် | နှင့် | ၅၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော်<br>ဦးထွန်းအောင်ကြည် | နှင့် | ၆၆ |
| ဦးဘမင်း<br>ဒေါ်မြမြ ပါ ၂ | နှင့် | ၇၅ |

စာမျက်နှာ

ဒေါ်မိမိခိုင် နှင့် ၉၀
မစန္ဒာဦး (ခ) မေသန္တာ ပါ ၂

ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် (၎င်း၏ ၉၈
အခွင့်ရကိုယ်စားလှယ် ဦးချစ်မောင်) နှင့်
မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊
စက်မှုလက်မှုငွေချေးဌာန ပါ ၅

-----------------------------------

မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နှင့်
M.H.L.G. Trading Co. Ltd. ပါ ၄

-----------------------------------

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊ မြစိမ်းရောင်အင်တာပရိုက်(စ်)
(၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ
ဦးဆန်းနွယ်ဝင်း) နှင့်
M.H.L.G. Trading Co. Ltd. ပါ ၄

-----------------------------------

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊ မြစိမ်းရောင်အင်တာပရိုက်(စ်)
(၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ
ဦးဆန်းနွယ်ဝင်း) နှင့်
M.H.L.G. Trading Co. Ltd. ပါ ၄

| | | |
|---|---|---|
| ဒေါ်သန်းသန်းလွင်<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>တရားမတရားစီရင်ရေးဌာန၊ မန္တလေး<br>ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ | နှင့် | ၁၁၂ |
| ဒေါ်အုန်းတင် ပါ ၂<br>ဦးထွန်းရီ ပါ ၂ | နှင့် | ၁၁၉ |
| ဦးအောင်သိန်း (ခ) ဦးသိန်းထူး ပါ ၂<br>အာရှမနေဘဏ်လီမိတက် (တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဝင်းသင်) ပါ ၂ | နှင့် | ၁၃၃ |

# ၂၀၀၇ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

# ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ
- ၁၉၈၃ ခုနှစ် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ
- ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုခဲ့ခြင်း မရှိသဖြင့် မူလကနဦးတည်းက ပျက်ပြယ်နေသော အမှုမှ တရားခံများအား စွဲချက်မတင်မီ ပြန်လွှတ်နိုင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ တရားရုံးတွင် ဆောင်ရွက်သည့် မှုခင်းကိစ္စနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ ယင်းတရားရုံးကဖြစ်စေ၊ ယင်းတရားရုံး၏ အထက်တရားရုံးကဖြစ်စေ စာဖြင့်ရေးသား၍ တရားစွဲဆိုခြင်းမဟုတ်လျှင် လက်ခံအရေးယူခွင့်ရှိမည် မဟုတ်ပေ။ တရားရုံးက စာဖြင့်ရေးသား တရားစွဲဆိုခြင်း မဟုတ်ဘဲ လက်ခံအရေးယူသည့်အမှုသည် ပျက်ပြယ်သည်။

အမှုတွင် တိုင်ကြားသူမှာ စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်ဖြစ်၍ သက်ဆိုင်ရာတရားရုံး မဟုတ်ကြောင်း တွေ့ရသည်။ ထို့ပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်သည် တရားခံများအား အရေးယူပေးပါရန် တရားရုံးသို့ စာဖြင့်ရေးသား တိုင်တန်းခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာရဲစခန်းတွင်သာ သတင်းပေး တိုင်တန်းခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိဘဲ မူလကနဦးကတည်းကပင် ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် တရားခံများအား ပြစ်မှုထင်ရှား စီရင်ထားခြင်းကိုပင် မဆိုထားနှင့်၊ စွဲချက်တင်ထားခြင်းသည်ပင်လျှင် ပျက်ပြယ်နေပေသည်။ သို့ဖြစ်ရာ တရားခံများအား စွဲချက်မတင်မီပြန်လွှတ်ထားရမည်သာ ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အမှုတွင် မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆိုပါက တရားစွဲဆိုနိုင်ပေသေးသည်။

**မောင်ဘန်ချိန်း ပါ ၇ ဦး** နှင့်

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**မောင်လှ ပါ ၄ ဦး**

မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာမျက်နှာ ၂၉

## လူသတ်မှုတွင် မျက်မြင်သက်သေ မရှိသော်လည်း အခြား ပတ်ဝန်းကျင်သက်သေခံချက်များ ထင်ရှားပေါ်ပေါက် ပါက အပြစ်ပေးနိုင်ခြင်းရှိ-မရှိ။

**ဆုံးဖြတ်ချက်။** ။ တရားခံအောင်မြင့်အပေါ် ငြိစွန်းချက်များအား စိစစ်သုံးသပ်လျှင် အချင်းဖြစ်နေ့က တရားခံအောင်မြင့် ဝတ်ဆင်ခဲ့သည့် အင်္ကျီတွင် လူသွေးတွေ့ရှိရခြင်း၊ တရားခံက အခြားသူများ မသိရှိသည့် သေသူမမိလွင် သေဆုံးသည့်အကြောင်းရင်းနှင့်စပ်လျဉ်း၍ ဒဏ်ရာ မည်သည့်နေရာတွင် ရရှိထားသည့်အချက်ကို ဦးလှမောင် (လိုပြ-၄)၊ ဦးခင်ကြည် (လိုပြ-၇) တို့ထံ ပြောဆိုခဲ့ခြင်း၊ မမိလွင် သေဆုံးသည့်ကိစ္စနှင့်စပ်လျဉ်း၍ မလုံမလဲပြောဆိုခြင်း စသည့်အချက်များအရ မမိလွင် သေဆုံးမှုအတွက် အောင်မြင့်တွင် တာဝန်ရှိမည်ဖြစ်သည်။ အချင်းဖြစ်နေရာတွင် အောင်မြင့်နှင့် မမိလွင်မှအပ အခြားသူမရှိသဖြင့် မမိလွင်အား သတ်ဖြတ်သူမှာလည်း အောင်မြင့်သာဖြစ်သည်ဟု သုံးသပ်ရရှိသည်။

ဦးအောင်မြင့်                နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်                စာမျက်နှာ ၅၇

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က၊ ကျေးရွာအုပ်စု မြေယာကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် မြို့နယ် မြေယာကော်မတီသို့ အယူခံ ဝင်ရောက်၍ အယူခံမှု စစ်ဆေးနေဆဲကာလတွင် ကျေးရွာအုပ်စု ရယကဥက္ကဋ္ဌမှ လက်ရှိ လုပ်ကိုင်နေသူအား ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ ပုဒ်မ ၁၂ အရ တရားစွဲဆိုခွင့်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ အမှုမှ လျှောက်ထားသူ မောင်စိုးသည် အချင်းဖြစ်မြေယာတွင် လက်ရှိလုပ်ကိုင်နေသူ တစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ပြီး အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ကျေးရွာမြေယာကော်မတီ ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သောကြောင့် ချောင်းဦးမြို့နယ် မြေစာရင်းရုံးတွင် ၂၃-၄-၂၀၀၇ နေ့က အယူခံဝင်ရောက်ခဲ့ပြီး အယူခံ ဝင်ရောက်ထားဆဲကာလအတွင်း ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ အရ အရေးယူခံရခြင်း ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးတရားလို ဦးဖိုးစန်း၏ စွပ်စွဲချက် မှန်ကန်စေဦး၊ လျှောက်ထားသူ မောင်စိုးအပေါ် မည်သည့်ပြစ်မှုမျှ မြောက်နိုင်မည် မဟုတ်သည့် အလျောက် လျှောက်ထားခံရသူ ဦးဖိုးစန်း စွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၄/၂၀၀၇ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ရမည် ဖြစ်သည်။

မောင်စိုး နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ စာမျက်နှာ ၃၈

**ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) အရ ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု တရားရုံးချုပ်အထိ အဆင့်ဆင့် ဆုံးဖြတ်ခဲ့ပြီးသော မှုခင်းများကို သံဃ ဝိနိစ္ဆယအဖွဲ့က ထပ်မံစစ်ဆေးစီရင်ခွင့်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ တရားရုံးအဆင့်ဆင့်က အမိန့်ချ ဆုံးဖြတ်ပြီးသော အမှုကို သံဃဝိနိစ္ဆယအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ သံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်များသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် မညီညွတ်ဟု ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများနှင့် စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ကြရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေနှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။ သို့သော် အချို့သောအမှုကိစ္စများမှာ သံဃာတော်များနှင့် ဆက်စပ်မှုရှိနေသော်လည်း အရပ်ဘက်တရားရုံးများက စီရင်ဆုံးဖြတ်ရသည့် အမှုကိစ္စများဖြစ်သည်ကို တွေ့ရှိရသည်။ အချို့ကိစ္စများမှာ လူပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသော်လည်း ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများတွင် အကျုံးဝင်သဖြင့် သံဃာ့အဖွဲ့အစည်းများက ဆုံးဖြတ်ကြရမည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ရုံးနှင့် အဖွဲ့အစည်းများအကြား

ပဋိပက္ခမရှိစေရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မှ တရားမကြောင်းအရ စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် အပိုဒ် ၆၀ တို့တွင်လည်း သံဃအဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ခွင့်မရှိသော အမှုကိစ္စများကို ပြဋ္ဌာန်းထားသည်။ အမှုတွဲ ပေါ်ပေါက်ချက်များနှင့် အထက်ပါဥပဒေ ပြဋ္ဌာန်းချက်များအရဆိုပါက တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ယင်းပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀/၂၀၀၀ တွင် သုံးသပ်ဆုံးဖြတ်ခဲ့သော အချက်များသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့်
ဒေါ်ခင်ဆွေဝင်း ပါ ၅ စာမျက်နှာ ၁

**မူးယစ်ဆေးဝါး ဆိုသည့် စကားရပ်ကို အဓိပ္ပာယ် ကောက်ယူရာတွင် တွေ့ရှိရသော မူးယစ်ဆေးဝါး၏ အလေးချိန် ပမာဏသည် အဓိကမကျခြင်း။**

**ဆုံးဖြတ်ချက်**။ ။ ထွက်ဆိုချက်အရတွေ့ရှိရသော ပလတ်စတစ်ဘူးခွံများတွင် အဖြူမှုန့်များကပ်လျက် တွေ့ရှိရသည်ဟု ထွက်ဆိုထား

သဖြင့် သက်သေခံအမှုန့်များကို သာမန်ကိရိယာဖြင့် ချိန်တွယ်၍ မရနိုင်သည့်တိုင် ရုပ်၊ ဒြပ် ရှိသည်မှာ ထင်ရှားသည်။ ရုပ်၊ ဒြပ်ရှိသော ပစ္စည်းဖြစ်သဖြင့် အလေးချိန်လည်း ရှိမည်ဖြစ်သည်။ သိပ္ပံနည်းကျ အသေးစိတ် ချိန်တွယ်ခြင်း မပြုသောကြောင့်သာ အလေးချိန်ကို ဖော်ပြမှုမပြုနိုင်ခြင်း ဖြစ်သည်၊ သို့မဟုတ် သာမန်ချိန်တွယ်သော ကိရိယာများဖြင့် ချိန်တွယ်၍သာ အလေးချိန်ကို မဖော်ပြနိုင်ခြင်းသာ ဖြစ်မည်ဟု ယူဆသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ စမ်းသပ်တွေ့ရှိသော (ဟီးရိုးအင်း) မှာ အာနိသင်သက်သက်မျှသာ မဟုတ်ဘဲ အမှုန့်ရုပ်ဝတ္ထုဖြစ်သဖြင့် မြင်သာသော ရုပ်ဝတ္ထုဖြစ်သည်။ သိပ္ပံနည်းကျ ချိန်တွယ်ပါက အလေးချိန် ပေါ်ထွက်လာမည်ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသော စကားရပ်တွင် အကျုံးဝင်ရန်အတွက် အလေးချိန်မည်မျှရှိရမည်ဟု ကန့်သတ်မထားပေ။ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု မြောက်ရန် အတွက် လက်ဝယ်တွေ့ရှိမှု အတိုင်းအတာ အလေးချိန် မည်မျှ ရှိရမည်ဟုလည်း ကန့်သတ်ချက်မရှိပေ။ မူးယစ်ဆေးဝါးတစ်မျိုးမျိုး လက်ဝယ်တွေ့ရှိရပါက ပြစ်မှုမြောက်မည်ဖြစ်သည်။

အောင်ဇော်မိုး နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် စာမျက်နှာ ၄၈

**အဓိကတရားခံအား စစ်ဆေးစီရင်ခွင့်မရသော အခြေအနေတွင် မပြည့်မစုံရရှိထားသော သက်သေခံချက်ဖြင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အားပေးကူညီသူအဖြစ် ယူဆသူအား အပြစ်ပေးရန်သင့်-မသင့်။**

**ဆုံးဖြတ်ချက်**။ ။ ထွက်ပြေးနေသော တရားခံ ခင်မောင်အုန်း ဆိုသူနှင့် အယူခံတရားလိုတို့ ပြစ်မှုမကင်းသော ပူးပေါင်းဆောင်ရွက်မှု ရှိခဲ့သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်လည်း မရှိပေ။ ယခုကဲ့သို့သော အမှုမျိုးတွင် အယူခံတရားလိုအပေါ် အပြစ်ပေးမည်ဆိုပါက သံသယဖြင့် အပြစ်ပေးရာရောက်မည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်မှုများကို ကျူးလွန်ပြီး တရားဥပဒေ၏ ယန္တရားစက်ဝန်းအတွင်းမှ နည်းမျိုးစုံဖြင့် ထွက်ပြေးတိမ်းရှောင်ကြသော တရားခံများနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးသော တာဝန်ရှိအရာရှိများက အထူးသတိပြု၍ အဆိုပါတရားခံများကို အမိအရ ရှာဖွေဖမ်းဆီး ဖော်ထုတ်ကြရန် အထူးလိုအပ်သည်။ တရားဥပဒေနှင့်အညီ အမှန်ပင် လက်လှမ်းမမီနိုင်လောက်အောင် ကျွမ်းကျင်စွာ တိမ်းရှောင်နေသူများကိုလည်း အစဉ်စောင့်ကြပ် ကြည့်ရှု၍ တရားဥပဒေ ယန္တရားစက်ဝန်းသို့ ပြန်လည်ပို့ဆောင်ရန် ဖြစ်သည်။ ယခုအမှုတွင် အမှုတွဲရှိသက်သေခံချက်များအရ မန္တလေး၊ "ပြည့်ဖြိုးအောင်" ကားဂိတ်သို့ တစ်ကြိမ်မက၊ နှစ်ကြိမ်မက၊ သုံးကြိမ်တိုင် ပစ္စည်း

လာရောက်အပ်နှံဖူးသူ ခင်မောင်အုန်းဆိုသူ၏ ပုံသဏ္ဍာန်၊ ၎င်းသုံးစွဲသည့် လက်ကိုင်တယ်လီဖုန်းအမှတ်၊ စီးနင်းလာသည့် မော်တော်ယာဉ်အမျိုးအစားတို့ကို စုံစမ်းဖော်ထုတ် ရရှိပါလျက် ခင်မောင်အုန်းအား ဖမ်းဆီးပြီး တရားရုံးရှေ့ မတင်ပို့နိုင်ခြင်းအတွက် အမှုမှာ မပြည့်မစုံဖြစ်ရသည်။ ယင်းသို့ အဓိကတရားခံဖြစ်သူ ခင်မောင်အုန်းအား စစ်ဆေးစီရင်နိုင်ခွင့်မရှိသော အခြေအနေတွင် ပစ္စည်းပေးပို့မည့်သူဖြစ်သည်ဟု ဆက်စပ်ကောက်ယူချက်ဖြင့် မပြည့်မစုံရရှိထားသော လက်ရှိ သက်သေခံချက်မျှဖြင့်လည်း အယူခံတရားလို မဌေး (ခ) မကြည်ကြည်ဌေးအား အပြစ်ပေးရန် မသင့်လျော်ပေ။

မဌေး (ခ) မကြည်ကြည်ဌေး　　　　နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်　　　　စာမျက်နှာ ၁၆

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊
တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်
ဦးကျော်ဝင်းတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

ဒေါ်ခင်ဆွေဝင်း ပါ ၅*

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်+

**ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) အရ ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု တရားရုံးချုပ်အထိ အဆင့်ဆင့် ဆုံးဖြတ်ခဲ့ပြီးသော မှုခင်းများကို သံဃ ဝိနိစ္ဆယအဖွဲ့က ထပ်မံစစ်ဆေးစီရင်ခွင့်ရှိ-မရှိ။**

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၂။

\+ ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀ တွင်ချမှတ်သော ၂-၂-၂၀၀၅ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို မကျေနပ်၍ အထူးအယူခံ လျှောက်ထားမှု။

**ဆုံးဖြတ်ချက်**။ ။ တရားရုံးအဆင့်ဆင့်က အမိန့်ချ ဆုံးဖြတ်ပြီးသော အမှုကို သံဃဝိနိစ္ဆယအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ သံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်များသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် မညီညွတ်ဟု ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများနှင့် စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ကြရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေနှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။ သို့သော် အချို့သောအမှုကိစ္စများမှာ သံဃာတော်များနှင့် ဆက်စပ်မှုရှိနေသော်လည်း အရပ်ဘက်တရားရုံးများက စီရင်ဆုံးဖြတ်ရသည့် အမှုကိစ္စများဖြစ်သည်ကို တွေ့ရှိရသည်။ အချို့ကိစ္စများမှာ လူပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသော်လည်း ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများတွင် အကျုံးဝင်သဖြင့် သံဃာ့အဖွဲ့အစည်းများက ဆုံးဖြတ်ကြရမည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ရုံးနှင့် အဖွဲ့အစည်းများအကြား ပဋိပက္ခမရှိစေရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မှ တရားမကြောင်းအရ စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် အပိုဒ် ၆၀ တို့တွင်လည်း သံဃအဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ခွင့်မရှိသော

အမှုကိစ္စများကို ပြဋ္ဌာန်းထားသည်။ အမှုတွဲ ပေါ်ပေါက်ချက်များနှင့် အထက်ပါဥပဒေ ပြဋ္ဌာန်းချက်များအရဆိုပါက တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ယင်းပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀/၂၀၀၀ တွင် သုံးသပ်ဆုံးဖြတ်ခဲ့သော အချက်များသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် - ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့

အယူခံတရားခံများအတွက် - ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

မဟာအောင်မြေမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၅၂၄/၉၇ တွင် တရားခံ ဦးဘိုးကျော်၊ ဒေါ်ခင်ဆွေဝင်း၊ မောင်ဝင်းမြင့်၊ မောင်ဝင်းဖြိုး၊ မနီလာထွန်းနှင့် ဦးမြင့်ကိုတို့အား ၁၉၈၃ ခုနှစ်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ စွဲဆိုခဲ့ရာ တရားခံများကို အမှုမှအပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ချမှတ်သည့်အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀/၂၀၀၀ ဖြင့် အယူခံရာ၌ အမှုကိုပလပ်သည့်အမိန့် ချမှတ်ခဲ့သည်။ အထူးအယူခံဝင်ခွင့်ရရှိရန် ရှေ့နေချုပ်ရုံးက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ(အထူး) ကို ဆက်လက်တင်သွင်းလာရာ အောက်ဖော်ပြပါ ပြဿနာအား အထူးအယူခံခုံရုံးဖြင့် ဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

"အချင်းဖြစ် မြေနှင့်အိမ် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဦးဘိုးကျော်၊ ဒေါ်ခင်ဆွေဝင်းတို့အပေါ် ဒေါ်အုန်းခင်က တရားစွဲဆိုသည့် တရားမကြီးမှု ပြီးပြတ်ပြီးဖြစ်သဖြင့် ဆရာတော် ဦးဣန္ဒကက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း အဖြစ် လျှောက်ထားခြင်းကို ယင်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) အရ သံဃဝိနိစ္ဆယအဖွဲ့အနေဖြင့် ထပ်မံစစ်ဆေးခွင့် မရှိကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံများအား အမှုမှအပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် အတည်ပြုသည့်အမိန့်မှာ ဥပဒေအရ မှန်ကန်မှုရှိ-မရှိ။"

ဦးဘိုးကျော် (ကွယ်လွန်)၊ ဒေါ်ခင်ဆွေဝင်း၊ မောင်ဝင်းမြင့်၊ မောင်ဝင်းဖြိုး၊ မနီလာထွေး၊ ဦးမြင့်ကိုတို့ လက်ရှိနေထိုင်သော မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်-၆၄၃၊ ဦးပိုင်အမှတ်-၂၅/ခ (၀. ၀၃၅၁) ဧကရှိ မြေနှင့် မြေပေါ်ရှိ အိမ်ကို ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ဖော်ပြပါ လက်ရှိနေထိုင်သူများနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်၊ မိုးကုတ်ရိပ်သာဆရာတော် ဦးဣန္ဒကတို့ အကြား အငြင်းပွားခဲ့ကြသည်။ အဆိုပါဥပစာကို လက်ရှိနေထိုင်သော ဒေါ်ခင်ဆွေဝင်းတို့အား မူလပိုင်ရှင် ဒေါ်အုန်းခင်က အပေးစာချုပ်ကို မှတ်ပုံတင်ပြီး ဒေါ်ခင်ဆွေဝင်းတို့ကို အပ်ပေးခဲ့သည်။ အဆိုပါဥပစာကို ဆရာတော် ဦးဣန္ဒကအား အထမြောက်အောင် လှူဒါန်းလိုသဖြင့် ဒေါ်ခင်ဆွေဝင်းတို့နှင့် ဆောင်ရွက်ထားသော အပေးစာချုပ်ကို ပယ်ဖျက်ပေးရန် ဒေါ်အုန်းခင်က တရားစွဲဆိုခဲ့သည်။ ထိုအပေးစာချုပ်ကို တည်မြဲခိုင်မာကြောင်း တရားရုံးချုပ်က ၂၄-၆-၉၃

ရက်နေ့တွင် အမိန့်ချခဲ့သည်။ ထိုအမိန့်မှာ တည်ဆဲအမိန့် ဖြစ်သည်။ အဆိုပါဥပစာအား ပိုင်ရှင် ဒေါ်အုန်းခင်က ဆရာတော်ဦးကုန္ဒကကို လည်း လှူဒါန်းခဲ့သဖြင့် အဆိုပါဥပစာ ပိုင်ဆိုင်မှုအတွက် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအဖြစ် ဖြေရှင်းပေးရန် ဆရာတော်ဦးကုန္ဒကက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ၂၆-၄-၉၄ ရက်နေ့တွင် စတင် လျှောက်ထားခဲ့သည်။ အချင်းဖြစ်ဥပစာ ပိုင်ဆိုင်မှုကိစ္စအတွက် တိုင်း သံဃဝိနိစ္ဆယအဖွဲ့များတွင် ကြားနာဆုံးဖြတ်ခဲ့ပြီးနောက် ထိုအမှုကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် ၆/၉၆ က ၂၉-၁၀-၉၆ ရက်နေ့တွင် နောက်ဆုံးအမိန့်ချထားရာတွင် အချင်းဖြစ်ဥပစာကို ဆရာတော် ဦးကုန္ဒက ပိုင်ဆိုင်ကြောင်း အမိန့်ချခဲ့သည်။ ထို့ကြောင့် အချင်းဖြစ်ဥပစာတွင် လက်ရှိနေထိုင်သော ဒေါ်ခင်ဆွေဝင်းတို့အား ထွက်ခွာပေးရန် တိုင်းသာသနာရေးဦးစီးမှူးက အကြောင်းကြားခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဒေါ်ခင်ဆွေဝင်းတို့မှ မလိုက်နာသဖြင့် ၎င်းတို့ အား ၁၉၈၃ ခုနှစ်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ အရေးယူပေးရန် မန္တလေးတိုင်းသာသနာရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးကျော်မိုးက မဟာအောင်မြေမြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထား တရားစွဲဆိုသောအမှု ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် ထိုဝိုင်းမြေနှင့်အိမ်ကို အယူခံတရားခံတို့အား ပေးကမ်းခြင်းမပြုမီ တစ်လခန့်က ဆရာတော် ဦးကုန္ဒကသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အယူခံတရားခံ တို့အား ပေးကမ်းထားသည့်စာချုပ်ကို ပယ်ဖျက်ပေးရန် ပစ္စည်း၏

မူလပိုင်ရှင် ဒေါ်အုန်းခင်က တရားရုံးအဆင့်ဆင့်သို့ လျှောက်ထားခဲ့ကြောင်း၊ အချင်းဖြစ်ဝိုင်းမြေကို ဆရာတော် ဦးကုန္တကကသာ ကုသရိယအဖြစ် ပိုင်ဆိုင်သည်ဟု သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် ၆/၉၆က ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီကလည်း အတည်ပြုလက်ခံထားကြောင်း၊ တရားရုံးအဆင့်ဆင့်က ဖြေရှင်းဆုံးဖြတ်ပြီး မှုခင်းများကို သံဃဝိနိစ္ဆယအဖွဲ့က ဖြေရှင်းဆုံးဖြတ်ရန် မလိုကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) တွင် ညွှန်ပြထားသည်မှာ မှန်သော်လည်း ယခုကိစ္စတွင် အဆိုပါလုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီက မလိုက်နာခဲ့ဟူသော အကြောင်းပြချက်ဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အယူခံမှုအမှတ် ၃၆၀/၂၀၀၀ တွင် လက်မခံဘဲ ပလပ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေအား ယင်းဥပဒေ၏လုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) က လွှမ်းမိုးချေဖျက်နိုင်သည်ဟု တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ကောက်ယူ သုံးသပ်ရာရောက်ကြောင်း၊ သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီအစည်းအဝေး ဆုံးဖြတ်ချက်အရ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းသာသနာရေးဦးစီးဌာနက တရားခံများအား နေအိမ်မှ ဖယ်ရှားပေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါက လိုက်နာရန် ပျက်ကွက်သူများကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်

စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ ပြစ်ဒဏ်ချမှတ်သင့်ကြောင်း၊ ထိုကဲ့သို့ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ရန် ခွင့်မပြုခဲ့ သည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀/၂၀၀၀ ၏ အမိန့်ကို ပယ်ဖျက်သင့်ကြောင်း၊ လျှောက်ထားခံရသူများအပေါ် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်သင့်ကြောင်း လျှောက်လဲသည်။

အယူခံတရားခံတို့၏ရှေ့နေကလျှောက်လဲရာတွင် အချင်းဖြစ်မြေနှင့်အိမ်ကို မူလပိုင်ရှင် ဒေါ်အုန်းခင်က အယူခံတရားခံများသို့ မှတ်ပုံတင်စာချုပ်ဖြင့် ပေးကမ်းခဲ့ခြင်းမှာ တရားရုံးအဆင့်ဆင့် အမိန့်များအရ တရားရုံးချုပ် (ရန်ကုန်)၊ တရားမအထွေထွေလျှောက်လွှာ (အထူးအယူခံ) အမှတ် ၂၀/၉၂ အထိ အတည်ဖြစ်လျက်ရှိကြောင်း၊ ထိုသို့ တရားရုံးအဆင့်ဆင့်က ၁၉၉၃ ခုနှစ်အတွင်းက ဆုံးဖြတ်ခဲ့ပြီးမှ ဆရာတော်ဦးဣန္ဒကက အချင်းဖြစ်အိမ်နှင့်မြေကို မိမိအား လှူဒါန်းထားကြောင်း အဆိုပြု၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအဖြစ် ဖြေရှင်းပေးရန် ၁၉၉၄ ခုနှစ်တွင် လျှောက်ထားခဲ့ကြောင်း၊ ထိုကဲ့သို့ လျှောက်ထားမှုကို ပထမဆုံးကြားနာသော မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအမှတ် (တက-၄၂) က "အဆိုပါပိုင်ဆိုင်ခွင့် အငြင်းပွားမှုမှာ တရားရုံးအဆင့်ဆင့်တွင် ပြီးပြတ်သော အမှုဖြစ်၍ လက်ခံစစ်ဆေးခြင်းမပြုရန်" ဆုံးဖြတ်ခဲ့ကြောင်း၊ ထိုအမိန့်ကို ဆရာတော်ဦးဣန္ဒကက မကျေနပ်၍ နိုင်ငံတော်သံဃနာယကအဖွဲ့သို့ လျှောက်ထားရာ ထိုအဖွဲ့က ဝိနိစ္ဆယအဖွဲ့အမှတ် (တက-ဒု/၄၂) ကို ဒုတိယအကြိမ် ဖွဲ့စည်းခဲ့ကြောင်း၊ ထိုအဖွဲ့က အချင်းဖြစ်အိမ်နှင့် မြေ

သည် ဆရာတော်ဦးကုန္ဒက၏ ကုသိုလ်ဝတ္ထုပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ထိုအချက်ကို ဦးဘိုးကျော်နှင့် ဒေါ်ခင်ဆွေဝင်းတို့က မကျေနပ်၍ ထပ်မံလျှောက်ထားရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (၇/၉၅) က မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (တက-ဒု/၄၂) ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး တရားရုံး အဆင့်ဆင့်မှ အမိန့်ဒီကရီချပေးပြီးသည့် ပြီးပြတ်ပြီးသော မှုခင်း ဖြစ်သည်ဟု ထပ်မံဆုံးဖြတ်ခဲ့ကြောင်း၊ ထိုအမိန့်ကို ဆရာတော် ဦးကုန္ဒကက မကျေနပ်၍ ထပ်မံလျှောက်ထားရာ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် ၆/၉၆ မှ တိုင်းဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (တက-ဒု/၄၂) တွင် ချမှတ်သော ဆရာတော် ဦးကုန္ဒက၏ ကုသိုလ်ဝတ္ထုပစ္စည်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ ကြောင်းတို့ကို လျှောက်လဲသည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၃ (ဂ) တွင် "တရားရုံးများက စစ်ဆေးဆုံးဖြတ်ခဲ့၍ ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု ဗဟိုတရားရုံးအထိ တစ်ဆင့်ဆင့်၌ ပြီးပြတ်သောမှုခင်းများကို ပြီးငြိမ်းပြီးသော မှုခင်းအဖြစ် သတ်မှတ်ထားပြီးဖြစ်၍ မည်သည့် သံဃ ဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထား ကြောင်း၊ ဆရာတော် ဦးကုန္ဒကက ဝိနိစ္ဆယခုံရုံး၏ အဆုံးအဖြတ် ခံယူ ရန် လျှောက်ထားသည့် လျှောက်လွှာကို သံဃဝိနိစ္ဆယအဖွဲ့များက မူလကပင် လက်ခံစစ်ဆေး စီရင်ပိုင်ခွင့်မရှိကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ သည် ဥပဒေသဘောအရ ဆုံးဖြတ် ချက်ကို အကောင်အထည်ဖော် အတည်ပြုခြင်း ဖြစ်ကြောင်း၊ ထို့အပြင်

ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၀ တွင် သာသနာမြေအပဍ်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၊ ဘဏ္ဍာများကို ရဟန်း၊ သံဃာ၊ ဗုဒ္ဓဘာသာ သာသနာရေး ဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေ ပြဋ္ဌာန်း ချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင် အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ယင်းသို့ဆောင်ရွက်ထားသည့် သာသနာ့မြေအပရှိ မရွှေ့မပြောင်းနိုင် သည့်ပစ္စည်း၊ ဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့် အငြင်းပွားလျှင် သံဃ ဝိနိစ္ဆယအဖွဲ့ ဖြင့်သာ စစ်ဆေးဆုံးဖြတ်ခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ ထိုပြဋ္ဌာန်းချက်အရ မှတ်ပုံတင်စာချုပ်ဖြင့် ချုပ်ဆို လှူဒါန်းခြင်း ဖြစ်ရမည့်အပြင် မြေ၏ဦးပိုင်အမည်ပြောင်းခြင်းတို့ ပြုလုပ် ရမည်ဖြစ်ကြောင်း၊ အယူခံတရားခံများသည် တရားရုံးအဆင့်ဆင့်က ပျက်ပြယ်ခြင်းမရှိဟု အတည်ပြုသော မှတ်ပုံတင် အပေးစာချုပ်အရ ပိုင်ဆိုင်လက်ရှိထားမှုကို အကြောင်းပြု ၍ မြေနှင့်အိမ်မှ ဖယ်ရှား မပေးခြင်းသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ် ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ အရေး ယူမှု မခံထိုက်ကြောင်း၊ မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (တက-၄၂) နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ် (၇/၉၅) တို့က "ပိုင်ဆိုင်ခွင့် အငြင်းပွားခြင်းသည် တရားရုံးအဆင့်ဆင့်တွင် ပြီးပြတ်သော၊ ပြီးငြိမ်းသော အမှုဖြစ်သည်" ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ် ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် ညီညွတ်မှန်ကန် ကြောင်း၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆/၉၆) သည်

လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) ကို ဆန့်ကျင်၍ ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း၊ ထိုသို့ လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်သော ဆုံးဖြတ်ချက်ကို ဝိနိစ္ဆယလက်စွဲ အခန်း (၁၀)၊ အပိုဒ် (၂၇၄၊ ၂၇၉) တို့အရလည်းကောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပုဒ်မ ၅၆ (ဂ) အရလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စုံညီအစည်းအဝေးက အနည်းဆုံး (၇၅) ရာခိုင်နှုန်းရှိသော လျှို့ဝှက်မဲဆန္ဒဖြင့် ပယ်ဖျက်နိုင်ကြောင်း၊ အချင်းဖြစ် မြေနှင့်အိမ် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဦးဘိုးကျော်၊ ဒေါ်ခင်ဆွေဝင်းတို့အပေါ် ဒေါ်အုန်းခင်က တရားစွဲဆိုသည့် တရားမကြီးအမှု ပြီးပြတ်ပြီးဖြစ်သဖြင့် ဆရာတော် ဦးဣန္ဒကက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအဖြစ် လျှောက်ထားခြင်းကို ယင်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၂၃ (ဂ) အရ သံဃဝိနိစ္ဆယအဖွဲ့အနေဖြင့် လက်ခံစစ်ဆေးခွင့် မရှိကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံများအား အမှုမှအပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် အတည်ပြုသည့်အမိန့်မှာ ဥပဒေအရ မှန်ကန်ကြောင်း ဖြေဆို၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤအထူးအယူခံမှုကို ပလပ်ပေးသင့်ကြောင်း လျှောက်လဲသည်။

ဤအမှုတွင် အချင်းဖြစ်ဥပစာ၌ လက်ရှိနေထိုင်ကြသူတို့အပေါ် ၁၉၈၃ ခုနှစ်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ အရေးယူ အပြစ်ပေးသင့်-မသင့်မှာ အဓိကကျသောအချက် ဖြစ်သည်။ အချင်းဖြစ်ဥပစာ တွင် နေထိုင်ကြသူတို့က ၎င်းတို့သည် မူလပိုင်ရှင်၏

အပေးစာချုပ်ကို အကြောင်းပြု၍ ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ကြသူများ ဖြစ်ကြောင်း ထုချေထားကြသည်။ အဆိုပါ အပေးစာချုပ် တရားဝင်ကြောင်း တရားရုံးချုပ် (ရန်ကုန်ရုံးထိုင်)၊ တရားမအထွေထွေ လျှောက်လွှာ (အထူး) ၂၀/၉၂ အထိလည်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ကြသည်ဆိုသော ထုချေချက်မှာ လက်ခံထိုက်သည်။

ဒေါ်အုန်းခင်က အယူခံတရားခံတို့အား အချင်းဖြစ်ဥပစာကို ပေးကမ်းခဲ့သောစာချုပ်သည် တရားဝင်ကြောင်း တရားရုံးချုပ် (ရန်ကုန်ရုံးထိုင်) က ၂၄-၆-၉၃ ရက်နေ့တွင် နောက်ဆုံးအမိန့်ချခဲ့သည်။ ထို့နောက် ဆရာတော်ဦးက္ကန္ဒကက အဆိုပါဥပစာ ပိုင်ဆိုင်ခွင့်ကိစ္စကို ဖြေရှင်းပေးရန် ၁၉၉၄ ခုနှစ်တွင် သံဃဝိနိစ္ဆယအဖွဲ့များထံ စတင်လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ အမှုကို ပထမဆုံး ကြားနာဆုံးဖြတ်သော မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့က အမှုကို ကြားနာဆုံးဖြတ်ခွင့်မရှိကြောင်း အမိန့်ချခဲ့သည်။ ထို့နောက် အဆိုပါ အမှုကို ပြန်လည်ကြားနာဆုံးဖြတ်ရန် မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ (တက-ဒု/၄၂) ကို မန္တလေး တိုင်း သံဃနာယက အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သဘောတူချက်အရ ဖွဲ့စည်းပေးခဲ့သည်။ မန္တလေးတိုင်း ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (တက-ဒု/၄၂) က အမိန့်ချမှတ်ခဲ့ရာတွင် ၁။ အချင်းဖြစ်မြေနှင့်အိမ်ကို စောဒက ဦးက္ကန္ဒကသာ က္ကသရိယအဖြစ် ပိုင်ကြောင်း၊ ၂။ ဦးက္ကန္ဒကသည် လှူဒါန်းသူ ဒါယိကာမကြီး ဒေါ်အုန်းခင်၏ မူလဆန္ဒ ရည်ရွယ်ချက်နှင့်အညီ မြေနှင့်အိမ်ကို သာသနာရေးအတွက်သာ ဓမ္မဝိနိစ္ဆယနှင့်အညီ အသုံးပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အပေးစာချုပ်ကိစ္စအပေါ် တရားရုံးချုပ် (ရန်ကုန်ရုံးထိုင်) က အမိန့်ချပြီးနောက်တွင်မှ အဆိုပါသံဃဝိနိစ္ဆယ (တက-ဒု/၄၂) ၏ အမိန့်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သို့သော်လည်း အဆိုပါအမိန့်သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃(ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်ရန် လိုမည်ဖြစ်သည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) တွင် ဖော်ပြလတ္တံ့ပါမှုခင်းများကို ပြီးငြိမ်းပြီးသောမှုခင်းအဖြစ် သတ်မှတ်ထားပြီးဖြစ်၍ မည်သည့် သံဃဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပြီး အမှုအမျိုးအစားများကို (က) (ခ) (ဂ) ဟု ဖော်ပြထားရာ (ဂ) အပိုဒ်တွင် "တရားရုံးများက စစ်ဆေးဆုံးဖြတ်ခဲ့၍ ယခင်တရားလွှတ်တော်ချုပ်နှင့် ယခု ဗဟိုတရားရုံးအထိ တစ်ဆင့်ဆင့်၌ ပြီးပြတ်ပြီးသောမှုခင်းများ" ဟု ဖော်ပြထားသည်။ ထို့အပြင် အပိုဒ် ၆၀ တွင် သာသနာ့မြေအပဉ္စရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ ဘဏ္ဍာများကို ရဟန်း၊ သာမဏေ၊ ဂိုဏ်း၊ သံဃာ၊ စေတီ၊ ကျောင်း၊ ကျောင်းတိုက်၊ နဝကမ္မ၊ ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်တမ်းတင်ခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားသည့် သာသနာ့မြေအပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ ဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့်အငြင်းပွားလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခွင့် ရှိသည်ဟုလည်း ပြဋ္ဌာန်းထားသည်။

ဒေါ်အုန်းခင်က အယူခံတရားခံတို့အား ပေးကမ်းခဲ့ခြင်းမှာ တရားဝင် အတည်ဖြစ်သည်ဟူသည့် အမိန့်ကို တရားမအထွေထွေ လျှောက်လွှာအမှတ် ၂၀/၉၂ တွင် ၂၄-၆-၉၃ ရက်နေ့၌ တရားရုံးချုပ်က ထပ်မံအတည်ပြုခဲ့သည်။ ဆရာတော်ဦးက္ကန္ဒကက ယခုအမှုကိစ္စကို သံဃဝိနိစ္ဆယအဖွဲ့ထံ စတင်စွဲဆိုသောနေ့မှာ ၂၆-၄-၉၄ ရက်နေ့ဖြစ်သည်။ ထို့ကြောင့် တရားရုံးအဆင့်ဆင့်က အမိန့်ချဆုံးဖြတ်ပြီးသောအမှုကို သံဃဝိနိစ္ဆယအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်များသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် မညီညွတ်ဟု ဆိုရမည်ဖြစ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ယင်း၏ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆၀/၂၀၀၀ တွင် အမှုကိစ္စကို သုံးသပ်ရာ၌ "မန္တလေးတိုင်းဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့အမှတ် (တက-ဒု/၄၂) နှင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် ၆/၉၆ တို့က အချင်းဖြစ်အိမ်၊ မြေနှင့်ပတ်သက်ပြီး ဆရာတော်ဦးက္ကန္ဒကသည် ဣဿရိယအဖြစ်ပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ အဆိုပါ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် အပိုဒ် ၆၀ တို့တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများအား ဆန့်ကျင်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်" ဟု သုံးသပ်ထား သည်။ ထို့ပြင် အမှုမှ တရားခံတစ်ဦးဖြစ်သူ ဒေါ်ခင်ဆွေဝင်းသည် အချင်းဖြစ်အိမ်သို့ ငယ်စဉ်ကပင် ရောက်ရှိပြီး ဒေါ်အုန်းခင်နှင့်အတူ နေထိုင်ခဲ့ကြောင်း သက်သေခံချက်များအရ တွေ့ရသည်။ ၎င်းသည် ထိုအိမ်ပေါ်၌ပင် အိမ်ထောင်ရက်သားကျ၍ သားသမီးသုံးဦး ထွန်းကားခဲ့သည့်အပြင် ယနေ့တိုင်

အောင် ဆက်လက်နေထိုင်နေကြောင်းလည်း ပေါ်ပေါက်သည်။ ယခင်က အိမ်ပိုင်ရှင် ဒေါ်အုန်းခင်၏ ခွင့်ပြုချက်အရ ၎င်းတို့မိသားစုသည် ထိုအိမ်၌ပင်နေထိုင်ခဲ့ကြသည်ဟုဆိုရမည်ဖြစ်သော်လည်း ဒေါ်အုန်းခင်က ၎င်းတို့အား ထိုအိမ်မြေကို မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးခဲ့သည့်နေ့မှစ၍ ပိုင်ဆိုင်ခွင့်အရ နေထိုင်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။ ၎င်းတို့၏နေထိုင်ခြင်းသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ရာမရောက်ပေ။ ၎င်းတို့ကို မူလတရားရုံးက အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်မှာ တရားမျှတမှုမရှိကြောင်း မပေါ်ပေါက်သဖြင့် ယင်းဥပဒေပုဒ်မ ၁၁ အရ ပြစ်ဒဏ်ပေးရန် မလိုကြောင်းတွေ့ရသည်" ဟုလည်း သုံးသပ်ထားသည်။ အဆိုပါအမှု၏ သုံးသပ်ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု သဘောရရှိသည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများနှင့်စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ကြရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးထားပြီး ဖြစ်သည်။ သို့သော် အချို့သော အမှုကိစ္စများမှာ သံဃာတော်များနှင့် ဆက်စပ်မှုရှိနေသော်လည်း အရပ်ဘက်တရားရုံးများက စီရင်ဆုံးဖြတ်ရမည့် အမှုကိစ္စများဖြစ်သည်ကို တွေ့ရှိရသည်။ အချို့ကိစ္စများမှာ လူပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသော်လည်း ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများတွင် အကျုံးဝင်သဖြင့် သံဃာ့အဖွဲ့အစည်းများက ဆုံးဖြတ်ကြရမည်ကို တွေ့ရှိရသည်။ ထို့ကြောင့်

စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ရုံးနှင့် အဖွဲ့အစည်းများအကြား ပဋိပက္ခ မရှိစေရန် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မှ တရားမကြောင်းအရ စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃ (ဂ) နှင့် အပိုဒ် ၆၀ တို့တွင်လည်း သံဃအဖွဲ့အစည်းများက စီရင်ဆုံးဖြတ်ခွင့်မရှိသော အမှုကိစ္စများကို ပြဋ္ဌာန်းထားသည်။ အမှုတွဲပေါ်ပေါက်ချက်များနှင့် အထက်ပါဥပဒေ ပြဋ္ဌာန်းချက်များအရဆိုပါက တရားရုံးချုပ် (မန္တလေး ရုံးထိုင်) က ယင်းပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၀/၂၀၀၀ တွင် သုံးသပ်ဆုံးဖြတ်ခဲ့သောအချက်များသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် အချင်းဖြစ်မြေနှင့်အိမ် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဦးဘိုးကျော်၊ ဒေါ်ခင်ဆွေဝင်းတို့အပေါ် ဒေါ်အုန်းခင်က တရားစွဲဆိုသည့် တရားမကြီးမှု ပြီးပြတ်ပြီးဖြစ်သဖြင့် ဆရာတော်ဦးဣန္ဒကက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအဖြစ် လျှောက်ထားခြင်းကို ယင်း မှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၃(ဂ) အရ သံဃဝိနိစ္ဆယအဖွဲ့အနေဖြင့် ထပ်မံစစ်ဆေးခွင့် မရှိကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံများအား အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် အတည်ပြုသည့်အမိန့်မှာ ဥပဒေ အရ မှန်ကန်မှုရှိကြောင်း ဖြေကြားသည်။ ဤအထူးအယူခံမှုကို ပလပ် ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေး နှင့် ဦးတင်အေးတို့ရှေ့တွင်

## မငွေး (ခ) မကြည်ကြည်ငွေး

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၂၀၀၇ ခုနှစ်၊ ဧပြီလ ၂ ရက်+

**အဓိကတရားခံအား စစ်ဆေးစီရင်ခွင့်မရသော အခြေအနေတွင် မပြည့်မစုံရရှိထားသော သက်သေခံချက်ဖြင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အားပေးကူညီသူအဖြစ် ယူဆသူအား အပြစ်ပေးရန်သင့်-မသင့်။**

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၅။

\+ ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၄၃ (ခ) တွင် ချမှတ်သော ၁၅-၈-၂၀၀၆ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေး)၏အမိန့်ကို မကျေနပ်၍ အထူးအယူခံလျှောက်ထားမှု။

**ဆုံးဖြတ်ချက်**။ ။ ထွက်ပြေးနေသော တရားခံ ခင်မောင်အုန်း ဆိုသူနှင့် အယူခံတရားလိုတို့ ပြစ်မှုမကင်းသော ပူးပေါင်းဆောင်ရွက်မှု ရှိခဲ့သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်လည်း မရှိပေ။ ယခု ကဲ့သို့သော အမှုမျိုးတွင် အယူခံတရားလိုအပေါ် အပြစ်ပေးမည် ဆိုပါက သံသယဖြင့် အပြစ်ပေးရာရောက်မည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်မှုများကို ကျူးလွန်ပြီး တရား ဥပဒေ၏ ယန္တရားစက်ဝန်းအတွင်းမှ နည်းမျိုးစုံဖြင့် ထွက်ပြေး တိမ်းရှောင်ကြသော တရားခံများနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးသော တာဝန်ရှိအရာရှိများက အထူးသတိပြု၍ အဆိုပါတရားခံများကို အမိအရ ရှာဖွေဖမ်းဆီး ဖော်ထုတ်ကြရန် အထူးလိုအပ်သည်။ တရား ဥပဒေနှင့်အညီ အမှန်ပင် လက်လှမ်းမမီနိုင်လောက်အောင် ကျွမ်းကျင် စွာ တိမ်းရှောင်နေသူများကိုလည်း အစဉ်စောင့်ကြပ် ကြည့်ရှု၍ တရား ဥပဒေ ယန္တရားစက်ဝန်းသို့ ပြန်လည်ပို့ဆောင်ရန် ဖြစ်သည်။ ယခု အမှုတွင် အမှုတွဲရှိ သက်သေခံချက်များအရ မန္တလေး၊ "ပြည့်ဖြိုး အောင်"ကားဂိတ်သို့ တစ်ကြိမ်မက၊ နှစ်ကြိမ်မက၊ သုံးကြိမ်တိုင် ပစ္စည်းလာရောက်အပ်နှံဖူးသူ ခင်မောင်အုန်းဆိုသူ၏ ပုံသဏ္ဍာန်၊ ၎င်း သုံးစွဲသည့် လက်ကိုင်တယ်လီဖုန်းအမှတ်၊ စီးနင်းလာသည့် မော်တော် ယာဉ်အမျိုးအစားတို့ကို စုံစမ်းဖော်ထုတ် ရရှိပါလျက် ခင်မောင်အုန်း အား ဖမ်းဆီးပြီး တရားရုံးရှေ့ မတင်ပို့နိုင်ခြင်းအတွက် အမှုမှာ မပြည့် မစုံ ဖြစ်ရသည်။ ယင်းသို့ အဓိကတရားခံဖြစ်သူ ခင်မောင်အုန်းအား စစ်ဆေးစီရင်နိုင်ခွင့်မရှိသော အခြေအနေတွင် ပစ္စည်းပေးပို့မည့်သူ ဖြစ်သည်ဟု ဆက်စပ်ကောက်ယူချက်ဖြင့် မပြည့်မစုံရရှိထားသော

လက်ရှိ သက်သေခံချက်မျှဖြင့်လည်း အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေးအား အပြစ်ပေးရန် မသင့်လျော်ပေ။

အယူခံတရားလိုအတွက် - ဦးဇမာ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၅/၂၀၀၅ တွင် တရားခံ မငွေး (ခ) မကြည်ကြည်ငွေးအား ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ချမှတ်သည့်အမိန့်ကို တရားခံ မငွေး (ခ) မကြည်ကြည်ငွေးက မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄/၂၀၀၆ ဖြင့် အယူခံဝင်ရောက်ရာတွင် အမှုပလပ်ခံခဲ့ရသည်။ တရားရုံးချုပ် (မန္တလေး ရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၄၃ (ခ)/၂၀၀၆ ကို တင်သွင်းရာတွင်လည်း အောင်မြင်မှုမရပေ။ သို့အတွက် တရားခံ မငွေး (ခ) မကြည်ကြည်ငွေးက အထူးအယူခံဝင်ခွင့်ရရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) ကို ဆက်လက်တင်သွင်းလာရာ အောက်ဖော်ပြပါ ပြဿနာအား အထူး အယူခံခုံရုံးဖြင့် ဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

"ကိုခင်မောင်အုန်းဆိုသူသည် ဘိန်း (၆၄. ၈၃) ကီလိုဂရမ် ပါရှိသော ကြံသကာသေတ္တာ အလုံး (၂၀) ကို မန္တလေးမြို့၊

"ပြည့်ဖြိုးအောင်" ကားဂိတ်၌ အပ်နှံမှုတွင် ဖားကန့်မြို့နယ်၊ ဆိုင်းတောင်နေ တရားခံ မဌေး (ခ) မကြည်ကြည်ဌေးက အားပေးကူညီသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/ ၂၁ အရ ကျူးလွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံ မဌေး (ခ) မကြည်ကြည်ဌေးအား ပြစ်မှုထင်ရှားစီရင်ခြင်းအပေါ် အတည်ပြုသည့်အမိန့်သည် ဥပဒေအရ မှန်ကန်မှုရှိ-မရှိ။"

အမှုမှာမန္တလေးမြို့၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ "ပြည့်ဖြိုးအောင်" ကားဂိတ်သို့ ၁၃-၇-၂၀၀၅ ရက်နေ့ ၁၆း၃၀ နာရီ အချိန်တွင် ကချင်ပြည်နယ်၊ ဆိုင်းတောင်ရှိ မဌေး(ခ) မကြည်ကြည်ဌေး (ထုံးဆိုင်) သို့ လိပ်မူထားသည့် ကြံသကာသေတ္တာ အလုံး (၂၀) ကို ကိုခင်မောင်အုန်းဆိုသူက လာရောက်အပ်နှံခဲ့သည်။ ထိုကြံသကာ သေတ္တာများအနက် တစ်လုံးမှ စိမ်းရွှေရွှေအနံ့များ ထွက်နေ၍ ဂိတ်မှူး ဦးမိုးတင်အောင်က အမှတ် (၆) ရဲစခန်းသို့ သတင်းပို့သည်။ ရဲတပ်ဖွဲ့ဝင် များက သေတ္တာများအပ်နှံသူကို စောင့်ဆိုင်းကြည့်ရှုရာ ၁၅-၇-၂၀၀၅ နေ့အထိ လာရောက်မေးမြန်းသူ မရှိသဖြင့် ဖွင့်ဖောက် စစ်ဆေးသော အခါ ဘိန်းစိမ်းဟုယူဆရသော အထုပ် ၄၀ (၆၄. ၈၃) ကီလိုဂရမ် သိမ်းဆည်းရမိသဖြင့် ခင်မောင်အုန်းနှင့် မဌေး (ခ) မကြည်ကြည်ဌေး တို့အား အရေးယူပေးရန် ရဲအုပ်အုန်းဟန်ဦးက မန္တလေးမြို့၊ အမှတ် (၆) ရဲစခန်း၌ တိုင်ကြားသောအမှုဖြစ်သည်။ ခင်မောင်အုန်းမှာ တရားခံပြေး ဖြစ်သည်။

အယူခံတရားလို မဌေး (ခ) မကြည်ကြည်ဌေး၏ ရှေ့နေက

လျှောက်လဲရာတွင် ကြံသကာသေတ္တာ (၁) လုံးလျှင် ဘိန်းစိမ်း နှစ်ထုပ်ကျဖြင့် ကြံသကာသေတ္တာ အလုံး (၂၀) အတွင်းမှ ဘိန်းစိမ်း အထုပ် (၄၀) အလေးချိန် (၆၄. ၈၃) ကီလိုဂရမ်ကို မန္တလေးမြို့ "ပြည့်ဖြိုးအောင်" ကားဂိတ်မှ တွေ့ရှိသိမ်းဆည်းရမိခြင်းဖြစ်ကြောင်း၊ ထိုပစ္စည်းများကို "ပြည့်ဖြိုးအောင်" ကားဂိတ်မှတစ်ဆင့် မဒေး (ထုံးဆိုင်)၊ ကြည်ရတနာရွှေဆိုင်ရှေ့၊ ဆိုင်းတောင်သို့ တင်ပို့ရန် ခင်မောင်အုန်းဆိုသူက လာရောက်အပ်နှံခြင်းဖြစ်သော်လည်း ခင်မောင်အုန်းဆိုသူကို ဖမ်းဆီးဖော်ထုတ်မှုမရှိခဲ့ ကြောင်း၊ အဆိုပါ ကြံသကာသေတ္တာ အလုံး (၂၀) ကို ပေးပို့ရမည့်လိပ်စာမှာ အယူခံတရားလိုထံသို့ လိပ်မူထားသည့်အတွက် ထုံးဆိုင်မှ မဒေးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကားဂိတ်မှ အယူခံတရားလိုထံသို့ ယခင်က ကြံသကာသေတ္တာ နှစ်ကြိမ်ပို့ပေးခဲ့ဖူးသည်ဆိုသော အချက်မှာလည်း ခိုင်မာမှုမရှိကြောင်း၊ ယခင်က ပေးပို့ခဲ့ရာတွင် ဘိန်းများ ပါဝင်ခဲ့သည်ဟူသော အထောက်အထားကိုလည်း တရားလိုဘက်မှ တင်ပြနိုင်မှုမရှိခဲ့ကြောင်း၊ ထိုသို့ ကြံသကာသေတ္တာများ ပေးပို့စဉ်က ကုန်ပစ္စည်းလက်ခံသူ၊ သယ်ဆောင်ခပေးသူမှာ အယူခံတရားလို ဖြစ်ပါသည်ဟု ကားသမား တင်ဝင်းငြိမ်း (လိုပြ-၇) က ထွက်ဆိုနိုင်မှု မရှိခဲ့ကြောင်း၊ သက်သေခံဘိန်းများကို ကားဂိတ်သို့ လာရောက်အပ်နှံခဲ့သော ခင်မောင်အုန်းကို အယူခံတရားလိုက မည်သို့ဆက်သွယ်သည်ဟုလည်းကောင်း၊ မည်သို့အားပေးကူညီခဲ့သည်ဟုလည်းကောင်း တရားလိုဘက်က သက်သေတင်ပြနိုင်မှု မရှိခဲ့သည်မှာ ထင်ရှားကြောင်း၊ ဤအမှုတွင် အဓိကကျသူ ခင်မောင်အုန်းအား ဖမ်းဆီးနိုင်မှု၊ စစ်ဆေးနိုင်မှု မရှိသဖြင့် သက်သေခံချက်များ ကွင်းဆက်ပြတ်နေကြောင်း၊ ယခုအမှုတွင် "ပြည့်ဖြိုးအောင်"

ကားဂိတ်သို့ ဘိန်းစိမ်းများပါသည့် ကြံသကာသေတ္တာ အလုံး (၂၀) ကို ခင်မောင်အုန်းဆိုသူက လာရောက်အပ်နှံသည့်ပြစ်မှုတွင် အယူခံတရားလိုသည် ခင်မောင်အုန်းဆိုသူနှင့် မည်သည့်အခါကမျှ ပတ်သက်ဆက်နွယ်လုပ်ကိုင်ခဲ့ကြောင်းအထောက်အထားမရှိ၍ အယူခံတရားလိုသည် ခင်မောင်အုန်းကို အားပေးကူညီသည်ဟု ကောက်ယူရန်မှာ ဥပဒေအရ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း၊ ထို့ကြောင့် ကိုခင်မောင်အုန်းဆိုသူသည် ဘိန်း (၆၄. ၈၃) ကီလိုဂရမ် ပါရှိသော ကြံသကာသေတ္တာအလုံး(၂၀) ကို မန္တလေးမြို့ "ပြည့်ဖြိုးအောင်" ကားဂိတ်၌ အပ်နှံထားမှုတွင်ဖားကန့်မြို့နယ်၊ဆိုင်းတောင်နေတရားခံမဌေး(ခ)မကြည်ကြည်ဌေးက အားပေးကူညီသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ကျူးလွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံ မဌေး (ခ) မကြည်ကြည်ဌေးအား ပြစ်မှုထင်ရှား စီရင်ခြင်းအပေါ် အတည်ပြုသည့်အမိန့်သည် ဥပဒေအရ မှန်ကန်မှုမရှိဟု ဖြေကြားပေးသင့်ကြောင်းတို့ကို လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် သက်သေခံ ဘိန်းထုပ်များကို တရားလိုပြသက်သေအမှတ် (၃) မိုးတင်အောင်၏ "ပြည့်ဖြိုးအောင်" ကားဂိတ်သို့ ခင်မောင်အုန်းဆိုသူက လာရောက်အပ်နှံခဲ့သည်မှာ ထင်ရှားကြောင်း၊ အဆိုပါပစ္စည်းများကို မဌေး (ထုံးဆိုင်)၊ ကြည်ရတနာ ရွှေဆိုင်ရှေ့၊ ဆိုင်းတောင်သို့ ပေးပို့ရန် လိပ်မူထားကြောင်း၊ ယခင်ကလည်း မဌေးထံသို့ ကြံသကာသေတ္တာ တစ်ကြိမ်၊ မုန့်သေတ္တာ တစ်ကြိမ် ပို့ခဲ့ဖူးကြောင်း၊ ဓာတုဗေဒဝန်၏ ပြန်ကြားစာ သက်သေခံ (ဆ) အရ

သက်သေခံပစ္စည်းများမှာ ဘိန်းဖြစ်သည်မှာ ပေါ်လွင်ကြောင်း၊ ကိုခင်မောင်အုန်းသည် မူးယစ်ဆေးဝါးဖြစ်သော ဘိန်းစိမ်းများကို "ပြည့်ဖြိုးအောင်" ကားဂိတ်မှတစ်ဆင့် ဆိုင်းတောင်ရှိ မငွေးထံသို့ ပေးပို့သယ်ဆောင်ကြရာတွင် အယူခံတရားလိုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ကိုခင်မောင်အုန်းသည် အယူခံတရားလိုထံသို့ ယခင်နှစ်ကြိမ်ကလည်း မုန့်သေတ္တာနှင့် ကြံသကာသေတ္တာများ ပေးပို့ခဲ့ဖူးကြောင်း၊ မငွေး (ထုံးဆိုင်) ကလည်း လက်ခံခဲ့ကြောင်း၊ မငွေး (ထုံးဆိုင်) မှာလည်း မငွေး (ထုံးဆိုင်) ဟု အထင်ကရ ဆိုင်းဘုတ်ချိတ်ထားပြီး ကြည်ရတနာရွှေဆိုင်ရှေ့တွင် တည်ရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ ကိုခင်မောင်အုန်းနှင့် မငွေးတို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးများ သယ်ရန် ပြုလုပ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ သို့ပါ၍ မူလရုံးမှ တရားရုံးချုပ် (မန္တလေးရုံးထိုင်) အထိ တရားရုံးအဆင့်ဆင့်က မငွေးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်များ ချမှတ်ထားခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိကြောင်း၊ အယူခံတရားလို၏ အယူခံလျှောက်လွှာကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုကိုစိစစ်ကြည့်ရှုရာ မန္တလေးမြို့ "ပြည့်ဖြိုးအောင်" ကားဂိတ်မှူး ဦးမိုးတင်အောင် (လိုပြ-၃) ၏ မော်တော်ယာဉ်အသင်းသည် ဆိုင်းတောင်၊ ဖားကန့်မြို့များသို့ ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်သည်။ ၎င်းတို့ကားဂိတ်သို့ ယခင်က မုန့်သေတ္တာ (၃) လုံးနှင့် ကြံသကာသေတ္တာ (၁၂) လုံးတို့ကို နှစ်ကြိမ်အပ်နှံခဲ့ဖူးသူ ကိုခင်မောင်အုန်းသည် မငွေး (ထုံးဆိုင်)၊ ကြည်ရတနာရွှေဆိုင်ရှေ့၊

ဆိုင်းတောင်သို့ပို့ရန် ခင်မောင်အုန်း၊ မငွေး (ထုံးဆိုင်)၊ ကြည်ရတနာ ရွှေဆိုင်ရှေ့၊ ဆိုင်းတောင်ဟု လိပ်မူထားသည့် ကြံသကာသေတ္တာ အလုံး (၂၀) ကို ၁၃-၇-၂၀၀၅ ရက်နေ့ ၁၆း၃၀ နာရီအချိန်ခန့်တွင် “ပြည့်ဖြိုးအောင်” ကားဂိတ်သို့ လာရောက်အပ်နှံခဲ့ကြောင်း သက်သေခံ ချက်များအရ တွေ့ရှိ ရသည်။ လက်ခံထားသည့် ကုန်သေတ္တာများကို ဂိတ်မှူး ဦးမိုးတင်အောင်က ကြည့်ရှုစစ်ဆေးခဲ့ရာ ကုန်သေတ္တာတစ်လုံး အတွင်းမှ စိမ်းရွှေရွှေအနံ့ရသဖြင့် ရယက ဦးအေးကျော်နှင့် အမှတ် (၆) ရဲစခန်းတို့သို့ အကြောင်းကြားခဲ့သည်။ ရဲအုပ်အုန်းဟန်ဦး (လိုပြ-၁) သည် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်အား တာဝန်ပေးအပ်ပြီး အဆိုပါ သေတ္တာများကို စောင့်ကြည့်စေခဲ့သည်။ နှစ်ရက်ခန့် စောင့်ကြည့်သည့် တိုင် လာရောက်မေးမြန်းသူ မရှိသဖြင့် သက်သေများရှေ့တွင် သေတ္တာ ကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာ သေတ္တာများအတွင်းမှ ဘိန်းစိမ်းဟု ယူဆရ သော အထုပ် ၄၀ (၆၄. ၈၃) ကီလိုဂရမ်ခန့်ကို တွေ့ရှိခဲ့ရသည်။ အမှု အတွက် တရားစွဲဆိုရာတွင် အဓိကတရားခံ ခင်မောင်အုန်းအား ဖမ်းဆီးအရေးယူမှု မရှိခဲ့ဘဲ ၎င်းသည် တရားခံပြေးအဖြစ်သာ ဖော်ပြ ခံထားရသူဖြစ်သည်။

သက်သေခံဘိန်းစိမ်းများနှင့်စပ်လျဉ်း၍ ခင်မောင်အုန်း ပြစ်မှု ကျူးလွန်ခြင်းအပေါ် မငွေး (ခ) မကြည်ကြည်ငွေးက အားပေးခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း ပြုသည်ဟု တရားရုံးအဆင့်ဆင့်က သုံးသပ်ပြီး အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေး အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုနှင့် ပြစ်ဒဏ်များ စီရင်ချမှတ်ထားကြောင်း တွေ့ရသည်။

တရားခံ မငွေး (ခ) မကြည်ကြည်ငွေးက ဖားကန့်မြို့နယ်၊ ဆိုင်းတောင်တွင် ထုံး၊ ဘိလပ်မြေများ ရောင်းချကြောင်း၊ ကြံသကာ ရောင်းချခြင်း မရှိသဖြင့် ကိုခင်မောင်အုန်းဆိုသူအား မြင်တွေ့ဖူးခြင်း မရှိကြောင်း၊ ကိုခင်မောင်အုန်းက မန္တလေးမြို့ရှိ ကားဂိတ်တွင် အပ်နှံသော ကြံသကာသေတ္တာများနှင့် မငွေး (ခ) မကြည်ကြည်ငွေးတို့ ပတ်သက်မှုမရှိကြောင်း၊ အပြစ်မရှိကြောင်း ထုချေထွက်ဆိုသည်။

ကိုခင်မောင်အုန်းဆိုသူ အပ်နှံသော မုန့်သေတ္တာ (၃) လုံးနှင့် ကြံသကာသေတ္တာ (၁၂) လုံးတို့ကို မန္တလေးမြို့၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ "ပြည့်ဖြိုးအောင်" ကားဂိတ်မှ လက်ခံပြီး လိပ်စာပါ မငွေး (ထုံးဆိုင်)၊ ကြည်ရတနာရွှေဆိုင်ရှေ့၊ ဆိုင်းတောင်သို့ နှစ်ကြိမ် ပို့ခဲ့ဖူးကြောင်း တရားလိုဘက်က အထောက်အထားများ တင်ပြသည်။ မငွေး (ထုံးဆိုင်)၊ ကြည်ရတနာရွှေဆိုင်ရှေ့၊ ဆိုင်းတောင်သို့ ရောက် သောအခါ အဆိုပါပစ္စည်းများကို အမျိုးသမီးတစ်ဦးက လက်ခံရယူ ကြောင်း ထွက်ဆိုကြသည်။ ထိုကဲ့သို့ ယခင်က အယူခံတရားလိုထံ ပစ္စည်းများ နှစ်ကြိမ်ပို့ခဲ့သည်ဆိုသော မူလရုံးတရားလို၏ သက်သေခံ ချက်များမှာ ခိုင်လုံမှုမရှိကြောင်း အယူခံတရားလိုက ငြင်းဆိုထားသည်။ မည်သို့ဆိုစေကာမူ ယခင်အခါ ပို့ဆောင်ခဲ့သော ပစ္စည်းများတွင် ဘိန်း ပါဝင်သည်ဆိုသောအချက်၊ ပစ္စည်းများကို လက်ခံခဲ့သူမှာ အယူခံ တရားလို မငွေး (ခ) မကြည်ကြည်ငွေးပင် ဖြစ်သည်ဆိုသော အချက်ကို တရားလိုဘက်က မတင်ပြနိုင်ခဲ့ပေ။

ကိုခင်မောင်အုန်း၊ မငွေး (ထုံးဆိုင်)၊ ကြည်ရတနာရွှေဆိုင်ရှေ့၊ ဆိုင်းတောင်သို့ပို့ရန် အချင်းဖြစ် ကြံသကာသေတ္တာ အလုံး (၂၀) အား ကိုခင်မောင်အုန်းဆိုသူကပင် "ပြည့်ဖြိုးအောင်" ကားဂိတ်၌ အပ်နှံ

ကြောင်း တွေ့ရှိရသည်။ "ပြည့်ဖြိုးအောင်" ကားဂိတ်၌ အဆိုပါသေတ္တာများကို ဖွင့်ဖောက်ရှာဖွေရာ ဘိန်း (၆၄. ၈၃) ကီလိုဂရမ်ကို တွေ့ရှိ သိမ်းဆည်းရမိသည်။ အဆိုပါ သက်သေခံပစ္စည်းများမှာ ဘိန်းဖြစ်ကြောင်း ဓာတုဗေဒဝန်က သက်သေခံ (ဆ) ဖြင့် ထောက်ခံပြန်ကြားထားသည်။

အမှုတစ်ခုလုံးတွင် ဘိန်းများပါသော သေတ္တာ ပေးပို့ရန် ဘောက်ချာတွင် အယူခံတရားလို၏ အမည်နှင့်လိပ်စာ ရေးထိုးထားသော အချက်တစ်ခုသာ ထင်ထင်ရှားရှားရှိသည်။ အဆိုပါ ၁၃-၇-၂၀၀၅ ရက်စွဲ ပါ ဘောက်ချာ၌ ဖော်ပြရာတွင် အယူခံတရားလို မဌေး အမည်တစ်ခုသာမကဘဲ ခင်မောင်အုန်း၊ မဌေး (ထုံးဆိုင်)၊ ကြည်ရတနာရှေ့၊ ဆ/တ ဟုသာ ဖော်ပြထားသည့် ပေးပို့ခံရမည့် လိပ်စာတွင် တရားခံပြေး ခင်မောင်အုန်းကိုပါ ဖော်ပြထားခြင်း ဖြစ်သည်။ မဌေး၏ထုံးဆိုင်သည် ကားလမ်းပေါ်တွင် တည်ရှိသဖြင့် ပစ္စည်းပေးပို့ရေးလွယ်ကူရန်အတွက် အဆိုပါလိပ်စာကို ခင်မောင်အုန်းက အသုံးပြုခြင်းဖြစ်နိုင်ကြောင်း၊ အယူခံတရားလိုရှေ့နေ၏ တင်ပြချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ထို့အပြင် အမှုတွင် သက်သေခံပစ္စည်း ပေးပို့ရန် ထည့်သွင်းသော သေတ္တာများတွင် ခင်မောင်အုန်း၏အမည်များ ရေးသားဖော်ပြထားကြောင်း တွေ့ရှိရသည်။

ဘိန်းများကို ခင်မောင်အုန်းက အယူခံတရားလိုထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု သံသယကင်းကင်းဖြင့် ကောက်ယူနိုင်သော သက်သေခံချက် မရှိပေ။ အမှုတွင် အယူခံတရားလို မဌေး (ခ) မကြည်ကြည်ဌေးအပေါ် အပြစ်ပေးနိုင်ရန် ကွင်းဆက်မပြတ်သော

သက်သေခံချက်ရှိရန် လိုသည်။ အချင်းဖြစ်ပစ္စည်းများကို လာရောက် အပ်နှံခဲ့သူဖြစ်သည်ဆိုသော တရားခံပြေး ခင်မောင်အုန်းနှင့် အယူခံ တရားလိုတို့ ယခင်က ကုန်ပို့ကုန်ယူ ဆက်သွယ်ခဲ့ဖူးသည့်အချက်၊ ယခု အချင်းဖြစ်ပစ္စည်းများကို ပေးပို့ရန် အယူခံတရားလို၏ လိပ်စာကို သုံးစွဲ ထားသည့် အချက်များဖြင့် အယူခံတရားလိုအပေါ် သံသယကင်းကင်း ဖြင့် အပြစ်ပေးရန် မလုံလောက်ပေ။ တရားခံပြေး ခင်မောင်အုန်း၏ ပြုမူဆောင်ရွက်ချက်များကို အယူခံတရားလိုက သိရှိခဲ့ကြောင်း၊ လက်ခံ သဘောတူခွင့်ပြုခဲ့ကြောင်း၊ ခိုင်မာသည့် သက်သေခံချက်ရှိမှ အယူခံ တရားလိုအပေါ် အပြစ်ပေးသင့်သည်။ ထွက်ပြေးနေသော တရားခံ ခင်မောင်အုန်းဆိုသူနှင့် အယူခံတရားလိုတို့ ပြစ်မှုမကင်းသော ပူးပေါင်း ဆောင်ရွက်မှု ရှိခဲ့သည်ဟု ကောက်ယူနိုင်သော သက်သေခံချက်လည်း မရှိပေ။ ယခုကဲ့သို့သောအမှုမျိုးတွင် အယူခံတရားလိုအပေါ် အပြစ် ပေးမည်ဆိုပါက သံသယဖြင့် အပြစ်ပေးရာရောက်မည်။

ဤအမှုတွင် အဓိကကျသည့် ခင်မောင်အုန်းဆိုသူအား ဖမ်းဆီးမှု၊ အရေးယူမှု မပြုနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ သက်သေ ထွက်ချက်များအရ ခင်မောင်အုန်းဆိုသူမှာ အသက် (၄၅) နှစ်ခန့်၊ အရပ် ၅ ပေ ၇ လက်မခန့်ရှိ မေးချွန်ပြီး စကားဝဲသူဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းများ ပေးပို့စဉ်က ဟိုင်းလတ်ကားကို အသုံးပြုခဲ့ ကြောင်း၊ ပစ္စည်းပေးပို့မှုကို သိရှိရန် ဆက်သွယ်မေးမြန်းခဲ့သော တယ်လီဖုန်းမှာ ၀၉၉၀၃၀၃၂၉ ဖြစ်ပြီး သွင်းဘရားသားကုမ္ပဏီမှ တယ်လီဖုန်းဖြစ်ကြောင်း၊ တယ်လီဖုန်း ထုတ်ပေးသည့် လိပ်စာမှာ တ/၇-ည/၃၃၊ စိန်ပန်းလမ်း၊ မြို့သစ် (၁)၊ ချမ်းမြသာစည်မြို့နယ် ဖြစ်ကြောင်း၊ တယ်လီဖုန်းသုံးစွဲခများကို ၈၂ လမ်း၊ ၃၁×၃၂ လမ်းကြား

ရှိ ခေတ်လိုက်စတိုးမှ ပေးဆောင်ကြောင်း၊ တယ်လီဖုန်း ကိုင်ဆောင်သူမှာ ၃ခ/၅၅၉၃ သို့မဟုတ် ၃ခ/၅၅၉၅ ကို စီးနင်းထွက်ခွာသွားကြောင်းများ တွေ့ရှိရသည်။ ခင်မောင်အုန်းဆိုသူ၏လူပုံစံ၊ ၎င်းကိုင်စွဲခဲ့သော တယ်လီဖုန်းနံပါတ်၊ သေတ္တာများကို လာရောက်ပို့ဆောင်သော မော်တော်ယာဉ်အမျိုးအစားများ သိရှိပါလျက် ခင်မောင်အုန်းကို ဖမ်းဆီးနိုင်မှု မရှိခဲ့ကြောင်း တွေ့ရှိရသည်။ သက်သေခံချက်များအရ ခင်မောင်အုန်းသည် အဓိကတာဝန်ရှိသူ ဖြစ်မည်။ ၎င်းကို ဖမ်းဆီးဖော်ထုတ် စစ်ဆေးခြင်းမပြုပါက အမှုမှန်ပေါ်မည် မဟုတ်ပေ။

ရာဇဝတ်မှုများကို ကျူးလွန်ပြီး တရားဥပဒေ၏ ယန္တရားစက်ဝန်းအတွင်းမှ နည်းမျိုးစုံဖြင့် ထွက်ပြေးတိမ်းရှောင်ကြသော တရားခံများနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးသော တာဝန်ရှိအရာရှိများက အထူးသတိပြု၍ အဆိုပါတရားခံများကို အမိအရ ရှာဖွေဖမ်းဆီးဖော်ထုတ်ကြရန် အထူးလိုအပ်သည်။ တရားဥပဒေနှင့်အညီ အမှန်ပင်လက်လှမ်းမမီနိုင်လောက်အောင် ကျွမ်းကျင်စွာ တိမ်းရှောင်နေသူများကိုလည်း အစဉ်စောင့်ကြပ် ကြည့်ရှု၍ တရားဥပဒေယန္တရားစက်ဝန်းသို့ ပြန်လည်ပို့ဆောင်ရန်ဖြစ်သည်။ ယခုအမှုတွင် အမှုတွဲရှိ သက်သေခံချက်များ အရ မန္တလေး "ပြည့်ဖြိုးအောင်" ကားဂိတ်သို့ တစ်ကြိမ်မက၊ နှစ်ကြိမ်မက၊ သုံးကြိမ်တိုင်တိုင် ပစ္စည်း လာရောက်အပ်နှံခဲ့ဖူးသူ ခင်မောင်အုန်းဆိုသူ၏ ပုံသဏ္ဌာန်၊ ၎င်းသုံးစွဲသည့် လက်ကိုင်တယ်လီဖုန်းအမှတ်၊ စီးနင်းလာသည့် မော်တော်ယာဉ်အမျိုးအစားတို့ကို စုံစမ်းဖော်ထုတ် ရရှိပါလျက် ခင်မောင်အုန်းအား ဖမ်းဆီးပြီး တရားရုံးရှေ့ မတင်ပို့နိုင်ခြင်းအတွက် အမှုမှာ မပြည့်မစုံဖြစ်ရသည်။ ယင်းသို့ အဓိကတရားခံဖြစ်သူ ခင်မောင်အုန်းအား စစ်ဆေးစီရင်နိုင်ခွင့်

မရှိသော အခြေအနေတွင် ပစ္စည်းပေးပို့မည့်သူဖြစ်သည်ဟု ဆက်စပ်ကောက်ယူချက်ဖြင့် မပြည့်မစုံရရှိထားသော လက်ရှိသက်သေခံချက်မှုဖြင့်လည်း အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေးအား အပြစ်ပေးရန် မသင့်လျော်ပေ။

သို့ဖြစ်၍ အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေး အပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ အပြစ်ပေးခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ကိုခင်မောင်အုန်းဆိုသူသည် ဘိန်း (၆၄. ၈၃) ကီလိုဂရမ် ပါရှိသော ကြံသကာသေတ္တာ အလုံး (၂၀) ကို မန္တလေးမြို့ "ပြည့်ဖြိုးအောင်" ကားဂိတ်၌အပ်နှံမှုတွင် ဖားကန့်မြို့နယ်၊ ဆိုင်းတောင်နေ တရားခံ မငွေး (ခ) မကြည်ကြည်ငွေးက အားပေးကူညီသဖြင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ကျူးလွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံ မငွေး (ခ) မကြည်ကြည်ငွေးအား ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှန်ကန်မှုမရှိကြောင်း ဖြေကြားသည်။ အယူခံကို ခွင့်ပြုသည်။ အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ထားသည့် တရားရုံးအဆင့်ဆင့်၏အမိန့်များကို ပယ်ဖျက်ပြီး အယူခံတရားလို မငွေး (ခ) မကြည်ကြည်ငွေးအား အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချသည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးတင်အေးရွှေ့တွင်

## မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်+

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ စွဲဆိုခဲ့ခြင်း မရှိသဖြင့် မူလကနဦးတည်းက ပျက်ပြယ်နေသော အမှုမှ တရားခံများအား စွဲချက် မတင်မီ ပြန်လွှတ်နိုင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားရုံးတွင် ဆောင်ရွက်သည့် မှုခင်းကိစ္စနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ ယင်းတရားရုံးက

---

* ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀၁ (ခ)။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁(ခ) တွင်ချမှတ်သော၁၅-၂-၂၀၀၇ ရက်နေ့စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှု လျှောက်ထားမှု။

ဖြစ်စေ၊ ယင်းတရားရုံး၏ အထက်တရားရုံးကဖြစ်စေ စာဖြင့်ရေးသား၍ တရားစွဲဆိုခြင်းမဟုတ်လျှင် လက်ခံအရေးယူခွင့်ရှိမည် မဟုတ်ပေ။ တရားရုံးက စာဖြင့်ရေးသား တရားစွဲဆိုခြင်း မဟုတ်ဘဲ လက်ခံအရေးယူသည့်အမှုသည် ပျက်ပြယ်သည်။

အမှုတွင် တိုင်ကြားသူမှာ စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်ဖြစ်၍ သက်ဆိုင်ရာတရားရုံး မဟုတ်ကြောင်း တွေ့ရသည်။ ထို့ပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်သည် တရားခံများအား အရေးယူပေးပါရန် တရားရုံးသို့ စာဖြင့်ရေးသား တိုင်တန်းခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာရဲစခန်းတွင်သာ သတင်းပေး တိုင်တန်းခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိဘဲ မူလကနဦးကတည်းကပင် ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် တရားခံများအား ပြစ်မှုထင်ရှား စီရင်ထားခြင်းကိုပင် မဆိုထားနှင့်၊ စွဲချက်တင်ထားခြင်းသည်ပင်လျှင် ပျက်ပြယ်နေပေသည်။ သို့ဖြစ်ရာ တရားခံများအား စွဲချက်မတင်မီပြန်လွှတ်ထားရမည်သာ ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အမှုတွင် မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆိုပါက တရားစွဲဆိုနိုင်ပေသေးသည်။

**မောင်ဘန်ချိန်း ပါ ၇ ဦး** နှင့်

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**မောင်လှ ပါ ၄ ဦး**

လျှောက်ထားသူများအတွက် - ဦးဇော်သိန်းထွန်း၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဒေါ်ခင်မာမင်း
ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

စစ်တွေမြို့နယ်တရားရုံး၏ ၂၀၀၆ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၀၀၅ တွင် တရားခံ မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်နှင့် ဦးကျော်ဝင်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့က မကျေနပ်သဖြင့် စစ်တွေခရိုင်တရားရုံးသို့ အယူခံတင်သွင်းသော်လည်း အကျဉ်းနည်း ပလပ်ခံရသည်။ မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးက စစ်တွေခရိုင်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရခိုင်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသော်လည်း အောင်မြင်မှုမရသဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းခဲ့ခြင်း ဖြစ်သည်။

အမှုမှာ အမှတ် (၂၇၀) ခြေလျင်တပ်ရင်းမှ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးအေးကျော်သည် အဆင့်နှင့်မလျော်ညီသော ပြစ်မှုများ ကျူးလွန်ကြောင်း တိုင်တန်းခံရ၍ ၎င်းအား စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပြီး စစ်တရားရုံးဖြင့်လည်း စစ်ဆေးခဲ့ကြောင်း၊ ယင်းသို့စစ်ဆေးရာတွင် စုံစမ်းစစ်ဆေးရေးခုံရုံး၏ သက်သေထွက်ဆိုချက်များနှင့် စစ်တရားရုံး၏ သက်သေထွက်ဆိုချက်များ ကွဲလွဲနေသဖြင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ထပ်မံ၍ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မမှန်မကန် ထွက်ဆိုခဲ့ကြသော အရပ်သက်သေ မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်၊ ဦးကျော်ဝင်း

တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်က စစ်တွေမြို့နယ်၊ အမှတ် (၁) ရဲစခန်းတွင် တိုင်ချက်ရေးဖွင့် စွဲဆိုခဲ့မှုဖြစ်သည်။

လျှောက်ထားသူများ၏ ရှေ့နေက တင်ပြရာတွင် ဒုရဲမှူး ဦးစံရွှေမောင်က ဒေသကွပ်ကဲရေးစစ်ဌာနချုပ်မှ အကြောင်းကြားသဖြင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ညွှန်ကြား၍ ဤအမှုကို တိုင်ချက်ဖွင့်ရသည်ဟု ဖော်ပြထားကြောင်း၊ သို့ဖြစ်၍ ပထမသတင်းပေး တိုင်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) နှင့် အကျုံးဝင်သည့် တိုင်တန်းချက် မဟုတ်ကြောင်း၊ ယင်းတိုင်တန်းချက်ကိုအခြေခံ၍ လျှောက်ထားသူများအပေါ် ပြစ်မှုပုဒ်မ ၁၉၃ အရ တရားစွဲဆိုခဲ့ခြင်းသည် မူလကတည်းက မှားယွင်းပျက်ပြယ်နေကြောင်း၊ မူလမှုတွင် အမှတ် (၂၇၀) ခြေလျင်တပ်ရင်း မှ ဗိုလ်ကြီးအေးကျော်အပေါ် အရေးယူခဲ့သည့် တိုင်တန်းခြင်းနှင့်ပတ်သက်၍ တရားခံ ၃ ဦးကို ၄ ကြိမ် အစစ်ခံခဲ့ရာတွင် စစ်တရားရုံး၌ ကျမ်းကျိန် ထွက်ဆိုခဲ့ရပြီး ကျန်အကြိမ်များမှာ စုံစမ်းစစ်ဆေးခြင်းသာဖြစ်ကြောင်း၊ ၄ ကြိမ် အစစ်ခံခဲ့ရာတွင်လည်း ဗိုလ်မှူးအောင်ညွန့်ထံတွင် အစစ်ခံသည့် အကြိမ်ကလွဲ၍ ကျန်အကြိမ်မှာ ကွဲလွဲမှုမရှိကြောင်း၊ ဗိုလ်မှူးအောင်ညွန့်ထံတွင် အစစ်ခံစဉ်က ဗိုလ်မှူးအောင်ညွန့် တစ်ဦးတည်းက ညဘက်တွင် ခေါ်ယူစစ်ဆေးခဲ့သည်ဟု ဗိုလ်မှူးအောင်ညွန့်ကိုယ်တိုင်က ထွက်ဆိုခဲ့ကြောင်း၊ ထိုသို့ ထွက်ချက်များမတူညီ၍ ဒုဗိုလ်မှူးကြီးဝင်းမြင့် ခေါင်းဆောင်အဖြစ် ပါဝင်သည့် စုံစမ်းရေးခုံရုံးက ထပ်မံစစ်ဆေးခဲ့ရာတွင်လည်း အခြားစုံစမ်းရေးခုံရုံးအဖွဲ့တွင် ထွက်ဆိုသကဲ့သို့ ထပ်မံထွက်ဆိုခဲ့ကြောင်း၊ သို့ပါ၍ တခြားအဖွဲ့အစည်းတွင် အစစ်ခံချက်နှင့်

ဗိုလ်မှူးအောင်ညွန့်ထံ အစစ်ခံချက်မှာ မတူညီသဖြင့် တရားခံများအား အပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်း တင်ပြသည်။

နိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တင်ပြရာတွင် တရားလိုနှင့် လိုပြသက်သေ ထွက်ချက်များအရလည်းကောင်း၊ သက်သေခံ (ခ) ပါ စစ်ဆေးတွေ့ရှိချက်အပေါ် စုံစမ်းစစ်ဆေးရေးခုံရုံး၏ ထင်မြင်ယူဆချက်အရ တရားခံ ၃ ဦးသည် ဗိုလ်မှူးအောင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ခုံရုံးတွင် ကျွဲနှင့် စက်လှေလဲလှယ်ခြင်းအတွက် ငွေအလိုက်ပေးရကြောင်း ထွက်ဆိုကြပြီး ဒုဗိုလ်မှူးကြီးတင့်ဆွေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သော စစ်တရားရုံးနှင့် ဒုဗိုလ်မှူးကြီးဝင်းမြင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စုံစမ်းစစ်ဆေးရေးစစ်ခုံရုံးတို့တွင် ထိုသို့ငွေအလိုက်ပေးရခြင်း မရှိကြောင်း ကွဲလွဲစွာ ထွက်ဆိုခဲ့ကြကြောင်း၊ တရားခံများက ဗိုလ်မှူးအောင်ညွန့်ထံ အစစ်ခံစဉ်က ၎င်းတစ်ဦးတည်းဖြစ်ပြီး အဖွဲ့ဖြင့်မဟုတ်ကြောင်း၊ ကျမ်းကျိန်ထွက်ဆိုခြင်း မဟုတ်ကြောင်း ရုံးရှေ့တွင် ထွက်ဆိုကြကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃၊ ရှင်းလင်းချက် ၁၊ ရှင်းလင်းချက် ၂ တို့အရ ဗိုလ်မှူးအောင်ညွန့် (ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်သော စစ်ခုံရုံးဖြင့် စစ်ဆေးခြင်းသည် တရားစီရင်သောမှုခင်းကိစ္စ၏ အဆင့်တစ်ဆင့်ဖြစ်ကြောင်း၊ အဆိုပါ စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် စစ်ဆေးရာတွင် တစ်မျိုးထွက်ဆိုပြီး ဒုဗိုလ်မှူးကြီးတင့်ဆွေ (ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်သော စစ်တရားရုံးနှင့် ဒုဗိုလ်မှူးကြီးဝင်းမြင့် (ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်သော စုံစမ်းစစ်ဆေးရေးခုံရုံးတို့တွင် တစ်မျိုးကွဲလွဲစွာ ထွက်ဆိုကြသဖြင့် တရားစီရင်သော မှုခင်းကိစ္စတွင် တမင် မမှန်သက်သေခံသည်ဟု သုံးသပ်၍ တရားခံ ၃ ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ

ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှားယွင်းသည်ဟု မဆိုသာကြောင်း၊ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်သင့်ကြောင်း တင်ပြသည်။

အမှုမှာ အမှတ် (၂၇၀) ခြေလျင်တပ်ရင်းမှ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးအေးကျော်သည် ဖမ်းဆီးရမိသော စက်လှေနှင့် ဦးကျော်ဝင်းပိုင် စက်လှေအား ငွေအလိုက်ပေး လဲလှယ်ခဲ့ရာတွင် ဦးကျော်ဝင်းထံမှ ငွေ ၂ သိန်းခွဲရယူ၍ လဲလှယ်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသော ကျွဲ (၂) ကောင်နှင့် ဦးအေးမောင်ပိုင် ကျွဲ (၂)ကောင်အား ငွေအလိုက်ပေး လဲလှယ်ခဲ့ရာတွင် ဦးအေးမောင်ထံမှ ငွေ ၅၀၀၀၀/- ရယူ၍ လဲလှယ်ခဲ့ကြောင်း စသည်ဖြင့် အဆင့်နှင့်မလျော်ညီသော ပြစ်မှုများ ကျူးလွန်ကြောင်း တိုင်ကြားခံရ၍ ယင်းကိစ္စအား စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်း၍လည်းကောင်း၊ စစ်တရားရုံးဖြင့်လည်းကောင်း စစ်ဆေးခဲ့ရာ ထွက်ဆိုချက်များ ကွဲလွဲနေသဖြင့် ထပ်မံ၍ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးချက်အရ အရပ်သက်သေများဖြစ်သော မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်နှင့် ဦးကျော်ဝင်းတို့သည် မမှန်မကန် ထွက်ဆိုခဲ့ကြကြောင်း တွေ့ရသဖြင့် မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်က စစ်တွေမြို့နယ်၊ အမှတ် (၁) ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ခဲ့မှု ဖြစ်သည်။ စစ်တွေမြို့၊ အမှတ် (၁) ရဲစခန်းက မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ စစ်တွေမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး မြို့နယ်တရားရုံးက မောင်မင်းဒင် ပါ ၃ ဦးအား ယင်းဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"(၁) မည်သည့်တရားရုံးကမျှ-

(ခ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၉၊ ၂၀၀၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁ နှင့် ၂၂၈ တို့အရ ပြစ်ဒဏ် စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို တရားရုံးတစ်ရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင် (သို့မဟုတ်) ထိုမှုခင်းနှင့်စပ်လျဉ်း၍ ကျူးလွန်သည်ဟု စွပ်စွဲချက်ရှိသောအခါ အဆိုပါတရားရုံး၏ (သို့မဟုတ်) အဆိုပါတရားရုံး၏ အထက်တရားရုံး၏ စာဖြင့်ရေးသား တိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရ။"

တရားရုံးတွင် ဆောင်ရွက်သည့် မှုခင်းကိစ္စနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(ခ) အရ ယင်းတရားရုံးကဖြစ်စေ၊ ယင်းတရားရုံး၏ အထက်တရားရုံးကဖြစ်စေ စာဖြင့်ရေးသား၍ တရားစွဲဆိုခြင်း မဟုတ်လျှင် လက်ခံအရေးယူခွင့်ရှိမည် မဟုတ်ပေ။ တရားရုံးက စာဖြင့်ရေးသား တရားစွဲဆိုခြင်း မဟုတ်ဘဲ လက်ခံအရေးယူသည့် အမှုသည် ပျက်ပြယ်သည်။ **အစိုးရ** နှင့် **ထောက်ကာလွယ်**[၁]၊ **ဦးအလီဂျန်** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ ၂**[၂] ကို ကြည့်ပါ။

---

၁။ အတွဲ ၂၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ ၃၀၂။

၂။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၇။

အမှုတွင် တိုင်ကြားသူမှာ စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်ဖြစ်၍ သက်ဆိုင်ရာတရားရုံး မဟုတ်ကြောင်း တွေ့ရသည်။ ထို့ပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်သည် တရားခံများအား အရေးယူပေးပါရန် တရားရုံးသို့ စာဖြင့်ရေးသား တိုင်တန်းခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာရဲစခန်းတွင်သာ သတင်းပေး တိုင်တန်းခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိဘဲ မူလကနဦးတည်းကပင် ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် တရားခံများအား ပြစ်မှုထင်ရှား စီရင်ထားခြင်းကိုပင် မဆိုထားနှင့်၊ စွဲချက်တင်ထားခြင်းသည်ပင်လျှင် ပျက်ပြယ်နေပေသည်။ သို့ဖြစ်ရာ တရားခံများအား စွဲချက်မတင်မီ ပြန်လွှတ်ထားရမည်သာ ဖြစ်ပေသည်။

အမှုတွင် မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆိုပါက တရားစွဲဆိုနိုင်ပေသေးသည်။

**မောင်ဘန်ချိန်း ပါ ၇ ဦး** နှင့်
**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**[၃] တွင်
**မောင်လှ ပါ ၄ ဦး**

ကြည့်ပါ။

၃။ ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၅။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို လက်ခံခွင့်ပြုသည်။ လျှောက်ထားသူ မောင်မင်းဒင် (ခ)ဇော်မဒင် ပါ ၃ ဦးတို့အား စစ်တွေမြို့နယ်တရားရုံး၊ စစ်တွေခရိုင်တရားရုံးနှင့် ရခိုင်ပြည်နယ်တရားရုံးတို့က ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်တို့အား ပယ်ဖျက်သည်။ မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်၊ ဦးကျော်ဝင်းတို့အား စွဲချက်မတင်မီ အမှုမှပြန်လွှတ်ထားစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

မောင်စိုး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂*

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်+

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က၊ ကျေးရွာအုပ်စု မြေယာကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် မြို့နယ် မြေယာကော်မတီသို့ အယူခံ ဝင်ရောက်၍ အယူခံမှု စစ်ဆေးနေဆဲကာလတွင် ကျေးရွာအုပ်စု ရယကဥက္ကဋ္ဌမှ လက်ရှိ လုပ်ကိုင်နေသူအား ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ ပုဒ်မ ၁၂ အရ တရားစွဲဆိုခွင့်ရှိ-မရှိ။**

---

* ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၂၅။

\+ ချောင်းဦးမြို့နယ်တရားရုံး၏ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၄ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားမှု။

**ဆုံးဖြတ်ချက်**။ ။ အမှုမှ လျှောက်ထားသူ မောင်စိုးသည် အချင်းဖြစ်မြေယာတွင် လက်ရှိလုပ်ကိုင်နေသူ တစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ပြီး အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ကျေးရွာမြေယာကော်မတီ ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သောကြောင့် ချောင်းဦးမြို့နယ် မြေစာရင်းရုံးတွင် ၂၃-၄-၂၀၀၇ နေ့က အယူခံဝင်ရောက်ခဲ့ပြီး အယူခံ ဝင်ရောက်ထားဆဲကာလအတွင်း ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ အရ အရေးယူခံရခြင်း ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးတရားလို ဦးဖိုးစန်း၏ စွပ်စွဲချက် မှန်ကန်စေဦး၊ လျှောက်ထားသူ မောင်စိုးအပေါ် မည်သည့်ပြစ်မှုမျှ မြောက်နိုင်မည် မဟုတ်သည့် အလျောက် လျှောက်ထားခံရသူ ဦးဖိုးစန်း စွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၄/၂၀၀၇ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ရမည် ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးငွေငြိမ်း၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ၁။ ဒေါ်ရီရီသန်း
လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး၊ မန္တလေးမြို့
၂။ ဦးညွန့်ဝေ၊ တရားရုံးချုပ်ရှေ့နေ

ချောင်းဦးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၉၄/၂၀၀၇ တွင် တရားလို ဦးဖိုးစန်းက တရားခံ မောင်စိုးအပေါ် ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေပုဒ်မ ၁၂ အရ ဦးတိုက်လျှောက်ထား တရား စွဲဆိုသည်။ မောင်စိုးက ၎င်းအပေါ်စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် ဤပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာကို တင်သွင်းလာခြင်း ဖြစ်သည်။

အမှုမှာ ချောင်းဦးမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၀၄၉ (ရွာမကွင်း)၊ ဦးပိုင်အမှတ် ၇၄ (က)/၁ (ဧရိယာ ၃. ၁၂ ဧက)၊ ဦးပိုင်အမှတ် ၇၄ (က)/၃ (ဧရိယာ ၂. ၂၅ ဧက)၊ ကွင်းအမှတ် ၂၀၄၅ (သပြေပင်ကွင်း)၊ ဦးပိုင်အမှတ် ၆၁/၂ (ဧရိယာ ၃. ၈၁ ဧက)၊ ဦးပိုင်အမှတ် ၆၄/၂ (ဧရိယာ ၁. ၂၀ ဧက)၊ ဦးပိုင်အမှတ် ၆၀ (ဧရိယာ ၁. ၆၀ ဧက)၊ ဦးပိုင်အမှတ် ၆၉/၁ (ဧရိယာ ၃. ၈၈ ဧက)၊ ဦးပိုင်အမှတ် ၄၄ (ဧရိယာ ၇. ၁၂ ဧက)၊ ဦးပိုင်အမှတ် ၄၅ (ဧရိယာ ၅. ၅၀ ဧက) တို့နှင့်စပ်လျဉ်း၍ နတ်ရေကန်ကျေးရွာအုပ်စု၊ မြေနီကျင်းကျေးရွာနေ မောင်စိုးနှင့် ဦးနီတို့ မြေယာမှုခင်း ဖြစ်ပွားခဲ့ကြသည်။ နတ်ရေကန်ကျေးရွာအုပ်စု၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြေယာမှုခင်း အမှုတွဲအမှတ် ၁/၂၀၀၇ တွင် ကွင်းအမှတ် ၂၀၄၉ (ရွာမ ကွင်း)၊ ဦးပိုင်အမှတ် ၇၄ (က)/၁ (ဧရိယာ ၃. ၁၂ ဧက) နှင့် ဦးပိုင်အမှတ် ၇၄ (က)/၃ (ဧရိယာ ၂. ၂၅ ဧက) တို့ကို ဦးနီ၏ မြေးဖြစ်သူ မဌေးဌေးအားလည်းကောင်း၊ ကွင်းအမှတ် ၂၀၄၅ (သပြေပင်ကွင်း) မှ ဦးပိုင်အမှတ် ၆၁/၂ (ဧရိယာ ၃. ၈၁ ဧက)၊ ဦးပိုင်အမှတ် ၆၄/၂ (ဧရိယာ ၁. ၂၀ ဧက)၊ ဦးပိုင်အမှတ် ၆၀ (ဧရိယာ ၁. ၆၀ ဧက)၊ ဦးပိုင်အမှတ် ၆၉/၁ (ဧရိယာ ၃. ၈၈ ဧက)၊ ဦးပိုင်အမှတ် ၄၄ (ဧရိယာ ၇. ၁၂ ဧက)၊ ဦးပိုင်အမှတ် ၄၅ (ဧရိယာ ၅. ၅၀ ဧက) တို့ကို မောင်စိုးအားလည်းကောင်း သီးစားလုပ်ကိုင်ခွင့်ပြုကြောင်း ၁၈-၄-၂၀၀၇ နေ့က အမိန့်ချမှတ်ခဲ့သည်။ မောင်စိုးက မိမိလက်ရှိ လုပ်ကိုင်လျက်ရှိသော မြေယာများထဲမှ တချို့ကို မဌေးဌေး

အား သီးစားလုပ်ကိုင်ခွင့်ပြုကြောင်း ချမှတ်ခဲ့သည့် နတ်ရေကန်ကျေးရွာအုပ်စုမြေယာကော်မတီ၏ အမိန့်ကို မကျေနပ်၍ ချောင်းဦးမြို့နယ်မြေစာရင်းဦးစီးဌာနသို့ ၂၃-၄-၂၀၀၇ ရက်စွဲဖြင့် အယူခံခဲ့သည်။ အယူခံမှု စစ်ဆေးနေဆဲကာလတွင် နတ်ရေကန်ကျေးရွာ (ကယက) ဉက္ကဋ္ဌ ဦးဖိုးစန်းမှ မောင်စိုးအပေါ် ၁၀-၄-၂၀၀၇ ရက်နေ့နှင့် ၁၉-၄-၂၀၀၇ နေ့စွဲပါ တားမြစ်အမိန့်များကို လိုက်နာခြင်း မရှိဘဲ အချင်းဖြစ်မြေယာတွင် ကျူးကျော်ဝင်ရောက် ထွန်ယက်သည်ဟုဆိုကာ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေပုဒ်မ ၁၂ အရ ၅-၆-၂၀၀၇ နေ့တွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက မောင်စိုးသည် မြေယာမှုခင်း ဆုံးဖြတ်ချက်မချမီအချိန်ထိ ဦးနီနှင့်အတူ နေထိုင်လုပ်ကိုင်ခဲ့၍ အချင်းဖြစ်မြေယာ၏ မူလလက်ရှိလုပ်ကိုင်သူမှာ မောင်စိုးဖြစ်သည် ဟု ပေါ်ပေါက်ကြောင်း၊ မောင်စိုး လက်ရှိလုပ်ကိုင်ဆဲတွင် မြေယာမှုခင်းဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်၍ မောင်စိုးသည် မြေယာမှုခင်း မဆုံးဖြတ်မီက ထွန်ယက်စိုက်ပျိုးထားသော ပဲတီစိမ်းနှင့် ပဲစဉ်းငုံပင်များအား လုပ်ရိုးလုပ်စဉ်အတိုင်း အချင်းဖြစ်မြေယာတွင် ထွန်မှုန်းခြင်း ဖြစ်ကြောင်း၊ ယင်းသို့ ထွန်မှုန်းသည်ကို မြေယာမှုခင်း အမိန့်မချမီ ၁၀-၄-၂၀၀၇ နေ့တွင်တစ်ကြိမ်၊ အမိန့်ချပြီး နောက်တစ်ရက်ဖြစ်သော ၁၉-၄-၂၀၀၇ နေ့တွင်တစ်ကြိမ် (ကယက) မှ တားမြစ်စာ ထုတ်ဆင့်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်စိုးအနေဖြင့် ၎င်းမှ လက်ရှိ လက်ငုတ်အဖြစ် လုပ်ကိုင်နေပါလျက် ကျေးရွာမြေယာကော်မတီက ၁၈-၄-၂၀၀၇ ရက်စွဲပါ ဆုံးဖြတ်ချက်ဖြင့် မဌေးဌေးအား လုပ်ပိုင်ခွင့်ချထားကြောင်း ဆုံးဖြတ်သည်ကို မကျေနပ်၍ ချောင်းဦးမြို့နယ်မြေစာရင်းဦးစီးဌာနသို့

အယူခံခဲ့ရာ ချောင်းဦးမြို့နယ် မြေစာရင်းဦးစီးဌာနမှ ၂၇-၄-၂၀၀၇ ရက်စွဲပါစာဖြင့် တရားလို ဦးဖိုးစန်းအား အကြောင်းကြားစာ ပေးပို့ခဲ့သည့်အပြင် ချောင်းဦးမြို့နယ်တရားရုံးသို့လည်း ၁၁-၆-၂၀၀၇ ရက်စွဲပါစာဖြင့် လျှောက်ထားသူ မောင်စိုးက အယူခံဝင်ရောက်ထားသည်ကို အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အယူခံကာလအတွင်း တရားလို ဦးဖိုးစန်းက မောင်စိုးအပေါ် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေပုဒ်မ ၁၂ အရ တရားစွဲဆိုခြင်းသည် တရားစွဲဆိုနိုင်သည့် ရပ်တည်ခွင့်မရှိကြောင်း၊ တရားရုံးအနေဖြင့်လည်း လက်ခံစစ်ဆေးခွင့်မရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေးသင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ရှေ့နေက လျှောက်ထားသူအနေဖြင့် နတ်ရေကန်ကျေးရွာအုပ်စုမြေယာကော်မတီက အချင်းဖြစ်မြေအတွင်း ဝင်ရောက်ထွန်ယက်ခြင်းမပြုရန် ၁၀-၄-၂၀၀၇ နေ့နှင့် ၁၉-၄-၂၀၀၇ နေ့ နေ့စွဲပါစာများဖြင့် တားမြစ်ရာတွင်လည်းကောင်း၊ မြေယာအငြင်းပွားမှု စစ်ဆေးစဉ်အခါတွင်လည်းကောင်း အငြင်းပွားသည့်မြေယာတွင် သီးနှံများ စိုက်ပျိုးထားကြောင်း၊ သီးနှံများရိတ်သိမ်းပြီးချိန်အထိ ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တင်ပြထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူ မောင်စိုးအနေဖြင့် အငြင်းပွားသည့်မြေယာတွင် မည်သည့်သီးနှံမျှ စိုက်ပျိုးထားခြင်းမရှိဘဲ သီးနှံမရှိသည့် ယာမြေတွင် ဝင်ရောက်ထွန်ယက်ခြင်းသာဖြစ်ကြောင်း၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးနည်းဥပဒေပုဒ်မ ၁၅ (၅) အရ လက်ရှိလုပ်ကိုင်နေသူ တရားရုံးအနေဖြင့် အယူခံထားစဉ်အတွင်း လုပ်လက်စသီးနှံများ ရိတ်သိမ်းပြီးသည်အထိ

သာ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး သီးနှံမရှိသည့် ယာမြေအတွင်း ဝင်ရောက် ထွန်ယက်ခွင့်မရှိသဖြင့် လျှောက်ထားခံရသူ ဦးဖိုးစန်းက လျှောက်ထားသူ မောင်စိုးအပေါ် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ အရ တရားစွဲဆိုခွင့်ရှိသည်မှာ ထင်ရှားကြောင်း၊ ဤ အထွေထွေလျှောက်ထားမှုကို ပလပ်သင့်ကြောင်း **ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးလှမောင်ဦး**[၁] စီရင်ထုံးကို ကိုးကား လျှောက်လဲ တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲပါ သက်သေထွက်ဆိုချက်များအရ လျှောက်ထားသူ မောင်စိုးသည် အချင်းဖြစ်မြေတွင် လက်ရှိလုပ်ကိုင်နေသူဟု ပေါ်ပေါက်ကြောင်း၊ အချင်းဖြစ်မြေနှင့်ပတ်သက်၍ ကျေးရွာမြေယာကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သောကြောင့် ချောင်းဦးမြို့နယ်မြေစာရင်းဦးစီးဌာန သို့ ၂၃-၄-၂၀၀၇ နေ့တွင် မြေယာမှုခင်းအမှတ် ၆/၂၀၀၇ ဖြင့် အယူခံ ဝင်ထားကြောင်း၊ အယူခံဝင်ထားဆဲကာလတွင် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ အရ အရေးယူခံရခြင်းဖြစ်သဖြင့် ဤပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှုအပေါ် သင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ် ပေးရန် လျှောက်လဲတင်ပြသည်။

အမှုကို စိစစ်ကြည့်ရှုရာ တရားလို ဦးဖိုးစန်း (လိုပြ-၁) နှင့် ဦးသိန်းအောင် (လိုပြ-၂) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ် မြေများမှာ ဦးနီ လုပ်ကိုင်ခွင့်ရသောမြေများ ဖြစ်သည်။ မောင်စိုးသည် ဦးနီ၏ မြေးအရင်းဖြစ်ပြီး မွေးဖွားသည်မှ အသက်(၃၃) နှစ်အရွယ်

---

(၁) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၁။

ယခုအချိန်အထိ အဖိုးဦးနီနှင့် တစ်အိုးတည်းစား၊ တစ်အိမ်တည်း အတူ နေ၍ လယ်ယာလုပ်ကိုင်စားသောက်ခဲ့ကြသည်။ လွန်ခဲ့သော (၃) နှစ် ခန့်မှစ၍ မောင်စိုး၏အစ်မအရင်း မဌေးဌေးသည် ဝင်းမြေပိုင်ရှင်က နှင်ထုတ်သဖြင့် အဖိုးဦးနီ၊ မောင်စိုးတို့နှင့်အတူ လာရောက်နေထိုင် လုပ်ကိုင်စားသောက်ခဲ့သည်။ ထို့နောက်ပိုင်း ဦးနီသည် လွန်ခဲ့သော (၃) နှစ်ခန့်မှစ၍ ရသမျှသီးနှံရောင်းချရငွေများကို ၎င်းမသုံးရသဖြင့် ၎င်းမှာလည်း အသက်(၈၀)ကျော် အိုမင်းမစွမ်းရှိလာပြီဖြစ်၍ ၎င်းအား ပြုစုစောင့်ရှောက်ရန် တာဝန်ယူမည့် ၎င်း၏မြေးအရင်း မဌေးဌေးအား လုပ်ကိုင်ခွင့်ပေးခဲ့သည်။ မောင်စိုးက နတ်ရေကန်ကျေးရွာ မြေယာ ကော်မတီထံသို့ ၎င်းအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးပါရန် ၆-၃-၂၀၀၇ နေ့က လျှောက်ထားခဲ့သည်။

နတ်ရေကန်ကျေးရွာ မြေယာကော်မတီက အမှုတွဲပါ သက်သေခံ (ခ) မှ (ခ-၄) အထိပါ သက်သေများ စစ်ဆေးပြီးနောက် သက်သေခံ (ခ-၅) ပါအတိုင်း သုံးသပ်ပြီး သက်သေခံ (ခ-၆) ပါ ဆုံးဖြတ်ချက်ကို ၁၈-၄-၂၀၀၇ နေ့တွင် ချမှတ်၍ မဌေးဌေးအား လုပ်ပိုင်ခွင့်ချပေးခဲ့သည်။ ယင်းသို့ မဌေးဌေးအား လုပ်ပိုင်ခွင့်ချသည့် အမိန့်ကို မောင်စိုးက မကျေနပ်၍ ၂၃-၄-၂၀၀၇ နေ့တွင် ချောင်းဦး မြို့နယ်မြေစာရင်းဦးစီးဌာနသို့ အယူခံဝင်ရောက်ခဲ့သည်။ မြို့နယ် မြေစာရင်းဦးစီးဌာနက ၂၇-၄-၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၄၈၂/မအ- ၂ စာဖြင့်လည်းကောင်း၊ ၁၁-၆-၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၅၁၁/ မအ-၂ စာအရလည်းကောင်း မောင်စိုးက အယူခံဝင်ရောက်ထား သည်ကို နတ်ရေကန်ကျေးရွာ (ကယက) ဉက္ကဋ္ဌ ဦးဖိုးစန်းနှင့် ချောင်းဦး မြို့နယ်တရားရုံးသို့ အကြောင်းကြားစာများ ပေးခဲ့သည်။

ထိုသို့ အယူခံထားစဉ်ကာလအတွင်း တရားလို ဦးဖိုးစန်းက မောင်စိုးသည် ၁၀-၄-၂၀၀၇ နေ့တွင် တစ်ကြိမ်၊ ၁၉-၄-၂၀၀၇ နေ့တွင် တစ်ကြိမ် အချင်းဖြစ်မြေကွက်တွင် ကျူးကျော်ဝင်ရောက်ထွန်ယက်သဖြင့်လည်းကောင်း၊ ၃၁-၅-၂၀၀၇ နေ့တွင် ထပ်မံထွန်ယက်သဖြင့်လည်းကောင်း ၄-၅-၂၀၀၇ နေ့တွင် ချောင်းဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ တရားစွဲဆိုခွင့်တောင်းခံခဲ့ပြီး၊ ချောင်းဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးက ၁၄-၅-၂၀၀၇ နေ့တွင် မောင်စိုးအပေါ် တရားစွဲဆိုခွင့်ပြုခဲ့သဖြင့် ယခုအမှုကို ဦးတိုက်လျှောက်ထား စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

လျှောက်ထားသူ မောင်စိုးသည် အမှုတွဲပါ သက်သေ ထွက်ဆိုချက်များအရ အချင်းဖြစ်မြေယာတွင် မူလလက်ရှိ လုပ်ကိုင်နေသူဖြစ်ကြောင်း အငြင်းမပွား ပေါ်ပေါက်လျက်ရှိသည်။ ကျေးရွာမြေယာကော်မတီက မှုခင်းမဆုံးဖြတ်ခင်ကပင် အချင်းဖြစ်မြေကွက်များတွင် ပဲတီစိမ်းနှင့် ပဲစဉ်းငုံပင်များကို စိုက်ပျိုးခဲ့သည်။ တောင်သူဓလေ့အရ ပဲတီစိမ်းနှင့် ပဲစဉ်းငုံပင်များသည် အပင်စိတ်စိတ်ပေါက်နေ၍ အပင်များ ဖြစ်ထွန်းစေရန် ဝင်ရောက် ထွန်မှုန်းခဲ့ခြင်းဖြစ်သည်ဟူသော မောင်စိုး၏တင်ပြချက်မှာ လက်ခံနိုင်ဖွယ်ရာ ဖြစ်ပေသည်။

၁၉၆၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေပုဒ်မ ၁၄ (၂) တွင် ထွန်ယက်စိုက်ပျိုးနိုင်ရန် အမှုများကို အချိန်မီပြီးပြတ်အောင် စစ်ဆေးရမည်။ မပြီးပြတ်သေးလျှင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူက လုပ်ကိုင်လျက်ရှိသော သီးနှံရိတ်သိမ်းပြီးသည်အထိ ဆက်လက်လုပ်ကိုင်စေရမည်ဟုလည်းကောင်း၊ ယင်းနည်းဥပဒေပုဒ်မ ၁၅ (၅)

တွင် အမှုများကို အယူခံတင်သည့်ကာလအတွင်း သို့တည်းမဟုတ် အယူခံအမှုများ မပြီးမချင်း မူလချထားခြင်းခံရသော သီးစားသည် အခြေမပျက် ဆက်လက်လုပ်ပိုင်ခွင့်ရှိရမည့်အပြင် အမှုပြီးပြတ်သော်လည်း ပြီးပြတ်သည့်အချိန်တွင် စိုက်ပျိုးထားသော သီးနှံများကိုလည်း ခံစားပိုင်ခွင့်ရှိရမည်ဟု ပြဋ္ဌာန်းထားသည်။

**မဘူဒီမာ နှင့် နိုင်ငံတော် (ဗဟိုတရားရုံး)**၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားလွှာအမှတ် ၁၅၀/၇၇ စီရင်ချက်တွင် မြေယာကော်မတီ၏ ဆုံးဖြတ်ချက်အပေါ် လက်ရှိဖြစ်သူသည် အခြေမပျက် လုပ်ခွင့်ရှိပြီး အယူခံနေစဉ်ကာလအတွင်း တရားစွဲဆိုခွင့်မရှိဟု ဆုံးဖြတ်ထားသည်။ ထို့ပြင် **ဦးညိုမောင် နှင့် ဒေါ်ကျင်နု**(၂) တွင် မြို့နယ်မြေယာကော်မတီက ဦးညိုမောင်အား အနိုင်ပေးဆုံးဖြတ်ခဲ့သောကြောင့် ဒေါ်ကျင်နုက ဗဟိုမြေယာကော်မတီထံသို့ အယူခံဝင်ထားကြောင်း၊ ထိုကဲ့သို့ ဗဟိုမြေယာကော်မတီရှေ့၌ ရောက်ရှိနေသော ပြဿနာကို ဘိုကလေးမြို့နယ်တရားရုံးက စစ်ဆေးကြားနာခွင့်မရှိသဖြင့် ယင်းအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ရမည်ဟု ဆုံးဖြတ်ထားသည်။

အမှုလျှောက်ထားသူ မောင်စိုးသည် အချင်းဖြစ်မြေတွင် လက်ရှိလုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ပြီး အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ကျေးရွာမြေယာကော်မတီ၏ဆုံးဖြတ်ချက်ကို မကျေနပ်သောကြောင့် ချောင်းဦးမြို့နယ်မြေစာရင်းရုံးတွင် ၂၃-၄-၂၀၀၇ နေ့က အယူခံဝင်ရောက်ခဲ့ပြီး အယူခံဝင်ရောက်ထားဆဲ ကာလအတွင်း

(၂) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၃။

၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေပုဒ်မ ၁၂ အရ အရေးယူခံရခြင်း ဖြစ်သည်။

ဤအခြေအနေတွင် မူလရုံးတရားလို ဦးဖိုးစန်း၏ စွပ်စွဲချက် မှန်ကန်စေဦး၊ လျှောက်ထားသူ မောင်စိုးအပေါ် မည်သည့်ပြစ်မှုမျှ မြောက်နိုင်မည်မဟုတ်သည့်အလျောက် လျှောက်ထားခံရသူ ဦးဖိုးစန်း စွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၄/၂၀၀၇ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေး နှင့် ဦးတင်အေးတို့ရှေ့တွင်

## အောင်ဇော်မိုး

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၂၀၀၇ ခုနှစ်၊ ဧပြီလ ၂ ရက်+

**မူးယစ်ဆေးဝါး ဆိုသည့် စကားရပ်ကို အဓိပ္ပာယ် ကောက်ယူရာတွင် တွေ့ရှိရသော မူးယစ်ဆေးဝါး၏ အလေးချိန်ပမာဏသည် အဓိကမကျခြင်း။**

**ဆုံးဖြတ်ချက်။** ။ ထွက်ဆိုချက်အရတွေ့ရှိရသော ပလတ်စတစ်ဘူးခွံများတွင် အဖြူမှုန့်များကပ်လျက် တွေ့ရှိရသည်ဟု ထွက်ဆိုထား

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၇။

\+ ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၉ (ခ) တွင် ချမှတ်သော ၁၃-၇-၂၀၀၆ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေး)၏အမိန့်ကို မကျေနပ်၍ အထူးအယူခံ လျှောက်ထားမှု။

သဖြင့် သက်သေခံအမှုန့်များကို သာမန်ကိရိယာဖြင့် ချိန်တွယ်၍ မရနိုင်သည့်တိုင် ရုပ်၊ ဒြပ် ရှိသည်မှာ ထင်ရှားသည်။ ရုပ်၊ ဒြပ်ရှိသော ပစ္စည်းဖြစ်သဖြင့် အလေးချိန်လည်း ရှိမည်ဖြစ်သည်။ သိပ္ပံနည်းကျ အသေးစိတ် ချိန်တွယ်ခြင်း မပြုသောကြောင့်သာ အလေးချိန်ကို ဖော်ပြမှုမပြုနိုင်ခြင်းဖြစ်သည်၊ သို့မဟုတ် သာမန်ချိန်တွယ်သော ကိရိယာများဖြင့် ချိန်တွယ်၍သာ အလေးချိန်ကို မဖော်ပြနိုင်ခြင်းသာ ဖြစ်မည်ဟု ယူဆသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ စမ်းသပ်တွေ့ရှိသော (ဟီးရိုးအင်း) မှာ အာနိသင်သက်သက်မျှသာ မဟုတ်ဘဲ အမှုန့်ရုပ်ဝတ္ထုဖြစ်သဖြင့် မြင်သာသော ရုပ်ဝတ္ထုဖြစ်သည်။ သိပ္ပံနည်းကျ ချိန်တွယ်ပါက အလေးချိန် ပေါ်ထွက်လာမည်ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသော စကားရပ်တွင် အကျုံးဝင်ရန်အတွက် အလေးချိန်မည်မျှရှိရမည်ဟု ကန့်သတ်မထားပေ။ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု မြောက်ရန် အတွက် လက်ဝယ်တွေ့ရှိမှု အတိုင်းအတာ အလေးချိန် မည်မျှ ရှိရမည်ဟုလည်း ကန့်သတ်ချက်မရှိပေ။ မူးယစ်ဆေးဝါးတစ်မျိုးမျိုး လက်ဝယ်တွေ့ရှိရပါက ပြစ်မှုမြောက်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးတင်နု၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ရွှေဘိုမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၆၂/၂၀၀၅ တွင် တရားခံ အောင်ဇော်မိုးအပေါ် ၁၉၉၃ ခုနှစ်၊

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို တရားခံ အောင်ဇော်မိုးက မကျေနပ်၍ ရွှေဘိုခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၂/၂၀၀၆ ကို တင်သွင်းရာ အမှုပလပ်ခံရသည်။ ထို့နောက် စစ်ကိုင်းတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၃၉/၂၀၀၆ ဖြင့် လည်းကောင်း၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၉ (ခ) ၂၀၀၆ ဖြင့် လည်းကောင်း လျှောက်ထားရာတွင်လည်း ပလပ်ခြင်းခံရသည်။ သို့ဖြစ်၍ အထူးအယူခံဝင်ခွင့်ရရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) ကို တင်သွင်းလာရာ အောက်ဖော်ပြပါ ပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> "အမှုတွဲပါ သက်သေခံချက်များအရ တရားခံ အောင်ဇော်မိုး အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှု ရှိ-မရှိ။"

အမှုမှာ မုံရွာမြို့၊ မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်မင်းဒင်နှင့် တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့နှင့် စရဖအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေဦးအောင်စည်၊ ဦးဘငွေတို့နှင့်အတူ ရွှေဘိုမြို့၊ အမှတ် (၁) ရပ်ကွက်နေ အောင်ဇော်မိုး (ခ) သော်တမန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေကြရာ အောင်ဇော်မိုး အိပ်သည့် အိပ်ယာခင်း ဖျာအောက်မှ ဘိန်းဖြူမှုန့်များ ကပ်နေသည့် ပလတ်စတစ်ဘူးအခွံ ၄ လုံး၊ ၃ စီစီ

အရွယ်ရှိ တစ်ခါသုံး ပလတ်စတစ် ဆေးထိုးအပ်တစ်စုံအား တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ အောင်ဇော်မိုး(ခ)သော်တမန်အား ဥပဒေအရ အရေးယူပေးရန် ရဲအုပ်မင်းဒင်က ရွှေဘိုရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ခဲ့သော အမှုဖြစ်သည်။

အယူခံတရားလို အောင်ဇော်မိုး၏ရှေ့နေက လျှောက်လဲရာတွင် တရားခံ အောင်ဇော်မိုးသည် မူးယစ်ဆေးစွဲခဲ့ရာမှ ဥပဒေနှင့်အညီ ဆေးရုံတွင် ၂၀၀၄ ခုနှစ်အကုန်မှ ၂၀၀၅ ခုနှစ်၊ ခြောက်လပိုင်းအထိ တရားဝင်ဆေးကုသခံယူခဲ့ကြောင်း၊ ၂၃-၁၀-၂၀၀၅ နေ့တွင် အထူးမူးယစ်၊ ရဲနှင့် သက်သေများက အောင်ဇော်မိုး နေအိမ်ကို ရှာဖွေခဲ့ကြရာ အိပ်ယာကြမ်းခင်းအောက်မှ ပလတ်စတစ်ဘူးငယ် (ရွှေသမင်ဘူးခွံ ၄ လုံး၊ ၃ စီစီဝင် တစ်ခါသုံးဆေးထိုးပိုက်နှင့် အပ်တို့ တွေ့ရှိခဲ့ရကြောင်း၊ အောင်ဇော်မိုး၏ ဆီးနမူနာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး တစ်စုံတစ်ရာ စမ်းသပ်မတွေ့ခဲ့ရကြောင်း၊ ရွှေသမင်ပလတ်စတစ်ဘူးခွံ ၄ လုံးနှင့် ဆေးထိုးပိုက်အပ်တို့တွင် ဟီးရိုးအင်း စမ်းသပ်တွေ့ရှိရသော်လည်း ဟီးရိုးအင်းမှာ အလေးချိန်မဲ့ဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ အောင်ဇော်မိုးသည် ယခင် မူးယစ်ဆေးဝါး သုံးစွဲခဲ့ဘူးသဖြင့် သက်သေခံဘူးခွံ ၄ လုံး၊ ဆေးထိုးအပ်နှင့် ပိုက်တို့မှာ နေအိမ်တွင် တွေ့ရှိခြင်းဖြစ်ပြီး ဆေးဖြတ်ပြီးချိန် ပစ္စည်းများ ဖယ်ရှားသိမ်းဆည်းရာ၌ မေ့ကျန်နေသောပစ္စည်းဖြစ်ကြောင်း၊ ထိုပစ္စည်းတွင် မူးယစ်ဆေးဝါး ရုပ်၊ ဒြပ် အလေးချိန်ဟူ၍ မရှိတော့သောအခြေတွင် ဟီးရိုးအင်း စမ်းသပ်တွေ့ခြင်းကို မူးယစ်ဆေးဝါး လက်ဝယ်တွေ့ခြင်းဟု မှတ်ယူအပြစ်ပေးခြင်း မပြုသင့်ကြောင်း၊ အလေးချိန် ချိန်တွယ်နိုင်သည့် မူးယစ်ဆေးဝါးပမာဏကို လက်ဝယ်ထားမှသာ မူးယစ်ဆေးဝါးကို

လက်ဝယ်ထားသည်ဟု ကောက်ယူဆုံးဖြတ်သင့်ကြောင်း၊ အမှုတွဲပါ သက်သေခံချက်များအရ တရားခံ အောင်ဇော်မိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုမရှိဟု ဆုံးဖြတ်သင့်ကြောင်း၊ ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀၉ (ခ)/၂၀၀၆ အမှုတွင် ချမှတ်ခဲ့သောအမိန့်နှင့် အောက်ရုံး အဆင့်ဆင့် အမိန့်များကို ပယ်ဖျက်ပြီး အယူခံတရားလို အောင်ဇော်မိုး ကို အမှုမှအပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် တရားခံ အောင်ဇော်မိုး၏ နေအိမ်မှ ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်များကပ်လျက် ပလတ်စတစ် ဘူးငယ် ၄ လုံး၊ ၃ စီစီဝင် တစ်ခါသုံး ဆေးထိုးပြွန်ငယ်တစ်ခု၊ ဆေးထိုး အပ်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိသည်မှာ ထင်ရှားကြောင်း၊ သက်သေခံအဖြစ်သိမ်းဆည်းတင်ပြထားသည့် ပလတ်စတစ်ဘူး ၄ ခု၊ ဆေးထိုးပြွန် ၁ ခု၊ ဆေးထိုးအပ်တစ်ချောင်းတို့တွင် ဟီးရိုးအင်းစမ်းသပ် တွေ့ရှိရသည်ဟု ဓာတုဗေဒပြန်ကြားစာ သက်သေခံ (ဃ) အရ ပေါ်ပေါက်ကြောင်း၊ တရားခံ အောင်ဇော်မိုးက သက်သေခံဘူးခွံနှင့် ဆေးထိုးပြွန်အပ်တို့မှာ ယခင်က ၎င်းမူးယစ်ဆေးသုံးစဉ်က ကျန်သော ပစ္စည်း ဖြစ်သည်ဟု ထုချေထားကြောင်း၊ အမှုတွဲပေါ်ပေါက်ချက်အရ တရားခံ အောင်ဇော်မိုးသည် မန္တလေးမြို့ မူးယစ်ဆေးစွဲကုဆေးရုံတွင် ၂၀၀၅ ခုနှစ်၊ ၆ လပိုင်းခန့်အထိ ဆေးကုသခံသူဖြစ်ကြောင်း၊ ယခု အချင်းဖြစ်ပွားသောအချိန်မှာ ၂၃-၁၀-၂၀၀၅ ရက်နေ့ ဖြစ်ကြောင်း၊

အောင်ဇော်မိုး၏ ခန္ဓာကိုယ်တွင် ဆေးထိုးအပ်ရာရှိကြောင်းနှင့် ဆေးဖြတ်လက္ခဏာမတွေ့ရဟု ဒေါက်တာခင်စောခိုင်က ထွက်ဆိုထားကြောင်း၊ သက်သေခံပစ္စည်းများ၌ စမ်းသပ်တွေ့ရှိသော ဟီးရိုးအင်း (ဘိန်းဖြူမှုန့်) များသည် ဘိန်းမှထုတ်လုပ်သော အရာဝတ္ထုဖြစ်သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ မူးယစ်ဆေးဝါးဟု ကြော်ငြာထားသဖြင့် မူးယစ်ဆေးဝါးဖြစ်သည်မှာ ထင်ရှားကြောင်း၊ အမှုတွင် ဖမ်းဆီးသူ ရဲအရာရှိ၏ထွက်ဆိုချက်နှင့် ရှာဖွေပုံစံ (သက်သေခံ-က) ပါ ဖော်ပြချက်များအရ သက်သေခံ ပုလင်းခွံများတွင် အဖြူမှုန့်များ ကပ်လျက်ရှိကြောင်း ဖော်ပြထားရာ စမ်းသပ်တွေ့ရှိသည့် ဟီးရိုးအင်းမှာ အာနိသင်သက်သက်မျှသာမဟုတ်ဘဲ ရုပ်၊ ဒြပ်၊ ဝတ္ထု၊ အလေးချိန်ရှိသည်မှာ ထင်ရှားကြောင်း၊ တရားခံ အောင်ဇော်မိုးသည် မူးယစ်ဆေးဝါးကို လက်ဝယ်ထားကြောင်း ထင်ရှားသဖြင့် မူလရုံးမှ ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသောအမိန့်များမှာ ဥပဒေအရ ညီညွတ်မှန်ကန်သဖြင့် ပြစ်မှုဆိုင်ရာအထူးအယူခံမှုအား ပလပ်သင့်ကြောင်း လျှောက်လဲသည်။

မူလရုံးအမှုတွဲအား စိစစ် လေ့လာရာတွင် တရားခံ အောင်ဇော်မိုး၏နေအိမ်မှ သက်သေခံ (က) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော ဘိန်းဖြူဟုယူဆရသည့် အမှုန့်များ ကပ်စွဲနေသော ရွှေသမင်ဆေးဘူး ပလတ်စတစ်ပုလင်းခွံ ၄ လုံး၊ ၃ စီစီ တစ်ခါသုံး ပလတ်စတစ်ဆေးထိုးပြွန်ငယ်တစ်ခုနှင့် ဆေးထိုးအပ်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိသည်မှာအငြင်းမပွားပေ။ အဆိုပါဆေးပုလင်းခွံ ၄ လုံး

တွင် ဟီးရိုးအင်း စမ်းသပ်တွေ့ရှိကြောင်း၊ သက်သေခံ (ဃ) ဓာတုဗေဒဝန် ပြန်ကြားစာတွင် ဖော်ပြထားသည်။

တရားခံ အောင်ဇော်မိုးက သက်သေခံ ဆေးပုလင်းခွံများနှင့် ဆေးထိုးအပ်မှာ ယခင် မူးယစ်ဆေးဝါးသုံးစွဲစဉ်က ကျန်ရှိသော ဘူးခွံ အဟောင်းနှင့် ဆေးထိုးအပ်အဟောင်းသာဖြစ်ကြောင်း ချေပသည်။ အယူခံတရားလို အောင်ဇော်မိုးသည် မူးယစ်ဆေးစွဲရောဂါကုဆေးရုံ တွင် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၂-၆-၂၀၀၅ ရက်နေ့အထိ ဆေး ကုသခဲ့ကြောင်း မှတ်တမ်းတွေ့ရှိရသည်။ ယခု အချင်းဖြစ်သောနေ့မှာ ၂၃-၁၀-၂၀၀၅ ရက်နေ့ ဖြစ်သည်။ သက်သေခံပစ္စည်းများမှာ ယခင် မူးယစ်ဆေးဝါးသုံးစွဲစဉ်က ကျန်ရှိခဲ့သောပစ္စည်းများ ဖြစ်သည်ဟု ယူဆ ရန် အချိန်အားဖြင့် အလှမ်းကွာဝေးသည်။ ယခု အမှုပေါ် ပေါက်လာ ခြင်းမှာလည်း မူးယစ်ဆေးဝါး သုံးစွဲမှု၊ ရောင်းဝယ်မှု ရှိကြောင်း သတင်း အရ ရှာဖွေဖမ်းဆီးရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အောင်ဇော်မိုး မှာ ယခင်က မူးယစ်ဆေးဝါးသုံးစွဲခဲ့သူဖြစ်ပြီး ဆေးရုံတွင် ဆေးဖြတ်ခဲ့ ပြီးနောက် လက်ရှိတွင် မူးယစ်ဆေးဝါးသုံးစွဲသော လက္ခဏာ မတွေ့ ရကြောင်း ဆေးစာ (သက်သေခံ-င)၊ ဆီးစစ်ဆေး ပြန်ကြားချက် (သက်သေခံ-စ) နှင့် မူးယစ်ဆေးစွဲရောဂါကု မှတ်တမ်းစာအုပ် (သက်သေခံ-၁) တို့တွင် ဖော်ပြထားသည်။

အမှုတွင် လျှောက်ထားသူဘက်မှ သက်သေခံပုလင်းခွံနှင့် စမ်းသပ်တွေ့ရှိရသော ဟီးရိုးအင်းမှာ အလေးချိန်မဲ့ဖြစ်ပြီး ဒြပ်ထုမရှိ ၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု မဆိုနိုင်ကြောင်း အဓိကထား တင်ပြ သည်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ (က) တွင် “မူးယစ်ဆေးဝါး” နှင့်

စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(၁) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါး ဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုး၊ ယင်းအပင် တစ်မျိုးမျိုးမှ ထွက်ရှိသော သို့မဟုတ် ထုတ်လုပ်သော အရာဝတ္ထုများ၊ ဆေးဝါးများ၊

(၂) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများ၊ ယင်းဆေးဝါး တစ်မျိုးမျိုး ပါဝင်သော အရာဝတ္ထုများ။

အမှုတွင် အဓိက သုံးသပ်ရမည့်အချက်မှာ အမှုမှ သက်သေခံ ဘိန်းအမှုန့်များသည် အထက်တွင်ဖော်ပြသည့် မူးယစ်ဆေးဝါးတွင် အကျုံးဝင်ခြင်းရှိ-မရှိ ဖြစ်သည်။ ရဲအုပ်မင်းဒင် (လိုပြ- ၃)၊ ဒုရဲအုပ် အောင်မိုး (လိုပြ-၄)၊ ဒုရဲအုပ်မင်းငွေသန်း (လိုပြ-၅) တို့၏ ထွက်ဆိုချက် အရ တွေ့ရှိရသော ပလတ်စတစ်ဘူးခွံများတွင် အဖြူမှုန့်များကပ်လျက် တွေ့ရှိရသည်ဟု ထွက်ဆိုထားသဖြင့် သက်သေခံအမှုန့်များကို သာမန် ကိရိယာဖြင့် ချိန်တွယ်၍ မရနိုင်သည့်တိုင် ရုပ်၊ ဒြပ်ရှိသည်မှာ ထင်ရှား သည်။ ရုပ်၊ ဒြပ်ရှိသော ပစ္စည်းဖြစ်သဖြင့် အလေးချိန်လည်း ရှိမည် ဖြစ်သည်။ သိပ္ပံနည်းကျ အသေးစိတ်ချိန်တွယ်ခြင်း မပြုခဲ့သောကြောင့် သာ အလေးချိန်ကို ဖော်ပြမှုမပြုနိုင်ခြင်း ဖြစ်သည်၊ သို့မဟုတ် သာမန် ချိန်တွယ်သော ကိရိယာများဖြင့် ချိန်တွယ်၍သာ အလေးချိန်ကို မဖော် ပြနိုင်ခြင်းသာ ဖြစ်မည်ဟု ယူဆသည်။

စမ်းသပ်တွေ့ရှိသော ဟီးရိုးအင်းမှာ အာနိသင်သက်သက်

မျှသာ မဟုတ်ဘဲ အမှုန့်ရုပ်ဝတ္ထုဖြစ်သဖြင့် မြင်သာသော ရုပ်ဝတ္ထု ဖြစ်သည်။ သိပ္ပံနည်းကျချိန်တွယ်ပါက အလေးချိန် ပေါ်ထွက်လာမည် ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသော စကားရပ်တွင် အကျုံးဝင်ရန် အတွက် အလေးချိန်မည်မျှရှိရမည်ဟု ကန့်သတ်မထားပေ။ မူးယစ် ဆေးဝါး လက်ဝယ်ထားရှိမှု မြောက်ရန်အတွက် လက်ဝယ်တွေ့ရှိမှု အတိုင်းအတာ အလေးချိန်မည်မျှရှိရမည်ဟုလည်း ကန့်သတ်ချက် မရှိပေ။ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို လက်ဝယ်တွေ့ရပါက ပြစ်မှု မြောက်မည် ဖြစ်သည်။

အမှုတွဲပါသက်သေခံချက်များအရ တရားခံ အောင်ဇော်မိုး အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း သည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိကြောင်း ဖြေကြားသည်။ အယူခံမှု ကို ပလပ်ပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကိုသာ အတည်ပြုကြောင်း အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး နှင့် ဦးတင်အေးတို့ရှေ့တွင်

## ဦးအောင်မြင့်

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၂၀၀၇ ခုနှစ်၊ ဧပြီလ ၂ ရက်+

**လူသတ်မှုတွင် မျက်မြင်သက်သေ မရှိသော်လည်း အခြား ပတ်ဝန်းကျင်သက်သေခံချက်များ ထင်ရှားပေါ်ပေါက် ပါက အပြစ်ပေးနိုင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားခံအောင်မြင့်အပေါ် ငြိစွန်းချက်များ အား စိစစ်သုံးသပ်လျှင် အချင်းဖြစ်နေ့က တရားခံအောင်မြင့် ဝတ်ဆင်

---

* ၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၆။

\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်၁၃၃ တွင် ချမှတ်သော ၂၂-၆-၂၀၀၅ သေဒဏ်အတည်ပြုမှုအမှတ် ၅

ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ အမိန့်ကို မကျေနပ်၍ အထူးအယူခံ လျှောက်ထားမှု။

ခဲ့သည့် အင်္ကျီတွင် လူသွေးတွေ့ရှိရခြင်း၊ တရားခံက အခြားသူများ မသိရှိသည့် သေသူမမိလွင် သေဆုံးသည့်အကြောင်းရင်းနှင့်စပ်လျဉ်း၍ ဒဏ်ရာ မည်သည့်နေရာတွင် ရရှိထားသည့်အချက်ကို ဦးလှမောင် (လိုပြ-၄)၊ ဦးခင်ကြည် (လိုပြ-၇) တို့ထံ ပြောဆိုခဲ့ခြင်း၊ မမိလွင် သေဆုံးသည့်ကိစ္စနှင့်စပ်လျဉ်း၍ မလုံမလဲပြောဆိုခြင်း စသည့်အချက်များအရ မမိလွင် သေဆုံးမှုအတွက် အောင်မြင့်တွင် တာဝန်ရှိမည်ဖြစ်သည်။ အချင်းဖြစ်နေရာတွင် အောင်မြင့်နှင့် မမိလွင်မှအပ အခြားသူမရှိသဖြင့် မမိလွင်အား သတ်ဖြတ်သူမှာလည်း အောင်မြင့်သာဖြစ်သည်ဟု သုံးသပ်ရရှိသည်။

အယူခံတရားလိုအတွက် - ဦးထွန်းဝေ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း၊ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး

မင်းဘူးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈/၂၀၀၄ တွင် တရားခံအောင်မြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှုအရ သေဒဏ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံအောင်မြင့်က မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃၃/၂၀၀၅ ကို တင်သွင်းခဲ့သည်။ ယင်းအယူခံမှုနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဖွင့်လှစ်သည့် သေဒဏ်အတည်ပြုမှုအမှတ် ၅/၂၀၀၅ တို့ကို တစ်ပေါင်းတည်းကြားနာ၍ သေဒဏ်ချမှတ်သည့်အမိန့်ကို အတည်ပြုပြီး အောင်မြင့်၏ အယူခံမှုအားပလပ်သည့် အမိန့်ချမှတ်ခဲ့သည်။ တရားခံအောင်မြင့်က

အထူးအယူခံမှု ဝင်ခွင့်ရရှိရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) ကို ဆက်လက်တင်သွင်းလာရာ အောက်ဖော်ပြပါ ပြဿနာအား အထူးအယူခံခုံရုံးဖြင့် ဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> "တရားခံအောင်မြင့်သည် မမိလွင်အား မုဒိမ်းပြုကျင့်ပြီး သတ်ဖြတ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁)(ဂ) အရ ပြစ်မှုကျူးလွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံအောင်မြင့်အား သေဒဏ်ချမှတ်ခြင်း အပေါ် အတည်ပြုသည့်အမိန့်သည် ဥပဒေအရ မှန်ကန်မှု ရှိ-မရှိ။"

အမှုမှာ မင်းလှမြို့နယ်၊ ရေကျော်ကျေးရွာနေ မမိလွင်သည် ၇-၈-၂၀၀၄ ရက်နေ့ နေ့လယ် ၁၁ နာရီအချိန်ခန့်တွင် တစ်ရွာတည်းနေ အောင်မြင့်နှင့်အတူ နွားကျောင်းရန် လယ်တောသို့ လိုက်သွားပြီး ညနေ ၄ နာရီကျော်ခန့်တွင် အောင်မြင့်က ရွာထဲသို့ပြန်လာပြီး မိလွင်သည် တောထဲတွင် သူတစ်ပါးအရိုက်ခံရ၍ သေသည်၊ ရှင်သည် မသိကြောင်း ဦးလှမောင်ထံ လာရောက်ပြောကြားခဲ့သည်။ ထို့ကြောင့် ဦးလှစိန်တို့က မမိလွင်အား လိုက်ရှာရာ တောစပ်၌ ဒဏ်ရာနှင့် သေဆုံးနေသည့် မမိလွင်ကို တွေ့ရသောကြောင့် မမိလွင်အား သတ်ခဲ့သူကို အရေးယူပေးရန် မင်းလှမြို့နယ်၊ ရေနံမရဲစခန်းသို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို အောင်မြင့်၏ ရှေ့နေက လျှောက်လဲရာတွင် အယူခံတရားလို အောင်မြင့် (မူလရုံးတရားခံ) သည် ၇ နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှု

ကို ကျူးလွန်ခဲ့သည်ဟုထွက်ဆိုနိုင်သော မျက်မြင်သက်သေမရှိကြောင်း၊ မူလရုံး တရားလိုပြသက်သေအမှတ် (၄) ဦးလှမောင်နှင့် မူလရုံး တရားခံ (ယခု အယူခံတရားလို) အောင်မြင့်တို့မှာ ယောက္ခမနှင့် သားမက် တော်စပ်ပြီး ၎င်းတို့အကြားတွင် မကျေနပ်မှုများ ရှိနေခဲ့သည် မှာ တရားခံပြသက်သေ အောင်မြင့် (ခံပြ-၁)၊ ကိုပြုံးချို (ခံပြ-၂) နှင့် ဒေါ်တင်အေး (ခံပြ-၃) တို့၏ ထွက်ချက်များအရ ပေါ်လွင်ထင်ရှား ကြောင်း၊ အချင်းဖြစ်ပွားပြီးနောက် ယောက္ခမဖြစ်သူ ဦးလှမောင် (လိုပြ-၄) နှင့် ဦးခင်ကြည် (လိုပြ-၇) တို့၏ရှေ့တွင် "မိလွင်တော့ သူများ ရိုက်သွားတယ်၊ သူတော့ ထောင်ကျတော့မယ်" ဟု အောင်မြင့်က ပြောဆိုခဲ့ခြင်းမှာ သေဆုံးသူ မမိလွင်အား ၎င်းက သတ်ဖြတ်ခဲ့သည်ဟု တစ်ထစ်ချကောက်ယူနိုင်လောက်သည့် ဝန်ခံပြောကြားချက်မျိုး မဟုတ် ကြောင်း၊ သေဆုံးသူ မမိလွင်အား ဆွမ်းသွတ်ရန် တိုင်ပင်နေကြစဉ် "အစိမ်းခေါ်ပြီး မေးသလား၊ နတ်ခေါ်ပြီး မေးသလား၊ အဲဒီလို ခေါ်ရင် တော့ စိန်ခေါ်သည်" ဟု အောင်မြင့်က ပြောခဲ့သည်ကို မခင်မြင့်ဆိုသူ က ပြန်ပြောသော်လည်း အဆိုပါ မခင်မြင့်ကို တရားလိုပြသက်သေ အဖြစ် တင်ပြခဲ့ခြင်း မရှိကြောင်း၊ သေသူ မမိလွင်မှာ မုဒိမ်းပြုကျင့်ခံရပြီး သတ်ဖြတ်ခံရသည်ဟု မူလတရားရုံးက ကောက်ယူ သုံးသပ်ထားသော် လည်း မူလရုံးတရားခံ အောင်မြင့် ၏ကိုယ်ပေါ်တွင် ကုတ်ရာ၊ ခြစ်ရာ၊ ကိုက်ဖဲ့ဒဏ်ရာများ မတွေ့ရှိခဲ့ရကြောင်း၊ (သက်သေခံ-ဆ) ရှာဖွေပုံစံ ဖြင့် သိမ်းဆည်းခဲ့သည့် မဝတ်လုံချည်တစ်ထည်နှင့် (သက်သေခံ-စ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည့် အချင်းဖြစ်စဉ်က အောင်မြင့်ဝတ်ဆင် ခဲ့သော အစိမ်းနှင့်အနက်ကွက် ဖျင်ပုဆိုးတစ်ထည်တို့တွင် သုတ်ရည် နှင့် သုတ်ပိုးတို့ စမ်းသပ်မတွေ့ရှိရသည်မှာ ဓာတုဗေဒပြန်စာ

(သက်သေခံ-၅) အရ ပေါ်လွင်ထင်ရှားကြောင်း၊ အချင်းဖြစ်စဉ်က သေဆုံးသူ မမိလွင်၊ အောင်မြင့် (မူလရုံးတရားခံ) နှင့် ဝင်းမြင့် (လိုပြ-၈) တို့ နွားအတူကျောင်းလျက်ရှိခဲ့ကြောင်းနှင့် အချင်းဖြစ်ပွားသည့်နေရာအနီးတွင် ဝင်းမြင့် (လိုပြ-၈) လည်း ရှိနေခဲ့ကြောင်း၊ ထို့အပြင် ဝင်းမြင့်သည် ရွာသို့ပြန်ရောက်သောအခါ အချင်းဖြစ်ကိစ္စကို မည်သူ့ကိုမျှ တိုင်ကြားပြောဆိုခဲ့မှု မရှိကြောင်း၊ သေဆုံးသူ မမိလွင်အား အချင်းဖြစ်စဉ်က မူလရုံးတရားခံ အောင်မြင့်က မုဒိမ်းပြုကျင့်စဉ် သတ်ဖြတ်ခဲ့သည်ဟု မူလရုံးတရားလိုဘက်မှ သက်သေထင်ရှား ပြသနိုင်မှု မရှိခဲ့ကြောင်း၊ ထိုသို့ကောက်ယူနိုင်ရန် ပတ်ဝန်းကျင် သက်သေခံချက်များလည်း လုံလောက်မှုမရှိကြောင်း၊ အယူခံတရားလို အောင်မြင့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုထင်ရှား စီရင်ထားသည့်အမိန့်နှင့် သေဒဏ်ချမှတ်ထားသည့် အမိန့်များကို ပယ်ဖျက်ပြီး အယူခံတရားလို အောင်မြင့်အား အမှုမှအပြီးအပြတ်လွှတ်ပေးသင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးကလျှောက်လဲရာတွင် တရားလိုပြသက်သေထွက်ချက်များအရ အမှုတွင် မျက်မြင်သက်သေမရှိသော်လည်း ၇-၈-၂၀၀၄ နေ့ နေ့လယ် ၁၁ နာရီခန့်တွင် တရားခံအောင်မြင့်၊ ဝင်းမြင့်နှင့် သေသူ မမိလွင်တို့သည် နွားကျောင်းထွက်သွားခဲ့ကြသည့်အချက်၊ ညနေ ၄ နာရီခွဲခန့်တွင် အောင်မြင့်တစ်ဦးတည်း ပြန်ရောက်လာပြီး မမိလွင် တောထဲ၌ သူများရိုက်ခဲ့၍ သေသည်၊ ရှင်သည် မသိဟုပြောသဖြင့် အောင်မြင့်အား လိုက်လံပြသခိုင်းရာ ဦးစံထိုက် (တရားခံဝင်းမြင့်၏ဖခင်) ၏ တဲအနီး ဦးလှမောင် (တရားခံအောင်မြင့်၏ယောက္ခမ)

တဲအနီး တောစပ်ထဲတွင် မမိလွင် လဲကျ သေဆုံးနေရသည့်အချက်၊ နွားလှန်သည့်နေရာနှင့် မမိလွင် အလောင်းရှိရာနေရာကြားတွင် ဆွဲချထားသည့် စွတ်ကြောင်း တွေ့ရသည့်အချက်၊ အလောင်းမှာ မှောက်လျက် အနေအထားဖြစ်ပြီး မမိလွင်ဝတ်ထားသော ဘလောက်အင်္ကျီမှာ ဝတ်ထားလျက် အောက်မှအထက်သို့ လန်တက်နေပြီး ခေါင်းအလယ်အထိ လန်နေ၍ ဦးခေါင်းပိုင်းကို မမြင်ရသည့်အချက်၊ အောက်ပိုင်းတွင် ထမီမပါ ကိုယ်တုံးလုံးဖြစ်နေပြီး ထမီအနီးလေးမှာ ဆွဲထားသည့် စွတ်ကြောင်းပေါ် တွေ့ရသည့်အချက်များ ပေါ်ပေါက်ကြောင်း၊ အချင်းဖြစ်နေ့ ညနေ ၅ နာရီခန့်တွင် တရားခံ အောင်မြင့်သည် အိမ်ပေါ်သို့တက်လာပြီး “မိလွင်တော့ သူများရိုက်သွားတယ်၊ သူတော့ ထောင်ကျတော့မယ်” ဟု ပြောပြီး ဓားကိုပစ်ချကာ အိမ်ပေါ်မှ ဆင်းသွားသည်ဟူသောအချက်နှင့် မိလွင်ခေါင်းကို သူများ ရိုက်သတ်သွားတယ်၊ ငါတော့ ထောင်ကျတော့မှာဘဲဟု ပြောခဲ့သည့်အချက်များမှာ တရားလိုပြသက်သေ ဦးလှမောင်နှင့် ဦးခင်ကြည်တို့ ထွက်ချက်အရ ထင်ရှားကြောင်း၊ တရားလိုပြသက်သေ ဒေါက်တာဒေါ်ကြည်ရွှေက သေသူ၏နောက်စေ့တည့်တည့်တွင် ဦးခွံရိုးထိ နက်သော ပေါက်ပြဲဒဏ်ရာ တွေ့ရသည်ဟုလည်းကောင်း၊ ဦးခေါင်းခွံရိုးကျိုးကာ အတွင်းသို့ ချိုင့်ဝင်နေသည်ဟုလည်းကောင်း၊ မိန်းမကိုယ်အဝတွင် သုတ်ရည်များ ပေကျံနေသည်ဟုလည်းကောင်း၊ အဓမ္မပြုကျင့်ခံရမှု ပြီးမြောက်ခဲ့ကြောင်း၊ ဦးခေါင်းတွင်ရရှိသော ဒဏ်ရာကြောင့် သေဆုံးမှုဖြစ်ရသည်ဟုလည်းကောင်း သက်သေခံ (ဇ) ဆေးစာကို တင်ပြထွက်ဆိုထားကြောင်း၊ သက်သေခံ(ဌ) ဓာတုဗေဒပြန်ကြားချက်အရ သေသူဝတ်ဆင်ထားသည့် အင်္ကျီနှင့် တရားခံအောင်မြင့် ပေးအပ်သော အင်္ကျီ

ပေါ်တွင် လူသေ‌းတွေ့ရှိရသည်ဟု ပြန်ကြားထားကြောင်း၊ အမှုတွဲပေါ်ပေါက်ချက်များအရ မျက်မြင်သက်သေ မရှိသော်လည်း ပတ်ဝန်းကျင် သက်သေခံအထောက်အထားများအရ သေသူနှင့်အတူ တရားခံသည် နွားအတူသွားကျောင်းကြသည့်အချက်၊ တရားခံသည် ရွာပြန်ရောက်လျှင်ရောက်ချင်း မိလွင်ခေါင်း လူရိုက်ခံရလို့ ငါတော့ ထောင်ကျတော့မှာဘဲဟု ပြောခဲ့သည့်အချက်၊ တရားခံအောင်မြင့် ဝတ်ဆင်သောအင်္ကျီတွင် လူသွေးတွေ့ရှိရသည့်အချက်၊ သေသူ၏ ဦးခေါင်းတွင် ဒဏ်ရာရရှိထားသည်ကို အောင်မြင့်က ကြိုတင် သိရှိနေသောအချက်များမှာ တရားခံအောင်မြင့် လူသတ်မှုကိုကျူးလွန်သည်ဟု ညွှန်ပြနေသော သက်သေခံချက်များဖြစ်ကြောင်း၊ တရားခံ အောင်မြင့်သည် မမိလွင်အား မုဒိမ်းမှုပြုကျင့်ပြီး သတ်ဖြတ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်ချမှတ်ခြင်းမှာ မှန်ကန်ကြောင်း၊ အထူးအယူခံမှုအား ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွဲပေါ်ပေါက်ချက်အရ အချင်းဖြစ်နေ့ ၁၁ နာရီခန့်က သေသူမမိလွင်နှင့် တရားခံအောင်မြင့်တို့ နွားကျောင်းရန် ရွာမှ လယ်တောသို့ အတူထွက်သွားခဲ့သည်မှာ အငြင်းမပွားပေ။ နွားကျောင်းရန် သွားစဉ်က ဝင်းမြင့် (လိုပြ-၈) ကလည်း အတူပါခဲ့သည်။ ၎င်းတို့ ၃ ဦး နွားကျောင်းသည့်နေရာချင်း နီးစပ်သည်မှာ သက်သေခံချက်များအရ ပေါ်ပေါက်သည်။ အချင်းဖြစ်ညနေက သေသူ၏ အလောင်းကို စတင်တွေ့သူမှာ ဝင်းမြင့်နှင့် တရားခံ အောင်မြင့်တို့ ဖြစ်သည်။ ဝင်းမြင့် (လိုပြ-၈) ၏ ထွက်ဆိုချက်အရ အချင်းဖြစ်ညနေက နွားကျောင်းပြီး ရွာပြန်မည်အပြုတွင် အောင်မြင့်ရောက်ရှိလာပြီး မမိလွင် မလာဘူးလားမေး၍ မိမိကမလာကြောင်း ပြောရာတွင်

အောင်မြင့်က မမိလွင် ရှာမတွေ့ဘူး၊ ရှာဦးဟု ပြော၍ အောင်မြင့်နှင့် အတူ ၎င်းတို့ နွားကျောင်းသည့် အနီးနား လိုက်သွားကြောင်း၊ နွားလှန်သည့်နေရာအရောက်တွင် အောင်မြင့်က စွတ်ကြောင်းတစ်ခု တွေ့ကြောင်းပြောပြီး စွတ်ကြောင်းအတိုင်း လိုက်ကြည့်ရာမှ အလောင်းတွေ့ရကြောင်း ထွက်ဆိုထားသည်။ အလောင်းတွေ့ရှိရသောနေရာမှာ အောင်မြင့်တို့ နွားကျောင်းသည့်နေရာအနီးတွင်ပင် ဖြစ်သည်။ သေသူမိလွင်နှင့် တစ်နေ့လုံး အနီးကပ်ရှိနေသူမှာလည်း အောင်မြင့်ပင် ဖြစ်ကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်သည်။ တရားခံအောင်မြင့်က အချင်းမဖြစ်မီ ၎င်းငါးမျှားသွားကြောင်း၊ ၎င်းငါးမျှားသွားသည့်အချိန်တွင် မိလွင်နှင့် ဝင်းမြင့် အတူကျန်ခဲ့ကြောင်း၊ မိလွင်ကို မည်သူကသတ်ခဲ့သည်ကို မသိကြောင်း ထွက်ဆိုထားသည်။

အောင်မြင့်နှင့် ဝင်းမြင့်တို့ သေသူမိလွင်အား ရှာဖွေမှုမပြုမီ ဝင်းမြင့်၏ယာတဲသို့ ရောက်ရှိခဲ့သူ ဦးဘိုပဲ (လိုပြ-၁၂) က ၎င်း ဝင်းမြင့်ယာတဲနားရှိ ချွေးချောင်းတွင်ရေသွားချိုးစဉ် နွားများဝင်မှာစိုး၍ ဝင်းမြင့်အား ခေါ်ရာ ဝင်းမြင့်မှာ အိပ်မှုံစုံမွှားဖြင့် ထလာကြောင်း၊ ဝင်းမြင့်အား အချိန်မေးရာတွင် ဝင်းမြင့်က ၃ နာရီထိုးပြီဟု ပြောကြောင်း ထွက်ဆိုထားသည်။ အမှုစစ် ဒုရဲအုပ်အောင်မျိုးမင်း (လိုပြ-၁၁)၏ ထွက်ဆိုချက်အရ အချင်းဖြစ်သည့်နေရာနှင့် ဝင်းမြင့်၏တဲမှာ ကိုက် (၁၀၀) (၁၅၀) ခန့် ဝေးကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ ဝင်းမြင့်ထံ အောင်မြင့်ရောက်လာပြီး မိလွင် ပျောက်နေသည့်အကြောင်း ပြောသည့်အချိန်မတိုင်မီ ဝင်းမြင့်မှာ ၎င်း၏ယာတဲ၌ပင်ရှိနေပြီး အခြားနေရာသို့ သွားရောက်ခဲ့သည့်လက္ခဏာ မရှိပေ။ အဆိုပါဝင်းမြင့်အား နောက်တိုးတရားခံအဖြစ် ထည့်သွင်းစွဲဆိုခဲ့သော်လည်း တိုင်းတရားရုံးက ဝင်းမြင့်

အား တရားခံအဖြစ်မှ ဖယ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သက်သေခံချက်များအရ ဝင်းမြင့်၊ အောင်မြင့်နှင့် မမိလွင်တို့ ရှိနေသော နေရာများမှာ တစ်ဦးနှင့်တစ်ဦး ကိုက် (၁၀၀) ခန့် အကွာတွင်သာ ရှိကြသည်။ သို့သော်လည်း မမိလွင် ဒုက္ခရောက်သည့် အော်သံ၊ အကူအညီတောင်းခေါ်သံများ ကြားခဲ့ရကြောင်း အောင်မြင့်နှင့် ဝင်းမြင့်တို့က ထွက်ဆိုခဲ့ကြခြင်းမရှိပေ။ မမိလွင်ကို အန္တရာယ်ပြုခဲ့သူမှာ ၎င်းနှင့် အနီးကပ်ရှိနေသူသာ ဖြစ်ရမည်။ အချင်းဖြစ်နေရာသို့ သူစိမ်းများလာခဲ့ကြောင်း မတွေ့ရပေ။

အမှုဖြစ်စဉ်အရ သုံးသပ်ပါက မမိလွင်နှင့် အတူရှိနေသည့်သူမှာ အယူခံတရားလို အောင်မြင့်ဖြစ်သည်။ သို့သော် မမိလွင် ဒုက္ခရောက်သည့် အော်သံ၊ အကူအညီတောင်းသံ ကြားခဲ့သည်ဟု အောင်မြင့်က မထွက်ဆိုပေ။ သေသူမမိလွင်သည် ၎င်းဒုက္ခ ရောက်ရှိနေချိန်က အော်သံ၊ အကူအညီတောင်းသံများ ပြုခဲ့မည်သာဖြစ်သည်။ အောင်မြင့်မှအပ အခြားသူတစ်ဦးက မမိလွင်ကို အန္တရာယ်ပြုခြင်းဖြစ်ပါက အောင်မြင့် သိရမည်ဖြစ်သည်။ အချင်းဖြစ်အချိန်ခန့်က အယူခံတရားလိုသည် ငါးမျှားရန်အတွက် အခြားတစ်နေရာ ရောက်နေသည်ဟုပင် ထွက်ဆိုထားသည်။ အဆိုပါထွက်ဆိုချက်မှာ သံသယဖြစ်ဖွယ်ရှိသည်။ အောင်မြင့် ရွာသို့ပြန်လာပြီးနောက် မိလွင်သေဆုံးသည့်အကြောင်း ပြောဆိုစဉ်က ၎င်း ငါးမျှားသွားနေခဲ့သည်ဆိုသောအချက်၊ ထိုအချိန်က ဝင်းမြင့်နှင့် မိလွင် အတူကျန်ခဲ့သည်ဆိုသောအချက်များကို အခြားရွာသူရွာသားများထံ ပြောပြခဲ့ကြောင်းလည်း မပေါ်ပေါက်ပေ။ ထို့ကြောင့် အယူခံတရားလို အောင်မြင့် ထွက်ဆိုချက်များမှာ သံသယဖြစ်ဖွယ် တွေ့ရှိရသည်။

သေသူမိလွင်၏ အလောင်းအား အောင်မြင့်နှင့် ဝင်းမြင့် တို့ တွေ့ပြီးနောက် ရွာသို့ပြန်လာပြီး အောင်မြင့်က ဦးလှမောင်နှင့် အိမ်၌ ရှိနေသော ဦးခင်ကြည် (လိုပြ-၇) တို့အား ပြန်လည်ပြောပြခဲ့ရာတွင် ငါတော့ ထောင်ကျတော့မှာဘဲ ပြော၍ ဦးလှမောင်က ဘာဖြစ်လို့လဲဟု မေးရာတွင် အောင်မြင့်က မိလွင်ခေါင်းကို သူများ ရိုက်သတ်သွားတယ် ဟု ပြောခဲ့သည့်အချက်ကို ဦးလှမောင် (လိုပြ- ၄) နှင့် ဦးခင်ကြည် (လိုပြ-၇) တို့က ထွက်ဆိုထားသည်။ ဝင်းမြင့် (လိုပြ-၈) နှင့် တရားခံ အောင်မြင့်၏ ထွက်ဆိုချက်အရ အလောင်းတွေ့တွေ့ချင်း ကိုင်တွယ် ကြည့်ရှုခဲ့ခြင်း မရှိဘဲ ရွာသို့ပြန်လာကြကြောင်း ပေါ်ပေါက်သည်။ ဦးလှစိန် (လိုပြ-၁)၊ ဦးစိန်ဖြူ (လိုပြ- ၂)၊ ဦးအောင်မောင်း (လိုပြ-၃)၊ မကြည်စိန် (လိုပြ-၅) တို့က အလောင်းကိုတွေ့စဉ် ဦးခေါင်းမမြင် ရကြောင်း၊ အကျီအုပ်နေကြောင်း ထွက်ဆိုထားကြသည်။

သေသူမမိလွင်သည် ဦးခေါင်းတွင် အရိုက်ခံခဲ့ရသည်ဆိုသော အချက်အား အယူခံတရားလိုက အခြားသူများထက် ကြိုတင်၍ သိရှိ နေသောအချက်ကို စိစစ်တွေ့ရှိရသည်။ သေသူသည် ဦးခေါင်းတွင် ဒဏ်ရာရရှိထားသည်ဆိုသောအချက်ကို အယူခံတရားလိုက အခြားသူ များထက် ကြိုတင်၍ သိရှိထားခြင်း မှာ အယူခံတရားလိုနှင့် သေသူ တို့ သီးခြား တွေ့ဆုံမှုရှိခဲ့သည့် အချက်ကို ဖော်ညွှန်းခြင်းဖြစ်သည်။ ဦးလှမောင် (လိုပြ-၄)၊ ဦးခင်ကြည် (လိုပြ-၇) တို့အား မိလွင်ခေါင်း သူများရိုက်သွားတယ်ဟု အောင်မြင့်က ပြောဆိုနိုင်ခဲ့သည့်အချက်အရ မိလွင်ဦးခေါင်း ဒဏ်ရာရရှိထားသည့်အချက်ကို အယူခံတရားလို ကိုယ်တိုင် ကြိုတင်သိရှိထား၍သာ ပြောဆိုနိုင်ခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်သည်။ သေသူမိလွင်အိမ်တွင် ဆွမ်းသွတ်ရန် လုပ်ကိုင်

နေကြသည့်အခါက "အစိမ်းခေါ်ပြီး မေးသလား၊ နတ်ခေါ်ပြီး မေးသလား၊ အဲဒီလို ခေါ်ရင်တော့ စိန်ခေါ်တယ်" ဟု အယူခံတရားလိုက ပြောခဲ့ကြောင်း မခင်ဆင့် (လိုပြ-၁၀) ၏ ထွက်ချက်များ တွေ့ရှိရသည်။ တရားခံ အောင်မြင့်မှလည်း ထိုသို့ပြောဆိုခဲ့သည်ကို ဝန်ခံထားသည်။ ထိုအချက်များမှာ မမိလွင်သေဆုံးမှုအတွက် အောင်မြင့်၏ မူမမှန်သော အပြုအမူများအဖြစ် ကောက်ယူနိုင်သည်။

အချင်းဖြစ်သည့်နေ့က တရားခံအောင်မြင့် ဝတ်ဆင်ခဲ့သော အဖြူနှင့်အစိမ်းကွက် ဖျင်အင်္ကျီလက်ရှည်ကို သက်သေခံ (စ) ရှာဖွေပုံစံဖြင့် တရားခံက ပေးအပ်ထားသည်။ ယင်းအင်္ကျီပေါ်တွင် လူသွေး တွေ့ရှိရကြောင်း သက်သေခံ (ဌ) ဓာတုဗေဒပြန်စာတွင် ဖော်ပြထားသည်။ ဓာတုဗေဒပြန်ကြားစာ သက်သေခံ (ဌ) အရ သက်သေခံ (ဂ) (င) တို့ဖြင့် သိမ်းဆည်းသည့် ဓားမ ၃ ချောင်းတို့တွင် လူသွေး တွေ့ရှိခြင်း မရှိကြောင်း ပြန်ကြားထားသည်။

အထက်ပါ တရားခံအောင်မြင့်အပေါ် ငြိစွန်းချက်များအား စိစစ်သုံးသပ်လျှင် အချင်းဖြစ်နေ့က တရားခံအောင်မြင့် ဝတ်ဆင်ခဲ့သည့် အင်္ကျီတွင် လူသွေးတွေ့ရှိခြင်း၊ တရားခံက အခြားသူများ မသိရှိသည့် သေသူမိလွင် သေဆုံးရသည့် အကြောင်းအရင်းနှင့်စပ်လျဉ်း၍ ဒဏ်ရာ မည်သည့်နေရာတွင် ရရှိထားသည့်အချက်ကို ဦးလှမောင် (လိုပြ-၄)၊ ဦးခင်ကြည် (လိုပြ-၇) တို့ထံ ပြောဆိုခဲ့ခြင်း၊ မမိလွင် သေဆုံးသည့်ကိစ္စနှင့်စပ်လျဉ်း၍ မလုံမလဲပြောဆိုခဲ့ခြင်း စသည့်အချက်များ အရ မမိလွင်သေဆုံးမှုအတွက် အောင်မြင့်တွင်သာ တာဝန်ရှိမည် ဖြစ်သည်။ အချင်းဖြစ်နေရာတွင် အောင်မြင့်နှင့် မမိလွင်မှအပ အခြားသူ မရှိသဖြင့် မမိလွင်အား သတ်ဖြတ်သူမှာလည်း အောင်မြင့်သာ

ဖြစ်သည်ဟု သုံးသပ်ရရှိသည်။

ထို့ကြောင့် တရားခံအောင်မြင့်သည် မမိလွင်အား မုဒိမ်းမှု ပြုကျင့်ပြီး သတ်ဖြတ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုကျူးလွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ပြီး တရားခံအောင်မြင့်အား သေဒဏ်ချမှတ်ခြင်းအပေါ် အတည်ပြုသည့်အမိန့်သည် ဥပဒေအရ မှန်ကန်မှုရှိကြောင်း ဖြေကြားသည်။ အယူခံကိုပလပ်ပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်သည်။

# ၂၀၀၇ ခုနှစ်

# တရားမအမှုများ

## တရားမအမှုများ

ဥပဒေများ

- ကာလစည်းကမ်းသတ်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာဥပဒေ
- အမွေဆက်ခံခြင်းအက်ဥပဒေ
- အစ္စလာမ်တရားဥပဒေ
- ၁၉၂၆ ခုနှစ် တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေ
- ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများလွှဲပြောင်း ခြင်းကိုကန့်သတ်သည့်ဥပဒေ

**အပေါင်မှုတွင် လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၉ နှင့် သက်ဆိုင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက်မှာ အပေါင်ရွေးနုတ်ခွင့်နှင့်သာ သက်ဆိုင်

ကြောင်း ပြဋ္ဌာန်းချက်အရ ပေါ်လွင်သည်။ လေလံရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားချက်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၉ နှင့် သက်ဆိုင်ရန်မှတစ်ပါး အခြားမရှိပေ။

ဦးအောင်သိန်း (ခ) ဦးသိန်းထူး ပါ ၂ နှင့် စာမျက်နှာ ၁၃၃
အာရှမနေဘဏ်လီမိတက် (တရားရုံး
အမိန့်ဖြင့်စာရင်းရှင်းလင်းဖျက်သိမ်း
ရေးအရာရှိ ဦးဝင်းသင်) ပါ ၂

**ဝန်ခံချေလွှာအပေါ် တရားရုံးက မျှတသော စီရင်ချက် ချမှတ်နိုင်ခြင်း၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရန် မဟုတ်ခြင်း၊ တရားရုံးက မိမိသဘောအတိုင်း ဆောင်ရွက်နိုင်ခြင်း၊ မည်သည့်အခါ အမှု ဆက်လက်စစ်ဆေးရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ၌ အဆိုအချေတွင် ဝန်ခံချက်များ ပြုပြီးသည့်အခါ အဆိုပါဝန်ခံချက်များအရ ဒီကရီချမှတ်ပေးရန် လျှောက်ထားလာလျှင် တရားရုံးက တရားမျှတသည်ဟု ထင်မြင်သော စီရင်ချက်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တရားပြိုင်က တရားလို၏အဆိုလွှာကို ဝန်ခံခဲ့သော်လည်း တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ တွင် ဝန်ခံပြီးသည့်

အကြောင်းအရာကို စစ်ဆေးရန်မလို၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဝန်ခံသည့် အကြောင်းအရာပေါ်အခြေခံ၍ စီရင်ချက်ချမှတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ **ဒေါ်မြင့်သိန်း (ခ) အမီနံ ပါ ၂** နှင့် **ဦးမြင့်သိန်း ပါ ၆ အမှု**[၄] ကို ကြည့်ပါ။

တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေ ဆောင်ရွက်ရန်မလို။ မိမိသဘောအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ယင်းချေလွှာအရ မူလရုံး (၁) တရားပြိုင်သည် မူလရုံးတရားလို အဆိုလွှာ၏ အဆိုပြုချက်များအပေါ် အတိအလင်း ဝန်ခံရာမရောက်ကြောင်း ထင်ရှားမြင်သာနေပေသည်။ မိဘနှစ်ပါးစလုံး၏ မွေးစားမှုနှင့် မိဘတစ်ပါးတည်း၏ မွေးစားမှုတို့အပေါ်မူတည်၍ ရပိုင်ခွင့်မတူသဖြင့် အမွေဝေစုလည်း မတူကြောင်း မူလရုံး (၁) တရားပြိုင်က ငြင်းဆိုချေပချက်များ ရှိနေပေသည်။

ယင်းသို့ နှစ်ဖက်အငြင်းပွားချက်ရှိနေ၍ မူလရုံးက ရုံးငြင်းချက် ၂ ရပ်လုံး ထုတ်နုတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အဓိကအားဖြင့် အမွေကျန်ပစ္စည်းအဖြစ် မူလရုံးတရားလိုက အဆိုပြုပြီး မူလရုံးတရားပြိုင်တို့ ဝန်ခံသည့် မြေနှင့်အိမ်မှာ အမှန် အမွေကျန်ဟုတ်-မဟုတ် စိစစ်ရဦးမည်ဖြစ်သည်။ ထိုသို့ အဆိုပြုမှုကို ဝန်ခံရုံဖြင့် အမွေကျန် မြေနှင့်အိမ်မဟုတ်ခဲ့သော် တတိယပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုကို ထိပါးစေနိုင်၍ဖြစ်သည်။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားသည့် မူလရုံးတရားလို၏ လျှောက်လွှာအား မူလရုံးက

ပယ်ခဲ့ခြင်းအပေါ် ပြင်ဆင်မှုရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ချေ။

ဒေါ်မိမိခိုင် နှင့် စာမျက်နှာ ၉၀
မစန္ဒာဦး (ခ) မေသန္တာ ပါ ၂

**တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ လျှောက်ထားခြင်း-ရှေ့နေချုပ်ရုံးကသာ ပြင်ဆင်မှု တက်ရောက်ရမည့် အမှုဖြစ်ပါလျက်၊ အမှုတွင် ပါဝင်ခြင်းမရှိသူက ပြင်ဆင်မှုတက်ရောက်ပေးရန် အမှုအပ်နှံခြင်းကို ရှေ့နေခ ငွေကျပ်တစ်သိန်း လက်ခံရယူပြီး ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေတစ်ဦးအနေဖြင့် မလုပ်သင့် မလုပ်ထိုက်သော ပြုမူဆောင်ရွက်ချက်ကို ပြုလုပ်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် အမှုတွင်ပါဝင်ခြင်းမရှိသူ ဦးဝင်းလှိုင်က အမှုပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့နေငှားရမ်းခြင်းကို လက်ခံပြီး ရှေ့နေခငွေ ကျပ်တစ်သိန်း လက်ခံရယူ၍ တိုင်စာရေးသားနိုင်ရန် ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေများကောင်စီ၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ အပိုဒ် ၂၄ ကို ဆန့်ကျင်ရာ ရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ယခုအမှုတွင် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ (က) အရ တရားခံများအား အမှုမှလွှတ်လိုက်သောကိစ္စနှင့် ပတ်သက်၍ အမှုသည်မဟုတ်သူ ဦးဝင်းလှိုင်ထံမှ ရှေ့နေခ ငွေကျပ် တစ်သိန်းယူ၍ အမှုနှင့်ပတ်သက်သော အချက်အလက်များ စုဆောင်း ပေးခဲ့သည့်အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်အမှာစကားများ ကို ရှာဖွေစုဆောင်းပေးခဲ့သည်။ ဦးဝင်းလှိုင်အား တိုင်စာရေးသားပေး ခဲ့ကြောင်းမှာမူ ထင်ရှားပေါ်ပေါက်ခြင်း မရှိသော်လည်း တိုင်စာ ရေးသားနိုင်ရန်အတွက် ကူညီဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ပြစ်ဒဏ်ထိုက်စေသင့်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးထွန်းအောင်ကြည် စာမျက်နှာ ၆၆

**မြေနှင့်တိုက် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင် အရောင်းစာချုပ်အား ပယ်ဖျက် ပေးစေလိုမှု၊ ဒေါ်လှိုင်လှိုင်နှင့် ဦးခင်မောင်ရီတို့သည် ညှိနှိုင်းပြီး အရောင်းစာချုပ် ချုပ်ဆိုပေးခဲ့သော်လည်း အမှန် တကယ် ငွေပေးငွေယူ မရှိသည့် အခြေအနေတွင် ၁၆-၅-၉၇ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ် အမှတ်၊ ၄၃၂/၉၈ ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခြင်း သည် မှန်ကန်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ တွင် "ရောင်းချခြင်း" ဆိုသည်မှာ ပေးချေသည့်တန်ဖိုး သို့မဟုတ် ပေးချေမည်ဟု ကတိပြုသည့်တန်ဖိုး သို့မဟုတ် အချို့ကိုပေးချေ၍ အချို့ကို ပေးချေမည်ဟု ကတိပြုသည့် တန်ဖိုးနှင့်လဲလှယ်၍ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းဖြစ်ကြောင်း ပြဌာန်းထားသည်။ သို့ဖြစ်၍ ရောင်းချခြင်း မြောက်ရန်အတွက် တန်ဖိုးကို ပေးချေရမည် သို့မဟုတ် တန်ဖိုးပေးချေမည်ဟု ကတိရှိရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုသည် ရောင်းချသောတန်ဖိုးငွေကို ပေးချေခြင်း မရှိသည့်အပြင် ငွေပေးချေရန် ကတိပြုခြင်းလည်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တန်ဖိုး သို့မဟုတ် အဖိုးစားနားပေးခြင်းသော်လည်းကောင်း၊ နောင်တွင် ပေးရန် သဘောတူခဲ့ခြင်းသော်လည်းကောင်း မရှိပါက မှတ်ပုံတင်စာချုပ် ချုပ်ဆိုထားစေကာမူ ရောင်းချခြင်းမှာ အထမမြောက်ကြောင်း **မောင်ဆိုင် နှင့် ရွှေလုံးအမှု**[၄]တွင် စီရင်ထုံးပြု ညွှန်ပြထားသည်။

သို့ဖြစ်၍ ရောင်းချခြင်းတွင် တန်ဖိုးငွေကိုပေး-မပေးမှာ အဓိကအချက်ဖြစ်သည်။ တန်ဖိုးငွေပေးစေခြင်း၊ နောင်တွင်ပေးချေရန် သဘောတူခဲ့ခြင်း မရှိသဖြင့် မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုထားသော်လည်း အရောင်းအဝယ်မှာ အထမြောက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဤအမှုတွင် အယူခံတရားလိုသည် ရောင်းချသည့်တန်ဖိုးငွေကို ပေးချေခဲ့ခြင်း မရှိသဖြင့် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်မှာ တရားဝင် အထမမြောက်ကြောင်း တွေ့ရှိရသည်။

ဦးခင်မောင်ရီ (ခ) စုရှန်ရီ　　နှင့်　　　စာမျက်နှာ ၁
ဦးရင်ကြွယ် ပါ ၂

**မေတ္တာဖြင့်ပေးကမ်းခြင်းအထမြောက်ရန်မှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ နှင့် ညီညွတ်သော ပေးကမ်းခြင်းဖြစ်ရန် လိုခြင်း။**

**ဆုံးဖြတ်ချက်**။　။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ အရ မေတ္တာဖြင့်ပေးကမ်းခြင်း အထမြောက်ရန်မှာ ပေးကမ်းသူနှင့် လက်ခံသူ ရှိရမည်။ မေတ္တာဖြင့်ပေးသော ပစ္စည်းသည် လက်ရှိပစ္စည်း ဖြစ်ရန် လိုသည်။ ပေးသူက မိမိအလိုအလျောက် အဖိုးစားနားမပါရှိဘဲ ပေးကမ်းခြင်းဖြစ်ရမည်။ ပေးသူက မိမိကိုယ်ပိုင်ပစ္စည်းကို လွှဲပြောင်း ပေးရမည်။ ပေးသောပစ္စည်းကို လက်ခံသူက ပေးသူအသက်ရှင်ဆဲ ပေးနိုင်သည့် အခြေအနေရှိစဉ် လက်ခံရမည်။ မေတ္တာဖြင့်ပေးခြင်းကို ပေးသူ အသက်ရှင်လျက်ရှိစဉ် ပစ္စည်းအားပေးနိုင်သော အခြေအနေ ရှိခိုက် ပေးမှသာ အထမြောက်သည်။ အလားတူပင် ရယူသူက အသက်ရှင်စဉ် မေတ္တာဖြင့်ပေးသည်ကို ရယူသူကိုယ်တိုင်ဖြစ်စေ၊ ရယူသူကိုယ်စား တစ်ဦးဦးကဖြစ်စေ လက်ခံပြီးမှသာအတည်ဖြစ်သည်။

ဦးထွန်းထွန်း (၎င်း၏
အထွေထွေကိုယ်စားလှယ်
စာရသူ ဒေါ်အေးအေးမာ)　　နှင့်　　　စာမျက်နှာ ၅၂
ဦးမြတ်ဇော်အောင်

**တရားရှုံးပိုင်ပစ္စည်းများ လေလံတင်ရောင်းချသည့် ဇာရီမှုတွင် ရောင်းရငွေအပေါ် ခွဲဝေခံစားခွင့်ရှိသည့် အခြား ဇာရီမှုမှ တရားနိုင်သည် ထိုသို့ လေလံတင်ရောင်းချ သည့် ဇာရီမှုတွင် တရားနိုင်မဟုတ်ခြင်း၊ ဦးစားပေး ဝယ်ယူခွင့်မှာ လေလံတင်ရောင်းချသည့် ပစ္စည်းတွင် ပူးတွဲပိုင်ရှင်ကိုသာ ခွင့်ပြုရခြင်း၊ ဦးစွာ ဝယ်ယူပိုင်ခွင့် မှာ မြန်မာဗုဒ္ဓဘာသာဝင် အမွေဆိုင်တို့၏ အခွင့် အရေးသာဖြစ်ခြင်း၊ ဦးစွာဝယ်ယူခွင့်ကိုဖြစ်စေ၊ ဦးစား ပေး ဝယ်ယူခွင့်ကိုဖြစ်စေ၊ ပစ္စည်းလေလံတင်ရောင်းချ ခြင်းမပြုမီ ကြိုတင်ခွင့်ပြုထားရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ ထိုကဲ့သို့ နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်နှင့် ယူနီဗာ့(စ်)ကုမ္ပဏီတို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၇၂ အရဟု ဆိုကာ ခုနှိမ်၍ ဦးစားပေးဝယ်ယူခွင့်ပြုရန် လျှောက်ထား ခဲ့ခြင်းများကို သုံးသပ်ပါက ၎င်းတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၃၊ တရားရုံးများလက်စွဲအပိုဒ် ၂၆၆၊ **ကွေတုံကီး** နှင့် **လင်မ်ချောင် ဂျက်စ် စီရင်ထုံး**[၁] တို့အရ ရောင်းချ၍ရရှိသည့် ရောင်းရငွေနှင့် ခွဲဝေခံစားခွင့်ရှိသူများနှင့် မူလရုံး၏ အခြားတရားမဇာရီမှုများမှ တရားနိုင်များ ဖြစ်ကြသော်လည်း မူလလေလံတင်ရောင်းချသည့် ဇာရီမှုအမှတ် ၁၆၈/၀၆ မှ တရားနိုင်များ မဟုတ်ကြ၍ ယင်းအမိန့် ၂၁၊ နည်း ၇၂ တွင် အကျုံးဝင်သည့် ဒီကရီအနိုင်ရသူ (Decree-holder) များ မဟုတ်ကြချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ထိုမှတစ်ဖန် ဦးစားပေး ဝယ်ယူခွင့် လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၈၈ ပါ ဦးစားပေးဝယ်ယူခွင့် (Preference) အတွက် လျှောက်ထားခြင်း ဖြစ်ပါမူ ယင်းမှာ ခွဲမဝေရသေးသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (Undivided immoveable Property)တွင် ပူးတွဲအစုရှင် (Co-sharer) အဖြစ် ပါဝင်သူက လျှောက်ထားခွင့်ရှိခြင်းဖြစ်ပြီး ပစ္စည်း၏ အစုတစ်စု ကို လေလံတင်ရောင်းချရာတွင် ပူးတွဲအစုရှင်နှင့် အခြားသူတို့က တန်ဖိုးတူညီစွာ ပေးဝယ်ကြသည့်အခါ ပူးတွဲအစုရှင်က ဝယ်ယူသည်ဟု သာ မှတ်ယူရခြင်း၊ တစ်နည်းအားဖြင့် ပူးတွဲအစုရှင်ကိုသာ ရောင်းချ ပေးရခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မြန်မာ့လေ့ထုံးတမ်းဥပဒေနှင့်သက်ဆိုင် ခြင်း မရှိသည့် အထက်ပါ အမှုမျိုးဖြစ်သည့်အပြင် ပူးတွဲအစုရှင်မဟုတ် သူတို့က ရောင်းချမှု ပြီးမြောက်ခြင်းမရှိမီ ထိုသို့ ဦးစွာ ဝယ်ယူခွင့်ဖြင့် ဖြစ်စေ၊ ဦးစားပေး ဝယ်ယူခွင့်ဖြင့်ဖြစ်စေ လျှောက်ထားခဲ့ခြင်းများနှင့် ထိုသို့လျှောက်ထားမှုအပေါ် ခွင့်ပြုခဲ့မှုတို့မှာ ဥပဒေနှင့်အညီဖြစ်သည် ဟု မဆိုနိုင်ချေ။

ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် (၎င်း၏
အခွင့်ရကိုယ်စားလှယ် ဦးချစ်မောင်) နှင့် စာမျက်နှာ ၉၈
မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊
စက်မှုလက်မှုငွေချေးဌာန ပါ ၅

----------------------------------

မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နှင့်
M.H.L.G Trading Co. Ltd. ပါ ၄

-----------------------------------

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊ မြစိမ်းရောင်အင်တာ
ပရိုက်စ် (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ
ဦးဆန်းနွယ်ဝင်း) နှင့်
M.H.L.G Trading Co. Ltd. ပါ ၄

-----------------------------------

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊ မြစိမ်းရောင်အင်တာ
ပရိုက်စ် (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ
ဦးဆန်းနွယ်ဝင်း) နှင့်
M.H.L.G Trading Co. Ltd. ပါ ၄

**အငြင်းပွားသော အချင်းဖြစ် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၀ နှင့် အကျုံးဝင်သောပစ္စည်းဟုတ်-မဟုတ်၊ တရားရုံးချုပ်က အချင်းဖြစ် ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၀ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> "သာသနာမြေအပဉ္စရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကို ရဟန်း၊ သာမဏေ၊ ဂိုဏ်း၊ သံဃာ၊ စေတီ၊ ကျောင်း၊ ကျောင်းတိုက်၊ နဝကမ္မ၊ ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားသည့် သာသနာမြေအပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့်အငြင်းပွားလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခွင့်ရှိသည်။"

မန္တလေးတိုင်းသံဃနာယကအဖွဲ့က အချင်းဖြစ်မြေကွက်နှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၀ ပါ ဖော်ပြချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မန္တလေးတိုင်းသံဃနာယကအဖွဲ့က ယခုအငြင်းပွားမှုကို သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ယခုအမှုသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ယခုအမှုကို မန္တလေးတိုင်းတရားရုံးက

စစ်ဆေးစီရင်ခြင်းအား ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ခြင်းမရှိပေ။

ထို့ကြောင့် အချင်းဖြစ်မြေကွက်များနှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၆၀ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ တရားစွဲဆိုခွင့်မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိပေ။

ဒေါ်အုန်းတင် ပါ ၂ နှင့် စာမျက်နှာ ၁၁၉
ဦးထွန်းရီ ပါ ၂

**သေတမ်းစာ အတည်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားမှု၊ သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူအား သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးခြင်းသည် မှန်ကန်မှုရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"222 (1). Probate shall be granted only to on executor appointed by the will."

ယင်းပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြုလက်မှတ်ကို သေတမ်းစာတွင် ခန့်ထားသော သေတမ်းစာအတည်ပြုသူ တစ်ဦး တစ်ယောက်ကိုသာ ခွင့်ပြုနိုင်သည်။ သို့ဖြစ်၍ သေတမ်းစာ အတည် ပြုသူအဖြစ်ခန့်ထားခြင်းမခံရသူအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးနိုင်မည်မဟုတ်ပေ။ ထို့ပြင် သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များ သတ်မှတ်ရာ၌ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၇၆ (၁) (င) အရ သေတမ်းစာ အတည်ပြုလက်မှတ်ရရန် လျှောက်ထားရာ၌ လျှောက် ထားသူသည် သေတမ်းစာတွင် အမည်ဖော်ပြပါရှိသည့် သေတမ်းစာ အတည်ပြုသူဖြစ်ကြောင်းဖော်ပြရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ အဆိုပါသေတမ်းစာတွင် သေတမ်းစာအတည်ပြုသူ အဖြစ် ဒေါ်ခင်မြယုအား ခန့်ထားခြင်းမရှိသဖြင့် တရားရုံးက ၎င်းအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးခြင်းသည် ဥပဒေနှင့် မညီညွတ်ပေ။

ဦးစန်းမောင် ပါ ၅ နှင့် စာမျက်နှာ ၁၅
ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီး

**တရားစွဲဆိုချိန်တွင် နောက်အိမ်ထောင်ပြုပြီးဖြစ်သည့် ချွေးမ က ကွယ်လွန်သူလင်၏ဩရသအခွင့်အရေးကို ဆက်ခံ ပြီး ယောက္ခမထံမှ အမွေတောင်းဆိုခွင့်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်**။ ။ အမွေရှင် ဦးထွန်းခင် ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့တွင် တစ်ဦးတည်းသော သြရသသားဖြစ်သည့် ဦးခင်မောင်မြင့်သည် ၎င်း၏သြရသအခွင့်အရေးကို ဆက်ခံခွင့် ရရှိမည်ဖြစ်သည်။

သြရသ၏အခွင့်အရေးမှာ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်ရာ အကယ်၍ သြရသသည် ထိုအခွင့်အရေးကို မတောင်းဆိုရသေးမီ သေဆုံးပါက သြရသ၏ အမွေဆက်ခံခွင့်ရှိသူများက ထိုအခွင့်အရေးကို ဆက်ခံခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလမှုတွင် ပေါ်ပေါက်သည့် အချက်များအရ ဦးခင်မောင်မြင့်သည် ၁၄-၁၀-၀၄ ရက်နေ့တွင် ကွယ်လွန်ခြင်းဖြစ်သည်။ ဥပဒေသဘောအရဆိုလျှင် ဦးခင်မောင်မြင့်၏ဖခင် ဦးထွန်းခင် ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့ရက်အချိန်တွင်ပင် ဦးခင်မောင်မြင့်သည် သြရသသားအခွင့်အရေးကို ဆက်ခံရရှိပြီးဖြစ်ပေရာ ဦးခင်မောင်မြင့် ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ယင်းအခွင့်အရေးကို ဦးခင်မောင်မြင့်၏ဇနီးဖြစ်သူ ဒေါ်စန်းလွင်က ဆက်ခံရရှိသည်။

ဦးခင်မောင်မြင့် ကွယ်လွန်ပြီးနောက် ၃ လခန့်အကြာမှသာ ဒေါ်စန်းလွင်သည် နောက်အိမ်ထောင်ပြုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဒေါ်စန်းလွင်သည် ကွယ်လွန်သူ ခင်ပွန်း ဦးခင်မောင်မြင့် ရရှိခံစားရမည့် အခွင့်အရေးကို ဆက်ခံခွင့်ရရှိပြီးနောက်ပိုင်းမှ အိမ်ထောင်ပြုခြင်းဖြစ်သည်။ ဤအခြေအနေတွင် နောက်အိမ်ထောင်ပြုသည်ဟူသော အကြောင်းကြောင့် ဒေါ်စန်းလွင်သည် ၎င်းဆက်ခံခွင့်ရရှိပြီးသည့် အခွင့်အရေးကို ဆုံးရှုံးရန်အကြောင်းမရှိနိုင်ပေ။

ဒေါ်စန်းလွင် နှင့် စာမျက်နှာ ၂၉
ဒေါ်သန်း (ခ) ဒေါ်သန်းသန်း

**မိသားစုစီမံမှုအရ မောင်နှမ ၃ ဦးသည် မိမိတို့အချင်းချင်း သဘောတူ အမွေခွဲဝေ၍ ရယူခဲ့ကြပြီးမှ အစ္စလာမ် တရားဥပဒေနှင့် မညီညွတ်သဖြင့် ယင်းဥပဒေအရ တရားရုံးက အမွေကိုစီမံခန့်ခွဲပေးရန် တင်ပြလာခြင်း ကို လက်ခံနိုင်မည် မဟုတ်ချေ။**

**ဆုံးဖြတ်ချက်။** ။ မိသားစုစီမံမှုကို အမွေခံတို့၏ သဘောတူညီချက်ဖြင့် ပြုလုပ်၍ စီမံမှုအတိုင်း ပစ္စည်းခွဲဝေပြီးပါက အဆိုပါစီမံမှုကို ဖောက်ဖျက်ခွင့်ရှိမည် မဟုတ်ပေ။ ထို့ပြင် အဆိုပါစီမံမှုသည် တရားဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိဟူ၍လည်း သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားရုံးက အမွေပုံပစ္စည်းကို စီမံခန့်ခွဲလျှင် ကွယ်လွန်သူ အမွေရှင် ကိုးကွယ်သည့်ဘာသာအရ ခွဲဝေပေးရန်ဖြစ်သည်။ ယခုအမှုတွင် အမွေဆိုင်တစ်ဦးဦးက အစ္စလာမ်တရားဥပဒေအရ အမွေခွဲဝေပေးရန် တရားရုံးသို့ ဦးစွာလျှောက်ထားခဲ့ခြင်း မရှိဘဲ အမွေဆိုင်မောင်နှမ ၃ ဦး အချင်းချင်း သဘောတူညီချက်ဖြင့် ရယက လူကြီးများ၊ အသိသက်သေများရှေ့တွင် စာချုပ် ချုပ်ဆို၍ အမွေပစ္စည်းကို ခွဲဝေခဲ့ကြပြီး မိမိတို့ရရှိသော အမွေဝေစု မြေအစိတ်အပိုင်းကို

သီးခြားကာရံ၍ လက်ရောက်ရယူခဲ့ကြပြီး ဖြစ်ပေသည်။ အယူခံ တရားလို ဦးဘမင်းသည် ၎င်းရရှိခဲ့သော အမွေဝေစု မြေအစိတ်အပိုင်း ကို အခြားသူအား ရောင်းချ၍ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း လည်း တွေ့ရှိရသည်။ အမွေဆိုင်များအချင်းချင်း အမွေပစ္စည်းကို သဘောတူ ခွဲဝေရယူကြပြီးဖြစ်သောကြောင့် တရားရုံးက အမွေပစ္စည်း ကို စီမံခန့်ခွဲပေးရန် မလိုတော့ပေ။

ဦးဘမင်း　　　နှင့်　　　စာမျက်နှာ ၇၅
ဒေါ်မြမြ ပါ ၂

**၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ ၏ ခြွင်းချက်အရ တရားရုံးကို ကျေနပ်အောင် ဝန်ချတောင်းပန်လျှင် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်-မသင့်။**

**ဆုံးဖြတ်ချက်**။　　။ လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တိုင်စာပါ အရေးအသားများသည် တရားရုံး အသီးသီးကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာ ကို ထိခိုက်စေပြီး တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသော အခြေအမြစ်မရှိသည့် အရေးအသားများဖြစ်ကြောင်း ပေါ်ပေါက် လျက်ရှိရာ ၎င်း၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံ၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် သင့်မြတ်လျော်ကန်ခြင်းရှိမည် မဟုတ်ချေ။

ဒေါ်သန်းသန်းလွင်၊
လက်ထောက်ညွှန်ကြားရေးမှူး၊
တရားမတရားစီရင်ရေးဌာန၊
မန္တလေး　　နှင့်　　စာမျက်နှာ ၁၁၂
ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ

**အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် လျှောက်ထားမှုတွင် ကွယ်လွန်သူ နိုင်ငံခြားသားပိုင် အမွေပစ္စည်းနှင့် ပတ်သက်၍ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ ပုဒ်မ ၆ (က) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ခွင့်ပြုမိန့်ကို တင်ပြနိုင်မှသာ အမွေထိန်းလက်မှတ်စာ လျှောက်ထားပိုင်ခွင့် ရှိမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ အချင်းဖြစ်ပစ္စည်းသည် ၅-၁-၁၉၈၉ ရက်နေ့က ကွယ်လွန်သွားသည့် ဒေါ်လောရာ၏ ဖခင်ဖြစ်သူ နိုင်ငံခြားသား ဦးဂျိုးဇရက်လာဇရပ်စ် အမည်ပေါက် ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်ပြီး "ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်" ပြုမှသာလျှင် အမွေခံပုဂ္ဂိုလ်များက အမွေဆက်ခံခွင့် အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဒေါ်လောရာသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးသည့်အမိန့်ကို တင်ပြနိုင်မှသာလျှင် အမွေထိန်းလက်မှတ်စာကို လျှောက်ထားရယူပိုင်ခွင့် ရှိမည်ဖြစ်သည်။ ထိုသို့သောအမိန့် မတင်ပြနိုင်ပါဘဲလျက် မူလရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း မရှိပေ။

ဒေါ်ညွှန့်ညွှန့် (၎င်း၏အခွင့်ရ
ကိုယ်စားလှယ် ဦးမျိုးသန်း) နှင့် စာမျက်နှာ ၄၄
ဒေါ်လောရာ

# တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင် တို့ရှေ့တွင်

## ဦးခင်မောင်ရီ (ခ) စုရှန်ရီ

## နှင့်

## ဦးရင်ကြွယ် ပါ ၂*

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်+

**မြေနှင့်တိုက် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင် အရောင်းစာချုပ်အား ပယ်ဖျက် ပေးစေလိုမှု၊ ဒေါ်လှိုင်လှိုင်နှင့် ဦးခင်မောင်ရီတို့သည် ညှိနှိုင်းပြီး အရောင်းစာချုပ် ချုပ်ဆိုပေးခဲ့သော်လည်း အမှန် တကယ် ငွေပေး ငွေယူ မရှိသည့် အခြေအနေတွင် ၁၆-၅-၉၇ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ် အမှတ်၊ ၄၃၂/၉၈ ကိုပယ်ဖျက်ကြောင်း ဆုံးဖြတ်ခြင်း သည် မှန်ကန်ခြင်းရှိ-မရှိ။**

---

* ၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇ နှင့် ၁၈။

\+ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၉ နှင့် ၁၄၈ တွင် ချမှတ်သော ၁၇-၁၀-၀၆ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**ဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ တွင် “ရောင်းချခြင်း” ဆိုသည်မှာ ပေးချေသည့်တန်ဖိုး သို့မဟုတ် ပေးချေမည်ဟု ကတိပြုသည့်တန်ဖိုး သို့မဟုတ် အချို့ကိုပေးချေ၍ အချို့ကို ပေးချေမည်ဟု ကတိပြုသည့် တန်ဖိုးနှင့်လဲလှယ်၍ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ရောင်းချခြင်း မြောက်ရန်အတွက် တန်ဖိုးကို ပေးချေရမည် သို့မဟုတ် တန်ဖိုး ပေးချေမည်ဟု ကတိရှိရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုသည် ရောင်းချသောတန်ဖိုးငွေကို ပေးချေခြင်းမရှိသည့်အပြင် ငွေပေးချေရန် ကတိပြုခြင်းလည်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တန်ဖိုး သို့မဟုတ် အဖိုးစားနားပေးခြင်းသော်လည်းကောင်း၊ နောင်တွင် ပေးရန် သဘောတူခဲ့ခြင်းသော်လည်းကောင်း မရှိပါက မှတ်ပုံတင်စာချုပ် ချုပ်ဆိုထားစေကာမူ ရောင်းချခြင်းမှာ အထမမြောက်ကြောင်း **မောင်ဆိုင် နှင့် ရွှေလုံး အမှု**[၄]တွင် စီရင်ထုံးပြု ညွှန်ပြထားသည်။

သို့ဖြစ်၍ ရောင်းချခြင်းတွင် တန်ဖိုးငွေကိုပေး-မပေးမှာ အဓိကအချက်ဖြစ်သည်။ တန်ဖိုးငွေပေးစေခြင်း၊ နောင်တွင်ပေးချေရန် သဘောတူခဲ့ခြင်း မရှိသဖြင့် မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုထားသော်လည်း အရောင်းအဝယ်မှာ အထမြောက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဤအမှုတွင် အယူခံတရားလိုသည် ရောင်းချသည့် တန်ဖိုးငွေကို ပေးချေခဲ့ခြင်း မရှိသဖြင့် သက်သေခံ (စ) မှတ်ပုံတင် အရောင်းစာချုပ်မှာ တရားဝင် အထမမြောက်ကြောင်း တွေ့ရှိရသည်။

အယူခံတရားလိုအတွက် - ဦးဇမာ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက်- ဦးခင်မောင်သန်း၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၇ တွင် ဦးရင်ကြွယ် ပါ ၂ ဦးက ဦးခင်မောင်ရီ (ခ) စုရှန်ရီအပေါ် မြေနှင့်တိုက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင် အရောင်းစာချုပ် အား ပယ်ဖျက်ပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက ဒေါ်လှိုင်လှိုင်နှင့် ဦးခင်မောင်ရီတို့သည် အချင်းဖြစ် မြေနှင့်တိုက်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ၁၆-၅-၉၇ ရက်စွဲပါ မှတ်ပုံ တင်အရောင်းစာချုပ်အား ပယ်ဖျက်ရန် စွဲဆိုမှုကို ပလပ်ကြောင်း ဒီကရီ ချမှတ်သည်။

ဦးရင်ကြွယ် ပါ ၂ တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီ ကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၉ ကိုလည်းကောင်း၊ ဦးခင်မောင်ရီ က ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၈ ကိုလည်းကောင်း အသီးသီး တင်သွင်းခဲ့ကြသည်။ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးရင်ကြွယ် ပါ ၂ တို့သည် မြေနှင့် တိုက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာကာ ၁၆-၅-၉၇ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်အား ပယ်ဖျက်ကြောင်း ဒီကရီချမှတ်သည်။

ဦးခင်မောင်ရီက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီအပေါ် မကျေနပ်သဖြင့် အထူးအယူခံဝင်ခွင့် ရရှိရန် တရားမအထွေထွေ လျှောက်လွှာ (အထူး) ကို တင်သွင်းရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်)

အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

(၁) အချင်းဖြစ် မြေနှင့် အဆောက်အဦ အပါအဝင် ပစ္စည်းအရပ်ရပ်ကို တရားလို ဦးရင်ကြွယ်၊ ဒေါ်လှိုင်လှိုင်တို့ ပိုင်ဆိုင်ကြောင်း တရားရုံးချုပ်(မန္တလေးရုံးထိုင်)က မြွက်ဟကြေညာသည့် ဒီကရီချမှတ်ခြင်းသည် မှန်-မမှန်၊

(၂) တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဦးရင်ကြွယ်နှင့် ဦးခင်မောင်ရီတို့ချုပ်ဆိုသော ၁၆-၅-၉၇ ရက်စွဲပါ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်၊ ၄၃၂/၉၈ ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခြင်းသည်မှန်-မမှန်။

မူလမှုအဆိုလွှာအရ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဦးရင်ကြွယ်နှင့် တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ပြီး တရုတ်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူ ဒေါ်လှိုင်လှိုင်တို့သည် ၁၉၇၉ ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး ၂ ဦး ထွန်းကားခဲ့ကြောင်း၊ ဦးရင်ကြွယ်နှင့် ဒေါ်လှိုင်လှိုင်တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၄-၅-၉၆ နေ့တွင် လင်မယားကွာရှင်းကြရာ ရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်ဝက်စီ ခွဲဝေယူခဲ့ကြကြောင်း၊ ဦးရင်ကြွယ် အမည်ပေါက် မြေကွက်အမှတ် ၃၅၇၊ ဦးပိုင်အမှတ် ၂ ဇ မြေနှင့်တိုက်ကို ကျပ်သိန်း ၈၀ တန်ဖိုးထားပြီး ဦးရင်ကြွယ်က ၎င်း၏ ရပိုင်ခွင့် ငွေကျပ်သိန်း ၄၀ ကို ယူဆောင်သွားသဖြင့် ဒေါ်လှိုင်လှိုင်နှင့် သားသမီးများသည် အချင်းဖြစ်တိုက်ပေါ်တွင် နေထိုင်လျက်ရှိကြကြောင်း၊ ထိုစဉ် ဒေါ်လှိုင်လှိုင်၏ မောင်ဖြစ်သူ ဦးခင်မောင်ရီက အစ်မ

ဖြစ်သူ ဒေါ်လှိုင်လှိုင်သည် တရုတ်နိုင်ငံသားလက်မှတ်ကို ကိုင်ဆောင်သူဖြစ်သဖြင့် မြေနှင့်တိုက်ကို ၎င်းအမည်ဖြင့် အရောင်းစာချုပ် ချုပ်ဆိုပေးရန် ပြောဆိုလာကြောင်း၊ ထို့ကြောင့် ၁၆-၅-၉၇ နေ့တွင် စိန်ပန်းရပ်ကွက်၊ ရဝတဥက္ကဌ ဦးကျော်ဝင်းနှင့် သက်သေများရှေ့တွင် ဒေါ်လှိုင်လှိုင်နှင့် ဦးခင်မောင်ရီတို့သည် ညှိနှိုင်းပြီး အရောင်းစာချုပ် ချုပ်ဆိုပေးခဲ့သော်လည်း အမှန်တကယ် ငွေပေးငွေယူမရှိကြောင်း၊ ၁၆-၅-၁၉၉၇ နေ့တွင် မှတ်ပုံတင်အရောင်းစာချုပ်ကို ချုပ်ဆိုပေးခဲ့သော်လည်း အဖိုးစားနားပေးခြင်း မရှိသဖြင့် ယင်းစာချုပ်သည် ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလလောက်တွင် ဦးခင်မောင်ရီသည် မြေနှင့်တိုက်၏ ပိုင်ဆိုင်မှုအပေါ် ထိပါးပြောဆိုလာသဖြင့် ၂၂-၁၀-၀၄ ရက်စွဲပါ အကြောင်းကြားစာဖြင့် မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၄၃၂/၉၈ ကို ပယ်ဖျက်ပေးရန် အကြောင်းကြားခဲ့သော်လည်း ဦးခင်မောင်ရီက လိုက်နာမှုမရှိကြောင်း၊ သို့ဖြစ်၍ မူလမှုတရားလိုများသည် အချင်းဖြစ်မြေနှင့်တိုက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင် အရောင်းစာချုပ်အမှတ် ၄၃၂/၉၈ အား ပယ်ဖျက်ပေးသည့် ဒီကရီ ချမှတ်ပေးရန် အဆိုပြုဖော်ပြသည်။

မူလမှုချေလွှာအရ ဦးရင်ကြွယ်က အချင်းဖြစ်မြေနှင့် တိုက်ကိုရောင်းချခဲ့သဖြင့် ဦးခင်မောင်ရီက ရောင်းကြေးငွေပေးပြီး တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ကြောင်း၊ ဒေါ်လှိုင်လှိုင်သည် အစ်မရင်းဖြစ်၍ အချင်းဖြစ်မြေနှင့်တိုက်တွင် အိမ်စောင့်အဖြစ် အခမဲ့ နေထိုင်ခွင့်ပြုခဲ့ခြင်းသာဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထုချေသည်။

မန္တလေးတိုင်းတရားရုံးက ဦးရင်ကြွယ်နှင့် ဒေါ်လှိုင်လှိုင်တို့

သည် သက်သေခံ (ဂ) နှစ်ဦးသဘောတူလင်မယား ကွာရှင်းပြတ်စဲခြင်း နှင့် ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်အရ လင်မယားကွာရှင်းပြတ်စဲကြပြီး အချင်းဖြစ်မြေနှင့်တိုက်ကို ကျပ်သိန်း ၈၀ သတ်မှတ်၍ ဒေါ်လှိုင်လှိုင်က ဦးရင်ကြွယ်သို့ ငွေကျပ်သိန်း ၄၀ အမ်းပေးခဲ့ကြောင်း၊ ဦးရင်ကြွယ်သည် ငွေကျပ်သိန်း ၄၀ ကို လက်ခံရယူပြီး အိမ်မှဆင်းခဲ့ကြောင်း၊ မြေနှင့်တိုက်မှာ ဦးရင်ကြွယ်အမည်ပေါက်နေကြောင်း၊ ဒေါ်လှိုင်လှိုင်သည် နိုင်ငံခြားသားလက်မှတ်ကို ကိုင်ဆောင်ပြီး ဦးခင်မောင်ရီက ငွေကျပ်သိန်း ၄၀ ကို စိုက်၍အမ်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မှတ်ပုံတင်အရောင်းစာချုပ်သည် အဖိုးစားနားမရှိဘဲ ဟန်ဆောင်စာချုပ်ဖြစ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ဦးရင်ကြွယ်သည် ငွေကျပ်သိန်း ၄၀ ကို ရယူခံစားပြီး မှတ်ပုံတင်အရောင်းစာချုပ်ကို ကျေကျေနပ်နပ် လက်မှတ်ရေးထိုးပေးခဲ့သဖြင့် ယင်းစာချုပ်ကို ပယ်ဖျက်ထိုက်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ယခုအခါ ဒေါ်လှိုင်လှိုင်သည် မြန်မာနိုင်ငံသားပြုလက်မှတ်ကို ရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်လှိုင်လှိုင်နှင့် ဦးရင်ကြွယ်တို့သည် အချင်းဖြစ် မြေနှင့်တိုက်ကို ပူးတွဲပိုင်ဆိုင်သည်ကို မြွက်ဟကြေညာကြောင်း၊ မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၄၃၂/၉၈ အား ပယ်ဖျက်ရန်စွဲဆိုမှုအား ပလပ်ကြောင်း အမိန့်ချမှတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က နှစ်ဖက်သက်သေခံချက်များအရ ဦးရင်ကြွယ်နှင့် ဒေါ်လှိုင်လှိုင်တို့သည် ၄-၅-၉၆ နေ့တွင် စိန်ပန်းရပ်ကွက် ရဝတလူကြီးများရှေ့တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်းခွဲဝေမှု ပြုလုပ်ခဲ့ကြကြောင်း၊ အချင်းဖြစ်မြေနှင့် တိုက်ကို တန်ဖိုးငွေကျပ် သိန်း ၈၀ သတ်မှတ်၍ ဒေါ်လှိုင်လှိုင်က ငွေကျပ် သိန်း ၄၀ အမ်းစေရာ ဦးရင်ကြွယ်က ငွေကိုရယူပြီး အိမ်မှ

ပြောင်းရွှေ့ခဲ့သည်မှာ အငြင်းမပွားကြောင်း၊ ဦးရင်ကြွယ်က ဦးခင်မောင်ရီသို့ မြေနှင့်တိုက်ကို မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုပေးခဲ့သော်လည်း ငွေပေးငွေယူမရှိဟု ထွက်ဆိုကြောင်း၊ ဒေါ်လှိုင်လှိုင်က မောင်ဖြစ်သူ ဦးခင်မောင်ရီထံမှ ငွေကျပ်သိန်း ၄၀ ကို အကူအညီတောင်းခဲ့ကြောင်း၊ ဦးခင်မောင်ရီက ၎င်းအမည်ဖြင့် မြေနှင့်တိုက်ကိုပြုလုပ်လိုကြောင်းပြောရာ မိမိမှာ နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်သူဖြစ်၍ ဦးရင်ကြွယ်နှင့် ဦးခင်မောင်ရီတို့သည် စိန်ပန်းရဝတရုံး၌ကတိစာချုပ်ပြုလုပ်ပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုကြသည်ဟုထွက်ဆိုကြောင်း၊ ၎င်း၏ထွက်ဆိုချက်ကို ဦးပေါ်တင့် (လိုပြ-၂)၊ ဦးညာဏ်ထွန်း (လိုပြ-၃)၊ ဦးချစ်လှိုင် (လိုပြ-၅) တို့က ထောက်ခံထွက်ဆိုကြကြောင်း၊ ဦးရင်ကြွယ်နှင့် ဦးခင်မောင်ရီတို့ ချုပ်ဆိုခဲ့သောသက်သေခံ (င) နှစ်ဦးသဘောတူကတိစာချုပ်တွင် ဦးရင်ကြွယ်က ဦးခင်မောင်ရီသို့ မြေနှင့်တိုက်ကို ရောင်းချကြောင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုသော်လည်း အမှန်တကယ် ငွေပေးငွေယူမရှိခဲ့ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်သည်ငွေပေးအပ်ခြင်း၊ မြေနှင့်တိုက်ကို လက်ရောက်ရရှိခဲ့ခြင်း မရှိဘဲ အမှန်တကယ် လိမ်လည်ချုပ်ဆိုခဲ့သဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရပျက်ပြယ်ကြောင်း၊ ဒေါ်လှိုင်လှိုင်သည် ထိုစဉ်က နိုင်ငံခြားသားလက်မှတ်ကို ကိုင်ဆောင်ခဲ့သော်လည်း အချင်းဖြစ်မြေတွင် ဦးရင်ကြွယ်နှင့်အတူ အကျိုးခံစားခွင့်ရှိကြောင်း၊ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မူလမှုတရားလိုများသည် အချင်းဖြစ်မြေနှင့်တိုက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၄၃၂/၉၈ ကို ပယ်ဖျက်ကြောင်း ဒီကရီချမှတ်သည်။

ဦးရင်ကြွယ်သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဖြစ်သည်။ ဒေါ်လှိုင်လှိုင်မှာ တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ပြီး မူလက နိုင်ငံခြားသားလက်မှတ်ကို ကိုင်ဆောင်ခဲ့သူဖြစ်သည်။ ဦးရင်ကြွယ်နှင့် ဒေါ်လှိုင်လှိုင်တို့သည် ၁၉၇၉ ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး ၂ ဦး ထွန်းကားခဲ့သည်။ ဦးခင်မောင်ရီသည် ဒေါ်လှိုင်လှိုင်၏ မောင်အရင်းဖြစ်သည်။

ဦးရင်ကြွယ်နှင့် ဒေါ်လှိုင်လှိုင်တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် ၁၉၈၇ ခုနှစ်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အမှတ် ၃၅၇၊ ဦးပိုင်အမှတ် ၂ ဇ မြေနှင့်တိုက်ကို ဦးရင်ကြွယ်အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြသည်။

အမှတ် (၁) အယူခံတရားပြိုင် ဦးရင်ကြွယ်နှင့် အမှတ် (၂) အယူခံတရားပြိုင် ဒေါ်လှိုင်လှိုင်တို့က ၎င်းတို့လင်မယား ပေါင်းသင်းနေစဉ် အဆင်မပြေဖြစ်လာသဖြင့် စိန်ပန်းရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးတွင် ညှိနှိုင်းကြပြီး လင်မယားကွာရှင်းကာ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်ဦးလျှင် တစ်ဝက်စီ ခွဲဝေယူရန် သဘောတူကြကြောင်း၊ မြေနှင့်တိုက်ကို တန်ဖိုးငွေကျပ် သိန်း ၈၀ သတ်မှတ်ပြီး အမှတ် (၂) အယူခံတရားပြိုင်က ငွေကျပ်သိန်း ၄၀ ကို ၄-၅-၉၆ နေ့တွင် ပြန်အမ်းခဲ့သဖြင့် အမှတ် (၁) အယူခံတရားပြိုင်သည် အိမ်ပေါ်မှဆင်းသွားခဲ့ကြောင်းဖြင့် ထွက်ဆိုထားသည်။ အယူခံတရားပြိုင်များ၏ ထွက်ဆိုချက်ကို မူလမှုတရားလိုပြသက်သေ (၁) ဦးပေါ်တင့်က ထောက်ခံထွက်ဆိုသည်။

သက်သေခံ (ခ) ၂၆-၄-၉၆ ရက်စွဲပါ လူမှုရေးဖြေရှင်းချက်တွင် မြေနှင့်တိုက်တန်ဖိုးကို ငွေကျပ်သိန်း ၈၀ သတ်မှတ်ပြီး အမှတ်

(၂) အယူခံတရားပြိုင်က ၃-၅-၉၆ နေ့တွင် ငွေကျပ်သိန်း ၄၀ အမ်းမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

သက်သေခံ (ဂ) ၄-၅-၉၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲကြောင်းနှင့် မြေနှင့်တိုက်၏ တန်ဖိုးငွေ ကျပ် သိန်း ၈၀ ၏တစ်ဝက် ငွေကျပ်သိန်း ၄၀ ကို အမှတ် (၂) အယူခံ တရားပြိုင်က အမှတ် (၁) အယူခံတရားပြိုင်သို့ ၄-၅-၉၆ နေ့တွင် မပျက်မကွက်ပေးမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် အမှတ် (၁) အယူခံတရားပြိုင်နှင့် အမှတ် (၂) အယူခံတရားပြိုင်တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြီး ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း များကို တစ်ဝက်စီခွဲဝေယူရန် သဘောတူကြကာ အချင်းဖြစ်မြေနှင့် တိုက်ခန်း တန်ဖိုးငွေကျပ်သိန်း ၈၀ သတ်မှတ်ပြီး အမှတ် (၂) အယူခံ တရားပြိုင်က အမှတ် (၁) အယူခံတရားပြိုင်သို့ ငွေကျပ်သိန်း ၄၀ အမ်းပေးသဖြင့် အမှတ် (၁) အယူခံတရားပြိုင်သည် တိုက်မှဆင်းသွား ကြောင်းမှာ ထင်ရှားသည်။

သက်သေခံ (စ) မှတ်ပုံတင် မြေနှင့်တိုက် အရောင်းစာချုပ် အမှတ် ၄၃၂/၉၈ တွင် အမှတ် (၁) အယူခံတရားပြိုင်က အယူခံ တရားလိုသို့ အချင်းဖြစ် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်း ရပ်ကွက်၊ အကွက်အမှတ် ၃၅၇၊ ဦးပိုင်အမှတ် ၂ ဇ၊ ဘိုးဘွားပိုင်မြေနှင့် အဆောက်အဦကို အပြီးအပိုင် လက်ရောက်လွှဲပြောင်း ရောင်းချ ကြောင်း ဖော်ပြထားသည်။

အမှတ် (၁) အယူခံတရားပြိုင်က သက်သေခံ (စ) မှတ်ပုံတင်

အရောင်းစာချုပ်သည် အမှန်တကယ် ငွေပေးချေခြင်းမရှိဘဲ စာချုပ်ချုပ်ဆို ပေးခဲ့ခြင်းသာဖြစ်သည်ဟု မူလမှုတွင်ထွက်ဆိုထားသည်။

အမှတ် (၂) အယူခံတရားပြိုင် ဒေါ်လှိုင်လှိုင်က မောင်ဖြစ်သူ အယူခံတရားလိုထံမှ မြေနှင့်တိုက်အတွက် ငွေအမ်းရန် ငွေကျပ်သိန်း ၄၀ ကို အကူအညီတောင်းခံခဲ့ကြောင်း၊ မိမိကပြောကြားသဖြင့် အမှတ် (၁) အယူခံတရားပြိုင်က မှတ်ပုံတင်အရောင်းစာချုပ်ကို ချုပ်ဆိုပေးခဲ့ကြောင်း ထွက်ဆိုထားသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၉၁ နှင့် ၉၂ တို့အရ စာရွက်စာတမ်း သက်သေခံချက်ရှိပြီးသည့် ပဋိညာဉ်စာချုပ်ပါ အချက်ကို ဆန့်ကျင်ပြီး နှုတ်သက်သေခံချက် ပေးနိုင်ခြင်းမရှိကြောင်း ကန့်သတ်ထားသည် မှန်သော်လည်း အဆိုပါ အငြင်းပွားစာချုပ်မှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိဘဲ ဟန်ဆောင် ချုပ်ဆိုခဲ့ခြင်းဖြစ်လျှင် စာရွက်စာတမ်းအား ဆန့်ကျင်၍ နှုတ်သက်သေခံ တင်ပြခွင့်ရှိသည်။ **ဦးသိန်းဟန်** နှင့် **ဦးဘသိုက် ပါ ၂ အမှု**[၁] နှင့် **ဒေါ်တင်အေး (ကွယ်လွန်) ၏ တရားဝင်ကိုယ်စားလှယ် မခင်အေးတင့် ပါ ၄** နှင့် **ဒေါ်စိန်နု အမှု**[၂] တို့ကို ကြည့်ပါ။

သက်သေခံ (င) ၁၅-၅-၉၇ ရက်စွဲပါ သဘောတူကတိစာချုပ်ကို အမှတ် (၁) အယူခံတရားပြိုင်နှင့် အယူခံတရားလိုတို့က လက်မှတ်ရေးထိုး၍ ချုပ်ဆိုခဲ့ကြသည်။ စိန်ပန်းရပ်ကွက်ကောင်စီရုံး လူကြီးများရှေ့တွင် အမှတ် (၁) အယူခံတရားပြိုင်နှင့် ယင်းစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း အယူခံတရားလိုက ဝန်ခံထားသည်။ ထိုစာချုပ်တွင် အမှတ်

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၁၁၁

(၂) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၄

(၁) အယူခံတရားပြိုင်နှင့် အမှတ် (၂) အယူခံတရားပြိုင်တို့သည် ၄-၅-၉၆ နေ့တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် လင်မယား ကွာရှင်းပြတ်စဲခဲ့ကြကြောင်း၊ လင်မယား ကွာရှင်းပြတ်စဲပြီးနောက် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တစ်ယောက်တစ်ဝက်စီ ခွဲဝေရယူပြီး နောက် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့် မြေနှင့်နှစ်ထပ်တိုက် ကို ကာလတန်ဖိုးထက်လျှော့ပြီး ငွေကျပ်သိန်း ၈၀ တန်ဖိုးသတ်မှတ်၍ တန်ဖိုးတစ်ဝက် ငွေကျပ်သိန်း ၄၀ ကို အမ်းနိုင်သူက အမ်းရန် ဖြစ်ကြောင်း၊ အယူခံတရားလိုက မြေနှင့်တိုက်ကို အရောင်းစာချုပ် ချုပ်ဆိုပေးရန်ပြောရာ အမှတ် (၂) အယူခံတရားပြိုင်ကလည်း သဘောတူကြောင်း၊ သို့ဖြစ်၍ အမှတ် (၁) အယူခံတရားပြိုင်က မြေနှင့်တိုက်ကိုရောင်းချကြောင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုသော်လည်း အမှန်တကယ် ငွေပေးငွေယူ မရှိခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

အယူခံတရားလို ဦးခင်မောင်ရီက အချင်းဖြစ်မြေနှင့်တိုက်ကို အမှတ် (၁) အယူခံတရားပြိုင်ထံမှ ဝယ်ယူပြီး ငွေကျပ် သိန်း ၄၀ ကို ပေးချေခဲ့ကြောင်း မူလမှုတွင်ထွက်ဆိုခဲ့သည်။ သို့ရာတွင် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်တွင် အမှတ် (၁) အယူခံတရားပြိုင်က အယူခံတရားလိုသို့ မြေနှင့်တိုက်ကို ငွေကျပ် ၁၀ သိန်းဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချကြောင်း ဖော်ပြထားရာ အယူခံတရားလို၏ထွက်ဆို ချက်နှင့် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်ပါ ရောင်းကြေး ငွေနှစ်ရပ်တို့ ကွဲလွဲနေသည်မှာ မြင်သာပေသည်။

သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်တွင် သက်သေ အဖြစ် လက်မှတ်ရေးထိုးခဲ့သော မူလမှု တရားပြိုင်ပြသက်သေ (၁) ဦးမြင့်အောင်အား အယူခံတရားပြိုင်များ၏ ရှေ့နေက ပြန်လှန်စစ်မေး

သောအခါ ဦးရင်ကြွယ်က ဦးခင်မောင်ရီသို့ မြေနှင့်တိုက်ကို ငွေကျပ်သိန်း ၄၀ ဖြင့် ရောင်းချခဲ့သည်ဟုဆိုသော်လည်း မိမိရှေ့တွင် ငွေပေးချေခြင်းမရှိဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။

မူလမှုတရားပြိုင်ပြသက်သေ (၂) ဦးမြင့်ဆွေသည် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်၌ သက်သေအဖြစ် လက်မှတ်ရေးထိုးထားသည်။ ဦးမြင့်ဆွေက အယူခံတရားလိုနှင့် အမှတ် (၁) အယူခံတရားပြိုင်တို့ မြေနှင့်တိုက် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာ ငွေကျပ်သိန်း ၄၀ ပေးသည့်ကိစ္စကို မိမိမရှိ၍ မသိရဟုဆိုသည်။

ဦးမြင့်အောင် (ပြိုင်ပြ-၁) နှင့် ဦးမြင့်ဆွေ (ပြိုင်ပြ-၂) တို့သည် သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်တွင် သက်သေအဖြစ် လက်မှတ်ရေးထိုးထားသည့်အပြင် အယူခံတရားလို တင်ပြထားသည့် သက်သေများဖြစ်ကြသော်လည်း ၎င်းတို့ကိုယ်တိုင်ကပင် အယူခံတရားလိုက စာချုပ် ချုပ်ဆိုသည့်အချိန်တွင် ငွေပေးချေခြင်းရှိ-မရှိ မသိကြောင်း ထွက်ဆိုထားသဖြင့် အယူခံတရားလိုသည် အမှတ် (၁) အယူခံတရားပြိုင်သို့ ငွေကျပ်သိန်း ၄၀ ပေးချေသည်ဟူသောအချက်မှာ မူလမှုတွင် ထင်ရှားခြင်းမရှိဟု ဆိုရပေမည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ တွင် "ရောင်းချခြင်း" ဆိုသည်မှာ ပေးချေသည့် တန်ဖိုး သို့မဟုတ် ပေးချေမည်ဟု ကတိပြုသည့် တန်ဖိုး သို့မဟုတ် အချို့ကိုပေးချေ၍ အချို့ကိုပေးချေမည်ဟု ကတိပြုသည့် တန်ဖိုးနှင့် လဲလှယ်၍ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ရောင်းချခြင်းမြောက်ရန်အတွက် တန်ဖိုးကို ပေးချေရမည် သို့မဟုတ် တန်ဖိုး ပေးချေမည်ဟု ကတိရှိရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုသည် ရောင်းချ

သောတန်ဖိုးငွေကို ပေးချေခြင်းမရှိသည့်အပြင် ငွေပေးချေရန် ကတိပြု ခြင်းလည်း မရှိပေ။

**SAFOORA BI BI (alias) MA MYA THAN & MAUNG KHIN NYUNT (alias) A.J. SHIRAZEE** အမှု[၃] တွင် အောက်ပါအတိုင်း လမ်းညွှန်ထားသည် -

> "Price is an essential ingredient in all sales and in the absence thereof the transfer is not a sale"

တန်ဖိုး သို့မဟုတ် အဖိုးစားနားပေးခြင်းသော်လည်းကောင်း၊ နောင်တွင်ပေးရန် သဘောတူခဲ့ခြင်းသော်လည်းကောင်း မရှိပါက မှတ်ပုံတင်စာချုပ် ချုပ်ဆိုထားစေကာမူ ရောင်းချခြင်းမှာ အထမမြောက် ကြောင်း **မောင်ဆိုင်** နှင့် **ရွှေလုံး အမှု**[၄] တွင် စီရင်ထုံးပြု ညွှန်ပြ ထားသည်။

သို့ဖြစ်၍ ရောင်းချခြင်းတွင် တန်ဖိုးငွေကိုပေး-မပေးမှာ အဓိကအချက်ဖြစ်သည်။ တန်ဖိုးငွေပေးစေခြင်း၊ နောင်တွင် ပေးချေရန် သဘောတူခဲ့ခြင်း မရှိသဖြင့် မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုထား သော်လည်း အရောင်းအဝယ်မှာ အထမြောက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဤအမှုတွင် အယူခံတရားလိုသည် ရောင်းချသည့် တန်ဖိုး ငွေကို ပေးချေခဲ့ခြင်း မရှိသဖြင့် သက်သေခံ (စ) မှတ်ပုံတင်အရောင်း စာချုပ်မှာ တရားဝင် အထမမြောက်ကြောင်း တွေ့ရှိရသည်။

---

(၃) 1962 BLR (HC). 135

(၄) အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ -၃၆၉

သက်သေခံ (စ) မှတ်ပုံတင်အရောင်းစာချုပ်မှာ တရားမဝင်သဖြင့် အချင်းဖြစ်မြေနှင့်တိုက်ကို အယူခံတရားပြိုင်များကသာ ပိုင်ဆိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာသည့် ပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(၁) အချင်းဖြစ်မြေနှင့် အဆောက်အဦ အပါအဝင် ပစ္စည်းအရပ်ရပ်ကို တရားလို ဦးရင်ကြွယ်၊ ဒေါ်လှိုင်လှိုင်တို့က ပိုင်ဆိုင်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က မြွက်ဟကြေညာသည့် ဒီကရီ ချမှတ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း၊

(၂) တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဦးရင်ကြွယ်နှင့် ဦးခင်မောင်ရီတို့ ချုပ်ဆိုသော ၁၆-၅-၉၇ ရက်စွဲပါ အမှုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်အမှတ် ၄၃၂/၉၈ ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခြင်းသည် မှန်ကန်ကြောင်း။

အထက်ပါအကြောင်းများကြောင့် တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၉/၀၆ နှင့် ၁၄၈/၀၆ တို့တွင် ချမှတ်ထားသည့် စီရင်ချက်နှင့်ဒီကရီအသီးသီးတို့ကို အတည်ပြု၍ ဤတရားမအထူးအယူခံမှုများကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/- စီ သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးဟန်ရှိန် တို့ရှေ့တွင်

## ဦးစန်းမောင် ပါ ၅

## နှင့်

## ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီး*

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်+

**သေတမ်းစာ အတည်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားမှု၊ သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူအား သေတမ်းစာ အတည်ပြု လက်မှတ် ထုတ်ပေးခြင်းသည် မှန်ကန်မှုရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

---

* ၂၀၀၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၂။

\+ ၂၀၀၅ ခုနှစ်၊ တရားအထွေထွေအယူခံမှုအမှတ် ၃၄ တွင်ချမှတ်သော ၃၀-၉-၀၅ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

"222 (1). Probate shall be granted only to on executor appointed by the will."

ယင်းပြဋ္ဌာန်းချက်အရ သေတမ်းစာအတည်ပြုလက်မှတ်ကို သေတမ်းစာတွင် ခန့်ထားသော သေတမ်းစာအတည်ပြုသူ တစ်ဦးတစ်ယောက်ကိုသာ ခွင့်ပြုနိုင်သည်။ သို့ဖြစ်၍ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးနိုင်မည်မဟုတ်ပေ။ ထို့ပြင် သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များ သတ်မှတ်ရာ၌ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၇၆ (၁) (င) အရ သေတမ်းစာ အတည်ပြုလက်မှတ်ရရန် လျှောက်ထားရာ၌ လျှောက်ထားသူသည် သေတမ်းစာတွင် အမည်ဖော်ပြပါရှိသည့် သေတမ်းစာ အတည်ပြုသူဖြစ်ကြောင်းဖော်ပြရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ အဆိုပါသေတမ်းစာတွင် သေတမ်းစာအတည်ပြုသူအဖြစ် ဒေါ်ခင်မြယုအား ခန့်ထားခြင်းမရှိသဖြင့် တရားရုံးက ၎င်းအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးခြင်းသည် ဥပဒေနှင့် မညီညွတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးမင်းလွင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီး (ကိုယ်တိုင်လာသည်) |

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၂ ခုနှစ် တရားမအထွေထွေမှု အမှတ် ၇၂ တွင် ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီးက ဦးစန်းမောင်

ပါ ၅ တို့အပေါ် အဘွားဒေါ်လှရင် ရေးသားထားခဲ့သော ၄-၁၀-၇၃ ရက်စွဲပါ သေတမ်းစာအရ သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက ဒေါ်ခင်မြယု လျှောက်ထားသည့်အတိုင်း သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးသည့် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဦးစန်းမောင် ပါ ၅ တို့က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ၂၀၀၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၄ ကို တင်သွင်းရာ မအောင်မြင်ပေ။ ထို့ကြောင့် ဦးစန်းမောင်တို့က တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

(က) သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူ ဒေါ်ခင်မြယုအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးသည့် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်သည် အမှုတွဲတွင် ပေါ်ပေါက်လျက်ရှိသော သက်သေခံ အထောက်အထားများအရ မှန်ကန်မှုရှိ-မရှိ၊

( ခ) မန္တလေးခရိုင်တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၀၂ တွင် ဒေါ်လှရင်က ဒေါ်ခင်မြယုအား အချင်းဖြစ်အခန်း ၄ ခန်းကို သေတမ်းစာဖြင့် ပေးခဲ့သည်ဆိုခြင်း မမှန်ကြောင်း သက်သေခံ (၂) စီရင်ချက်

အရ ဆုံးဖြတ်ပြီးဖြစ်ရာ အဆိုပါဆုံးဖြတ်ချက်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ယခုစွဲဆိုသော အမှုတွင် မီးသေခြင်းရှိ-မရှိ။

မူလရုံးလျှောက်ထားသူ ဒေါ်ခင်မြယုက ဖခင်ဦးကျော်ဌေး၏ မိခင် ဒေါ်လှရင်သည် မန္တလေးမြို့၊ ချမ်းအေးသာစံအလယ်ရပ်၊ အကွက်အမှတ် (၅၉၈)၊ ဦးပိုင် (၁၇)၊ ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် အပေါ်အောက် ၄ ခန်းကို ပိုင်ဆိုင်ကြောင်း၊ ဒေါ်လှရင် မကွယ်လွန်မီ အတူနေမြေး ဒေါ်ခင်မြယုအား ၄-၁၀-၇၃ ရက်နေ့တွင် ၎င်း၏ လွတ်လပ်သောသဘောဆန္ဒဖြင့် သေတမ်းစာ ပြုလုပ်ပေးခဲ့ကြောင်း၊ ဒေါ်လှရင်သည် ၁၀-၇-၇၄ ရက်နေ့တွင် ကွယ်လွန်ရာ သေတမ်းစာမှာ နှစ်ပေါင်း (၃၀) ရှိပြီဖြစ်ကြောင်း၊ သေတမ်းစာအရ ပေးသောပစ္စည်းတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း အချင်းဖြစ်မြေနှင့် တိုက်အပြင် စိန်ရွှေရတနာများ ပါဝင်ကြောင်း၊ မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၈၅/၉၁ တွင် သေတမ်းစာမူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံမိတ္တူကို သက်သေခံအဖြစ် ဒေါ်ခင်မြယုက တင်ပြခဲ့ကြောင်း၊ ထို့နောက် သေတမ်းစာမူရင်းမှာ ပျောက်ဆုံးသွားကြောင်း၊ ဒေါ်လှရင် ကွယ်လွန်ပြီးနောက် ဦးကျော်ဌေး၊ ဦးစန်းမောင်တို့က ဒေါ်ခင်မြယုအား သေတမ်းစာအတုပြုလုပ်မှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၆၃/၉၆ အရ တရားစွဲဆိုသော်လည်း အရေးယူခံရခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်မြယုအနေဖြင့် အဘွား ဒေါ်လှရင် ပေးခဲ့သောပစ္စည်းများ စီမံခန့်ခွဲနိုင်ရန်အတွက် သေတမ်းစာ အတည်ပြုလက်မှတ် ရလိုကြောင်း ဖော်ပြစွဲဆိုသည်။

မူလရုံးလျှောက်ထားခံရသူ ဦးစန်းမောင်တို့က အချင်းဖြစ်မြေ

နှင့် နှစ်ထပ်တိုက်အဆောက်အဦမှာ ဒေါ်လှရင် ပိုင်ဆိုင်ကြောင်း၊ ဒေါ်လှရင်သည် တိုက်မြောက်ဘက်(အနောက်ဘက်ခြမ်း) ကို သားကြီး ဦးကျော်ဌေးအားလည်းကောင်း၊ တိုက်မြောက်ဘက် (အရှေ့ခြမ်း) ကို သားငယ်ဦးစန်းမောင်အားလည်းကောင်း၊ မှတ်ပုံတင်စာချုပ်ဖြင့် ၁၉၆၂ ခုနှစ်တွင် ပေးကမ်းခဲ့ကြောင်း၊ တိုက်တောင်ဘက်ခြမ်းကို ဦးတင်ဖေကြီး၊ ဦးမျိုးတင်၊ ဦးအဇီမူလာနှင့် ဦးအလီမူလာတို့အား အငှားချထား ကြောင်း၊ ဒေါ်လှရင် ကွယ်လွန်သောအခါ သားဦးကျော်ဌေးနှင့် ဦးစန်းမောင်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားမကြီးမှုအမှတ် ၁၇၃/၉၂ တွင် ဒေါ်ခင်မြယု၏ အဆိုလွှာနှင့် ကျမ်းကျိန်ဖြေဆိုချက် အရ ဒေါ်လှရင်သည် သေတမ်းစာ ရေးသားခဲ့ခြင်းမရှိကြောင်း၊ သေတမ်းစာအတုနှစ်စောင်ကို မမှန်မကန်ပြုလုပ်ပြီး ဦးကျော်ဌေးတို့ အမည်ပေါက်မြေကို ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီး အမည်သို့ ပြောင်းရန် လျှောက်ထားခဲ့ကြောင်း၊ ထို့ပြင် ချမ်းအေးသာစံမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဒေါ်ခင်မြယုက တစ်ဖက်သတ် ကြေညာစာတမ်း ပြုလုပ်ခဲ့ကြောင်း၊ ဒေါ်ခင်မြယု တင်ပြသည့် သေတမ်းစာမှာ ဒေါ်လှရင်ရေးခဲ့ သည့် သေတမ်းစာ မဟုတ်ကြောင်း စသည်ဖြင့် ဖော်ပြကန့်ကွက်ခဲ့သည်။

မန္တလေးတိုင်းတရားရုံးက နှစ်ဖက်တင်ပြသော စာရွက်စာတမ်းများအရ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နေ့စွဲဖြင့် အခွန်တော် ၁/-တန် တံဆိပ်ခေါင်းစာရွက်ပေါ်တွင် သေတမ်းစာချုပ်ဟူ၍ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ပြုလုပ် ချုပ်ဆိုထားသော ဓာတ်ပုံမိတ္တူ ၂ စောင် တွေ့ရှိရာ တစ်စောင်တွင် သေတမ်းစာပြုလုပ်သူ ဒေါ်လှရင် နေရာ၌ "မလှရင်" ဟူ၍ လက်မှတ်ရေးထိုးထားကြောင်း၊ ထိုဓာတ်ပုံ

မိတ္တူကို တရားမကြီးမှုအမှတ် ၈၅/၉၁ တွင် သက်သေခံ (၅) အဖြစ် လက်ခံထားကြောင်း၊ နောက်တစ်စောင်တွင် သေတမ်းစာပြုလုပ်သူ ဒေါ်လှရင်နေရာ၌ "ဒေါ်လှရင်" ဟူ၍ လက်မှတ်ရေးထိုးထားကြောင်း၊ ယင်းဓာတ်ပုံမိတ္တူကို တရားမကြီးမှုအမှတ် ၆၂/၉၅ တွင် သက်သေခံ (ခ) အရ ယာယီလက်ခံထားကြောင်း၊ အဆိုပါသေတမ်းစာချုပ်ဓာတ်ပုံမိတ္တူ ၂ စောင်ပါ အတွင်းစာသားများနှင့် လက်နှိပ်စက်စာကြောင်း အဖြတ်အတောက် အကူးအပြောင်း၊ စာပိုဒ်ခေါင်းစဉ်နေရာ ထားသိုပုံ တို့မှာ အတူတူပင်ဖြစ်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၈ တွင် သေတမ်းစာပျောက်ဆုံး သို့မဟုတ် ပျက်စီးခဲ့လျှင် သေတမ်း စာပါ အကြောင်းအရာများကို သက်သေခံချက်နှင့် ထင်ရှားအောင် ပြသနိုင်ကြောင်း၊ ယင်းသို့ ထင်ရှားအောင် ပြသနိုင်လျှင် အတည်ပြု လက်မှတ်ပေးအပ်ခွင့်ရကြောင်းဖြင့် ပြဌာန်းထားကြောင်း၊ သေတမ်းစာ ဓာတ်ပုံမိတ္တူတွင် လက်မှတ်များ တစ်မျိုးစီ ပေါ်ပေါက်နေသော်လည်း မူလက သေတမ်းစာမူရင်းရှိခဲ့၍သာ ဓာတ်ပုံမိတ္တူများပေါ်ထွက်လာ သည်ဟု ကောက်ယူနိုင်ကြောင်း၊ ဒေါ်လှရင်သည် သားနှစ်ဦးကို အထက်အောက် ၄ ခန်းစီပေးပြီး ကျန် ၄ ခန်းကို အတူနေ မြေး အကြီးဆုံးဖြစ်သူ ဒေါ်ခင်မြယုအား သေတမ်းစာရေးပေးခြင်းမှာ ဖြစ်ဟန်ချေရှိကြောင်း၊ သေတမ်းစာမှာ ဥပဒေနှင့်အညီ အမွေရှင် မကွယ်လွန်မီ ပိုင်ဆိုင်သောပစ္စည်း၏ ၃ ပုံ ၁ ပုံကို စီစဉ်ဆောင်ရွက်ခဲ့ ခြင်း ဖြစ်ဟန်ရှိကြောင်း သုံးသပ်ဆုံးဖြတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အမှုတွဲရှိ အထောက် အထားများအရ ဒေါ်လှရင်၏ သေတမ်းစာမူရင်း ရှိခဲ့သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ

၂၃၈ အရ သေတမ်းစာမူရင်းသော်လည်းကောင်း၊ မိတ္တူသော် လည်းကောင်း မတင်ပြနိုင်လျှင် သေတမ်းစာပါ အကြောင်းအရာကို သက်သေထင်ရှား ပြသနိုင်လျှင် သေတမ်းစာအတည်ပြုလက်မှတ်ကို ထုတ်ပေးနိုင်ကြောင်း၊ ဒေါ်ညိုညို (လိုပြ-၄) (မူလရုံးလျှောက်ထားသူ နှင့် အမှတ် ၂ မှ ၅ ထိ လျှောက်ထားခံရသူတို့၏မိခင်) ထွက်ချက် အရ သေတမ်းစာကို ဒေါ်လှရင်က ရေးသားခဲ့သည်မှာ ထင်ရှား ပေါ်လွင်ကြောင်း၊ မူလရုံးက ဒေါ်လှရင်အနေဖြင့် မြေးဒေါ်ခင်မြယု အား မည်သည့်အတွက် သေတမ်းစာ ရေးပေးရကြောင်းကို သုံးသပ် ထားသည်မှာ မှားယွင်းခြင်းမရှိကြောင်း ကောက်ယူဆုံးဖြတ်ကာ မူလရုံး အမိန့်ကို အတည်ပြုသည်။

အယူခံတရားလိုများ၏ ရှေ့နေက အဖွားဖြစ်သူ ဒေါ်လှရင် ပြုလုပ်ခဲ့သော သေတမ်းစာကို အမှုတွင် သက်သေခံအမှတ် (ခ) အရ ဒေါ်ခင်မြယုက တင်ပြထားကြောင်း၊ အဆိုပါ သေတမ်းစာ၌ ဒေါ်ခင်မြယုကိုသော်လည်းကောင်း၊ အခြားတစ်စုံတစ်ဦးကိုသော် လည်းကောင်း သေတမ်းစာအတည်ပြုသူအဖြစ် ဒေါ်လှရင်က ခန့်ထား ခဲ့ခြင်းမရှိကြောင်း၊ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၂၂ (၁) ပြဋ္ဌာန်းချက်အရ သေတမ်းစာတွင် ခန့်ထားသော သေတမ်းစာ အတည်ပြုသူကိုသာ သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရ မည်ဖြစ်ကြောင်း၊ သေတမ်းစာအရ သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေး နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူ ဒေါ်ခင်မြယုအား သေတမ်း စာ အတည်ပြုလက်မှတ် ထုတ်ပေးထားခြင်းကို ပြန်လည်စိစစ်သင့်

ကြောင်း၊ သေတမ်းစာစာချုပ်ကို ဒေါ်လှရင်က အမှန်တကယ် ရေးသားခဲ့ခြင်းရှိ-မရှိနှင့်စပ်လျဉ်း၍ အငြင်းပွားသော အကြောင်းအရာသည် ယခင် မန္တလေးခရိုင်တရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၀၂ တွင် အငြင်းပွားခဲ့သော အကြောင်းအရာ ဖြစ်သည်မှာ ထင်ရှားကြောင်း၊ နှစ်ဖက်အမှုသည်များသည် နှစ်မှုလုံးတွင် ဒေါ်လှရင်၏ သေတမ်းစာအရ ရရှိသည့် အခွင့်အရေးအပေါ် တရားဆိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်အမှုတွင် အဆုံးအဖြတ်ပေးခဲ့သော တရားရုံးသည် ယခုအမှုကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း၊ အငြင်းပွားသည့်၄-၁၀-၇၃ ရက်စွဲပါ သေတမ်းစာကို ဒေါ်လှရင်က အမှန်တကယ် ရေးသားခဲ့ခြင်းရှိ-မရှိ ပြဿနာကို ယခင်အမှုတွင် ကြားနာ၍ အပြီးသတ်ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုအမှုတွင် တိုင်းတရားရုံးက ယင်းပြဿနာကို ထပ်မံစိစစ်ခွင့်ရှိမည် မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ဒေါ်ခင်မြယုက သေတမ်းစာမှာ ဥပဒေနှင့်အညီ ကွယ်လွန်သူ အမွေရှင်မကွယ်လွန်မီ ပိုင်ဆိုင်ခဲ့သော ပစ္စည်း၏ ၃ ပုံ ၁ ပုံကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဘွားဖြစ်သူ ဒေါ်လှရင်၏ သေတမ်းစာဖြင့် ပေးအပ်ခြင်းခံရသူ ကိုယ်တိုင် သေတမ်းစာပါ ပစ္စည်းများကို စီမံခန့်ခွဲရန်အတွက် သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးရန် မူလတိုင်းတရားရုံး၌ လျှောက်ထားခဲ့ခြင်းဖြစ်ရာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၇၆၊ ၂၈၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းခြင်းဖြစ်ကြောင်း၊ သေတမ်းစာတွင် အခြေခံလိုအပ်ချက်များ ပြည့်စုံစွာ ဖော်ပြပါရှိသဖြင့် တရားဝင်ခိုင်မာသော သေတမ်းစာဖြစ်ပြီး အမှုတွင် ဖြောင့်ဆိုဝန်ခံလွှာတင်သွင်းသူ ဒေါ်ညိုညို (လိုပြ-၄) ၏ ထွက်ဆိုချက်အရ သေတမ်းစာကို ဒေါ်လှရင် ရေးသားခဲ့

ကြောင်းမှာ ထင်ရှားပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ အမွေရှင်ဒေါ်လှရင်၏ ရည်ရွယ်ချက်သည် မြေးဖြစ်သူ ဒေါ်ခင်မြယုသို့ မိမိပိုင် ပစ္စည်းများ ပေးအပ်ကြောင်း ပေါ်လွင်ထင်ရှားရန်သာ အဓိက အရေးကြီးလိုအပ်ကြောင်း၊ တရားမကြီးမှုအမှတ် ၂၀၂/၉၈ သည် ဒေါ်ခင်မြယုက ဦးတင်ဖေ၊ ဦးကျော်ဌေး၊ ဦးစန်းမောင်တို့အပေါ် ဝရမ်းကပ်ထားသော အခန်း ၂ ခန်းနှင့်စပ်လျဉ်း၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၈ နှင့် ၄၂ အရ စွဲဆိုသောအမှုဖြစ်ပြီး တရားမအထွေထွေမှုအမှတ် ၇၂/၀၂ သည် လျှောက်ထားခံရသူမှ ကွယ်လွန်သူ အမွေရှင် ဒေါ်လှရင်၏ သေတမ်းစာပါ ပစ္စည်းများကို စီမံခန့်ခွဲနိုင်ရန်အတွက် သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားသောအမှုဖြစ်ကြောင်း၊ လျှောက်ထားခံရသူကို သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မီးသေဆုံးဖြတ်ချက်မဟုတ်သဖြင့် မူလတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်သည် တရားဥပဒေအရ တိမ်းစောင်းချွတ်ချော်ခြင်းမရှိကြောင်း၊ ဤတရားမအထူးအယူခံအား စရိတ်နှင့်တကွပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကို စိစစ်ရာတွင် ဒေါ်ခင်မြယု(ခ)ဒေါ်ခင်မမကြီးက အဘွားဖြစ်သူဒေါ်လှရင် ရေးသားခဲ့သည့် ၄-၁၀-၇၃ ရက်စွဲပါ သေတမ်းစာအရ သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။ ယင်းလျှောက်ထားချက်အပေါ် ဦးစန်းမောင်တို့က ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။

ယင်းသို့ ကန့်ကွက်လွှာတင်သွင်းခဲ့သော်လည်း တိုင်းတရားရုံးက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တရားမကြီးမှု ပြောင်းလဲဖွင့်လှစ်ခြင်းမပြုဘဲ နှစ်ဖက်သက်သေခံချက်

များ ရယူကာ ဒေါ်ခင်မြယု လျှောက်ထားသည့်အတိုင်း သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးခဲ့ကြောင်း တွေ့ရသည်။

ဒေါ်ခင်မြယုက ဒေါ်လှရင် ပြုလုပ်ခဲ့သော သေတမ်းစာ သက်သေခံအမှတ် (ခ) ကို တင်ပြသည်။ ယင်းသေတမ်းစာတွင် ပစ္စည်း စာရင်းကို ဖော်ပြထားသော်လည်း ဒေါ်လှရင်က ယင်းသေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ဒေါ်ခင်မြယုကိုသော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း ခန့်ထားခြင်း မရှိခဲ့ပေ။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၂၂ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်-

" 222 (1). Probate shall be granted only to on executor appointed by the will."

ယင်းပြဋ္ဌာန်းချက်အရ သေတမ်းစာ အတည်ပြုလက်မှတ်ကို သေတမ်းစာတွင် ခန့်ထားသော သေတမ်းစာအတည်ပြုသူ တစ်ဦး တစ်ယောက်ကိုသာ ခွင့်ပြုနိုင်သည်။ သို့ဖြစ်၍ သေတမ်းစာအတည်ပြု သူအဖြစ် ခန့်ထားခြင်း မခံရသူအား သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးနိုင်မည် မဟုတ်ပေ။ ထို့ပြင် သေတမ်းစာအတည်ပြု လက်မှတ် ထုတ်ပေးရန် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များ သတ်မှတ်ရာ၌ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၇၆ (၁) (င) အရ သေတမ်းစာ အတည်ပြုလက်မှတ် ရရန် လျှောက်ထားရာ၌ လျှောက်ထားသူသည် သေတမ်းစာတွင် အမည်ဖော်ပြ ပါရှိသည့် သေတမ်းစာ အတည်ပြုသူဖြစ်ကြောင်း ဖော်ပြရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ အဆိုပါသေတမ်းစာတွင် သေတမ်းစာအတည်ပြုသူအဖြစ် ဒေါ်ခင်မြယုအား ခန့်ထားခြင်းမရှိသဖြင့် တရားရုံးက ၎င်းအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးခြင်းသည် ဥပဒေနှင့် မညီညွတ်ပေ။

တစ်ဖန် မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၂/၉၈ တွင် ဒေါ်ခင်မြယုက ဦးတင်ဖေ၊ ဦးကျော်ငွေးနှင့် ဦးစန်းမောင်တို့အပေါ် ပစ္စည်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အခန်း ၂ ခန်း လက်ရောက်ရလိုမှု စွဲဆိုခဲ့သည်။ ယင်းအမှုတွင် ခရိုင်တရားရုံးက အောက်ဖော်ပြပါငြင်းချက်ကို ထုတ်နုတ်ထားသည်-

> "ဒေါ်လှရင်မှ တရားလိုအား အချင်းဖြစ်အခန်း ၄ ခန်းကို သေတမ်းစာဖြင့် ပေးခဲ့သည်ဆိုသည်မှာ မှန်သလား။
>
> (သို့မဟုတ်)
>
> တရားလိုသည် အချင်းဖြစ်ဥပစာ၏ ပိုင်ရှင် မဟုတ်ဘဲ ဦးကျော်ငွေး၊ ဦးစန်းမောင်တို့သာ ပိုင်ရှင်ဖြစ်သည်ဆိုသည်မှာ မှန်သလား။"

ယင်းငြင်းချက်ကို ခရိုင်တရားရုံးက ဒေါ်လှရင်သည် တရားလို (ဒေါ်ခင်မြယု) အား အချင်းဖြစ်အခန်း ၄ ခန်းကို သေတမ်းစာဖြင့် ပေးခဲ့သည်ဆိုသည်မှာ မမှန်ကြောင်း၊ တရားလို (ဒေါ်ခင်မြယု) သည် အချင်းဖြစ်ဥပစာ၏ ပိုင်ရှင်မဟုတ်ဘဲ ဦးကျော်ငွေး၊ ဦးစန်းမောင်တို့သာ ပိုင်ရှင်ဖြစ်သည်ဆိုသည်မှာ မှန်ကြောင်း ဖြေဆိုခဲ့သည်။ ခရိုင်တရားရုံး၏စီရင်ချက်ကို ဤအမှုတွင် သက်သေခံအမှတ် (၂) အရ တင်ပြထားသည်။

ယခုအမှုတွင် မန္တလေးတိုင်းတရားရုံးက ၄-၁၀-၇၃ ရက်စွဲပါ သေတမ်းစာကို ဒေါ်လှရင်က အမှန်တကယ် ရေးသားခဲ့ခြင်းရှိ-မရှိ ဟူသော ပြဿနာကို စိစစ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ပုဒ်မ ၁၁။ တရားမမှု တစ်မှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွား လျက်ရှိသည့် အကြောင်းအရာသည် တရားရုံး တစ်ရုံးက ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီးသော ယခင် တရားမမှု တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့် လည်းကောင်း အငြင်းပွားခဲ့သောအကြောင်းအရာပင်ဖြစ်ပြီး အမှုသည်များမှာလည်း ယခင်အမှုပါ အမှုသည်များသော် လည်းကောင်း၊ ၎င်းတို့ကို ဆက်ခံအရေးဆိုသူများ သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးသော်လည်းကောင်း ဖြစ်၍ ဆိုင်ရေး ဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ကြရာတွင် နောက်အမှု ကိုဖြစ်စေ၊ အငြင်းပွားသည့် အကြောင်းအရာနှင့်စပ်လျဉ်း သော ငြင်းချက် ထပ်မံပေါ်ပေါက်သည့်အမှုကိုဖြစ်စေ ယခင် အမှုအား စစ်ဆေးစီရင်ခဲ့သော တရားရုံးက စစ်ဆေးစီရင်ပိုင် ခွင့်ရှိပါက မည်သည့်တရားရုံးကမျှ နောက်အမှု သို့မဟုတ် အဆိုပါငြင်းချက်ကို စစ်ဆေးစီရင်ခြင်းမပြုရ။"

အမှုတွင် အငြင်းပွားနေသော အကြောင်းအရာသည် ယခင် တရားမကြီးမှုအမှတ် ၂၀၂/၉၈ ၌ တိုက်ရိုက် အားဖြင့်သော် လည်းကောင်း၊ အဓိကအားဖြင့်သော်လည်းကောင်း အငြင်းပွားသည့်

အကြောင်းအရာနှင့် တူညီသည်။အမှုသည်များ တူညီသည့်ပြင် ဒေါ်လှရင်၏ သေတမ်းစာပါ အခွင့်အရေးအပေါ် တရားဆိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမှုကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးက အဆုံးအဖြတ်ပြုထားခြင်းဖြစ်သည်။ အငြင်းပွားနေသည့် ၄-၁၀-၇၃ ရက်စွဲပါ သေတမ်းစာကို ဒေါ်လှရင်က အမှန်တကယ် ရေးသားခြင်း ရှိ-မရှိ ပြဿနာကို ယခင်အမှုတွင် ကြားနာဆုံးဖြတ်ပြီးဖြစ်သဖြင့် မီးသေဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ရာ ထပ်မံဆုံးဖြတ်ခွင့်မရှိတော့ချေ။

သို့ဖြစ်၍ မန္တလေးတိုင်းတရားရုံးက ဒေါ်ခင်မြယု (ခ) ဒေါ်ခင်မမကြီးအား သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးသည့် အမိန့်သည်လည်းကောင်း၊ ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ ဆုံးဖြတ်ချက်သည်လည်းကောင်း မှန်ကန်သည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(က) သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းမခံရသူ ဒေါ်ခင်မြယုအား သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးသည့် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၏ အမိန့်သည် အမှုတွဲတွင် ပေါ်ပေါက်လျက် ရှိသော သက်သေခံ အထောက်အထားများအရ မှန်ကန်မှုမရှိကြောင်း၊

(ခ) မန္တလေးခရိုင်တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှု အမှတ် ၂၀၂ တွင် ဒေါ်လှရင်က ဒေါ်ခင်မြယုအား

အချင်းဖြစ်အခန်း ၄ ခန်းကို သေတမ်းစာဖြင့် ပေးခဲ့သည်ဆိုခြင်း မမှန်ကြောင်း သက်သေခံ (၂) စီရင်ချက်အရ ဆုံးဖြတ်ပြီးဖြစ်ရာ အဆိုပါဆုံးဖြတ်ချက်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ယခုစွဲဆိုသောအမှုတွင် မီးသေကြောင်း။

ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်) နှင့် တိုင်းတရားရုံးတို့၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ မူလ လျှောက်ထားသူ ဒေါ်ခင်မြယု စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ငွေ ကျပ် ၃၀၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင် တို့ရှေ့တွင်

### ဒေါ်စန်းလွင်

### နှင့်

### ဒေါ်သန်း (ခ) ဒေါ်သန်းသန်း*

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်+

**တရားစွဲဆိုချိန်တွင် နောက်အိမ်ထောင်ပြုပြီးဖြစ်သည့် ချွေးမက ကွယ်လွန်သူလင်၏ဩရသအခွင့်အရေးကို ဆက်ခံပြီး ယောက္ခမထံမှ အမွေတောင်းဆိုခွင့်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမွေရှင် ဦးထွန်းခင် ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့တွင် တစ်ဦးတည်းသော ဩရသသားဖြစ်သည့် ဦးခင်မောင်မြင့်သည် ၎င်း၏ဩရသအခွင့်အရေးကို ဆက်ခံခွင့် ရရှိမည်ဖြစ်သည်။

---

* ၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၉။

\+ ၂၀၀၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၃ တွင် ချမှတ်သော ၁၂-၃-၀၇ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

သြရသ၏အခွင့်အရေးမှာ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်ရာ အကယ်၍ သြရသသည် ထိုအခွင့်အရေးကို မတောင်းဆိုရသေးမီ သေဆုံးပါက သြရသ၏ အမွေဆက်ခံခွင့်ရှိသူများက ထိုအခွင့်အရေးကို ဆက်ခံခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလမှုတွင် ပေါ်ပေါက်သည့် အချက်များအရ ဦးခင်မောင်မြင့်သည် ၁၄-၁၀-၀၄ ရက်နေ့တွင် ကွယ်လွန်ခြင်းဖြစ်သည်။ ဥပဒေသဘောအရဆိုလျှင် ဦးခင်မောင်မြင့်၏ဖခင်ဦးထွန်းခင် ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့ရက်အချိန်တွင်ပင် ဦးခင်မောင်မြင့်သည် သြရသသားအခွင့်အရေးကို ဆက်ခံရရှိပြီးဖြစ်ပေရာ ဦးခင်မောင်မြင့် ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ယင်းအခွင့်အရေးကို ဦးခင်မောင်မြင့်၏ဇနီးဖြစ်သူ ဒေါ်စန်းလွင်က ဆက်ခံရရှိသည်။

ဦးခင်မောင်မြင့် ကွယ်လွန်ပြီးနောက် ၃ လခန့်အကြာမှသာ ဒေါ်စန်းလွင်သည် နောက်အိမ်ထောင်ပြုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဒေါ်စန်းလွင်သည် ကွယ်လွန်သူ ခင်ပွန်း ဦးခင်မောင်မြင့် ရရှိခံစားရမည့် အခွင့်အရေးကို ဆက်ခံခွင့်ရရှိပြီးနောက်ပိုင်းမှ အိမ်ထောင်ပြုခြင်းဖြစ်သည်။ ဤအခြေအနေတွင် နောက်အိမ်ထောင်ပြုသည်ဟူသော အကြောင်းကြောင့် ဒေါ်စန်းလွင်သည် ၎င်းဆက်ခံခွင့်ရရှိပြီးသည့် အခွင့်အရေးကို ဆုံးရှုံးရန်အကြောင်းမရှိနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမြလှိုင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးလှမောင် (ခ) ဦးလှမင်းသိမ်း<br>တရားရုံးချုပ်ရှေ့နေ |

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်တရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၃၄ တွင် ဒေါ်စန်းလွင်က ဒေါ်သန်းသန်းအပေါ် ကွယ်လွန်သူ ခင်ပွန်းဦးခင်မောင်မြင့်၏ ဩရသအမွေဝေစု ၄ ပုံ ၁ ပုံ ကို အမွေဆက်ခံသူ ဇနီးအနေဖြင့် အမွေခံစားထိုက်ကြောင်း အဆိုပြု၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ခရိုင်တရားရုံးက ဒေါ်စန်းလွင်သည် ဦးထွန်းခင် ကျန်ရစ်သော အမွေပစ္စည်း၏ ၄ ပုံ ၁ ပုံကို ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။

ဒေါ်သန်းက ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ် တရားမအယူခံမှု အမှတ် ၉၃ ကို တင်သွင်းသော်လည်း အောင်မြင်ခြင်း မရှိသောကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ၂၀၀၆ ခုနှစ် တရားမဒုတိယအယူခံမှု အမှတ် ၅၃ ကို တင်သွင်းရာ တရားရုံးချုပ်က အယူခံမှုကိုခွင့်ပြုပြီး ရမည်းသင်းခရိုင်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ကာ ဒေါ်စန်းလွင် စွဲဆိုသောအမှုကို စရိတ်နှင့် တကွ ပလပ်သည်။

ဒေါ်စန်းလွင်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားရာ တရားရုံးချုပ်၊ အထူးခုံရုံးက အောက်ဖော်ပြပါပြဿနာနှစ်ရပ်အပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

(၁) "ဦးခင်မောင်မြင့်သည် ကျန်းမာရေးမကောင်း၍ ဖခင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်သဖြင့် ဩရသအခွင့်အရေး မရထိုက်" ဟု တရားရုံးချုပ်

(မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိ-မရှိ၊

(၂) တရားစွဲဆိုချိန်တွင် နောက်အိမ်ထောင်ပြုပြီး ဖြစ်သည့် ချွေးမက ကွယ်လွန်သူလင်၏ ဩရသအခွင့်အရေးအရ ယောက္ခမထံမှ အမွေတောင်းဆိုခွင့်ရှိ-မရှိ။

အဆိုလွှာအရ တရားလိုနှင့် တရားပြိုင်သည် ယောက္ခမနှင့် ချွေးမတော်စပ်ပြီး အတူနေထိုင်ကြသူများဖြစ်ကြောင်း၊ တရားလိုသည် ဦးထွန်းခင်နှင့် ဒေါ်သန်းတို့၏ တစ်ဦးတည်းသောသား ဦးခင်မောင်မြင့် (ခ) ဦးထွန်းထွန်းဦးနှင့် ၁၉၉၆ ခုနှစ်ခန့်က လက်ထပ်ခဲ့ပြီး ဦးထွန်းခင်၊ ဒေါ်သန်းတို့နှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ဦးခင်မောင်မြင့်နှင့် တရားလို တို့ လင်မယားအဖြစ် ပေါင်းသင်းစဉ် စည်သူမောင်အမည်ရှိ သား တစ်ဦး ထွန်းကားခဲ့သော်လည်း ၄ နှစ်သားအရွယ် ၇-၈-၀၁ နေ့က ကွယ်လွန်ကြောင်း၊ ယောက္ခမ ဦးထွန်းခင်မှာလည်း ၂၃-၁၁-၀၃ နေ့ တွင် ကွယ်လွန်ကြောင်း၊ ဦးထွန်းခင်ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့ တွင် တရားလို၏ခင်ပွန်း ဦးခင်မောင်မြင့်မှာ ဩရသသားဖြစ်သဖြင့် ဦးထွန်းခင်ကျန်ရစ်သည့်အမွေပစ္စည်းအရပ်ရပ်အပေါ် ၄ ပုံ ၁ ပုံ ခံစား ခွင့် ရရှိခဲ့ကြောင်း၊ ဦးခင်မောင်မြင့်သည် ၎င်း၏အမွေဝေစု ၄ ပုံ ၁ ပုံ ကို တောင်းဆိုခွဲဝေရယူခြင်းမပြုမီ ၁၄-၁၀-၀၄ နေ့တွင် ကွယ်လွန် ကြောင်း၊ ထို့ကြောင့် တရားလိုသည် ခင်ပွန်းဖြစ်သူ ရရန်ရှိသည့် အမွေ ဝေစု၏ ၄ ပုံ ၁ ပုံကို အမွေဆက်ခံသူဇနီးအနေဖြင့် ခံစားထိုက်ကြောင်း ဖော်ပြအဆိုပြုသည်။

ချေပလွှာအရ ရမည်းသင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ် ၁၀၊ ဧရိယာ ၀. ၁၃၄ ဧကရှိ မြေနှင့်

ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်သည် တရားပြိုင်နှင့် ခင်ပွန်း ဦးထွန်းခင်တို့ ပိုင်ဆိုင် လက်ရှိထားသောပစ္စည်းဖြစ်ကြောင်း၊ ဦးခင်မောင်မြင့်သည် တရားပြိုင်နှင့် ဦးထွန်းခင်တို့၏ တစ်ဦးတည်းသော ဩရသသား ဖြစ်သော်လည်း ဖခင်၏ စီးပွားဥစ္စာရှာဖွေသည့် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်၍ ဩရသအရည်အချင်းပြည့်စုံသူ မဟုတ်ကြောင်း၊ ထို့ကြောင့် ဦးခင်မောင်မြင့်၏ဇနီးဖြစ်သူ တရားလိုမှာလည်း အမွေဝေစု ၄ ပုံ ၁ ပုံကို ရထိုက်ခွင့်မရှိကြောင်း ထုချေသည်။

ရမည်းသင်းခရိုင်တရားရုံးက ဒေါ်စန်းလွင်သည် ကွယ်လွန်သူများဖြစ်ကြသည့် ယောက္ခမ ဦးထွန်းခင်နှင့် ခင်ပွန်း ဦးခင်မောင်မြင့်တို့၏ အမွေဆိုင်တစ်ဦးဖြစ်ကြောင်း၊ ကွယ်လွန်သူ ဦးထွန်းခင်နှင့် ဦးခင်မောင်မြင့်တို့တွင် အမွေပစ္စည်းများ ကျန်ခဲ့ကြောင်း၊ ဩရသ သားသမီး အခွင့်အရေးသည် အပြီးအပိုင်ရခွင့်ရှိသည့် အခွင့်အရေး ဖြစ်သဖြင့် ဒေါ်စန်းလွင် နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြု၍ ဆုံးရှုံးရန်အကြောင်း မရှိကြောင်း သုံးသပ်ပြီး ဦးထွန်းခင်ကျန်ရစ်သော အမွေပစ္စည်း၏ ၄ ပုံ ၁ ပုံကို ရထိုက်သည်ဟု ပဏာမဒီကရီ ချမှတ်သည်။

ပထမအယူခံရုံးဖြစ်သော မန္တလေးတိုင်းတရားရုံးက ဩရသ သားသမီး၏ အခွင့်အရေးသည် အပြီးအပိုင်ရရှိသည့် အခွင့်အရေး ဖြစ်ပြီး သာမန် ကျန်းမာရေး မကောင်းရုံမျှဖြင့် ဩရသသား အရည်အချင်း ချို့ယွင်းနေသည်ဟု မဆိုနိုင်ကြောင်း၊ ခင်ပွန်းဖြစ်သူ၏ အပြီးအပိုင်ရရှိသော ဩရသအခွင့်အရေးကို ခင်ပွန်းကွယ်လွန်ချိန်၌ ဇနီးဖြစ်သူက ရရှိခံစားခွင့်ရှိကြောင်း၊ နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြု၍ ယင်းအပြီးအပိုင်ရရှိသော အခွင့်အရေးမှာ ဆုံးရှုံး

သွားရန်အကြောင်း မရှိကြောင်း၊ ကွယ်လွန်သူ ဦးထွန်းခင်တွင် အမွေပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ ပေါ်လွင်ကြောင်း သုံးသပ်၍ ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဦးထွန်းခင်၊ ဒေါ်သန်းတို့၏ သားဖြစ်သူ ဦးခင်မောင်မြင့်သည် ပန်းနာရင်ကြပ်နှင့် အစာအိမ်ရောဂါရှိသူဖြစ်ပြီး မူလကပင် ကျန်းမာရေးမကောင်းသူ ဖြစ်သည်မှာ ပေါ်ပေါက် ကြောင်း၊ မူလကပင် ကျန်းမာရေးမကောင်းသူ၊ မိဘအိမ်၌ မှီခိုနေထိုင်ရသူ ဦးခင်မောင်မြင့်သည် ကွယ်လွန်သူဖခင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်သဖြင့် ဩရသ အခွင့်အရေး ရထိုက်သူဟုဆိုရန် မသင့်ကြောင်း သုံးသပ်ပြီး ခရိုင်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီများကို ပယ်ဖျက်ကာ မူလရုံးတရားလို ဒေါ်စန်းလွင် စွဲဆိုသောအမှုကို ပလပ်သည်။

အ ယူ ခံ တ ရား လို ရှေ့ နေ က ဖ ခင် ဦး ထွန်း ခင် သည် ၂၃-၁၁-၀၃ နေ့က ကွယ်လွန်ခဲ့ကြောင်း၊ သားဖြစ်သူ ဦးခင်မောင်မြင့်သည် ဖခင်ကွယ်လွန်သည့်နေ့ရက် နောက်ပိုင်းတွင် ဩရသအခွင့်အရေးကို ရရှိခဲ့ကြောင်း၊ ဩရသ၏ အခွင့်အရေးများမှာ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်ရာ သားသည် ထိုဝေစုမတောင်းဆိုရမီ သေဆုံးသွားပါက ဩရသ၏သားသမီးများ၌ ထိုအခွင့်အရေး ဆက်ခံခွင့်ရှိကြောင်း၊ ဦးခင်မောင်မြင့်သည် ဖခင်ကွယ်လွန်ချိန်မှ ၁၂ နှစ်အတွင်း ဩရသအခွင့်အရေးကို မိဘ၏အမွေပစ္စည်းမှ ၄ ပုံ ၁ ပုံ တောင်းခံနိုင်ကြောင်း၊ ၁၄-၁၀-၀၄ နေ့တွင် ဦးခင်မောင်မြင့် ကွယ်လွန်ခဲ့သော်လည်း မိမိရရှိခဲ့သည့် ဩရသ၏ အခွင့်အရေးများကို တောင်းခံရခြင်း မရှိသေးကြောင်း၊ မူလရုံးတရားလို ဒေါ်စန်းလွင်သည် မိမိ

ခင်ပွန်းဖြစ်သူ၏ ဩရသအခွင့်အရေးကို တောင်းခံခြင်းဖြစ်ကြောင်း၊ ဒေါ်စန်းလွင်သည်နောက်အိမ်ထောင်ပြုပြီး ယောက္ခမဖြစ်သူ ဒေါ်သန်း ထံ၌ မနေတော့ဘဲ နောက်အိမ်ထောင်နှင့် လိုက်ပါနေထိုင်လျက် ရှိသောကြောင့် ဩရသအခွင့်အရေးကို မရထိုက်ဟု တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ရှေ့နေက ဒေါ်စန်းလွင်သည် ဦးခင်မောင်မြင့် ကွယ်လွန်ပြီးနောက် ၃ လခန့်အကြာတွင် နောက် အိမ်ထောင်ပြုကာ ဒေါ်သန်းနှင့် အတူနေထိုင်ခြင်း မရှိတော့ဘဲ နောက်အိမ်ထောင်နောက်သို့ လိုက်ပါပေါင်းသင်း နေထိုင်ခဲ့သူ ဖြစ်ကြောင်း၊ ဒေါ်စန်းလွင်သည် နောက်အိမ်ထောင်ပြုသည့် အချိန်မှ စ၍ ကွယ်လွန်သူ ဦးခင်မောင်မြင့်၏ ဇနီးမယားအဖြစ် ရပ်တည်ခြင်း မရှိတော့သဖြင့် ဦးခင်မောင်မြင့်နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေး တစ်စုံတစ်ရာမျှ ရထိုက်သူမဟုတ်ကြောင်း၊ ထို့ကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ဒုတိယအယူခံရုံး ၏ စီရင်ချက်နှင့်ဒီကရီသည် တရား ဥပဒေအရလည်းကောင်း၊ အမှုအကြောင်းခြင်းရာအရလည်းကောင်း ညီညွတ်မျှတ မှန်ကန်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

စွဲဆိုသောအမှုမှာ ချွေးမဖြစ်သူ ဒေါ်စန်းလွင်က ယောက္ခမ ဖြစ်သူ ဒေါ်သန်းထံ ၎င်း၏ခင်ပွန်း ကွယ်လွန်သူ ဦးခင်မောင်မြင့်က ဩရသသားအနေဖြင့် ရရန်ရှိသည့် အမွေဝေစုကို ဆက်ခံသူအနေဖြင့် ရထိုက်ခွင့်ရှိသည်ဟု အဆိုပြုကာ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

မူလမှုကို စိစစ်ကြည့်ရာ မူလရုံးတရားပြိုင် ဒေါ်သန်းနှင့်

ကွယ်လွန်သူ ဦးထွန်းခင်တို့ ဇနီးမောင်နှံတွင် ဦးခင်မောင်မြင့်အမည်ရှိ သားတစ်ဦး ထွန်းကားသည်။ ဦးထွန်းခင်သည် ရဲတပ်ဖွဲ့ဝင်တပ်ကြပ်ကြီး (အငြိမ်းစား) တစ်ဦး ဖြစ်သည်။ ၎င်းတို့၏ တစ်ဦးတည်းသောသား ဦးခင်မောင်မြင့်သည် မြိတ်မြို့တွင် သွားရောက် အလုပ်လုပ်ကိုင်ရာမှ ၁၉၉၆ ခုနှစ်တွင် မြိတ်မြို့သူ ဒေါ်စန်းလွင်နှင့် မြိတ်မြို့၌ အိမ်ထောင်ပြု ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဦးခင်မောင်မြင့်နှင့် ဒေါ်စန်းလွင်တို့သည် ဦးခင်မောင်မြင့်၏မိဘများ နေထိုင်ရာ ရမည်းသင်းမြို့သို့ ပြောင်းရွှေ့ လာကာ ဦးခင်မောင်မြင့်၏ မိဘများနှင့်အတူ ရမည်းသင်းမြို့၊ ဝါတိုး အနောက်ရပ်၊ ရန်အောင်လမ်း၊ အမှတ် ၁၆၄ ဥပစာတွင် နေထိုင်ကြ သည်။ ဦးခင်မောင်မြင့်နှင့် ဒေါ်စန်းလွင်တို့တွင် စည်သူမောင်အမည်ရှိ သားတစ်ဦး ထွန်းကားသော်လည်း ၎င်းသည် ၄ နှစ်သားအရွယ်ခန့်တွင် ကွယ်လွန်ခဲ့သည်။ နောက်ထပ်သားသမီး ထွန်းကားခြင်းလည်း မရှိပေ။

ဦးခင်မောင်မြင့်၏ဖခင် ဦးထွန်းခင်မှာ ဦးခင်မောင်မြင့်နှင့် ဒေါ်စန်းလွင်တို့ အိမ်ထောင်မကျမီကပင် အငြိမ်းစားဝန်ထမ်းတစ်ဦး ဖြစ်ပြီး ၎င်းတို့နေထိုင်သည့် အိမ်မြေမှာလည်း ဦးခင်မောင်မြင့်နှင့် ဒေါ်စန်းလွင်တို့ အိမ်ထောင်မကျမီ ဦးထွန်းခင် အငြိမ်းစားမယူမီ ဆောက် လုပ် ထား သည့် အိမ် မြေ ဖြစ် သည်။ ဦး ထွန်း ခင် သည် ၂၃-၁၁-၀၃ နေ့တွင် ကွယ်လွန်ခဲ့သည်။

အမှုတွဲရှိ သက်သေခံ အထောက်အထားများအရ ဦးထွန်းခင် ကွယ်လွန်ချိန်တွင် လက်ရှိထားနေထိုင်လျက်ရှိသော ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ် ၁၀၊ ဧရိယာ ၀. ၁၃၄ ဧက ရှိ မြေနှင့်မြေပေါ်ရှိ နှစ်ထပ်တိုက် ကျန်ရစ်ခဲ့ သည့်အချက်မှာ အငြင်းပွားခြင်းမရှိချေ။

ယင်းအချက်နှင့်စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်သန်းက အမှုတွင် အောက်ပါအတိုင်း အစစ်ခံထွက်ဆိုထားသည်-

“ကျွန်မသည် ရမည်းသင်းမြို့ ဝါတိုးအနောက်ရပ်၊ အကွက်အမှတ် ၄၉၊ ဦးပိုင် ၁၀ ရှိ မြေပေါ်တွင် နေအိမ်ဆောက်လုပ်နေထိုင်သူဖြစ်ပါသည်။ ××× ၁၉၈၆ ခုနှစ်၌ နေအိမ်ကို ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ××× ဦးထွန်းခင်ဆုံးပြီး နောက်ပိုင်း လက်ရှိနေထိုင်သည့် ဝိုင်း၊ ခြံမြေ၊ ၂ ထပ်တိုက်နှင့် အိမ်ထောင်ပရိဘောဂများ၊ ရွှေ ၄ ကျပ်သားအပြင် အိုးခွက်ပန်းကန်များပါ ကျန်ရစ်ခဲ့သည်ဆိုက ရွှေမကျန်ပါ။”

တစ် ဖန် ဦး ထွန်း ခင် ကွယ် လွန် ပြီး တစ် နှစ် ခန့် အ ကြာ ၁၄-၁၀-၀၄ နေ့တွင် သားဖြစ်သူ ဦးခင်မောင်မြင့် ကွယ်လွန်ခဲ့သည်။ ဦးထွန်းခင် ကွယ်လွန်စဉ်က ဦးခင်မောင်မြင့်သည် တစ်ဦးတည်းသော ဩရသသားဖြစ်သော်လည်း ဩရသသား၏ဝေစု မတောင်းယူရသေးမီ ဦးခင်မောင်မြင့် ကွယ်လွန်ခဲ့သည်။

အမှုတွင် မူလရုံးတရားပြိုင် ဒေါ်သန်းက တစ်ဦးတည်းသော သားဖြစ်သူ ဦးခင်မောင်မြင့်သည် ဖခင် ဦးထွန်းခင်၏ စီးပွားဉစ္စာရှာဖွေသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်ကြောင်း၊ ကျန်းမာရေးမကောင်းသဖြင့် ဩရသအရည်အချင်းနှင့် ပြည့်စုံသူ မဟုတ်ကြောင်း ထုချေသည်။ သို့သော်လည်း ဒေါ်သန်းက သားနှင့် ချွေးမတို့မှာ ၎င်းတို့နှင့်အတူနေစဉ်က သီးခြား စီးပွားရေးလုပ်ငန်းအဖြစ် ကြက်ခြံ ၂ ခြံ၊ ဂုန်နီအိတ်ချုပ်လုပ်ငန်းနှင့် ငွေတိုးချေးသည့်လုပ်ငန်းများ လုပ်ကိုင်ကြောင်း အမှု၌ ဝန်ခံထွက်ဆိုထားသည်။

ဒေါ်သန်း၏သက်သေများကလည်း ယင်းအချက်နှင့်စပ်လျဉ်း

၍ ဒေါ်သန်းကဲ့သို့ပင် ထွက်ဆိုကြသည်။ ထို့ကြောင့် မူလရုံးတရားပြိုင် ဒေါ်သန်းနှင့် ဒေါ်သန်းပြသက်သေများ၏ ထွက်ဆိုချက်များအရ ဦးထွန်းခင်နှင့် ဒေါ်သန်းတို့တွင် မုန့်ပဲသရေစာ ရောင်းချသည့် ဆိုင်သာရှိပြီး သားဖြစ်သူ ဦးခင်မောင်မြင့်နှင့် ဇနီးဒေါ်စန်းလွင်တို့မှာ ကြက်မွေးမြူရေးလုပ်ငန်း၊ ဂုန်နီအိတ်ချုပ်လုပ်ငန်းနှင့် ငွေတိုးချေးသည့် လုပ်ငန်းများ လုပ်ကိုင်၍ သီးခြား စီးပွားရှာဖွေကြသူများဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့် ဦးခင်မောင်မြင့်သည် မူလကပင် ကျန်းမာရေး မကောင်းသူဖြစ်သည်ဟု မူလမှုတွင် ဒေါ်သန်းက ထုချေနေစေကာမူ ဦးခင်မောင်မြင့်သည် ဖခင်ဦးထွန်းခင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်ဟု ကောက်ယူရန် ခဲယဉ်းပေသည်။

ဩရသဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ **ကက်စု** နှင့် **မောင်ဆင် အမှု**[၁] တွင် "ဩရသဟူသည် မိဘနှစ်ပါး သဘောတူ ထိမ်းမြားသည့်လင်မယားမှ မွေးဖွားသည့် သားကိုခေါ်ကြောင်း ယုံမှားသံသယဖြစ်ရန် မရှိပေ။ ကာလကြာညောင်းသော်လည်း အိမ်ထောင်တစ်ခုတွင် ဖခင်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သောကြောင့် သတ်မှတ်ထားသည့် မိဘအမွေအနှစ် ရရှိသောသား ဟူ၍ အထူးအဓိပ္ပာယ် သက်ရောက်လာသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

**ကက်စု** နှင့် **မောင်ဆင်** အမှုတွင်ပင် ဩရသဖြစ်ရန်အတွက် သားဖြစ်လျှင် အဖ၏ ပစ္စည်းဥစ္စာရှာဖွေရေး၊ သမီးဖြစ်လျှင် အမိ၏

---

(၁) ၂ ရန်ကုန် ၆၉၃ (၇၈၇) ပီစီ။

အိမ်ထောင်ရေးဝတ္တရားများကို ကူညီလုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဆိုသည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ ဒေါက်တာမောင်မောင် ပြုစုသည့် "မြန်မာ့တရားဥပဒေဓလေ့ထုံးတမ်းနှင့် မြန်မာ့အိမ်ထောင်စု" စာအုပ်တွင် အောက်ပါအတိုင်း တွေ့ရှိရသည်-

> "သြရသဖြစ်ရန် အဓိကလိုအပ်ချက်မှာ မိဘ၏ ပစ္စည်းဥစ္စာ ရှာဖွေရေး သို့မဟုတ် အိမ်ထောင်ထိန်းသိမ်းရေးတို့၌ ကူညီဆောင်ရွက်မှုပေါ်တွင် မတည်ပေ။ ကွယ်လွန်သူ မိဘ၏ တာ ဝန် ဝ တ္တ ရား များ ကို ထမ်း ဆောင် ခိုင်း သည့် အခါ ထမ်းဆောင်နိုင်စွမ်းရှိသည့် အချက်ပေါ်တွင်သာ တည်ရှိနေသည်။"

အဆိုပါအချက်များနှင့် အမှုတွဲရှိ သက်သေခံချက်များကို ပေါင်းစပ်သုံးသပ်ပါက ဖခင်ဦးထွန်းခင် ကွယ်လွန်ချိန်၌ တစ်ဦးတည်းသားဖြစ်သည့် ဦးခင်မောင်မြင့်သည် ကွယ်လွန်သူဖခင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ပြီး မိဘကို မှီခိုနေထိုင်ရသူမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဦးဆောင်လုပ်ကိုင်နေသူဖြစ်သည်ဟု ကောက်ယူရပေမည်။

**ဒေါ်ကျင်စွမ်၊ ဒေါ်အမာ (ခ) ဒေါ်သန်းရီ** နှင့် **ဒေါ်သန်းညွန့် ပါ ၆၊ ဦးဝင်းမြင့် ပါ ၆ အမှု**[၂] တွင် ဖခင်ဦးရီကင်း၏ သားအကြီးဆုံးဖြစ်သူ ဦးဝင်းမြင့်သည် အခြားသားများကဲ့သို့ စွမ်းဆောင်ရည် မပြည့်သောကြောင့် သီးသန့်တာဝန်ပေးခံရမှု မရှိခြင်း၊

---

(၂) ၂၀၀၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၇။

ငယ်စဉ်ကတည်းက ခြေမသန်သဖြင့် အိမ်၏ဗာဟီရလုပ်ငန်းများကိုသာ လုပ်ကိုင်ခြင်း၊ ဖခင်၏စီးပွားရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နိုင်မှု မရှိခြင်း၊ အခြားသူများအပေါ် မှီခိုနေရခြင်း စသည့်အချက်များကြောင့် ဖခင်ဖြစ်သူ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်း ရှိသည်ဟု ဆိုရန် ခဲယဉ်းကြောင်း သုံးသပ်၍ ဩရသအခွင့်အရေး ရထိုက်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

ယခုအမှုသည် **ဒေါ်ကျင်စွမ်** အမှုနှင့် ဖြစ်ရပ်ချင်း တူညီမှု မရှိသကဲ့သို့ ယခုအမှုပါ ဩရသသား ဦးခင်မောင်မြင့်၏ အခြေအနေ သည်လည်း **ဒေါ်ကျင်စွမ်** အမှုပါ ဦးဝင်းမြင့်၏ အခြေအနေနှင့် တူညီခြင်း အလျဉ်းမရှိပေ။ ထို့ကြောင့် **ဒေါ်ကျင်စွမ်** အမှုကို အထောက်အထားပြုပြီး ဦးခင်မောင်မြင့်သည် ဩရသအခွင့်အရေး ရထိုက်ခွင့်မရှိဟု တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းသည် အမှုဖြစ်စဉ်နှင့် ရည်ညွှန်းကိုးကားမှု မကိုက်ညီဟုသာ ဆိုရပေမည်။

တစ်ဖန် **မောင်ဘတူ** နှင့် **မသက်စု အမှု**(၃) တွင် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း လမ်းညွှန်ထားသည်-

> "မြန်မာ့ဓလေ့ထုံးတမ်း အမွေခန်းဥပဒေတွင် လူတစ်ယောက် သေဆုံးလျှင် ၎င်း၏အမွေပစ္စည်းများကို အမွေခံအစီအစဉ် အရ မည်သူမည်ဝါတို့သည် အမွေခံ၊ အမွေစား ဖြစ်ရမည်။ ၎င်းတို့၏ အမွေဝေစုသည် မည်၍မည်မျှဖြစ်ရမည် စသည်ဖြင့် အတိအကျ သတ်မှတ်ပြီးဖြစ်ပေသည်။ ထို့ကြောင့် အမွေရှင်

---

(၃) ၅ ရန်ကုန် ၇၈၅

သေဆုံးသည်နှင့် တစ်ပြိုင်နက် ဆက်ခံခွင့်ရရှိသည့် အမွေခံ အမွေစားသည် အမွေခန်းဥပဒေအရ သတ်မှတ်ထားသည့် အမွေဝေစုကို တစ်ဦးချင်းအနေဖြင့် သီးခြားဆက်ခံပြီးဖြစ်ပေသည်။ အမွေခံအားလုံးတို့က စုပေါင်းပြီး ဆက်ခံရရှိခြင်း မဟုတ်ပေ။ အဆိုပါအခွင့်အရေးကိုလည်း "အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်" ဟု ခေါ်ဆိုပေသည်။"

ယင်းအချက်အရ အမွေရှင် ဦးထွန်းခင် ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့တွင် တစ်ဦးတည်းသော ဩရသသားဖြစ်သည့် ဦးခင်မောင်မြင့်သည် ၎င်း၏ဩရသအခွင့်အရေးကို ဆက်ခံခွင့်ရရှိမည်ဖြစ်သည်။

ဩရသ၏အခွင့်အရေးမှာ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်ရာ အကယ်၍ ဩရသသည် ထိုအခွင့်အရေးကို မတောင်းဆိုရသေးမီ သေဆုံးပါက ဩရသ၏အမွေဆက်ခံခွင့်ရှိသူများက ထိုအခွင့်အရေးကို ဆက်ခံခွင့်ရှိသည်။ **မောင်နိုး** နှင့် **မောင်ဖိုးသန်း အမှု**[၄] ကို ရည်ညွှန်းသည်။

**ဒေါ်ခင်လှ (၎င်း၏အုပ်ထိန်းသူ ဒေါ်ပိုပိုမှ ကိုယ်စားပြုလျက်)** နှင့် **ဒေါ်မြသန်း (ခ) ဒေါ်မြမြသန်း အမှု**[၅] တွင်လည်း အောက်ပါအတိုင်း လမ်းညွှန်ဆုံးဖြတ်ထားသည်-

"**ထပ်မံဆုံးဖြတ်ချက်** ။ ယခုအမှုတွင် အိမ်ထောင်ပြုပြီး ချိန်မှစ၍ လင်၏မိဘထံတွင် လင်နှင့်အတူ လိုက်၍နေခဲ့သော

(၄) ၁ ရန်ကုန် ၃၆၃

(၅) ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈။

ချွေးမဖြစ်သူ ဒေါ်မြသန်း၌ သားသမီးထွန်းကားခြင်း မရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ ရရှိခဲ့ပြီးဖြစ်သော ဩရသ အခွင့်အရေးကို မယားဖြစ်သူ ဒေါ်မြသန်းအနေဖြင့် ယောက္ခမထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။”

သို့ဖြစ်ပေရာ ဒေါ်စန်းလွင်သည် ကွယ်လွန်သူ ခင်ပွန်း ဦးခင်မောင်မြင့် ရရှိခံစားရမည့် ဩရသသား အခွင့်အရေးကို ဆက်ခံ၍ အမွေတောင်းဆိုခွင့်ရှိသည်ဟု ဆိုရပေမည်။

ယခုအမှုတွင် အယူခံတရားပြိုင်ရှေ့နေက ဒေါ်စန်းလွင်သည် နောက်အိမ်ထောင်ပြုသည့်အချိန်မှစ၍ ကွယ်လွန်သူ ဦးခင်မောင်မြင့်၏ ဇနီးမယားအဖြစ် ရပ်တည်ခြင်း မရှိတော့သဖြင့် ဦးခင်မောင်မြင့်နှင့် ပတ်သက်၍ မည်သည့်အခွင့်အရေး တစ်စုံတစ်ရာမျှ ရထိုက်သူမဟုတ်ကြောင်း လျှောက်လဲတင်ပြထားသည်။

မူလမှုတွင်ပေါ်ပေါက်သည့် အချက်များအရ ဦးခင်မောင်မြင့်သည် ၁၄-၁၀-၀၄ ရက်နေ့တွင် ကွယ်လွန်ခြင်းဖြစ်သည်။ ဥပဒေသဘောအရဆိုလျှင် ဦးခင်မောင်မြင့်၏ဖခင် ဦးထွန်းခင်ကွယ်လွန်သည့် ၂၃-၁၁-၀၃ နေ့ရက်အချိန်တွင်ပင် ဦးခင်မောင်မြင့်သည် ဩရသ သားအခွင့်အရေးကို ဆက်ခံခွင့်ရရှိပြီး ဖြစ်ပေရာ ဦးခင်မောင်မြင့် ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ယင်းအခွင့်အရေးကို ဦးခင်မောင်မြင့်၏ ဇနီးဖြစ်သူ ဒေါ်စန်းလွင်က ဆက်ခံရရှိသည်။

ဦးခင်မောင်မြင့် ကွယ်လွန်ပြီးနောက် ၃ လခန့်အကြာမှသာ ဒေါ်စန်းလွင်သည် နောက်အိမ်ထောင်ပြုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဒေါ်စန်းလွင်သည် ကွယ်လွန်သူခင်ပွန်းဦးခင်မောင်မြင့် ရရှိခံစားရမည့် အခွင့်အရေးကို ဆက်ခံခွင့် ရရှိပြီးနောက်ပိုင်းမှ

အိမ်ထောင်ပြုခြင်းဖြစ်သည်။ ဤအခြေအနေတွင် နောက်အိမ်ထောင်ပြုသည်ဟူသော အကြောင်းကြောင့် ဒေါ်စန်းလွင်သည် ၎င်းဆက်ခံခွင့်ရရှိပြီးသည့် အခွင့်အရေးကို ဆုံးရှုံးရန်အကြောင်း မရှိနိုင်ပေ။ ထို့ကြောင့် အယူခံတရားပြိုင်ရွှေနေ၏ အထက်ပါ လျှောက်ထားချက်အပေါ် လက်ခံစဉ်းစားရန်အကြောင်း မပေါ်ပေါက်ချေ။

သို့ဖြစ်၍ ယခု ကြားနာလျက်ရှိသည့် ပြဿနာနှစ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

(၁) "ဦးခင်မောင်မြင့်သည် ကျန်းမာရေးမကောင်း၍ ဖခင်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ မဟုတ်သဖြင့် ဩရသအခွင့်အရေး မရထိုက်" ဟု တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှု မရှိကြောင်း၊

(၂) တရားစွဲဆိုချိန်တွင် နောက်အိမ်ထောင်ပြုပြီး ဖြစ်သည့် ချွေးမက ကွယ်လွန်သူလင်၏ ဩရသအခွင့်အရေးအရ ယောက္ခမထံမှ အမွေတောင်းဆိုခွင့်ရှိကြောင်း။

အထက်ပါအကြောင်းများကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ တရားမဒုတိယအယူခံမှု အမှတ် ၅၃/၀၆ ၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ရမည်းသင်းခရိုင်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီများကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/- သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးတင်အေးရှေ့တွင်

## ဒေါ်ညွန့်ညွန့်
## (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးသန်း)

## နှင့်

## ဒေါ်လောရာ*

၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်+

**အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် လျှောက်ထားမှုတွင် ကွယ်လွန်သူ နိုင်ငံခြားသားပိုင် အမွေပစ္စည်းနှင့် ပတ်သက်၍ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ ပုဒ်မ ၆ (က) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ခွင့်ပြုမိန့်ကို တင်ပြနိုင်မှသာ အမွေထိန်းလက်မှတ်စာ လျှောက်ထားပိုင်ခွင့်ရှိမည်ဖြစ်ခြင်း။**

---

* ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀။

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၉ တွင်ချမှတ်သော ၂၂-၁၂-၀၆ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ အယူခံမှု။

**ဆုံးဖြတ်ချက်**။ ။ အချင်းဖြစ်ပစ္စည်းသည် ၅-၁-၁၉၈၉ ရက်နေ့က ကွယ်လွန်သွားသည့် ဒေါ်လောရာ၏ ဖခင်ဖြစ်သူ နိုင်ငံခြားသား ဦးဂျိုးဇရက်လာဇရပ်စ် အမည်ပေါက် ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်ပြီး "ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်" ပြုမှသာလျှင် အမွေခံပုဂ္ဂိုလ်များက အမွေဆက်ခံခွင့် အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဒေါ်လောရာသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးသည့်အမိန့်ကို တင်ပြနိုင်မှသာလျှင် အမွေထိန်းလက်မှတ်စာကို လျှောက်ထားရယူပိုင်ခွင့် ရှိမည်ဖြစ်သည်။ ထိုသို့သောအမိန့် မတင်ပြနိုင်ပါဘဲလျက် မူလရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း မရှိပေ။

အယူခံတရားလိုအတွက် - ဦးအောင်သစ်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးခင်ဇော်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၆၁ တွင် ဒေါ်လောရာက မိဘများကျန်ရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၃၁ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ အက်ဖ်၊ မြေကွက်အမှတ် ၆၃ မြေနှင့် မြေပေါ်ရှိအဆောက်အဦတို့အတွက် အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် လျှောက်ထားခဲ့သည်။ ယင်း

လျှောက်ထားချက်အပေါ် ဒေါ်ညွန့်ညွန့်မှ ကန့်ကွက်လွှာတင်သွင်းသဖြင့် တရားမကြီးမှုအမှတ် ၃၆၉/၀၅ အဖြစ် ပြောင်းလဲ ဖွင့်လှစ်ပြီးနောက် နှစ်ဖက်ကို စစ်ဆေးကာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ အရ တရားလိုအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို တရားပြိုင် ဒေါ်ညွန့်ညွန့်က ကျေနပ်မှုမရှိသဖြင့် ဤတရားမအထွေထွေအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက တရားလို၏ မိဘများသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသဖြင့် အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန်သင့်-မသင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၉ အရ ဆုံးဖြတ်ရန်ဖြစ်ပြီး ပုဒ်မ ၂၁၈ အရ ဆုံးဖြတ်ရန် မဟုတ်ကြောင်း၊ တရားလို၏ဖခင်သည် နိုင်ငံခြားသားအနေဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်သဖြင့် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ ပြည်ထဲရေးဝန်ကြီး၏ အမွေဆက်ခံခွင့်ပြုသည့်အမိန့်ကို မတင်ပြနိုင်လျှင် အချင်းဖြစ်ပစ္စည်းအပေါ် အမွေဆက်ခံခွင့် မရှိကြောင်း မူလရုံးက လက်ခံဆုံးဖြတ်သော သက်သေခံ (ဂ) စာသည် စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်သာဖြစ်ပြီး ပြည်ထဲရေးဝန်ကြီး၏ အမွေဆက်ခံခွင့်ပြုသည့်အမိန့် မဟုတ်သဖြင့် အမွေထိန်းလက်မှတ်စာ ထုတ်ပေးထားသည်မှာ မှန်ကန်မှုမရှိပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ဒေါ်လောရာ၏ မိဘများက အချင်းဖြစ်မြေကွက်ကို ပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ထားသည်မှာ သက်သေခံချက်များအရ မှန်ကန်ကြောင်း၊ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေအရ စိစစ်ရေးအဖွဲ့က အမွေဆက်ခံခွင့်ပြုသင့်သောပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ပေးပြီး

ဖြစ်သဖြင့် အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည်မှာ ဥပဒေနှင့် ညီညွတ်ကြောင်း၊ မူလရုံးက အမွေ ဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ ကို ရည်ညွှန်း၍ အမွေထိန်းစာ ထုတ်ပေးခြင်းဖြစ်သော်လည်း ဒေါ်လောရာမှာ ပုဒ်မ ၂၁၉ အရ အကျုံးဝင်သူဖြစ်သဖြင့် အမွေထိန်း လက်မှတ်စာ ရခွင့်ရှိသူဖြစ်ပါကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်လောရာနှင့် ၎င်း၏မိဘများသည် ခရစ်ယာန်ဘာသာဝင် များ ဖြစ်ကြသဖြင့် တရားလိုအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် သင့်-မသင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ အရ ဆုံးဖြတ် ရန် မဟုတ်ဘဲ ပုဒ်မ ၂၁၉ အရ ဆုံးဖြတ်ရမည်ဆိုသော တင်ပြချက်မှာ မှန်ကန်သည်။ ဒေါ်လောရာသည် ကွယ်လွန်သူမိဘများ၏ အမွေကို ဆက်ခံခွင့်ရှိသူတစ်ဦးဖြစ်သည်ဆိုသော အချက်တွင်မူ အငြင်းပွားချက် မရှိပေ။ ထို့ကြောင့် ဤအယူခံမှုတွင် အဓိက အဆုံးအဖြတ် ပြုရမည့် ပြဿနာမှာ မူလတိုင်းတရားရုံးက သက်သေခံ (ဂ) အရ ဆုံးဖြတ်ချက် ကို လက်ခံပြီး အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ ဆိုသောအချက်သာ ဖြစ်သည်။

သက်သေခံ (ဂ) စာမှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ၏ ၃-၄-၂၀၀၃ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၇-၂၀၂/ရေး ၃" ဖြစ်သည်။ ထိုစာမှာ ဒေါ်လောရာထံသို့လိပ်မူ၍ ပေးပို့လာခြင်းဖြစ်ပြီး စာပိုဒ် (၂) တွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည် -

"၂။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံတင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ၂၇-၁-၂၀၀၀ ရက်နေ့တွင် ပြုလုပ်ခဲ့

သော စိစစ်ရေးအဖွဲ့ အစည်းအဝေးက အောက်ပါ
အတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၃၁ လမ်း၊ အမှတ် (၃)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁ အက်ဖ်)၊ မြေကွက်အမှတ်(၆၃)၊ ပဋ္ဌမတန်းစားမြေ၊ ဧရိယာ(၂၅ ပေ × ၅၀ ပေ) ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦသည် ဥပဒေကြောင်းအရ အမွေဆက်ခံခွင့် ပြုသင့်သော အဆောက်အဦ ဖြစ်ကြောင်း သက်ဆိုင်သူအား ပြန်ကြားရန်။"

အချင်းဖြစ်ပစ္စည်းသည် ၅-၁-၁၉၈၉ ရက်နေ့က ကွယ်လွန်သွားသည့် ဒေါ်လောရာ၏ဖခင်ဖြစ်သူ နိုင်ငံခြားသား ဦးဂျိုးဇရက်လာဇရပ်စ် အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်ပြီး "ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်" ပြုမှသာလျှင် အမွေခံပုဂ္ဂိုလ်များက အမွေဆက်ခံခွင့် အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၈၇ အရ ထုတ်ပြန်ခဲ့သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အရ နိုင်ငံခြားသားပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးရေးကိစ္စကို ပြည်ထဲရေးနှင့်

သာသနာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့၊ စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းကာ စိစစ်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းနည်းဥပဒေပါ ယခု အမှုနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များမှာ -

"၁၀။ စိစစ်ရေးအဖွဲ့သည် -

(က) × × × × × × × × × × × × × × × × × × × ×

( ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေး တွေ့ရှိချက် အပြည့်အစုံကို ရရှိလျှင် မိမိ၏ တွေ့ရှိချက်၊ ထောက်ခံချက်နှင့်အတူ စုံစမ်းစစ်ဆေးရေးအဖွဲ့က တင်ပြသော အစီရင်ခံစာ၊ တွေ့ရှိချက်၊ ထောက်ခံချက်ပါရှိသော အမှုတွဲကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးထံသို့ တင်ပြရမည်။

( ဂ) × × × × × × × × × × × × × × × × × × × ×

၁၅။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးသည် ခုခံချေပလွှာနှင့် စိစစ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို ရရှိလျှင်ဖြစ်စေ၊ ရက်ပေါင်းသုံးဆယ် ကုန်ဆုံးပြီးနောက် ခုခံချေပလွှာကို မရရှိလျှင်ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ကိစ္စရပ် တစ်ခုချင်းအလိုက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊

( ခ) × × × × × × × × × × × × × × × × × × × ×

၁၈။ (က) ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် အပိုဒ် ၁၅ အရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ချမှတ်သော အမိန့်ကို စုံစမ်းစစ်ဆေးခြင်းခံရသူထံသို့ အကြောင်းကြား ရမည်။

( ခ) × × × × × × × × × × × × × × × × × × × ×

( ဂ) × × × × × × × × × × × × × × × × × × × ×”

တို့ဖြစ်သည်။

ယင်းပြဋ္ဌာန်းချက်များအရ ကြည့်ပါက ဒေါ်လောရာ တင်ပြသော သက်သေခံ (ဂ) စာသည် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၁၀) အရ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မျှသာဖြစ်ပြီး အပိုဒ် ၁၅ (က) နှင့်အညီ ထုတ်ပေးထားသည့် ခွင့်ပြုမိန့် မဟုတ်ကြောင်း မြင်သာသည်။

၁၉၇၃ ခုနှစ် စကားရပ်များဥပဒေပုဒ်မ ၃ (ဆ) အရ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ရှေးဦးကျသော အမွေဆက်ခံခြင်းအက် ဥပဒေပါ ပြဋ္ဌာန်းချက်များကို လွှမ်းမိုးသည်။ သို့ဖြစ်ရာ ဒေါ်လောရာ သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ဥပဒေနှင့်အညီ အမွေဆက်ခံ ခွင့်ပေးသည့်အမိန့်ကို တင်ပြနိုင်မှသာလျှင် အမွေထိန်းလက်မှတ်စာကို လျှောက်ထားရယူပိုင်ခွင့် ရှိမည်ဖြစ်သည်။ ထိုသို့သောအမိန့် မတင်ပြနိုင် ပါဘဲလျက် မူလရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိပေ။

ထို့ကြောင့် ဤတရားမထွေထွေအယူခံမှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ ၂၁-၁၂-၀၆ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်၍ မူလရုံးတရားလို ဒေါ်လောရာ၏ အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ငွေကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်ရှေ့တွင်

**ဦးထွန်းထွန်း**
**(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ**
**ဒေါ်အေးအေးမာ)**

**နှင့်**

**ဦးမြတ်ဇော်အောင်***

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်+

**မေတ္တာဖြင့်ပေးကမ်းခြင်းအထမြောက်ရန်မှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ နှင့် ညီညွတ်သော ပေးကမ်းခြင်းဖြစ်ရန် လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ အရမေတ္တာဖြင့် ပေးကမ်းခြင်း အထမြောက်ရန်မှာ ပေးကမ်းသူနှင့် လက်ခံသူ ရှိရမည်။ မေတ္တာဖြင့်ပေးသောပစ္စည်းသည် လက်ရှိပစ္စည်း

---

* ၂၀၀၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၈၉။

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၄ တွင်ချမှတ်သော ၉-၇-၀၇ ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ အယူခံမှု။

ဖြစ်ရန်လိုသည်။ ပေးသူက မိမိအလိုအလျောက် အဖိုးစားနားမပါရှိဘဲ ပေးကမ်းခြင်းဖြစ်ရမည်။ ပေးသူက မိမိကိုယ်ပိုင်ပစ္စည်းကို လွှဲပြောင်းပေးရမည်။ ပေးသောပစ္စည်းကို လက်ခံသူက ပေးသူအသက်ရှင်ဆဲ ပေးနိုင်သည့် အခြေအနေရှိစဉ် လက်ခံရမည်။ မေတ္တာဖြင့်ပေးခြင်းကို ပေးသူ အသက်ရှင်လျက်ရှိစဉ် ပစ္စည်းအားပေးနိုင်သော အခြေအနေရှိခိုက် ပေးမှသာ အထမြောက်သည်။ အလားတူပင် ရယူသူက အသက်ရှင်စဉ် မေတ္တာဖြင့်ပေးသည်ကို ရယူသူကိုယ်တိုင်ဖြစ်စေ၊ ရယူသူကိုယ်စား တစ်ဦးဦးကဖြစ်စေ လက်ခံပြီးမှသာအတည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးမျိုးမြင့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးစိန်ဝင်း၊ တရားရုံးချုပ်ရှေ့နေ ၏ ရေးသားလျှောက်လဲချက်ကို အယူခံတရားပြိုင်ကိုယ်တိုင်တင်သွင်းသည်။

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၇၄/၀၅ တွင် တရားလို ဦးမြတ်ဇော်အောင်က တရားပြိုင် ဦးထွန်းထွန်းအပေါ် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၂၇၊ ဦးပိုင် ၁၆၊ ဧရိယာ ဝ. ၁၂၇၁ ဧကရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အဦများနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားပြိုင် နေထိုင်လျက်ရှိသော အချင်းဖြစ်မြေ အနောက်ဘက်ပိုင်းရှိ မြေနှင့်အိမ်မှ ဖယ်ရှားထွက်ခွာ၍ လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုရာ စရိတ်နှင့်တကွ အနိုင်ဒီကရီ ရရှိခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို

မူလရုံးတရားပြိုင် ဦးထွန်းထွန်းက မကျေနပ်၍ ဤတရားမပထမ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် ဦးကျော်ဝေ၏ တူတော်စပ်ပြီး ငယ်စဉ်ကပင် ဦးကျော်ဝေအား ပြုစုစောင့်ရှောက်၍ အတူတကွနေထိုင်ခဲ့သည်မှာ ဦးကျော်ဝေ ကွယ်လွန်သည့်အချိန်အထိဖြစ်ကြောင်း၊ တရားပြိုင်သည် ဦးကျော်ဝေ၏ဇနီး ဒေါ်စိန်ရင်၏အစ်မ ဒေါ်မြစိန် ကွယ်လွန်ချိန်တွင် ဦးကျော်ဝေ နေထိုင်သော အိမ်အောက်ထပ်နေရာသို့ ရောက်ရှိနေထိုင်ခဲ့ကြောင်း၊ တရားပြိုင်သည် ဦးကျော်ဝေ၏ အမွေစား အမွေခံ လုံးဝမဟုတ်ကြောင်း၊ ဦးကျော်ဝေသည် အတူနေ တရားလိုအား ချစ်ခြင်းမေတ္တာစေတနာအရ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်၊ အကွက်အမှတ် ၅၂၇၊ ဦးပိုင် ၁၆၊ ဧရိယာ ဝ. ၁၂၇၁ ဧကေရှိ မောင်ကိုချိန် အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မန္တလေးမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ် ၁၅၅၇/ ဝ၅ အရ အပိုင်ပေးခဲ့သဖြင့် တရားလိုက တရားဝင်ပိုင်ဆိုင်ကြောင်း၊ အချင်းဖြစ်မြေ အနောက်ဘက်ခြမ်းရှိ ထရံကာသွပ်မိုးအိမ်တွင် တရားပြိုင် နေထိုင်လျက်ရှိကြောင်း၊ အရှေ့ဘက်ခြမ်းရှိ ထရံကာသွပ်မိုးအိမ်တွင် အိမ်ရှင်တရားလိုက အိမ်ငှား ဦးအိုက်ထွန်းအား အငှားချထားခဲ့ကြောင်း၊ တရားလိုက မိမိပိုင်မြေနှင့် မြေပေါ်ရှိအိမ်တွင် တရားပြိုင်အား နေထိုင်ခွင့်မပြုတော့ပါသော ကြောင့် ၆-၆-ဝ၅ နေ့ ည ၁၂ နာရီ နောက်ဆုံးထား၍ ဖယ်ရှားပေးရန် အကြောင်းကြားစာ ပေးပို့ခဲ့ရာ မလိုက်နာသဖြင့် စွဲဆိုရကြောင်း ဖော်ပြ အဆိုပြုသည်။

ချေလွှာတွင် ဦးကျော်ဝေနှင့် ဒေါ်စိန်ရင်တို့က တရားပြိုင်အား တစ်နှစ်သားအရွယ်ကစ၍ မွေးစားခဲ့သဖြင့် အတူနေထိုင်ခြင်း ဖြစ်ကြောင်း၊ တရားလိုသည် ဦးကျော်ဝေ၏ နှစ်ဝမ်းကွဲတူ တော်စပ်ကြောင်း၊ တရားပြိုင်သည် ဦးကျော်ဝေနှင့် ဒေါ်စိန်ရင်၏ အမွေကို ခံစားခွင့်ရှိသော အပတိဋ္ဌသားဖြစ်ကြောင်း၊ မှတ်ပုံတင်အပေးစာချုပ် အမှတ် ၁၅၅၇/၀၅ သည် ယာယီအပေးစာချုပ်အမှတ် ၁၂၁၆/၀၄ အဖြစ် တည်ရှိမှတ်သားထားစဉ် ဦးကျော်ဝေက အဆိုပါအပေးစာချုပ် နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၈၂/၀၄ ကို ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းအမှုတွင် အချင်းဖြစ်မြေနှင့်စပ်လျဉ်းသမျှ ယာယီတားဝရမ်း ထုတ်ဆင့် တားမြစ်ခဲ့ကြောင်း၊ အမှုအတောအတွင်း ဦးကျော်ဝေ ကွယ်လွန်သဖြင့် အမှုကိုပိတ်သိမ်းခဲ့ရကြောင်း၊ တရားလိုက ဦးကျော်ဝေ ကွယ်လွန်ခဲ့ကြောင်း အဖြစ်မှန်ကို စာချုပ်စာတမ်းမှတ်ပုံတင် ရုံးသို့ မတင်ပြဘဲ ယာယီတားဝရမ်း ထုတ်ဆင့် တားမြစ်ထားသော မြေကွက်နှင့်ပတ်သက်သည့် ယာယီအပေးစာချုပ်အမှတ် ၁၂၁၆/၀၄ ကို ဆက်လက်ဆောင်ရွက်ခဲ့သဖြင့် အပေးစာချုပ်အမှတ် ၁၅၅၇/၀၅ အဖြစ် ချုပ်ဆို မှတ်ပုံတင်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်က အဆိုပါ အပေး စာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုနှင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၁၉/၀၅ တွင် တရားလို နှင့် ၎င်း၏ဖခင်အပေါ် စွဲဆိုထားကြောင်း၊ အဆိုပါ အပေးစာချုပ်အရ တရားလိုတွင် ပိုင်ဆိုင်ခွင့်မရှိကြောင်း၊ ဦးကျော်ဝေက ဦးအိုက်ထွန်းအား အချင်းဖြစ်မြေ၏ အရှေ့ဘက်ခြမ်းအိမ်ကို အငှားချထားခဲ့ကြောင်း၊ ဦးကျော်ဝေ ကွယ်လွန်ပြီးနောက် တရားလိုက အိမ်ငှား ဦးအိုက်ထွန်း အား အပေးစာချုပ်ကို ပြသပြီး အငှားစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း၊

အချင်းဖြစ်မြေနှင့် အဆောက်အဦများသည် တရားပြိုင်၏ မွေးစားမိခင် ဒေါ်စိန်ရင်ဘက်မှ ပါရှိလာသော ပစ္စည်းများဖြစ်ပြီး မွေးစားမိခင်နှင့်ဖခင်တို့ ကွယ်လွန်သောအခါ အပတိဌသားဖြစ်သူ တရားပြိုင်က မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေတစ်ဝက် ဆက်ခံခွင့်ရှိသဖြင့် တရားလိုတောင်းဆိုသည့် သက်သာခွင့် မရထိုက်ကြောင်း ချေပသည်။

မူလတိုင်းတရားရုံးက အဆိုအချေအရ ငြင်းချက် ၅ ရပ် ထုတ်၍ နှစ်ဖက်စစ်ဆေးပြီးနောက် တရားလိုသည် အပေးစာချုပ် မှတ်ပုံတင်အမှတ် ၁၅၅၇/၀၅ အရ အချင်းဖြစ်မြေနှင့် မြေပေါ်ရှိ အဆောက်အဦများ၏ တရားဝင်ပိုင်ဆိုင်သူ ဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်း၊ ယင်းမှတ်ပုံတင်အပေးစာချုပ်သည် တရားမဝင် ပျက်ပြယ်ထိုက်သော စာချုပ်ဖြစ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင်သည် ကွယ်လွန်သူ ဦးကျော်ဝေနှင့် ဒေါ်စိန်ရင်တို့၏ အတူနေ အပတိဌသား တစ်ဦး ဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်း၊ တရားပြိုင်သည် အချင်းဖြစ်မြေနှင့် အဆောက်အဦများတွင် အမွေတစ်ဝက် ဆက်ခံခွင့်ရှိသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင်သည် တရားလိုပိုင် အချင်းဖြစ်မြေ၏ အနောက်ခြမ်းရှိ အိမ်တွင် တရားလို၏ ခွင့်ပြုချက်မရှိဘဲ နေထိုင်လျက်ရှိသည် ဆိုခြင်းမှာ မှန်ကြောင်း သုံးသပ်ဖြေကြား၍ အချင်းဖြစ်မြေပေါ်ရှိ အဆောက်အဦ အားလုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးပြီး၊ တရားပြိုင်သည် အချင်းဖြစ်မြေအနောက်ဘက်ခြမ်းရှိ မြေနှင့်အိမ်မှ ဖယ်ရှားထွက်ခွာ၍ တရားလိုအား လက်ရောက်ပေးအပ်စေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်ခဲ့သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက အပေးစာချုပ်ကို ပေးကမ်းသူ လေဖြတ်၍ ကျန်းမာရေးမကောင်းသည့်အချိန်၌ တရားပြိုင်

က ၎င်း၏အိမ်သို့ခေါ်ပြီး မိသားစုဆရာဝန်ကို ခေါ်ယူကာ လက်မှတ်ရေးထိုးစေ၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ စာချုပ်ပါသက်သေ ဦးလှမြင့်၏ ထွက်ဆိုချက်အရ ဦးလေးနှင့် ခမည်းခမက် တော်စပ်သူများကို သက်သေထားရှိပြီး မိသားစုဆရာဝန်တို့ ပြုလုပ်ခဲ့သော စာချုပ်ဖြစ်ကြောင်း၊ ဦးကျော်ဝေ မကွယ်လွန်မီ ထိုကဲ့သို့ ပြုလုပ်သော စာချုပ်ကို ဖျက်သိမ်းရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၈၂/၀၄ ကို စွဲဆိုခဲ့ပြီး ဦးကျော်ဝေ သေဆုံးသဖြင့် အမှုပိတ်သိမ်းခဲ့ရကြောင်း၊ မူလရုံးက ဦးကျော်ဝေသည် သတိသမ္ပဇဉ် ကောင်းစဉ် သက်သေခံ (က) အပေးစာချုပ်ကို ချုပ်ဆိုခဲ့သည်ဟု လက်ခံခြင်းသည် ဒေါက်တာဒေါ်လွင်လွင်သန်း၏ ယုတ္တိမရှိ ရှေ့နောက်မညီသောထွက်ဆိုချက်များကို လက်ခံရာရောက်ကြောင်း၊ ဦးကျော်ဝေ၏ အဒေါ်ဖြစ်သူ တရားလိုပြသက်သေ ဒေါ်အေး၏ ထွက်ဆိုချက်သည် ဒေါက်တာဒေါ်လွင်လွင်သန်း၏ ထွက်ဆိုချက်နှင့် များစွာ ကွဲလွဲနေသည်ကို မူလရုံးက စဉ်းစားသုံးသပ်ခဲ့ခြင်း မရှိကြောင်း၊ အမွေရှင် ဦးကျော်ဝေ မကျန်းမမာ လေဖြတ်နေစဉ် တရားလိုပြုလုပ်ခဲ့သော အပေးစာချုပ်အမှတ် ၁၅၅၇/၀၅ သည် အမွေဆက်ခံခွင့်ရှိသူ အပတိဋ္ဌသား တရားလိုကို ခွဲဝေစရာ မကျန်အောင် စီစဉ်ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်၍ တရားမဝင် ပျက်ပြယ်ပါသောကြောင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ပေးသင့်ပါကြောင်း၊ တရားပြိုင်သည် မွေးစားဖခင်၊ မိခင်တို့ ကွယ်လွန်ချိန်ထိ အတူနေထိုင်ခဲ့သော အပတိဋ္ဌသား ဖြစ်သောကြောင့် ကျန်ရစ်သော အမွေပစ္စည်းတွင် တစ်ဝက် ခံစားခွင့်ရှိသူဖြစ်ကြောင်း၊ ထိုသို့ အမွေဆက်ခံခွင့်ရှိသော ပစ္စည်းကို ခွဲဝေရန် မကျန်အောင် ပေးကမ်းသည့် စာချုပ်မှာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်နေပါသဖြင့် မူလရုံး

၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင်၏ တရားရုံးချုပ်ရှေ့နေက ဥပဒေအရ မှတ်ပုံတင်ထားသော အပေးစာချုပ်အမှတ် ၁၅၅၇/၀၅ တွင် ပေးကမ်းသူ၊ လက်ခံသူနှင့် အသိသက်သေ ၃ ဦး လက်မှတ်ရေးထိုးထားသဖြင့် ဥပဒေနှင့်အညီ ပေးကမ်းသော စာချုပ်တစ်ရပ်ဖြစ်ကြောင်း၊ စာချုပ်ပါ သက်သေ ဒေါက်တာဒေါ်လွင်လွင်သန်းနှင့် ဦးလှမြင့်တို့က စာချုပ်ချုပ်ဆိုစဉ် ဦးကျော်ဝေမှာ လေဖြတ်ထားသော်လည်း သတိကောင်းကြောင်း ထောက်ခံထွက်ဆိုထားပြီး သက်သေ ဒေါ်အေး၊ ဦးအိုက်ထွန်း၊ ဒေါ်တင်တင်ဝင်းတို့ကလည်း ဦးကျော်ဝေထံရောက်ရှိစဉ် ၎င်းမှာ သတိသမ္ပဇဉ် ကောင်းသည်ဟု ထောက်ခံ ထွက်ဆိုထားပါကြောင်း၊ ဦးကျော်ဝေသည် မကျန်းမာသူဖြစ်လင့်ကစား ယာယီ အပေးစာချုပ်ချုပ်ဆိုစဉ် ဦးနှောက်အာရုံကြော ထိခိုက်ပြီး သတိကင်းမဲ့နေသည်ဟု တရားပြိုင်ဘက်မှ ခိုင်လုံသောအထောက်အထား မတင်ပြနိုင်ခဲ့ကြောင်း၊ အပေးစာချုပ် ချုပ်ပြီး ၅ လခန့်ကြာမှ ဦးကျော်ဝေ ကွယ်လွန်ခြင်းဖြစ်၍ သေခါနီးဆဲဆဲ ပေးကမ်းခြင်းလည်း မဟုတ်ကြောင်း၊ ဦးကျော်ဝေ ကွယ်လွန်သည့်အခါ တရားလိုအား ပေးပြီးသည့် မြေနှင့်အိမ်အပြင် ငွေကျပ် တစ်သိန်းနှင့် ရွှေလက်စွပ် ၂ ကွင်း ကျန်ရစ်ပြီး ယင်းပစ္စည်းကို တရားလို၏ဖခင်က အမွေအဖြစ် ရရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဦးကျော်ဝေက တရားလိုအား အမွေပစ္စည်းအားလုံးကို ပေးကမ်းခြင်း မဟုတ်ကြောင်း၊ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိဘဲ ဥပဒေနှင့်ညီညွတ်ပါသဖြင့် အယူခံမှုကို စရိတ်နှင့်တကွ ပလပ်သင့်ပါကြောင်း လျှောက်ထားသည်။

အမှုတွင် မူလရုံးတရားလိုဦးမြတ်ဇော်အောင်က ၎င်း၏ဖခင်

ဦးရွှေသိန်းနှင့် ဦးကျော်ဝေတို့မှာ ညီအစ်ကို တစ်ဝမ်းကွဲ တော်စပ်ကြောင်း၊ ၎င်းငယ်စဉ်ကစ၍ ဦးကျော်ဝေနှင့် ဇနီးဒေါ်စိန်ရင်တို့ အိမ်တွင် နေထိုင်ခဲ့ကြောင်း၊ ၎င်းအား ဦးကျော်ဝေတို့လင်မယားက သားသမီး အရင်းပမာ စောင့်ရှောက်ခဲ့ကြောင်း၊ ဒေါ်စိန်ရင် ကွယ်လွန်ပြီးနောက် ဦးကျော်ဝေက အချင်းဖြစ်မြေနှင့် အဆောက်အဦများကို ၎င်းအား မေတ္တာဖြင့် အပိုင်ပေးမှတ်ပုံတင်စာချုပ် ၁၅၅၇/၀၅ ဖြင့် ပေးကမ်းခဲ့ကြောင်း ထွက်ဆိုခဲ့ရာ၊ သက်သေဒေါ်အေး(လိုပြ-၂)၊ ဒေါ်တင်တင်ဝင်း (လိုပြ-၄)၊ ဦးသံချောင်း (လိုပြ-၅)၊ ဦးလှမြင့် (လိုပြ-၇)၊ ဒေါက်တာ ဒေါ်လွင်လွင်သန်း (လိုပြ-၈)နှင့် ဦးရွှေသိန်း (လိုပြ-၉) တို့က ထောက်ခံ ထွက်ဆိုကြသည်။

မူလရုံးတရားပြိုင် ဦးထွန်းထွန်း၏ အထွေထွေကိုယ်စားလှယ် စာရသူ မအေးအေးမာက ကိုထွန်းထွန်းအား (၁) နှစ်သားအရွယ်က စ၍ ဦးကျော်ဝေနှင့် ဒေါ်စိန်ရင်တို့က မွေးစားခဲ့ကြောင်း၊ ကိုထွန်းထွန်း သည် ဦးကျော်ဝေနှင့် ဒေါ်စိန်ရင်တို့နှင့် အတူတကွ နေထိုင်ကြောင်း၊ ဦးကျော်ဝေ လေဖြတ်ရောဂါ ဖြစ်ပွားခဲ့ရာ ၎င်းအား တရားလိုနှင့် ဦးရွှေသိန်းတို့က ဆေးရုံတင်ခဲ့ကြောင်း၊ ဆေးရုံက ဆင်းသည့်အခါ ဦးကျော်ဝေအား နေအိမ်သို့ပြန်မပို့ဘဲ တရားလို၏အိမ်သို့ ခေါ်သွားခဲ့ ကြောင်း၊ ဦးကျော်ဝေ ကျန်းမာရေးမကောင်းဖြစ်နေစဉ် ယာယီမှတ်ပုံ တင်အပေးစာချုပ် ၁၂၁၆/၀၄ ကို ပြုလုပ်ခဲ့ကြောင်း၊ ယင်းအပေးစာချုပ် ကို ပယ်ဖျက်ပေးရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၈၂/၀၄ ကို စွဲဆိုခဲ့ရာ၊ အချင်းဖြစ်ဥပစာနှင့်ပတ်သတ်၍ တရားရုံးက ယာယီတားဝရမ်း ထုတ်ပေးခဲ့ကြောင်း၊ အမှုအတောအတွင်း ဦးကျော်ဝေ သေဆုံးသဖြင့် အမှုကိုပိတ်သိမ်းခဲ့ရကြောင်း၊ တရားလိုက ဦးကျော်ဝေ

သေဆုံးကြောင်း အဖြစ်မှန်ကို မတင်ပြဘဲ၊ မှတ်ပုံတင်အပေးစာချုပ် ၁၅၅၇/၀၅ အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ချေပသည်။

နှစ်ဖက် သက်သေခံချက်များအရ ဦးကျော်ဝေသည် ၂၀၀၄ ခုနှစ်၊ ဇွန်လအတွင်း လေဖြတ်ရောဂါ ဖြစ်ပွားသဖြင့် ကံ့ကော်အထူးကုဆေးရုံသို့ ၂၃-၆-၀၄ ရက်နေ့မှ ၇-၇-၀၄ ရက်နေ့အထိ တက်ရောက်ကုသခဲ့ကြောင်း၊ တရားလို၏ဖခင် ဦးရွှေသိန်းက ဦးကျော်ဝေအား ဆေးရုံသို့ တင်ခြင်းဖြစ်ပြီး ဆေးရုံက ဆင်းသည့်အခါ ဦးရွှေသိန်းက ၎င်းအိမ်သို့ ဦးကျော်ဝေအား ခေါ်သွားခဲ့ကြောင်း၊ ဦးရွှေသိန်း၏အိမ်မှာပင် ဦးကျော်ဝေပိုင် အချင်းဖြစ်မြေနှင့် မြေပေါ်ရှိ အဆောက်အဦကို တရားလို ဦးမြတ်ဇော်အောင်အား ပေးကမ်းသည့် ယာယီမှတ်ပုံတင်အပေးစာချုပ် ၁၂၁၆/၀၄ ကို ပြုလုပ်ခဲ့ကြောင်း အငြင်းမပွားပေ။ ဦးကျော်ဝေ ကွယ်လွန်ပြီးနောက် ယာယီမှတ်ပုံတင်အပေးစာချုပ် ၁၂၁၆/၀၄ သည် မှတ်ပုံတင်အပေးစာချုပ် ၁၅၅၇/၀၅ အဖြစ်ရောက်ရှိ မှတ်ပုံတင်ခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ သက်သေခံ (က) မှတ်ပုံတင်အပေးစာချုပ်တွင် ပေးကမ်းသူ ဦးကျော်ဝေက လက်ဗွေနှိပ်ထားပြီး ပေးကမ်းခြင်းကို လက်ခံသူ ဦးမြတ်ဇော်အောင်နှင့် အသိသက်သေများ ဖြစ်ကြသည့် ဦးလှမြင့်၊ ဦးလှဟန်၊ ဒေါက်တာ ဒေါ်လွင်လွင်သန်းတို့က လက်မှတ်ရေးထိုးထားကြောင်းတွေ့ရှိရသည်။ ယင်းအပေးစာချုပ်ကို၂၇-၄-၀၅ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၁၅၅၇ /၀၅ ဖြင့် မှတ်ပုံတင်ခဲ့ကြောင်း တွေ့ရသည်။ တရားလို ဦးမြတ်ဇော်အောင်က ယင်းမှတ်ပုံတင်အပေးစာချုပ်ပါ မြေနှင့်အဆောက်အဦကို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟ

ကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်စေရန် အချင်းဖြစ်ဥပစာပေါ်တွင် နေထိုင်လျက်ရှိသူ တရားပြိုင် ဦးထွန်းထွန်းအပေါ် ယခုအမှုစွဲဆိုခြင်း ဖြစ်သည်။

သက်သေခံ (က) အပေးစာချုပ်ကို တရားလို၏ဖခင်ဦးရွှေသိန်း (လိုပြ-၉)၏ နေအိမ်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ပုဂ္ဂိုလ်များကို ခေါ်ယူ၍ ပြုလုပ်ခဲ့ကြောင်းနှင့် အပေးစာချုပ် ပြုလုပ်စဉ်က ပေးသူ ဦးကျော်ဝေသည် လေဖြတ်ရောဂါ ခံစားနေရကြောင်းတို့မှာ သက်သေခံချက်များအရ ပေါ်လွင်သည်။ စာချုပ်ပါ သက်သေဦးလှမြင့် (လိုပြ-၇) က စာချုပ်ချုပ်စဉ် စာချုပ်ရုံးမှ အရာရှိများက ဦးကျော်ဝေအား မောင်မြတ်ဖော်အောင်ကို အိမ်နှင့်မြေ ပေးမှာလားဟု ၃ ကြိမ်မေးရာ ဦးကျော်ဝေက ခေါင်းငြိမ့်ပြကြောင်း၊ ဦးကျော်ဝေက လက်ဗွေနှိပ်ပေးရာ မှင်များ ပေကျံနေ၍ လက်မထောင်ပေးသဖြင့် မိမိက သုတ်ပေးခဲ့ရကြောင်း၊ ဦးကျော်ဝေမှာ သတိသမ္ပဇဉ် ကောင်းမွန်ကြောင်း ထွက်ဆိုသည်။ စာချုပ်ပါသက်သေ ဒေါက်တာဒေါ်လွင်လွင်သန်း (လိုပြ-၈) က ဦးရွှေသိန်းအိမ်သို့ သွားရောက်ပြီး ဦးကျော်ဝေ၏ ကျန်းမာရေး ကောင်း-မကောင်း မေးခဲ့ကြောင်း၊ ဦးကျော်ဝေက ဝူးဝါးစကား ပြောကြောင်း၊ မိမိက ဦးကျော်ဝေအား မြေကို မောင်မြတ်ဖော်အောင်အား ပေးမှာလားဟု စာနဲ့ရေး၍ မေးခဲ့ကြောင်း၊ ဦးကျော်ဝေက ခေါင်းငြိမ့်ပြကြောင်း၊ မိမိက ဦးကျော်ဝေသည် သတိသမ္ပဇဉ်ကောင်း-မကောင်း အသေအချာစစ်ပြီးမှ သတိကောင်းနေသဖြင့် စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း ထွက်ဆိုသည်။

ဒေါက်တာဒေါ်လွင်လွင်သန်း (လိုပြ-၈) သည် ဦးကျော်ဝေအား လေဖြတ်ရောဂါ ဖြစ်ပွားချိန်ကစ၍ တစိုက်မတ်မတ် ကုသနေ

သည့် ဆရာဝန်တစ်ဦး မဟုတ်ကြောင်း ပေါ်ပေါက်သည်။ သူမသည် ဦးကျော်ဝေ၏ ကျန်းမာရေးကို မေးရန်အတွက် ဦးရွှေသိန်း၏ အိမ်သို့ ရောက်ရှိစဉ် အပေးစာချုပ်၌ ဦးကျော်ဝေမှာ သတိသမ္ပဇဉ် ကောင်း ကြောင်း မှတ်ချက်ပြု၍ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ ခြင်း ဖြစ်သည်။ ဒေါက်တာဒေါ်လွင်လွင်သန်း၏ မှတ်ချက်သည် လူနာ ဦးကျော်ဝေအား ကုသသည့် တာဝန်ကျ ဆရာဝန်တစ်ဦးဦးက တရားဝင် ပေးသည့် ထင်မြင်ချက်မဟုတ်ပေ။

ဒေါ်အေး(လိုပြ-၂) ကလည်း ဦးကျော်ဝေထံရောက်တိုင်း မိမိ အား သိသလား၊ နေကောင်းလား၊ သတိကောင်းလားဟု မေးသည့်အခါ တိုင်း ခေါင်းငြိမ့်ပြကြောင်း၊ စကားမပြောနိုင်ကြောင်း၊ ခေါင်းသာငြိမ့်ပြ ကြောင်း ထွက်ဆိုထားသည်။ အဆိုပါသက်သေများ၏ ထွက်ဆိုချက်အရ ဆိုလျှင် ဦးကျော်ဝေသည် လေဖြတ်ရောဂါကြောင့် စကားမပြောနိုင် တော့ချေ။ ၎င်း၏အမူအရာသည် ခေါင်းငြိမ့်ခြင်းသာ ပြုတတ်ကြောင်း ပေါ်ပေါက်သည်။ ပေးကမ်းသူ ဦးကျော်ဝေသည် အသက် (၇၃) နှစ် အရွယ်ရှိပြီး ကျန်းမာရေးအခြေအနေမှာ ကြည်လင် ကောင်းမွန်စွာ နားလည်နိုင်သည့် အခြေအနေမဟုတ်ကြောင်း တွေ့ရသည်။ ဤအခြေ အနေတွင် ဦးကျော်ဝေသည် အပေးစာချုပ်ကို ကောင်းစွာ သဘော ပေါက် နားလည်စွာဖြင့် လက်ဗွေနှိပ်ပေးခဲ့သည်ဟု သံသယကင်းရှင်းစွာ ကောက်ယူရန် ခဲယဉ်းသည်ဟု သုံးသပ်ရရှိသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ အရ မေတ္တာဖြင့် ပေးကမ်းခြင်း အထမြောက်ရန်မှာ ပေးသူနှင့် လက်ခံသူရှိရမည်။ မေတ္တာ ဖြင့် ပေးသောပစ္စည်းသည် လက်ရှိပစ္စည်းဖြစ်ရန် လိုသည်။ ပေးသူက မိမိအလိုအလျောက် အဖိုးအစားနား မပါရှိဘဲ ပေးကမ်းခြင်း ဖြစ်ရမည်။

ပေးသူက မိမိပိုင်ပစ္စည်းကို လွှဲပြောင်းပေးရမည်။ ပေးသောပစ္စည်းကို လက်ခံသူက ပေးသူ အသက်ရှင်ဆဲ ပေးနိုင်သည့် အခြေအနေရှိစဉ် လက်ခံရမည်။ မေတ္တာဖြင့်ပေးခြင်းကို ပေးသူ အသက်ရှင်စဉ် ပစ္စည်းအား ပေးနိုင်သည့် အခြေအနေရှိခိုက် ပေးမှသာ အထမြောက်သည်။ အလားတူပင် ရယူသူ အသက်ရှင်လျက်ရှိစဉ် မေတ္တာဖြင့် ပေးသည်ကို ရယူသူ ကိုယ်တိုင်ဖြစ်စေ၊ ရယူသူကိုယ်စား တစ်ဦးဦးကဖြစ်စေ လက်ခံပြီးမှသာ အတည်ဖြစ်သည်ဟု **ဒေါ်လေးတင်(၎င်း၏ကိုယ်စားလှယ်စာ ရသူ ဦးအုန်းတင်)** နှင့် **ဦးအောင်ဝင်း ပါ ၃ အမှု**[၁]တွင် ထုံးဖွဲ့ထားသည်။

အမှုတွင် အချင်းဖြစ်ဥပစာကို ပေးကမ်းသည့် ယာယီမှတ်ပုံတင် စာချုပ် ၁၂၁၆/၀၄ ကို ၂၇-၈-၀၄ ရက်နေ့တွင် ပြုလုပ်ကြောင်း ဦးလှမြင့် (လိုပြ-၇) က ထွက်ဆိုထားသည်။ သို့ရာတွင် အပေးစာချုပ်တွင် ၂၀၀၄ ခုနှစ်၊ ဇွန်လဟုဖော်ပြထားပြီး ရက်စွဲမပါရှိကြောင်း တွေ့ရှိသည်။ ဦးကျော်ဝေသည် ၂၃-၆-၀၄ နေ့မှ ၇-၇-၀၄ နေ့ထိ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံမှဆင်းပြီးနောက်မှ အပေးစာချုပ်ကို ပြုလုပ်ခြင်းဖြစ်၍ စာချုပ်ပါ ၂၀၀၄ ခုနှစ်၊ ဇွန်လဟု ရေးသားဖော်ပြချက်များမှာ မှန်ကန်သည်ဟု မဆိုနိုင်ချေ။ အပေးစာချုပ်ကို ၂၇-၈-၀၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်ဆိုသော်လည်း ပေးကမ်းသူ ဦးကျော်ဝေ ကွယ်လွန်သည့် ၂၅-၁-၀၅ ရက်နေ့ထိတိုင်အောင် ဦးကျော်ဝေသည် ပေးကမ်းသည့် အချင်းဖြစ်ဥပစာကို ပေးကမ်းခြင်းခံရသူ မောင်မြတ်ဇော်အောင်ထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း မတွေ့ရချေ။

---

၁။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၉၂။

**ဦးမောင်မြ ပါ ၆** နှင့် **မသန်းသန်းချို အမှု**[၂]တွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ အရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းရာတွင် ရယူသူကိုယ်တိုင်ဖြစ်စေ၊ ရယူသူကိုယ်စား တစ်ဦးဦးကဖြစ်စေ လက်ခံရယူရမည်ဖြစ်ပြီး ယင်းမေတ္တာဖြင့် ပေးကမ်းစာချုပ်ကိုလည်း မှတ်ပုံတင်ရန်လိုအပ်ကြောင်း၊ ယင်းကဲ့သို့ လက်ရောက်ပေးကမ်းခဲ့ခြင်း မရှိပါက ပေးကမ်းခြင်း အထမြောက်မည် မဟုတ်ကြောင်း၊ မူလရုံးတရားလို၏ အဆိုလွှာ၊ ၎င်း၏ထွက်ဆိုချက်နှင့် အမှုတွဲပေါ်ပေါက်ချက်အရ ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၁၅/၈၀ ဖြင့် ပေးကမ်းခြင်းကို လက်ခံရယူသူများက လက်ရောက်မရခဲ့သဖြင့် ထိုပေးကမ်းခြင်းစာချုပ်သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ နှင့် ညီညွတ်မှုမရှိ၍ ထိုပေးကမ်းခြင်းသည် တရားမဝင်သော၊ ပျက်ပြယ်သော စာချုပ်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

ယခုအမှုတွင်လည်း ဦးကျော်ဝေက မှတ်ပုံတင်အပေးစာချုပ် ၁၅၅၇/၀၅ ဖြင့် ပေးကမ်းသည်ဆိုသော အချင်းဖြစ်ဥပစာကို ၎င်းကွယ်လွန်သည့် အချိန်ထိ တရားလို မောင်မြတ်ဇော်အောင်အား လွှဲပြောင်းပေးအပ်မှု မရှိခြင်း၊ လက်ရောက် မရရှိခဲ့ခြင်းတို့ကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၂ နှင့် ညီညွတ်မှု မရှိ၍ ထိုပေးကမ်းခြင်းသည် တရားမဝင်သောကြောင့် မှတ်ပုံတင်အပေးစာချုပ် ၁၅၅၇/၀၅ သည် ပျက်ပြယ်သော စာချုပ်ဖြစ်သည်ဟု သုံးသပ်ရပေသည်။ ဤအခြေအနေတွင် တရားလို မောင်မြတ်ဇော်အောင်က အဆိုပါ ပျက်ပြယ်သော အပေးစာချုပ်ကို အကြောင်းပြု၍ အချင်းဖြစ်

---

၂။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၉၀။

မြေနှင့် အဆောက်အဦများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုအပေါ် အနိုင်ဒီကရီချမှတ်ပေးနိုင်မည် မဟုတ်ပေ။ မူလ မန္တလေးတိုင်းတရာရုံးက ဦးမြတ်ဇော်အောင် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြု၍ မူလ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ မူလရုံးတရားလို ဦးမြတ်ဇော်အောင် စွဲဆိုသည့် မူလ တရားမကြီးမှုအမှတ် ၂၇၄/၀၅ ကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀/ သတ်မှတ်သည်။

## တရားမအထွေထွေလျှောက်လွှာ

## တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး ရှေ့တွင်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နှင့်

## ဦးထွန်းအောင်ကြည်*

၂၀၀၇ ခုနှစ်၊ ဇွန်လ ၆ ရက်

**တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ လျှောက်ထားခြင်း-ရှေ့နေချုပ်ရုံးကသာ ပြင်ဆင်မှု တက်ရောက်ရမည့် အမှုဖြစ်ပါလျက် အမှုတွင် ပါဝင်ခြင်းမရှိသူက ပြင်ဆင်မှုတက်ရောက်ပေးရန် အမှုအပ်နှံခြင်းကို ရှေ့နေခ ငွေကျပ်တစ်သိန်း လက်ခံရယူပြီး ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေတစ်ဦးအနေဖြင့် မလုပ်သင့်မလုပ်ထိုက်သော ပြုမူဆောင်ရွက်ချက်ကို ပြုလုပ်ရာရောက်ခြင်း။**

---

* ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁။

**ဆုံးဖြတ်ချက်**။  ။ တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် အမှုတွင်ပါဝင်ခြင်းမရှိသူ ဦးဝင်းလှိုင်က အမှုပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့နေငှားရမ်းခြင်းကို လက်ခံပြီး ရှေ့နေခ ငွေကျပ်တစ်သိန်း လက်ခံရယူ၍ တိုင်စာရေးသားနိုင်ရန် ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေများကောင်စီ၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ အပိုဒ် ၂၄ ကို ဆန့်ကျင်ရာ ရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။  ။ ယခုအမှုတွင် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်ကို တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ (က) အရ တရားခံများအား အမှုမှလွှတ်လိုက်သောကိစ္စနှင့် ပတ်သက်၍ အမှုသည်မဟုတ်သူ ဦးဝင်းလှိုင်ထံမှ ရှေ့နေခ ငွေကျပ်တစ်သိန်းယူ၍ အမှုနှင့်ပတ်သက်သော အချက်အလက်များ စုဆောင်းပေးခဲ့သည့်အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်အမှာစကားများကို ရှာဖွေစုဆောင်ပေးခဲ့သည်။ ဦးဝင်းလှိုင်အား တိုင်စာရေးသားပေးခဲ့ကြောင်းမှာမူ ထင်ရှားပေါ်ပေါက်ခြင်းမရှိသော်လည်း တိုင်စာရေးသားနိုင်ရန်အတွက် ကူညီဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ပြစ်ဒဏ်ထိုက်စေသင့်သည်။

လျှောက်ထားသူအတွက်  -  ဒေါ်မိုမိုအောင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် - ကိုယ်တိုင်
ရှေ့နေများကောင်စီ ရုံးသဟာယ
အဖြစ် ဦးခင်အောင်

တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည် (လိုင်စင်အမှတ် ၆၁၈၅) အပေါ် တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ အရေးယူသင့်-မသင့် ဆုံးဖြတ်နိုင်ရန်အတွက် တရားရုံးချုပ် တရားသူကြီးများ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ တင်သွင်းလာသော အမှုဖြစ်သည်။

လျှောက်ထားသူ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့ပြီး တရားရုံးချုပ်ရှေ့နေများ ကောင်စီမှ ရုံးသဟာယအဖြစ် ပါဝင်ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံးက တင်ပြရာတွင် အောင်လံမြို့၊ ကန်ကြီးရပ်၊ လမ်းမတော်လမ်းနေ ဦးထိန်ဝင်းသည် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်အပေါ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၂၀/၀၃ အမှုနှင့်စပ်လျဉ်း၍ တိုင်ကြားခဲ့ကြောင်း၊ ယင်းအမှုမှာ သစ်တောအက်ဥပဒေပုဒ်မ ၄၃ (က) အရ စွဲဆိုမှုဖြစ်ပြီး အမှုရုပ်သိမ်းခဲ့မှုအပေါ် ပြန်လည် စိစစ်သင့်သည်ဟု တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်က တိုင်ကြားစာ ရေးသားပေးခဲ့ကြောင်း၊ ဦးထွန်းအောင်ကြည်၏ တိုင်ကြားစာ ရေးသားပေးမှုအပေါ် အရေးယူပေးရန် ဦးထိန်ဝင်းက တိုင်ကြားခြင်းဖြစ်ကြောင်း၊ ဦးထိန်ဝင်း၏ တိုင်ကြားချက်နှင့်စပ်လျဉ်း၍ မကွေးတိုင်းတရားရုံးက ရှေးဦးစုံစမ်းမှုအမှတ် ၈/၀၄ ကို ဖွင့်လှစ်စုံစမ်း စစ်ဆေးခဲ့ကြောင်း၊ ၎င်းအပြင်

ဌာနဆိုင်ရာစစ်ဆေးမှုအမှတ် ၂/၀၄ ကို ဖွင့်လှစ်၍ နည်းလမ်းတကျ စစ်ဆေးခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုအရ ဦးထွန်းအောင်ကြည်သည် ရုပ်သိမ်းခွင့်ပြုထားသည့် သရက်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၈၂၀/၀၃ တွင် တရားလို သစ်တောဦးစီးဌာန၊ တောအုပ်ကြီး ဦးသော်နိုင်ဦးက တရားပြိုင် ဦးစိုးငြိမ်းပါ ၄ ဦးတို့အပေါ် သစ်တော ဥပဒေပုဒ်မ ၄၃ (က) အရ စွဲဆိုမှုကို ပြန်လည်ဖွင့်လှစ်ရေးအတွက် လိုက်ပါဆောင်ရွက်ရန် ဦးဝင်းလှိုင်ထံမှ ငွေတစ်သိန်း ရယူခဲ့ကြောင်း၊ ဦးထွန်းအောင်ကြည်သည် ရှေ့နေလုပ်ငန်းနှင့် မပတ်သက်သည့်ကိစ္စကို တရားမဝင် ဆောင်ရွက်ရာရောက်သဖြင့် တရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ၎င်းအပေါ် သင့်မြတ်သည့် အမိန့်တစ်ရပ် ချမှတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ဦးထွန်းအောင်ကြည်က သရက်မြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၈၂၀/၀၃၊ တရားလို ဦးသော်နိုင်ဦး (တောအုပ်ကြီး) နှင့် တရားခံ ဦးစိုးငြိမ်း ပါ ၄၊ သစ်တောအက်ဥပဒေ ပုဒ်မ ၄၃ (က) အမှုအား စစ်ဆေးကြားနာမှုမပြုမီ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄ အရ အမှုကိုပြန်လည်ရုပ်သိမ်းခွင့်ပြုပြီး တရားခံ များအား အပြစ်မှလွှတ်လိုက်သောကြောင့် ဦးဝင်းလှိုင်က မကျေနပ် သဖြင့် အမှု ပြန်လည်အရေးယူနိုင်ရေးနှင့် ဥပဒေအကြံပြုပေးရန် ဦးထွန်းအောင်ကြည်အား ရှေ့နေပါဝါ ကိုယ်စားလှယ်လွှဲစာဖြင့် ရှေ့နေခ ငွေကျပ်တစ်သိန်းပေးကြောင်း၊ အမှုကို သက်ဆိုင်ရာမှ ပြန်လည် အရေးယူနိုင်ရန်အတွက် ဦးထွန်းအောင်ကြည်သည် သရက်မြို့နယ် တရားရုံးသို့ သွားရောက်၍ အမှုတွဲ လေ့လာခြင်း၊ တောအုပ်ကြီး ဦးသော်နိုင်ဦးထံ သွားရောက်တွေ့ဆုံခြင်း၊ လိုအပ်သည်များကို အကြံ

ပေးခြင်း ပြုလုပ်ကြောင်း၊ ဦးဝင်းလှိုင်၏ မကျေနပ်မှု၊ တိုင်တန်းမှုကို ၎င်း၏သဘောဆန္ဒအတိုင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်ဟုသာ ပြောခဲ့ကြောင်း၊ တိုင်ကြားရန် လိုအပ်သည့် အမှုတွဲ၊ ဥပဒေပုဒ်မများ၊ ပြီးပြတ်ချက်အမှုနှင့် တရားလို၏ သဘောထား၊ နိုင်ငံတော်အကြီးအကဲ ၏ မိန့်ကြားချက်များကို အကြံပြုပြောဆိုရုံမှတစ်ပါး အခြားပြုလုပ်မှု၊ ပြောဆိုမှု၊ ရေးသားမှု တစ်စုံတစ်ရာမရှိကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက် ပေးခြင်းအပေါ် အပြစ်တစ်စုံတစ်ရာရှိသည်ဟု ရုံးတော်က သုံးသပ်ရရှိပါ က အနူးအညွတ် ဝန်ချတောင်းပန်ကြောင်း၊ နောက်နောင်တွင် ဤကဲ့သို့ အဖြစ်အပျက်မျိုးအား အထူးသတိထား ရှောင်ရှား၍ ဆင်ခြင် လုပ်ကိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားဆဲ သားသမီး ၃ ဦးနှင့် မိသားစုအား ရှာဖွေလုပ်ကိုင်ကျွေးမွေးနေသူဖြစ်သောကြောင့် သက်ညှာ စွာ စဉ်းစားပေးပါရန် တင်ပြသည်။

တရားရုံးချုပ်ရှေ့နေကောင်စီ ရုံးသဟာယက တရားရုံးချုပ် ရှေ့နေ ဦးထွန်းအောင်ကြည်အပေါ် တိုင်ကြားသူများမှာ ဦးဝင်းလှိုင်နှင့် ဦးထိန်ဝင်းတို့ဖြစ်ကြောင်း၊ ဦးထွန်းအောင်ကြည်သည် ရုပ်သိမ်းခဲ့သော အမှုကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၊ တရားစွဲအဖွဲ့အစည်းများဖြစ်သည့် ရဲချုပ်၊ ရှေ့နေချုပ်တို့ထံ အဖြစ် အပျက် အလုံးစုံ တင်ပြနိုင်ရေးအတွက် ရှာဖွေစုဆောင်း၍ စီစဉ် ရေးသားပေးပြီး ဦးဝင်းလှိုင်အား လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ဦးဝင်းလှိုင်မှာ ရုပ်သိမ်းခံရသည့်အမှုတွင် အမှုသည်မဟုတ်၍ ပြင်ဆင်မှု တက်ခွင့်မရှိကြောင်း၊ ဥပဒေရုံးများလက်စွဲ အပိုဒ် ၉၇ အရ ဥပဒေရုံး ကသာ သက်ဆိုင်ရာတရားရုံးသို့ ပြင်ဆင်မှုတက်ပေးခွင့်သာရှိ၍ ရှေ့နေ တစ်ဦးအနေဖြင့် တက်ရောက်ခွင့်မရှိ၍ ရှေ့နေလိုက်ပါရန်အတွက် အမှု

လက်ခံရန် မဖြစ်နိုင်ကြောင်း၊ ရှေ့နေလိုက်သူများဥပဒေပုဒ်မ ၁၃ (ခ) နှင့် အကျုံးဝင်သောကြောင့် ဦးထွန်းအောင်ကြည်အား ထိုက်သင့်သော ပြစ်ဒဏ် ချမှတ်သင့်ကြောင်း တင်ပြသည်။

မကွေးတိုင်း၊ သရက်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၈၂၀/ဝ၃ တွင် တရားလို ဦးသော်နိုင်ဦး(တောအုပ်ကြီး) က တရားခံ ဦးစိုးမြင့် ပါ ၄ ဦးအပေါ် သစ်တောအက်ဥပဒေပုဒ်မ ၄၃ (က) အရ တရားစွဲဆိုခဲ့ပြီးနောက် အမှုကြားနာခြင်းမပြုမီ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄ (က) အရ လျှောက်ထားသဖြင့် အမှုရုပ်သိမ်းခွင့်ပြုပြီး တရားခံများအား အမှုမှစွဲချက်မတင်မီလွှတ်ခဲ့သည်။

ယင်းအမှုတွင် အမှုသည်အဖြစ် ပါဝင်ခြင်းမရှိသူ ဦးဝင်းလှိုင် က တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် အမှု ပြန်ဖော်ထုတ်ပေးရန် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်အား ရှေ့နေခ ငွေကျပ် တစ်သိန်းဖြင့် ငှားရမ်းခဲ့သည်။

ဦးထွန်းအောင်ကြည်သည် သရက်မြို့နယ်တရားရုံးသို့ သွားရောက်ပြီး ပြစ်မှုကြီးအမှတ် ၈၂၀/ဝ၃ အမှုတွဲကို လေ့လာခြင်း၊ ယင်းအမှုမှ တရားလို တောအုပ်ကြီး ဦးသော်နိုင်ဦးအား တွေ့ဆုံမေးမြန်းခြင်း၊ ဦးဝင်းလှိုင်အား နိုင်ငံတော်အကြီးအကဲ၏ မိန့်ကြားချက်များကို ပြောပြခြင်း၊ အမှုအတွက် လိုအပ်သော ဥပဒေပုဒ်မများ၊ ပြီးပြတ်ချက်များကို ရှာဖွေပေးခြင်း ပြုလုပ်ခဲ့သည်မှာ အငြင်းမပွား ပေါ်ပေါက်သည်။ ဦးထွန်းအောင်ကြည်က ဦးဝင်းလှိုင်အား ကိုယ်တိုင် လက်မှတ်ရေးထိုး တိုင်တန်းစေခြင်းကိုမူ မပြုလုပ်ကြောင်း ငြင်းဆိုပြီး မည်သူများကို မည်သို့ အရေးယူသင့်ကြောင်းမှာ ဦးဝင်းလှိုင်ဘာသာ ၎င်း၏ဆန္ဒအရ စီစဉ် ရေးသား ပေးပို့ခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုသည်။

ပြစ်မှုဆိုင်ရာဥပဒေအရ စွဲဆိုသောအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ ရုပ်သိမ်းခွင့်ပြုလျှင် အမှုပြန်လည် ဖွင့်ခွင့်ပြုရန် လျှောက်ထားနိုင်သူမှာ အဆင့်ဆင့်သော ဥပဒေရုံးနှင့် ရှေ့နေချုပ်ရုံးသာ ဖြစ်ပေသည်။ တရားရုံးချုပ်ရှေ့နေ တစ်ဦးဖြစ်သော ဦးထွန်းအောင်ကြည်သည် ယင်းလုပ်ထုံးလုပ်နည်းကို မသိနိုင်စရာ အကြောင်း မရှိပေ။

တရားရုံးချုပ်ရှေ့နေများကောင်စီ၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ အပိုဒ် ၂၄ တွင် ရှေ့နေရှေ့ရပ်များသည် မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများ ရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း မပြုသင့်ကြောင်း ဖော်ပြထားသည်။

တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် အမှုတွင် ပါဝင် ခြင်းမရှိသူ ဦးဝင်းလှိုင်က အမှုပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့နေ ငှားရမ်းခြင်းကို လက်ခံပြီး ရှေ့နေခ ငွေကျပ်တစ်သိန်း လက်ခံရယူ၍ တိုင်စာရေးသားနိုင်ရန် ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေများ ကောင်စီ၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ အပိုဒ် ၂၄ ကို ဆန့်ကျင်ရာရောက်ပေသည်။

ရှေ့နေရှေ့ရပ်လုပ်ငန်းကို မလျော်ကန်သော နည်းဖြင့်ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်လျှင် ရှေ့နေလိုက်ပါသူများ အက်ဥပဒေပုဒ်မ ၁၃ (ခ) နှင့် အကျုံးဝင်သောကြောင့် တရားရုံးချုပ် ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ရှေ့နေကျင့်ဝတ် သိက္ခာ ပျက်ပြားသော ရှေ့နေအား တရားရုံးချုပ်က သတိပေးခြင်း၊

ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း၊ ရှေ့နေအဖြစ်မှထုတ်ပယ်ခြင်း ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရန်ဖြစ်သည်။

တရားခံ ဦးစိုးမြင့်တို့အား တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ စွဲချက်မတင်မီလွှတ်သောအမှုကို ပြန်လည်ဖွင့်ရန် ပြင်ဆင်မှုတက်ရောက်ခွင့်ရှိသူမှာ ဥပဒေအရာရှိသာ ဖြစ်ပေသည်။ တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် ဤဥပဒေလုပ်ထုံးလုပ်နည်းကို မသိရန် အကြောင်းမရှိပေ။ သို့ပါလျက် ပြင်ဆင်မှုတက်ရောက်ပေးမည်ဆိုကာ ဦးဝင်းလှိုင်ထံမှ ရှေ့နေခ ငွေကျပ်တစ်သိန်းရယူခြင်းမှာ ရှေ့နေရှေ့ရပ်လုပ်ငန်းကို မလျော်ကန်သောနည်းဖြင့်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ရှေ့နေလိုက်ပါသူများအက်ဥပဒေပုဒ်မ ၁၃ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာရောက်ပေသည်။

ယခုအမှုတွင် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ တရားခံများအား အမှုမှလွှတ်လိုက်သောကိစ္စနှင့်ပတ်သက်၍ အမှုသည်မဟုတ်သူ ဦးဝင်းလှိုင်ထံမှ ရှေ့နေခ ငွေကျပ်တစ်သိန်းယူ၍ အမှုနှင့်ပတ်သက်သော အချက်အလက်များ စုဆောင်းပေးခြင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်အမှာစကားများကို ရှာဖွေစုဆောင်းပေးခဲ့သည်။ ဦးဝင်းလှိုင်အား တိုင်စာရေးသားပေးခဲ့ကြောင်းမှာမူ ထင်ရှားပေါ်ပေါက်ခြင်း မရှိသော်လည်း တိုင်စာရေးသားနိုင်ရန်အတွက် ကူညီဆောင်ရွက်ခဲ့ကြောင်းပေါ်ပေါက်သည်။ ထို့ကြောင့် တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ပြစ်ဒဏ်ထိုက်စေသင့်သည်။

သို့ရာတွင် ဦးထွန်းအောင်ကြည်သည် ၎င်း၏လုပ်ရပ်ကို သိရှိနားလည်သဘောပေါက်ပြီး နောင်တွင် ယခုကဲ့သို့မဖြစ်အောင် အထူး

သတိထား ဆင်ခြင်လုပ်ကိုင်ပါမည့်အကြောင်းနှင့် သက်ညှာစွာ သုံးသပ်ပေးရန် အနူးအညွတ် ဝန်ချတောင်းပန်သည်။

တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည်သည် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ တရားခံများအား စွဲချက်မတင်မီလွှတ်သည့် အမှုတွင် ဥပဒေရုံးကသာ ပြင်ဆင်မှုတက်ရောက်ခွင့်ရှိကြောင်း သိသင့်ပေသည်။ အမှုတွင် ပါဝင်ခြင်းမရှိသူက အထက်တရားရုံးသို့ ပြင်ဆင်မှုတက်ရောက်ပေးရန် အမှုအပ်နှံခြင်းကို ရှေ့နေခ ငွေကျပ်တစ်သိန်း လက်ခံရယူပြီး ဆောင်ရွက်ပေးခြင်းမှာ တရားရုံးချုပ်ရှေ့နေတစ်ဦးအနေဖြင့် မလုပ်သင့် မလုပ်ထိုက်သော ပြုမူဆောင်ရွက်ချက်ကို ပြုလုပ်ရာရောက်ပေသည်။

ထို့ကြောင့် တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကြည် (လိုင်စင်အမှတ် ၆၁၈၅) ကို တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ရှေ့နေလိုက်ခွင့် ၅ နှစ် (ငါးနှစ်) ရပ်ဆိုင်းကြောင်း အမိန့်ချမှတ်လိုက်သည်။

စရိတ်မသတ်မှတ်။

## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင် ရှေ့တွင်

## ဦးဘမင်း

## နှင့်

## ဒေါ်မြမြ ပါ ၂*

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်+

**မိသားစုစီမံမှုအရ မောင်နှမ ၃ ဦးသည် မိမိတို့အချင်းချင်း သဘောတူ အမွေခွဲဝေ၍ ရယူခဲ့ကြပြီးမှ အစွလာမ် တရားဥပဒေနှင့် မညီညွတ်သဖြင့် ယင်းဥပဒေအရ တရားရုံးက အမွေကိုစီမံခန့်ခွဲပေးရန် တင်ပြလာခြင်း ကို လက်ခံနိုင်မည် မဟုတ်ချေ။**

**ဆုံးဖြတ်ချက်။** ။ မိသားစုစီမံမှုကို အမွေခံတို့၏ သဘောတူညီ ချက်ဖြင့် ပြုလုပ်၍ စီမံမှုအတိုင်း ပစ္စည်းခွဲဝေပြီးပါက အဆိုပါစီမံမှုကို ဖောက်ဖျက်ခွင့်ရှိမည် မဟုတ်ပေ။ ထို့ပြင် အဆိုပါစီမံမှုသည် တရား

---

* ၂၀၀၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၅။

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆၀ တွင် ချမှတ်သော ၁၅-၃-၀၇ ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိဟူ၍လည်း သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားရုံးက အမွေပုံပစ္စည်းကို စီမံခန့်ခွဲလျှင် ကွယ်လွန်သူ အမွေရှင် ကိုးကွယ်သည့်ဘာသာအရ ခွဲဝေပေးရန် ဖြစ်သည်။ ယခုအမှုတွင် အမွေဆိုင်တစ်ဦးဦးက အစ္စလာမ်တရားဥပဒေအရ အမွေခွဲဝေပေးရန် တရားရုံးသို့ ဦးစွာလျှောက်ထားခဲ့ခြင်း မရှိဘဲ အမွေဆိုင်မောင်နှမ ၃ ဦး အချင်းချင်း သဘောတူညီချက်ဖြင့် ရယက လူကြီးများ၊ အသိသက်သေများရှေ့တွင် စာချုပ် ချုပ်ဆို၍ အမွေပစ္စည်းကို ခွဲဝေခဲ့ကြပြီး မိမိတို့ရရှိသော အမွေဝေစု မြေအစိတ်အပိုင်းကို သီးခြားကာရံ၍ လက်ရောက်ရယူခဲ့ကြပြီး ဖြစ်ပေသည်။ အယူခံတရားလို ဦးဘမင်းသည် ၎င်းရရှိခဲ့သော အမွေဝေစု မြေအစိတ်အပိုင်းကို အခြားသူအား ရောင်းချ၍ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ အမွေဆိုင်များအချင်းချင်း အမွေပစ္စည်းကို သဘောတူ ခွဲဝေရယူကြပြီးဖြစ်သောကြောင့် တရားရုံးက အမွေပစ္စည်းကို စီမံခန့်ခွဲပေးရန် မလိုတော့ပေ။

အယူခံတရားလိုအတွက် - ကိုယ်တိုင်

အယူခံတရားပြိုင်များအတွက် - ၁။ ဦးညွန့်ဝေ၊ တရားရုံးချုပ်ရှေ့နေ
၂။ ကိုယ်တိုင်

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၆၀/၀၅ တွင် အမှတ် (၂) အယူခံတရားပြိုင် ဦးမြင့်အောင်က တရားလိုပြုလုပ်၍

အယူခံတရားလို ဦးဘမင်းနှင့် အမှတ် (၁) အယူခံတရားပြိုင် ဒေါ်မြမြ တို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ ပလပ်ခြင်း ခံရသည်။ ယင်းသို့ ပလပ်သည့် စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလို (မူလရုံးတရားပြိုင်အမှတ်-၁) ဦးဘမင်းက မကျေနပ်၍ ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

မူလရုံးတရားလို၏ အဆိုလွှာတွင် မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ အကွက် (၆၈၀)၊ ဦးပိုင် ၃၇၊ ဂရန်မြေနှင့် အဆောက်အဦသည် မိဘများဖြစ်သည့် ဦးဘထွန်း (ခ) ဦးဟာရှင်နှင့် ဒေါ်ဖော (ခ) ဒေါ်တင်ဖောတို့ပိုင်ဖြစ်ကြောင်း၊ ၎င်းတို့တွင် ဦးမြင့်အောင်၊ ဦးဘမင်း၊ ဒေါ်မြမြနှင့် ဦးမြင့်စိုး သားသမီး ၄ ဦး ထွန်းကားခဲ့ပြီး ဦးမြင့်စိုးမှာ လူပျိုဘဝဖြင့် ကွယ်လွန်ခဲ့ကြောင်း၊ မိဘများ ကွယ်လွန်သောအခါ အဆိုပါမြေကွက်နှင့် အဆောက်အဦမှာ တရားလိုနှင့် တရားပြိုင်များ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြောင်း၊ ကွယ်လွန်သူမိဘများနှင့် တရားလို၊ တရားပြိုင်တို့မှာ အစ္စလာမ်ဘာသာဝင် စွန်နီများဖြစ်ကြောင်း၊ တရားလို က မိဘများကျန်ရစ်သော ဂရန်မြေကွက်နှင့် အဆောက်အဦကို အမွေ ခွဲဝေပေးရန် ၂၀-၁၁-၀၅ ရက်နေ့က ပြောကြားရာ တရားပြိုင်များ က ငြင်းဆန်ခဲ့ကြောင်း၊ တရားလိုသည် မိဘများကျန်ရစ်သော အမွေ ပစ္စည်းတွင် အစ္စလာမ်ဘာသာအရ အမွေဝေစု ၅ ပုံ ၂ ပုံ ရထိုက်ခွင့် ရှိကြောင်း အဆိုပြုစွဲဆိုသည်။

မူလရုံးတရားပြိုင် (၁) ဦးဘမင်းက တရားလို စွဲဆိုသည့် အတိုင်း ဒီကရီချမှတ်ပေးပါရန် ဖြောင့်ဆိုလွှာ တင်သွင်းသည်။

တရားပြိုင် (၂) ဒေါ်မြမြ၏ချေလွှာတွင် အချင်းဖြစ်မြေနှင့် အဆောက်အဦကို ၂-၉-၀၂ ရက်နေ့၌ တရားလိုနှင့် တရားပြိုင်တို့

သဘောတူညီစွာ အမွေခွဲဝေခဲ့ပြီးဖြစ်၍ ထပ်မံခွဲဝေရန် မလိုအပ်တော့ကြောင်း၊ တရားလိုသည် ဂရန်မြေကွက်၏ အနောက်ဘက်အစွန်ဆုံးအပိုင်းမှ အနောက်မှ အရှေ့သို့ (၁၁) ပေ၊ တောင်မှမြောက်သို့ မြေပုံပါအတိုင်း မြေအစိတ်အပိုင်းကိုလည်းကောင်း၊ တရားပြိုင် (၁) သည် မြေကွက်၏ အရှေ့ဘက်အစွန်ဆုံးအပိုင်းမှ အရှေ့မှအနောက်သို့ မျက်နှာစာ (၇) ပေ၊ တောင်မှမြောက်သို့ မြေပုံပါအတိုင်း မြေအစိတ်အပိုင်းကိုလည်းကောင်း၊ တရားပြိုင်(၂) သည် မြေကွက်၏ အလယ်ပိုင်းအရှေ့မှအနောက် မျက်နှာစာ (၉) ပေ၊ တောင်မှမြောက်သို့ မြေပုံပါအရှိအတိုင်း မြေအစိတ်အပိုင်းကိုလည်းကောင်း၊ မောရဂီဝါရပ်ကွက်၊ ရယကလူကြီးများရှေ့တွင် အမွေခွဲဝေရယူခဲ့ကြပြီး၊ ကိုယ့်မြေ အစိတ်အပိုင်းကိုပိုင်းခြားကာရံခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်(၁) သည် ၎င်းခွဲဝေရရှိသောမြေအစိတ်အပိုင်းကို ၈-၉-၀၂ ရက်နေ့တွင် ဦးတင်ဝင်းမောင်နှင့် ဒေါ်ခင်မြမြတို့ထံ လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ ဦးတင်ဝင်းမောင်က မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၅/၀၅ တွင် တရားပြိုင် (၁) အပေါ် ပဋိညာဉ်အတိုင်း အရောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ၊ တရားပြိုင် (၁) က ဖြောင့်ဆိုလွှာ တင်သွင်းခဲ့သဖြင့် တိုင်းတရားရုံးက အရောင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ဒီကရီချမှတ်ခဲ့ကြောင်း၊ တရားလိုသည် အချင်းဖြစ်မြေနှင့် အဆောက်အဦကို အမွေခွဲဝေပြီးဖြစ်ပါလျက် ယခုအမှုကို ထပ်မံစွဲဆိုခြင်းဖြစ်ကြောင်း၊ အမွေခွဲဝေပြီးဖြစ်၍ တရားလိုသည် ယခုအမှုကို စွဲဆိုရန်အကြောင်း မပေါ်ပေါက်တော့ကြောင်း ခုခံချေပသည်။

မူလတိုင်းတရားရုံးက တရားလိုနှင့် တရားပြိုင်များသည် မိဘများ ကျန်ရစ်ခဲ့သည့် အမွေပုံပစ္စည်း မြေကွက်နှင့် အဆောက်အဦကို

အမွေခွဲဝေရယူပြီးဖြစ်ကြောင်း သုံးသပ်၍ တရားလိုစွဲဆိုသော အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ကြောင်း တွေ့ရသည်။

အယူခံတရားလိုက လျှောက်လဲရာတွင် အယူခံတရားပြိုင်တို့အား အမွေခွဲဝေပေးရန် ပြောကြားရာ အယူခံတရားပြိုင် (၁) က အမွေဝေစုမြေ ၃ ပေ ၈ လက်မ ပိုမိုရရှိမှ ရယကရုံးတွင် လက်မှတ်ထိုးပေးမည်ဟု အကျပ်ကိုင်သဖြင့် အယူခံတရားလိုသည် ကျေနပ်မှုမရှိဘဲ ရယကရုံးတွင် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ အယူခံတရားပြိုင် (၁) သည် အမွေဝေစုမြေ ၅ ပေ ၄ လက်မ ရထိုက်သော်လည်း မြေ ၉ ပေ ရယူခဲ့သဖြင့် အယူခံတရားလိုသည် မြေ ၃ ပေ ၈ လက်မ ရရှိရန် နစ်နာနေကြောင်း၊ ၂-၉-၀၂ ရက်စွဲပါ အမွေဝေစု အသီးသီး ခွဲဝေလက်ခံရယူသည့် ကတိစာချုပ်ကို မှတ်ပုံမတင်ရသေးခြင်း၊ မှတ်ပုံတင်စွန့်လွှတ်စာချုပ်များ မချုပ်ဆိုရသေးခြင်း၊ အစ္စလာမ်ဘာသာ ထုံးတမ်းနှင့်အညီ အမွေခွဲဝေမှု မပြုလုပ်ရသေးခြင်းကြောင့် အမွေဆိုင် မောင်နှမ ၃ ဦး၏အမွေခွဲဝေမှုအထမမြောက်ပါကြောင်း၊ မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၅/၀၅ တွင် ဦးတင်ဝင်းမောင်နှင့် ဒေါ်ခင်မြမြတို့က တရားလိုပြုလုပ်၍ အယူခံတရားလိုအပေါ် ပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အဦကို အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ကြောင်း၊ အယူခံတရားလိုက ဖြောင့်ဆိုလွှာ တင်သွင်းသဖြင့် ဒီကရီချမှတ်ခဲ့ကြောင်း၊ အဆိုပါအမှုတွင် မှတ်ပုံမတင်ရသေးသည့် ၂-၉-၀၂ ရက်စွဲပါ အမွေခွဲဝေကတိစာချုပ်မိတ္တူအပေါ် သုံးသပ်ပြီး၊ ယင်းစာချုပ်အရ အယူခံတရားလိုသည် အချင်းဖြစ်မြေအစိတ်အပိုင်းကို အမွေခွဲဝေ ရရှိထားကြောင်း အထင်အရှားရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ အမွေခွဲဝေ

ကတိစာချုပ်ကို မှတ်ပုံမတင်ရသေးခြင်း၊ အပြန်အလှန် စွန့်လွှတ်စာချုပ်များ မချုပ်ဆိုရသေးခြင်းကြောင့် အယူခံတရားလိုသည် တရားဝင်ပိုင်ရှင် ဖြစ်မလာသေးသည့်အချက်ကို မသုံးသပ်ဘဲ အယူခံတရားလို၏ ဖြောင့်ဆိုချက်သက်သက်အရ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုသည် တရားမကြီးမှုအမှတ် ၄၂၅/၀၅ တွင် ဖြောင့်ဆိုလွှာတင်ခဲ့သော်လည်း ကတိသစ္စာပြုလွှာစာချုပ်တွင် လက်မှတ်မထိုးခဲ့ကြောင်း၊ ယခုအမှုတွင် အယူခံတရားလိုသည် အစ္စလာမ်ဘာသာထုံးတမ်းဥပဒေနှင့် အညီ အမွေမခွဲဝေရသေးသဖြင့် ဖြောင့်ဆိုလွှာတင်သွင်းခဲ့ကြောင်း၊ ယခုအမှုတွင် မူလရုံးက မှတ်ပုံတင်ထားခြင်း မရှိသေးသည့် ၈-၉-၀၂ နေ့စွဲပါအရောင်းအဝယ်စာချုပ်ကို သက်သေခံ(၂) အဖြစ် လက်ခံပြီး ယင်းစာချုပ်အရ ဦးတင်ဝင်းမောင်၊ ဒေါ်ခင်မြမြတို့အား ကျပ်သိန်း ၇၀ ဖြင့် ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သည်ဟု စီရင်ချက် ချမှတ်ခြင်းမှာ မှားယွင်းကြောင်း၊ ၂၀၀၂ ခုနှစ်က သဘောတူအမွေခွဲဝေခဲ့သည့်စာချုပ်ကို မှတ်ပုံမတင်ရသေးခြင်း၊ စွန့်လွှတ်စာချုပ်များ မချုပ်ဆိုရသေးခြင်းကြောင့် လက်ရောက်ရယူမှု အထမြောက်မည်မဟုတ်ကြောင်း၊ အမွေခွဲဝေလက်ရောက်ရယူမှုနှင့် မှတ်ပုံတင်ထားခြင်း မရှိသည့် စာချုပ်ကို တရားမဝင်ဟု ဆုံးဖြတ်ပေးသင့်ပါကြောင်း၊ အစ္စလာမ်ဘာသာဝင် ခလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေမခွဲဝေရသေးသဖြင့် မူလရုံးတရားလို ဦးမြင့်အောင် စွဲဆိုသည့် တရားမကြီးမှုအမှတ် ၅၆၀/၀၅ ကို မန္တလေးတိုင်းတရားရုံးက ပလပ်ခဲ့သည်မှာ မှားယွင်းကြောင်း၊ မူလ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုသည် အမွေဝေစု ၅ ပုံ ၂ ပုံ ရထိုက်သည်ဟု ခွဲဝေပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင် (၁) ၏ ရှေ့နေက မူလရုံးတရားလို၏ အဆိုလွှာတွင် အယူခံတရားလို တင်ပြသကဲ့သို့ အယူခံတရားပြိုင် (၁) ၏ အကျပ်ကိုင်မှုကြောင့်လည်းကောင်း၊ ခွဲဝေမှုမှာ တရားမျှတမှု မရှိ၍ လည်းကောင်း၊ ခွဲဝေသည့်စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် လည်းကောင်း၊ မှတ်ပုံတင်စွန့်လွှတ်စာချုပ်များ မချုပ်ဆိုရသေးသဖြင့် လည်းကောင်း အမွေပစ္စည်းကို စီမံခန့်ခွဲပေးရန် အဆိုပြုထားခြင်း မရှိကြောင်း မူလရုံးတရားလိုသည် ၂-၉-၀၂ ရက်နေ့တွင် မောင်နှမ ၃ ဦး၊ မောရဂီဝါရပ်၊ ရယကလူကြီးများရှေ့၌ အမွေခွဲဝေရယူခဲ့ကြသည့် ကတိစာချုပ်ကို အဆိုလွှာတွင် မဖော်ပြဘဲ ထိန်ချန်ထားပြီး အမွေစီမံ ခန့်ခွဲခြင်း မပြုရသေးဟုသာ အဆိုပြုတင်ပြခဲ့ကြောင်း၊ မူလမှုတွင် တရားပြိုင်ဖြစ်သူ ဦးဘမင်း၏ ဖြောင့်လွှာတွင်လည်း အလားတူ ဖော်ပြ ခဲ့ခြင်း မရှိကြောင်း၊ အယူခံတရားလိုက တင်ပြခဲ့သော အယူခံ အကြောင်းပြချက်များမှာ မူလမှုမှ အဆိုလွှာ၊ ဖြောင့်ဆိုလွှာ၊ ချေလွှာ တို့တွင် ဖော်ပြခဲ့ခြင်းမရှိ၍ ငြင်းချက်များ ထုတ်နုတ်စစ်ဆေးရခြင်း မရှိကြောင်း၊ အယူခံတရားလို၏ အယူခံအကြောင်းပြချက်များအပေါ် လက်ခံရန်မသင့်ပါကြောင်း၊ **မိုဟာမက်အလီ** နှင့် **ဟာလီမာဘီဘီ အမှု**[၁]၌ အောက်ရုံးတွင်တင်ပြခြင်းမရှိသည့် ပြဿနာတစ်ခုကို အယူခံ ရုံးအနေဖြင့် လက်ခံဆုံးဖြတ်ရန်မရှိကြောင်း ထုံးဖွဲ့ထားပါကြောင်း၊ ထို့အပြင် **အေအက်စ်ပီအက်စ်ကေအာရ်ဂရုပန်ချစ်တီးယား** နှင့် **အေချက်ကလင်ဂန်ချစ်တီးယား အမှု**[၂]၌ တရားမမှုများတွင် အဆို အချေပေါ်တွင် အမှုအနိုင်အရှုံးကို ဆုံးဖြတ်ရကြောင်း မူလရုံးအနေဖြင့်

---

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၃၅ (ရုံးချုပ်)။
၂။ ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၆ (တရားလွှတ်တော်)။

လည်းကောင်း၊ အယူခံရုံးအနေဖြင့်လည်းကောင်း အဆိုအချေနှင့် ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးရန် မရှိကြောင်း ဆုံးဖြတ်ထားပါကြောင်း၊ မူလရုံးက ၈-၉-ဝ၂ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ကို သက်သေခံ (၂) အဖြစ် လက်ခံခဲ့ရာတွင် မူလရုံးတရားလိုကဖြစ်စေ၊ အယူခံတရားလို (မူလရုံးတရားပြိုင်-၁) ဦးဘမင်းကဖြစ်စေ၊ အထက်တရားရုံးသို့ ပြင်ဆင်မှု ဝင်ရောက်ခဲ့ခြင်း မရှိ၍ အတည်ဖြစ်လျက်ရှိပါကြောင်း၊ မူလရုံးက သက်သေခံ (၂) စာချုပ်ကို ကိုးကားဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိပါကြောင်း၊ မူလရုံးတရားလိုအား ပြန်လှန်စစ်မေးသည့်အခါ ၎င်းက အချင်းဖြစ်မြေနှင့်အိမ်ကို မောင်နှမများ သဘောတူညီစွာ အမွေခွဲဝေပြီးဖြစ်သည်ဟု ထွက်ဆိုခဲ့ပါကြောင်း၊ သက်သေခံ (၁) ဖြင့် ဦးဘမင်း၊ ဦးမြင့်အောင်၊ ဒေါ်မြမြတို့ မောင်နှမ ၃ ဦး အမွေခွဲဝေယူပြီးကာမှ အစ္စလာမ်ဥပဒေနှင့်အညီ ပြန်လည်ခွဲဝေလိုသောကြောင့် ယခုအမှု စွဲဆိုသည်မှာ ထင်ရှားပေါ်ပေါက်နေကြောင်း၊ မူလရုံးတရားလိုနှင့် တရားပြိုင်များသည် ၎င်းတို့ သဘောတူကျေနပ်စွာ မြေကို တိုင်းတာခွဲဝေ၍ လက်ရောက်ရယူခဲ့ကြောင်းကို တရားပြိုင်ပြသက်သေများက ထွက်ဆိုထားပါကြောင်း၊ မူလတိုင်းတရားရုံးက နှစ်ဖက်သက်သေခံ အထောက်အထားများအရ တရားလိုနှင့် တရားပြိုင်များသည် အချင်းဖြစ်မြေနှင့် အဆောက်အဦကို အမွေခွဲဝေရယူပြီးကြောင်း ကောက်ယူဆုံးဖြတ်၍ စွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိပါကြောင်း၊ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ အယူခံမှုကို ပလပ်သင့်ပါကြောင်း လျှောက်ထားသည်။

အယူခံတရားပြိုင် (၂) ဦးမြင့်အောင်က ၂-၉-ဝ၂ ရက်စွဲပါ

အမွေဝေစု ခွဲဝေလက်ခံရယူသည့် ကတိစာချုပ်ကို မူလရုံးတရားလို၊ တရားပြိုင်တို့ မောင်နှမ ၃ ဦး မောရဂီဝါရပ်ကွက်၊ ရယကရုံး လူကြီးများ ရှေ့တွင် ချုပ်ဆိုခဲ့ကြသည်မှာ အငြင်းပွားမှုမရှိပါကြောင်း၊ အဆိုပါ ကတိစာချုပ်တွင် ပါရှိသည့်အတိုင်း မှတ်ပုံတင်စွန့်လွှတ်စာချုပ်များကို ချုပ်ဆိုမပြီးသေးကြောင်း၊ ကတိစာချုပ်ပါ သဘောတူညီချက် ၃ ချက် စလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ အမွေခွဲဝေရယူမှု ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ အမွေဆိုင်များသည် မိမိတို့ အသီးသီးရယူ ထားသည့် ပစ္စည်းအစိတ်အပိုင်းကို အပြန်အလှန် စွန့်လွှတ်သည့်စာချုပ် များ ချုပ်ဆိုခြင်းမရှိကြသေးသဖြင့် အမွေခွဲဝေရယူမှု မပြီးပြတ်သေး သည့် အနေအထားတွင် အမွေခွဲဝေရယူပြီးဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပါသဖြင့် အမွေမှုကို တရားစွဲဆိုခွင့်ရှိမည်ဖြစ်ပါကြောင်း၊ မူလ တိုင်းတရားရုံးက အမွေပစ္စည်းများကို မူလရုံးတရားလိုနှင့် တရားပြိုင် များ ခွဲဝေရယူပြီးဖြစ်ကြောင်း ဆုံးဖြတ်၍ အမှုကိုပလပ်ခဲ့ခြင်းမှာ အထင်အရှား မှားယွင်းပါကြောင်း၊ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို ပယ်ဖျက်၍ ပဏာမဒီကရီ ချမှတ်ပေးသင့်ပါကြောင်း ရေးသားလျှောက်လဲချက် တင်သွင်းသည်။

မူလရုံးအမှုတွဲရှိ သက်သေခံ အထောက်အထားများအရ အယူခံတရားလို ဦးဘမင်းနှင့် အယူခံတရားပြိုင်များ ဖြစ်ကြသော ဒေါ်မြမြ၊ ဦးမြင့်အောင်တို့သည် ညီအစ်ကိုမောင်နှမ အရင်းအချာများ ဖြစ်ကြကြောင်း၊ ၎င်းတို့နှင့် ကွယ်လွန်သူ မိဘနှစ်ပါးသည် အစ္စလာမ် ဘာသာဝင်များဖြစ်ကြောင်း၊ မိဘနှစ်ပါး ကွယ်လွန်သည့်အခါ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၆၈၀၊ ဦးပိုင် ၃၇ ဂရန်မြေကွက်နှင့် မြေပေါ်ရှိအဆောက်အဦ ကျန်ရစ်

ကြောင်း၊ ၂-၉-၀၂ ရက်နေ့တွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်များသည် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ရယကရုံးတွင် ရယကဥက္ကဋ္ဌ ဦးဝင်းအောင် (ပြိုင်ပြ-၆)၊ ရယကအဖွဲ့ဝင် ဦးလှမြင့် (ပြိုင်ပြ-၃)၊ ရယကစာရေး ဦးအောင်နိုင် (ပြိုင်ပြ-၉) နှင့် စာချုပ်ပါသက်သေ ဦးသိန်းနိုင် (ပြိုင်ပြ-၂) တို့၏ရှေ့တွင် အမွေပစ္စည်းမြေနှင့်အဆောက်အဦကို သဘောတူခွဲဝေသည့်စာချုပ် (သက်သေခံ-၁) ကို ချုပ်ဆိုခဲ့ကြကြောင်း၊ အယူခံတရားလို ဦးဘမင်းက မြေကွက်၏ အရှေ့ဘက်အစွန်ဆုံး အရှေ့မှအနောက် ၇ ပေ၊ တောင်မှမြောက် မြေပုံပါ အရှည်အတိုင်းကိုလည်းကောင်း၊ အယူခံတရားပြိုင် ဒေါ်မြမြ က မြေကွက်၏အလယ်ပိုင်း အရှေ့မှအနောက် ၉ ပေ၊ တောင် မြောက် မြေပုံပါအရှည်အတိုင်းနှင့် အယူခံတရားလိုထံမှ ငွေကျပ် ၅ သိန်း ကိုလည်းကောင်း၊ အယူခံတရားပြိုင် ဦးမြင့်အောင်က မြေကွက်၏ အနောက်ဘက်အစွန်ဆုံး၊ အနောက်မှအရှေ့သို့ ၁၁ ပေ၊ တောင် မြောက် မြေပုံပါအတိုင်းနှင့် အယူခံတရားလိုထံမှ ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ခွဲဝေ၍ မိမိတို့ရရှိသော မြေအစိတ်အပိုင်းကို သီးခြား ကာရံပြီး လက်ရောက်ရယူခဲ့ကြကြောင်း ထင်ရှားပေါ်ပေါက်သည်။

ထို့ပြင် အယူခံတရားလို ဦးဘမင်းသည် ၎င်းခွဲဝေရရှိခဲ့သော အမွေဝေစုမြေ ၇ ပေ အစိတ်အပိုင်းနှင့် မြေပေါ်ရှိ အဆောက်အဦကို ၈-၉-၂၀၀၂ ရက်စွဲပါ စာချုပ်ဖြင့် ဦးတင်ဝင်းမောင်နှင့် ဒေါ်ခင်မြမြ တို့အား ငွေကျပ်သိန်း ၇၀ ဖြင့် ရောင်းချပြီး လက်ရောက်ပေးအပ် ခဲ့ကြောင်း၊ ဦးတင်ဝင်းမောင်နှင့် ဒေါ်ခင်မြမြတို့က မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၅/၀၅ တွင် ဦးဘမင်းအပေါ် ပဋိညာဉ်အတိုင်း အချင်းဖြစ်မြေနှင့် အဆောက်အဦကို အရောင်း

အဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ကြောင်း၊ ယင်းအမှုတွင် တရားပြိုင်ဖြစ်သူ ဦးဘမင်းက ၁၉-၉-၂၀၀၅ နေ့စွဲပါ ကတိသစ္စာပြုလွှာနှင့်အတူ ဝန်ခံဖြောင့်ဆိုလွှာ တင်သွင်းခဲ့ကြောင်း၊ ၆-၁၀-၀၅ ရက်နေ့တွင် မန္တလေးတိုင်းတရားရုံးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ဦးဘမင်းအပေါ် စီရင်ချက်နှင့်ဒီကရီ ချမှတ်ခဲ့ကြောင်းလည်း သက်သေခံ (၂)(၅)(၆)(၇)(၈) တို့အရ ပေါ်လွင်သည်။

အယူခံတရားလို ဦးဘမင်းက ၂-၉-၂၀၀၂ ရက်စွဲပါ အမွေခွဲဝေ လက်ခံယူသည့်စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း မငြင်းသော်လည်း အယူခံတရားပြိုင် ဒေါ်မြမြ၏ အကျပ်ကိုင်မှုကြောင့် ယင်းစာချုပ်ကို ကျေနပ်မှုမရှိဘဲ လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ စာချုပ်မှာ မှတ်ပုံမတင်ရသေးသဖြင့်လည်းကောင်း၊ ယင်းအမွေခွဲဝေမှုသည် အစ္စလာမ်ဘာသာ ဓလေ့ထုံးတမ်းဥပဒေနှင့် မညီညွတ်သဖြင့်လည်းကောင်း၊ အယူခံတရားလိုနှင့် အယူခံတရားပြိုင်များသည် အမွေခွဲဝေသည့် ကတိစာချုပ်ပါ သဘောတူညီချက်အတိုင်း အပြန်အလှန် စွန့်လွှတ်စာချုပ်များ မပြုလုပ်ရသေးသဖြင့်လည်းကောင်း၊ အမွေခွဲဝေမှု အထမမြောက်ပါကြောင်းနှင့် တရားမဝင်ပါကြောင်း လျှောက်ထား တင်ပြလာခြင်းဖြစ်သည်။ အယူခံတရားပြိုင် (၂) (မူလရုံးတရာလို) ကလည်း အလားတူ လျှောက်ထားသည်ကို တွေ့ရှိရသည်။

မူလရုံးအမှုတွဲရှိ အဆိုလွှာတွင် အယူခံတရားပြိုင် (၁) ဒေါ်မြမြ၏ အကျပ်ကိုင်မှုကြောင့် အမွေခွဲဝေလက်ခံရယူသည့် စာချုပ်၌ လက်မှတ်ရေးထိုးခဲ့ရကြောင်း၊ ယင်းစာချုပ်ကို မှတ်ပုံတင်ထားခြင်းမရှိသဖြင့်လည်းကောင်း၊ စွန့်လွှတ်စာချုပ်များ မချုပ်ဆိုရသေးသဖြင့်လည်းကောင်း၊ အစ္စလာမ်ဘာသာ ဓလေ့ထုံးတမ်းဥပဒေနှင့် မညီညွတ်

သဖြင့်လည်းကောင်း အမွေခွဲဝေမှု အထမမြောက်ပါ၊ တရားမဝင်ပါ ဟု အဆိုပြုဖော်ပြခြင်း မရှိခဲ့ချေ။

မူလရုံးအမှုတွဲပါ အယူခံတရားလို ဦးဘမင်း၏ ဖြောင့်ဆိုလွှာတွင်လည်း ၎င်း၏ အယူခံအကြောင်းပြချက်များကို ဖော်ပြထားခြင်း မရှိဘဲ ဤအယူခံမှုတွင်သာ အဆိုပါအကြောင်းအချက်များကို တင်ပြလာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ဦးဂဖူး** နှင့် **ဦးစိန်မောင် ပါ ၂ အမှု**[၃]၌ တရားမမှုများတွင် အမှုသည်များ၏ အဆိုအချေတို့အပေါ်တွင် အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မူလရုံးအနေဖြင့်သော်လည်းကောင်း၊ အယူခံရုံးအနေဖြင့်သော်လည်းကောင်း၊ အဆိုအချေ၌ မပါဝင်၊ ဆန့်ကျင်ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရကြောင်း ဆုံးဖြတ်လမ်းညွှန်ထားပေသည်။

ထို့ကြောင့် အယူခံတရားလို ဦးဘမင်း၏ အယူခံအကြောင်းပြချက်များနှင့် ၎င်းအား ထောက်ခံတင်ပြသော အယူခံတရားပြိုင် (၂) ဦးမြင့်အောင်၏ လျှောက်ထားတင်ပြချက်များသည် မူလရုံးအမှုတွဲရှိ အဆိုလွှာ၊ ချေလွှာနှင့် ဖြောင့်ဆိုလွှာတို့တွင် မပါဝင်၊ ဆန့်ကျင်ကွဲလွဲနေသော အကြောင်းအချက်များဖြစ်သောကြောင့် ဤအယူခံရုံးအနေဖြင့် အဆိုပါအကြောင်းအချက်များကို လက်ခံရန် သင့်လျော်မည် မဟုတ်ချေ။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ မောရဂီဝါ ရယက ရုံးတွင် မြေနှင့်အဆောက်အဦအား သဘောတူ အမွေခွဲဝေသည့်

---

၃။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၆။

စာချုပ်ကို ချုပ်စဉ်က ပါဝင် လက်မှတ်ရေးထိုးပေးကြသော ရယက အဖွဲ့ဝင် ဦးလှမြင့် (ပြိုင်ပြ-၃)၊ ဉက္ကဋ္ဌ ဦးဝင်းအောင် (ပြိုင်ပြ-၆)၊ ရယက စာရေး ဦးအောင်နိုင် (ပြိုင်ပြ-၉) တို့၏ ထွက်ဆိုချက်များအရ လည်းကောင်း၊ စာချုပ်ပါသက်သေ ဦးသိန်းနိုင် (ပြိုင်ပြ-၂) နှင့် မူလရုံး တရားလို ဦးမြင့်အောင်ဘက်မှ ဆောင်ရွက်ပေးခဲ့သော ဦးတင်လှ (ပြိုင်ပြ-၅) ၏ ထွက်ဆိုချက်များအရလည်းကောင်း အယူခံတရားလို နှင့် အယူခံတရားပြိုင် မောင်နှမ ၃ ဦးသည် သဘောတူကျေနပ်စွာ အမွေခွဲဝေခဲ့ကြကြောင်း ထင်ရှားပေါ်လွင်သည်။

ထို့ပြင် မြေတိုင်းအဆင့် (၃) ဦးမောင်မောင် (ပြိုင်ပြ-၈) က အယူခံတရားလိုနှင့် အယူခံတရားပြိုင်များရှေ့တွင် အမွေခွဲဝေရန် အတွက် မြေအစိတ်အပိုင်းများကို တိုင်းတာပေးခဲ့ရကြောင်းနှင့် တိုင်းတာပေးချက်ကို အယူခံတရားလို၊ တရားပြိုင် မောင်နှမ ၃ ဦးက မှတ်သားခဲ့ကြကြောင်း ထွက်ဆိုထားသဖြင့် အမွေခွဲဝေကြစဉ်က မိမိတို့ ရရှိသော မြေအစိတ်အပိုင်းကို သဘောတူကျေနပ်စွာ လက်ခံရယူ ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လျက်ရှိပေသည်။

မိသားစုစီမံမှုကို အမွေခံတို့၏ သဘောတူညီချက်ဖြင့် ပြုလုပ်၍ ထိုစီမံမှုအတိုင်း ပစ္စည်းခွဲဝေပြီးပါက အဆိုပါစီမံမှုကို ဖောက်ဖျက်ခွင့်ရှိမည် မဟုတ်ပေ။ ထို့ပြင် အဆိုပါစီမံမှုသည် တရား ဥပဒေအရ တည်မြဲခိုင်မာခြင်း မရှိဟူ၍လည်း သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ပေ။

**ဦးအောင်ညွန့်** နှင့် **မောင်အုန်းမြင့် အမှု**[၄] တွင်

---

၄။ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၂၁ (၁၂၃)။

ဦးအောင်ညွန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် အမွေပုံပစ္စည်းများကို ၃ ဦး အညီအမျှ ခွဲဝေယူကြပြီးမှ ၃ နှစ်ခန့်ကြာသော အခါ အမွေခွဲဝေမှုမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ အမွေခန်း တရားဥပဒေနှင့် မညီညွတ်သည်ကို အကြောင်းပြုပြီး ခိုင်မာမှုမရှိဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ဟု ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

တရားရုံးက အမွေပုံပစ္စည်းကို စီမံခန့်ခွဲလျှင် ကွယ်လွန်သူအမွေရှင် ကိုးကွယ်သည့်ဘာသာအရ ခွဲဝေပေးရန်ဖြစ်သည်။ ယခုအမှုတွင် အမွေဆိုင်တစ်ဦးဦးက အစ္စလာမ်တရားဥပဒေအရ အမွေခွဲဝေပေးရန် တရားရုံးသို့ ဦးစွာ လျှောက်ထားခဲ့ခြင်းမရှိဘဲ အမွေဆိုင်မောင်နှမ ၃ ဦး အချင်းချင်းသဘောတူညီချက်ဖြင့် ရယကလူကြီးများ၊ အသိသက်သေများရှေ့တွင် စာချုပ်ချုပ်ဆို၍ အမွေပစ္စည်းကို ခွဲဝေခဲ့ကြပြီး မိမိတို့ရရှိသော အမွေဝေစု မြေအစိတ်အပိုင်းကို သီးခြားကာရံ၍ လက်ရောက်ရယူခဲ့ကြပြီး ဖြစ်ပေသည်။ အယူခံတရားလို ဦးဘမင်းသည် ၎င်းရရှိခဲ့သော အမွေဝေစု မြေအစိတ်အပိုင်းကို အခြားသူအားရောင်းချ၍ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ အမွေဆိုင်များအချင်းချင်း အမွေပစ္စည်းကို သဘောတူ ခွဲဝေရယူကြပြီးဖြစ်သောကြောင့် တရားရုံးက အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးရန် မလိုအပ်တော့ချေ။ မိသားစုစီမံမှုအရ မောင်နှမ ၃ ဦးသည် မိမိတို့အချင်းချင်း သဘောတူ အမွေခွဲဝေ၍ ရယူခဲ့ကြပြီးမှ၊ အစ္စလာမ်တရားဥပဒေနှင့် မညီညွတ်သဖြင့်၊ ယင်းဥပဒေအရ တရားရုံးက အမွေကို စီမံခန့်ခွဲပေးရန် တင်ပြလာခြင်းကို လက်ခံ၍ မူလရုံးအမိန့်ကို ပယ်ဖျက်နိုင်မည်မဟုတ်ချေ။

အထက်ပါအကြောင်းများကြောင့် မူလ မန္တလေးတိုင်းတရားရုံးက အမွေခွဲဝေပြီးဖြစ်ကြောင်း သုံးသပ်၍ အမှုကိုပလပ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိချေ။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀/- သတ်မှတ်သည်။

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးတင်အေး ရှေ့တွင်

## ဒေါ်မိမိခိုင်

## နှင့်

## မစန္ဒာဦး (ခ) မေသန္တာ ပါ ၂*

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်+

**ဝန်ခံချေလွှာအပေါ် တရားရုံးက မျှတသော စီရင်ချက် ချမှတ်နိုင်ခြင်း၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရန် မဟုတ်ခြင်း၊ တရားရုံးက မိမိသဘောအတိုင်း ဆောင်ရွက်နိုင်ခြင်း၊ မည်သည့်အခါ အမှု ဆက်လက်စစ်ဆေးရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ၌ အဆိုအချေတွင် ဝန်ခံချက်များ ပြုပြီးသည့်အခါ အဆိုပါဝန်ခံချက်များအရ ဒီကရီချမှတ်ပေးရန် လျှောက်ထားလာလျှင် တရားရုံးက

---

* ၂၀၀၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၅၈။

\+ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၈ တွင် ချမှတ်သော ၆-၉-၀၇ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ လျှောက်ထားမှု။

တရားမျှတသည်ဟု ထင်မြင်သော စီရင်ချက်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တရားပြိုင်က တရားလို၏အဆိုလွှာကို ဝန်ခံခဲ့သော်လည်း တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ တွင် ဝန်ခံပြီးသည့် အကြောင်းအရာကို စစ်ဆေးရန်မလို၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဝန်ခံသည့် အကြောင်းအရာပေါ် အခြေခံ၍ စီရင်ချက်ချမှတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ **ဒေါ်မြင့်သိန်း (ခ) အမီနံ ပါ ၂** နှင့် **ဦးမြင့်သိန်း ပါ ၆ အမှု**[၄] ကို ကြည့်ပါ။

တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေ ဆောင်ရွက်ရန်မလို။ မိမိသဘော အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ယင်းချေလွှာအရ မူလရုံး (၁) တရားပြိုင် သည် မူလရုံးတရားလို အဆိုလွှာ၏ အဆိုပြုချက်များအပေါ် အတိ အလင်း ဝန်ခံရာမရောက်ကြောင်း ထင်ရှားမြင်သာနေပေသည်။ မိဘ နှစ်ပါးစလုံး၏ မွေးစားမှုနှင့် မိဘတစ်ပါးတည်း၏ မွေးစားမှုတို့အပေါ် မူတည်၍ ရပိုင်ခွင့်မတူသဖြင့် အမွေဝေစုလည်း မတူကြောင်း မူလရုံး (၁) တရားပြိုင်က ငြင်းဆိုချေပချက်များ ရှိနေပေသည်။

ယင်းသို့ နှစ်ဖက်အငြင်းပွားချက်ရှိနေ၍ မူလရုံးက ရုံးငြင်းချက် ၂ ရပ်လုံး ထုတ်နုတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အဓိကအားဖြင့် အမွေကျန် ပစ္စည်းအဖြစ် မူလရုံးတရားလိုက အဆိုပြုပြီး မူလရုံးတရားပြိုင်တို့ ဝန်ခံ သည့် မြေနှင့်အိမ်မှာ အမှန် အမွေကျန်ဟုတ်-မဟုတ် စိစစ်ရဦးမည်

ဖြစ်သည်။ ထိုသို့ အဆိုပြုမှုကို ဝန်ခံရုံဖြင့် အမွေကျန် မြေနှင့်အိမ် မဟုတ်ခဲ့သော် တတိယပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုကို ထိပါးစေနိုင်၍ဖြစ်သည်။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားသည့် မူလရုံးတရားလို၏ လျှောက်လွှာအား မူလရုံးက ပယ်ခဲ့ခြင်းအပေါ် ပြင်ဆင်မှုရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ချေ။

လျှောက်ထားသူအတွက် - ဦးထွန်းအေး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ၁။ ဦးကိုကို၊ တရားရုံးချုပ်ရှေ့နေ
၂။ ကိုယ်တိုင် (လာသည်)

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၈ တွင် ပြင်ဆင်မှုလျှောက်ထားသူ ဒေါ်မိမိခိုင်က ပြင်ဆင်မှု လျှောက်ထားခံရသူ မစန္ဒာဦး (ခ) မေသန္တာ၊ မအေးသီတာတို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ ယင်းအမှုတွင် ပြင်ဆင်မှု လျှောက်ထားသူ မူလရုံးတရားလို ဒေါ်မိမိခိုင်က တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ ဝန်ခံဒီကရီ ချမှတ်ပေးပါရန် လျှောက်ထားရာ တိုင်းတရားရုံးက ပယ်ခဲ့သည်။ ထိုသို့ပယ်ခဲ့သဖြင့် ဒေါ်မိမိခိုင်က ဤတရားမပြင်ဆင်မှု တင်သွင်းလာခြင်း ဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဒေါ်မိမိခိုင်၏ ရှေ့နေက လျှောက်လဲရာတွင် မူလမှု၌ (၁) တရားပြိုင်က တရားလို၏ အဆိုလွှာပါ အဆိုပြုဖော်ပြထားသော တရားလို၊ တရားပြိုင်များသည် ကိတ္တိမသမီး

များဖြစ်ခြင်းကိုလည်းကောင်း၊ အမွေရှင် ဦးမောင်မောင်အုန်း ကွယ်လွန်ပြီးနောက် တရားလို၏ဆိုလွှာ နောက်ဆက်တွဲပါ မြေနှင့် အဆောက်အဦ တစ်ခုတည်းသာ ကျန်ရှိခြင်းကိုလည်းကောင်း ငြင်းဆိုခြင်းမရှိ၊ ဝန်ခံသည့်သဘော ဖော်ပြထားကြောင်း၊ တရားလိုသည် ကျန်ရှိသော အမွေပုံပစ္စည်း၏ တစ်ဝက်မှ ၃ ပုံ ၁ ပုံကိုသာ ခံစားခွင့်ရှိကြောင်း ချေလွှာတွင်ဖော်ပြရာ ထိုအချက်မှာ ရုံးတော်မှ ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရမည့် ဥပဒေပြဿနာဖြစ်၍ ငြင်းချက်ထုတ်၍ စစ်ဆေးရန်မလိုကြောင်း၊ ဝေစုသတ်မှတ်ချက်မှာ ရုံးတော်၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်ဖြစ်ကြောင်း၊ တရားလို၊ တရားပြိုင်များအနေဖြင့် ဝေစုအတွက်မည်သို့မျှထွက်ဆို၍ မရနိုင်ကြောင်း၊ **အက်ပီဗွီအီးဘလဲဆာမိ** နှင့် **အေအားချင်းနယား အမှု**[၁]တွင် "အမွေခွဲဝေရန် ပစ္စည်းတစ်ရပ်တည်းသာရှိလျှင် ပဏာမဒီကရီ ချမှတ်ခြင်းမပြုဘဲ တရားရုံးက အပြီးသတ်ဒီကရီ ချမှတ်ခြင်းသည် မှားယွင်းမှုမရှိ" ဟု သုံးသပ် အမိန့်ချမှတ်ထားချက်အရ ယခုအမှု၌ တရားလိုဘက်မှ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားခြင်းသည် ဥပဒေအရ မှန်ကန်နေကြောင်း **မအေးဒုတ်** နှင့် **မောင်ငွေလှိုင် ပါ ၂ အမှု**[၂]တွင် "မွေးစားခံရသူအချင်းချင်းသည် ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ပင် တန်းတူအခွင့်အရေး ရရှိကြမည်သာဖြစ်သည်" ဟု စီရင်ထုံးဖွဲ့ထားချက်အရ ကျန်ရှိသောအမွေပုံပစ္စည်းနှင့်ပတ်သက်၍ ကိတ္တိမသားသမီးအချင်းချင်းသည် အညီအမျှ အချိုးကျ ခွဲဝေခံစားခွင့်ရှိကြောင်း၊ သို့ဖြစ်၍ ကိတ္တိမသားသမီးအချင်းချင်းဖြစ်ခြင်းနှင့် အမွေပုံ

---

၁။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ ၄၈။
၂။ ၂ ယူဘီအာရ် ၁၈၉၇-၀၁၊ စာ ၁၀၉။

ပစ္စည်းမှာလည်း မြေနှင့်အိမ်တစ်ခုတည်းသာ ကျန်ရှိခြင်းတို့ အငြင်းမပွားသည့်အမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားမှုကို ပလပ်သော မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ ဥပဒေနှင့်အညီ ပြင်ဆင်ချမှတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၁) ပြင်ဆင်မှုလျှောက်ထားခံရသူ မစန္ဒာဦး (ခ) မေသန္တာ၏ ရှေ့နေက လျှောက်လဲရာတွင် ကိတ္တိမမွေးစားခြင်းကို ဝန်ခံသော်လည်း၊ ပြင်ဆင်မှုလျှောက်ထားသူသည် အမွေဆက်ခံခွင့်မရှိဟု ငြင်းဆိုထားကြောင်း၊ ယခုအမှုတွင် တရားလိုသည် အမွေခံဟုတ်-မဟုတ်နှင့် အမွေခံမှန်လျှင် အမွေပုံ ဘယ်နှစ်ပုံရထိုက်သည်ဆိုသည့် ကိစ္စကို ငြင်းချက်ထုတ်၍ အဆုံးအဖြတ်မပြုဘဲ၊ ကိတ္တိမမွေးစားသမီးများဖြစ်ခြင်းနှင့် တစ်ခုတည်းသော အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်ခြင်းဆိုသည့် အချက်များဖြင့် ပဏာမဒီကရီကို မချမှတ်နိုင်ကြောင်း၊ စာချုပ်အရ မွေးစားချင်းမှလွဲ၍ မကွယ်လွန်မီ တစ်ဦးတည်း တိတ်တဆိတ်စာချုပ် ချုပ်ဆို မွေးစားခဲ့သော်လည်း မွေးစားမိဘနှင့် အတူနေထိုင်ခြင်း မရှိပါက အမွေခံအဖြစ် မွေးစားမိဘအမွေကို မရထိုက်ဟု ကန့်ကွက်ငြင်းဆိုထားသဖြင့် အမွေရထိုက်ခွင့်ရှိ-မရှိကို ကြားနာစစ်ဆေးရမည့်အပြင် နှစ်ပါးစုံမွေးစားခြင်းနှင့် တစ်ဦးတည်းမွေးစားခြင်း၏ ဝေစုသည် တရားရုံးတော်ကသာ ဆုံးဖြတ်ရမည့် ကိစ္စရပ်သာဖြစ်ကြောင်း၊ ဝေစုအပုံသည် ပဏာမဒီကရီမချမှတ်မီ တရားရုံးက ဆုံးဖြတ်ရမည့် ကိစ္စဖြစ်၍ ဝေစုအား မစစ်ဆေးဘဲ ဆုံးဖြတ်၍မရနိုင်ကြောင်း၊ မူလရုံးတော်မှ ၁၃-၉-၀၇ နေ့တွင် ရုံးငြင်းချက်ထုတ်ပြီးဖြစ်ကြောင်း၊ အမှုပလပ်ပေးရန် ချေပချက်များအရ ရုံးငြင်းချက်ထုတ်ခဲ့ခြင်းသည် ဝန်ခံမှု

မရှိခြင်းကို ထင်ရှားစေလျက်ရှိကြောင်း၊ **ဒေါ်မြင့်သိန်း (ခ) အမိန့် ပါ ၂** နှင့် **ဦးမြင့်သိန်း ပါ ၆ စီရင်ထုံး**[၃] တွင် ထုံးပြုထားချက်ကို ကြည့်လျှင် ဝန်ခံသည့်အမှု၌ပင် တရားရုံး၏ ဆင်ခြင်တုံတရားသည် အရေးပါလျက် ရှိနေကြောင်း၊ မူလမှုတွင် (၁) တရားပြိုင်ဖြစ်သော ပြင်ဆင်မှုလျှောက်ထားခံရသူ (၁) က လုံး၀ ဝန်ခံခြင်းမရှိသဖြင့် မူလရုံး အမိန့်ကို အတည်ပြု၍ ပြင်ဆင်မှုလျှောက်ထားသူ၏ လျှောက်လွှာကို ပလပ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) ပြင်ဆင်မှုလျှောက်ထားခံရသူ ဒေါ်အေးသီတာက မူလမှုတွင် ဝန်ခံချေလွှာ တင်သွင်းခြင်း၊ မူလရုံးတရားလို၏ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားမှုအပေါ်တွင်လည်း ကန့်ကွက်ရန်မရှိကြောင်း တင်ပြခြင်းများပြုခဲ့သကဲ့သို့ ဤအမှုတွင်လည်း ပြင်ဆင်မှု လျှောက်ထားသူ လျှောက်လဲသည့်အတိုင်း ဝန်ခံလျှောက်လဲချက်ကို စာဖြင့် တင်သွင်းခဲ့သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ၌ အဆိုအချေတွင် ဝန်ခံချက်များ ပြုပြီးသည့်အခါ အဆိုပါဝန်ခံချက်များအရ ဒီကရီချမှတ်ပေးရန် လျှောက်ထားလာလျှင် တရားရုံးက တရားမျှတသည်ဟု ထင်မြင်သော စီရင်ချက်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တရားပြိုင်က တရားလို၏အဆိုလွှာကို ဝန်ခံခဲ့သော်လည်း တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ တွင် ဝန်ခံပြီးသည့် အကြောင်းအရာကို စစ်ဆေးရန်မလို၊ ဝန်ခံသည့်အတိုင်း ဒီကရီချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဝန်ခံသည့် အကြောင်းအရာပေါ် အခြေခံ၍ စီရင်ချက်ချမှတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

---

၃။ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၅။

**ဒေါ်မြင့်သိန်း (ခ) အမီနံ ပါ ၂** နှင့် **ဦးမြင့်သိန်း ပါ ၆ အမှု**[၄] ကို ကြည့်ပါ။

တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေ ဆောင်ရွက်ရန်မလို၊ မိမိသဘော အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ သို့ဖြစ်ရာ အမှုအားလုံးတွင် ဝန်ခံချက်အရ စီရင်ချက်ချမှတ်ရန် တာဝန်မရှိပေ။ ဝန်ခံချက်သည် ရှင်းလင်းပြတ်သားရမည်။

ယခုအမှုတွင် ပြင်ဆင်မှုလျှောက်ထားသူ မူလရုံးတရားလိုက တရားလိုနှင့် တရားပြိုင်များသည် ဦးမောင်မောင်အုန်း နှင့် ဒေါက်တာ ရင်ရင်မြတို့၏ ကိတ္တိမမွေးစားသမီးများဖြစ်၍ အမွေပုံပစ္စည်းတန်ဖိုး ကျပ်သိန်း ၃၀၀ ပေါ်တွင် သိန်း ၁၀၀ ကို ခွဲဝေပေးရေးအတွက် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

အမှတ် (၁) ပြင်ဆင်မှုလျှောက်ထားခံရသူ မူလရုံး (၁) တရားပြိုင်က (၁) (၂) တရားပြိုင်သည် ဦးမောင်မောင်အုန်း၊ ဒေါက်တာ ရင်ရင်မြတို့၏ ကိတ္တိမသမီးများဖြစ်ပြီး၊ တရားလိုသည် ဒေါက်တာ ရင်ရင်မြ ကွယ်လွန်ပြီးနောက်မှ ဦးမောင်မောင်အုန်း တစ်ဦးတည်းက ကိတ္တိမစာချုပ် ချုပ်ဆိုမွေးစားခဲ့ခြင်းသာဖြစ်၍ ဒေါက်တာရင်ရင်မြ၏ မွေးစားသမီးမဟုတ်ကြောင်း၊ တရားလိုသည် ဒေါက်တာရင်ရင်မြနှင့် လည်း အတူနေထိုင်ခဲ့ခြင်းမရှိကြောင်း၊ အမိအဖနှစ်ပါးစုံ မွေးစားခံရသူ နှင့် တစ်ဦးတည်း၏ သဘောဆန္ဒနှင့် မွေးစားခံရသူတို့၏ ရပိုင်ခွင့် တူညီမှုမရှိကြောင်း၊ အချိုးကျ အမွေမရထိုက်ကြောင်း၊ (၁) (၂) တရားပြိုင်သည် အမွေပုံအားလုံး၏ နှစ်ပုံတစ်ပုံ ခံစားခွင့်ရှိပြီး

---

၄။ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၅။

တရားလိုသည် ကျန်အမွေပုံတစ်ဝက်၏ သုံးပုံတစ်ပုံ ခွဲဝေခံစားရမည် ဖြစ်ကြောင်း၊ အမွေပုံပစ္စည်းတန်ဖိုးမှာ သိန်း ၃၀၀ မရှိကြောင်း၊ သိန်း ၂၀၀ ဝန်းကျင်ခန့်သာရှိကြောင်း၊ တရားလို၏ဝေစုမှာ မှန်ကန်မှု မရှိသဖြင့် အဆိုလွှာအား ပလပ်ပေးရန် ချေပထားသည်။

ယင်းချေလွှာအရ မူလရုံး (၁) တရားပြိုင်သည် မူလရုံး တရားလို အဆိုလွှာ၏ အဆိုပြုချက်များအပေါ် အတိအလင်း ဝန်ခံရာ မရောက်ကြောင်း ထင်ရှားမြင်သာနေပေသည်။ မိဘနှစ်ပါးလုံး၏ မွေးစားမှုနှင့် မိဘတစ်ပါးတည်း၏ မွေးစားမှုတို့ပေါ် မူတည်၍ ရပိုင်ခွင့် မတူသဖြင့် အမွေဝေစုလည်းမတူကြောင်း မူလရုံး (၁) တရားပြိုင်က ငြင်းဆိုချေပချက်များရှိနေပေသည်။

ယင်းကဲ့သို့ နှစ်ဖက်အငြင်းပွားချက်ရှိနေ၍ မူလရုံးက ရုံး ငြင်းချက် ၂ ရပ်လုံး ထုတ်နုတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အဓိကအားဖြင့် အမွေကျန်ပစ္စည်းအဖြစ် မူလရုံးတရားလိုက အဆိုပြုပြီး မူလရုံး တရားပြိုင်တို့ ဝန်ခံသည့်မြေနှင့်အိမ်မှာ အမှန်အမွေကျန်ဟုတ်-မဟုတ် စိစစ်ရဦးမည်ဖြစ်သည်။ ထိုသို့ အဆိုပြုမှုကို ဝန်ခံရုံဖြင့် အမွေကျန် မြေနှင့်အိမ် မဟုတ်ခဲ့သော် တတိယပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုကို ထိပါးစေနိုင် ၍ ဖြစ်သည်။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၆ အရ လျှောက်ထားသည့် မူလရုံးတရားလို၏ လျှောက်လွှာအား မူလရုံးက ပယ်ခဲ့ခြင်းအပေါ် ပြင်ဆင်မှုရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန် ရှေ့တွင်

| | |
|---|---|
| ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးချစ်မောင်) နှင့် | ၁။ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စက်မှုလက်မှုငွေချေးဌာန<br>၂။ M.H.L.G Trading Co. Ltd.<br>၃။ M.H.L.G Trading Co. Ltd. (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း)<br>၄။ M.H.L.G Trading Co. Ltd. (၎င်း၏ဒါရိုက်တာ ဒေါ်ခင်ချို)<br>၅။ M.H.L.G Trading Co. Ltd. (၎င်း၏ဒါရိုက်တာဦးခင်မောင်ဌေး) |
| ------------------------- | --------------------------- |
| မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နှင့် | ၁။ M.H.L.G Trading Co. Ltd.<br>၂။ M.H.L.G Trading Co. Ltd. (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း)<br>၃။ M.H.L.G Trading Co. Ltd. (၎င်း၏ဒါရိုက်တာ ဒေါ်ခင်ချို)<br>၄။ M.H.L.G Trading Co. Ltd. (၎င်း၏ဒါရိုက်တာဦးခင်မောင်ဌေး) |

စီးပွားရေးနှင့်ကူးသန်း
ရောင်းဝယ်ရေးဝန်ကြီး
ဌာန၊ မြစိမ်းရောင် နှင့်
အင်တာပရိုက်စ်
(၎င်း၏အုပ်ချုပ်မှု
ဒါရိုက်တာဦးဆန်းနွယ်ဝင်း)

၁။ M.H.L.G Trading Co. Ltd.
၂။ M.H.L.G Trading Co. Ltd.
(၎င်း၏မန်နေဂျင်းဒါရိုက်တာ
ဦးမျိုးဟိန်း)
၃။ M.H.L.G Trading Co. Ltd.
(၎င်း၏ဒါရိုက်တာ ဒေါ်ခင်ချို)
၄။ M.H.L.G Trading Co. Ltd.
(၎င်း၏ဒါရိုက်တာဦးခင်မောင်
ဌေး)

------------------------ ---------------------------

စီးပွားရေးနှင့်ကူးသန်း
ရောင်းဝယ်ရေးဝန်ကြီး
ဌာန၊ မြစိမ်းရောင် နှင့်
အင်တာပရိုက်စ်
(၎င်း၏အုပ်ချုပ်မှု
ဒါရိုက်တာဦးဆန်းနွယ်ဝင်း)

၁။ M.H.L.G Trading Co. Ltd.
၂။ M.H.L.G Trading Co. Ltd.
(၎င်း၏မန်နေဂျင်းဒါရိုက်တာ
ဦးမျိုးဟိန်း)
၃။ M.H.L.G Trading Co. Ltd.
(၎င်း၏ဒါရိုက်တာ ဒေါ်ခင်ချို)
၄။ M.H.L.G Trading Co. Ltd.
(၎င်း၏ဒါရိုက်တာဦးခင်မောင်
ဌေး)*

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်+

---

* ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၇၊ ၅၂၊ ၅၃၊ ၅၄။

\+ ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၆၈ တွင် ချမှတ်သော ၃၀-၃-၀၇ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ အယူခံမှု။

ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် နှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ပါ ၅
မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄

**တရားရှုံးပိုင်ပစ္စည်းများ လေလံတင်ရောင်းချသည့် ဇာရီမှုတွင် ရောင်းရငွေအပေါ် ခွဲဝေခံစားခွင့်ရှိသည့် အခြားဇာရီမှုမှ တရားနိုင်သည် ထိုသို့ လေလံတင်ရောင်းချသည့် ဇာရီမှုတွင် တရားနိုင်မဟုတ်ခြင်း၊ ဦးစားပေးဝယ်ယူခွင့်မှာ လေလံတင်ရောင်းချသည့် ပစ္စည်းတွင် ပူးတွဲပိုင်ရှင်ကိုသာ ခွင့်ပြုရခြင်း၊ ဦးစွာ ဝယ်ယူပိုင်ခွင့်မှာ မြန်မာဗုဒ္ဓဘာသာဝင် အမွေဆိုင်တို့၏ အခွင့်အရေးသာဖြစ်ခြင်း၊ ဦးစွာဝယ်ယူခွင့်ကိုဖြစ်စေ၊ ဦးစားပေး ဝယ်ယူခွင့်ကိုဖြစ်စေ၊ ပစ္စည်းလေလံတင်ရောင်းချခြင်းမပြုမီ ကြိုတင်ခွင့်ပြုထားရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ ထိုကဲ့သို့ နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်နှင့် ယူနီဗာ့(စ်)ကုမ္ပဏီတို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်း ၇၂ အရဟု ဆိုကာ ခုနှိမ်၍ ဦးစားပေးဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းများကို သုံးသပ်ပါက ၎င်းတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၃၊ တရားရုံးများလက်စွဲအပိုဒ် ၂၆၆၊ **ကွေတုံကီး** နှင့် **လင်မ်ချောင်ဂျက်စ် စီရင်ထုံး**[၁]တို့အရ ရောင်းချ၍ရရှိသည့် ရောင်းရငွေနှင့် ခွဲဝေခံစားခွင့်ရှိသူများနှင့် မူလရုံး၏ အခြားတရားမဇာရီမှုများမှ တရားနိုင်များ ဖြစ်ကြသော်လည်း မူလလေလံတင်ရောင်းချသည့် ဇာရီမှုအမှတ် ၁၆၈/၀၆ မှ တရားနိုင်များမဟုတ်ကြ၍ ယင်းအမိန့် ၂၁၊ နည်း ၇၂ တွင် အကျုံးဝင်သည့် ဒီကရီအနိုင်ရသူ (Decree-holder) များ မဟုတ်ကြချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ထိုမှတစ်ဖန် ဦးစားပေး ဝယ်ယူခွင့် လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၈၈ ပါ ဦးစားပေးဝယ်ယူခွင့် (Preference) အတွက် လျှောက်ထားခြင်း ဖြစ်ပါမူ ယင်းမှာ ခွဲမဝေရသေးသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (Undivided immoveable Property)တွင် ပူးတွဲအစုရှင် (Co-sharer) အဖြစ် ပါဝင်သူက လျှောက်ထားခွင့်ရှိခြင်းဖြစ်ပြီး ပစ္စည်း၏ အစုတစ်စုကို လေလံတင်ရောင်းချရာတွင် ပူးတွဲအစုရှင်နှင့် အခြားသူတို့က တန်ဖိုးတူညီစွာ ပေးဝယ်ကြသည့်အခါ ပူးတွဲအစုရှင်က ဝယ်ယူသည်ဟု သာ မှတ်ယူရခြင်း၊ တစ်နည်းအားဖြင့် ပူးတွဲအစုရှင်ကိုသာ ရောင်းချပေးရခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မြန်မာ့ဝလေ့ထုံးတမ်းဥပဒေနှင့်သက်ဆိုင်ခြင်း မရှိသည့် အထက်ပါ အမှုမျိုးဖြစ်သည့်အပြင် ပူးတွဲအစုရှင်မဟုတ်သူတို့က ရောင်းချမှု ပြီးမြောက်ခြင်းမရှိမီ ထိုသို့ ဦးစွာ ဝယ်ယူခွင့်ဖြင့်ဖြစ်စေ၊ ဦးစားပေး ဝယ်ယူခွင့်ဖြင့်ဖြစ်စေ လျှောက်ထားခဲ့ခြင်းများနှင့် ထိုသို့လျှောက်ထားမှုအပေါ် ခွင့်ပြုခဲ့မှုတို့မှာ ဥပဒေနှင့်အညီဖြစ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက် - ဒေါ်ခင်မာဌေး၊ တရားရုံးချုပ်ရှေ့နေ

ဒေါ်ခင်ချိုအုန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ဒေါ်ခင်ချိုအုန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ဒေါ်ခင်ချိုအုန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် နှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ပါ ၅
မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄

အယူခံတရားပြိုင်များအတွက် - ၁။ ဒေါ်ခင်ချိုအုန်း၊ ဒုတိယ
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂ မှ ၅။ ကိုယ်တိုင် (မလာ)
၁ မှ ၄။ ကိုယ်တိုင် (မလာ)
၁ မှ ၄။ ကိုယ်တိုင် (မလာ)
၁ မှ ၄။ ကိုယ်တိုင် (မလာ)

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၆၈ တွင် တရားနိုင် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စက်မှုလက်မှု ငွေချေးဌာန၏ လျှောက်ထားချက်အရ လေလံတင် ရောင်းချနေသည့် တရားရှုံး အမ်၊ အိပ်ချ်၊ အယ်လ်၊ ဂျီ ထရေးဒင်းကုမ္ပဏီလီမိတက်ပိုင် ပစ္စည်း ၇ မျိုးအနက် အမှတ်စဉ် (၂)၊ (၃)၊ (၄) နှင့် (၆) ပစ္စည်း ၄ မျိုး အား ယင်းတရားရှုံးအပေါ်တွင်ပင် ယင်းမူလရုံး၌ ဒီကရီအတည်ပြု လျက်ရှိသော ဇာရီမှုအမှတ် ၄၀၈/၀၆ မှ တရားနိုင်ဖြစ်သူ နိုင်ဂရု(ပ်) ဆင်ဒီကိတ်လီမိတက်က ဒီကရီကျငွေ တစ်ဝက်နှင့်ညီမျှသော ငွေကျပ် သန်း ၅၀၀ ကို ခုနှိမ်ပြီး ဦးစားပေးဝယ်ယူခွင့်ပြုရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၇၂ အရ လျှောက်ထားသည်။ ထို့အတူ ထို တရားရှုံးအပေါ် ယင်းမူလရုံး၏ ဇာရီမှုအမှတ် ၂၀၇/၀၆ မှ တရားနိုင် ဖြစ်သူ ယူနီဗာ့(စ်)ကုမ္ပဏီကလည်း အမှတ်စဉ် (၆) ပါ ပစ္စည်းတစ်မျိုး ကို ၎င်းရရန်ရှိသည့် ဒီကရီကျငွေနှင့်ခုနှိမ်၍ ဦးစားပေး ဝယ်ယူခွင့်ပြုရန် အလားတူ လျှောက်ထားသည်။ ထိုသို့ လျှောက်ထားချက်များအပေါ် မူလဇာရီမှုမှ တရားနိုင် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စက်မှုလက်မှု ငွေချေးဌာနကလည်းကောင်း၊ ယင်းတရားရှုံးအပေါ်တွင်ပင် မူလရုံးရှိ အခြားဇာရီမှုများမှ တရားနိုင်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်၊ အာရှ

မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄
ဓနဘဏ် (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ အသီးသီးက လည်းကောင်း ကန့်ကွက်ခဲ့ကြသည်။ ထိုသို့ ကန့်ကွက်ကြသည့် အခြေအနေတွင် မူလရုံးက နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်၏ လျှောက်ထားမှုအား ခွင့်ပြုပြီး ယူနီဗာ့(စ်)ကုမ္ပဏီ၏ လျှောက်ထားမှုကို ပလပ်ခဲ့သည်။ ထိုသို့ချမှတ်ခဲ့ခြင်းအပေါ် ဤအထွေထွေအယူခံမှုများ တင်သွင်းခဲ့ကြခြင်း ဖြစ်သည်။

ဤအထွေထွေအယူခံမှုများမှာ မူလဇာရီမှုအမှတ် ၁၆၈/၀၆ မှ ၃၀-၃-၂၀၀၇ ရက်စွဲပါ အမိန့်တစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်းများ ဖြစ်ကြပြီး စီရင်ဆုံးဖြတ်ရမည့် သဘောသဘာဝများမှာ တူညီကြ၍ စီရင်ချက်သည် ဆိုခဲ့သည့် အယူခံမှုအားလုံးနှင့် သက်ဆိုင်စေရမည် ဖြစ်သည်။

အထွေထွေအယူခံမှုအမှတ် ၃၇/၀၇ မှ အယူခံတရားလို ယူနီဗာ့(စ်)ကုမ္ပဏီ၏ရှေ့နေက လျှောက်လဲရာတွင် မိမိတို့ကုမ္ပဏီက ပစ္စည်း ၇ မျိုးအနက် တစ်မျိုးတည်းကိုသာ ခုနှိမ်ဝယ်ယူခွင့်ပြုရန် လျှောက်ထားမှုမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၇၂ နှင့် အညီ ဖြစ်ပါလျက် မူလရုံးက ပလပ်ခဲ့ခြင်းမှာ ဥပဒေမှားယွင်းပြီး များစွာနစ်နာရကြောင်း၊ ပစ္စည်း ၇ မျိုးအနက် အမှတ်စဉ် (၅) ပါပစ္စည်းကို ပြီးခဲ့သောရောင်းချမှု၌ လေလံဆွဲဝယ်ခဲ့ပြီးဖြစ်၍ ၆ မျိုးကျန်ရှိပြီး ယင်းတို့ကို အရောင်းကြော်ငြာထုတ်ဆင့်ထားရာ မိမိတို့ကုမ္ပဏီက တရားရုံးအပေါ် ရရန် ဒီကရီကျငွေမှာ ၁၁၆ သန်းကျော်ဖြစ်သဖြင့် အမှတ်စဉ် (၆) ဖြစ်သော လှိုင်သာယာမြို့နယ်ရှိ မြေတိုင်းရပ်ကွက် အမှတ် ၁၂၊ လူနေရပ်ကွက်အမှတ် Jasmine Place၊ မြေကွက်အမှတ် ၆၀၊ ဧရိယာ

ဝ. ၁၇၂ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်မှ နှစ်ထပ်တိုက်ကို ကြမ်းခင်းဈေး ကျပ်သန်း ၂၀၀ တွင် ခုနှိမ်ခွင့်ရှိပါက ကျပ်သန်း ၁၀၀ နီးပါး ပေးသွင်းဝယ်ယူရမည်ဖြစ်ခြင်းကြောင့် မူလဇာရီမှုမှ တရားနိုင်ဘဏ်အား ထိခိုက်နစ်နာစရာ မရှိကြောင်း၊ နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်က ခုနှိမ်ဝယ်ယူခွင့်ကို အမှုနှင့်မသက်ဆိုင်သူ ဦးတင်ဝင်းဆိုသူနှင့် ပစ္စည်း ၄ မျိုး (အမှတ်စဉ် ၂၊ ၃၊ ၄ နှင့် ၆) အပေါ် လျှောက်ထားပြီး မိမိတို့ ယူနီဗာ့(စ်)ကုမ္ပဏီကမူ မိမိတစ်ဦးတည်းအနေဖြင့် အမှတ်စဉ် (၆) ပါ ပစ္စည်းတစ်မျိုးတည်းကိုသာ ခုနှိမ်ဝယ်ယူခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်သဖြင့် နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက် ကို အမှုနှင့်မဆိုင်သူ အခြားတစ်ဦးနှင့်တွဲ၍ ပစ္စည်း ၄ မျိုး ခုနှိမ်ဝယ်ယူခွင့်ပြုပြီး၊ မိမိကုမ္ပဏီ တစ်ဦးတည်း ဝယ်ယူခြင်းအား ခွင့်မပြုခြင်းမှာ သာတူညီမျှခြင်းမရှိသည့်အပြင် အခြားတစ်ဦးနှင့်တွဲ၍ ဝယ်ယူခွင့်လျှောက်ထားမှုကို လျစ်လျူရှုဆုံးဖြတ်ရာရောက်ကြောင်း၊ သို့ဖြစ်၍ မူလရုံးအမိန့်အား ပယ်ဖျက်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

ကျန်အထွေထွေအယူခံမှုများမှ အယူခံတရားလို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စက်မှုလက်မှုငွေချေးဌာနအတွက်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် မြစိမ်းရောင်အင်တာပရိုက်စ် (အယူခံမှု ၂ မှုနှင့် သက်ဆိုင်သည်) တို့အတွက် လိုက်ပါသည့်ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် မြန်မာ့စီးပွားရေးဘဏ်က တရားရှုံးအပေါ် ရရန်ရှိငွေမှာ အပေါင်ပစ္စည်းရောင်းချလိုမှုမှ ရရန်ဖြစ်ကြောင်း၊ နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်က တရားရှုံးအပေါ် ရရန်ငွေမှာ ငွေဒီကရီသက်သက်သာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်သည် အခြားဇာရီမှု ၂ မှုတွင်

တရားနိုင်ဖြစ်သော်လည်း မြန်မာ့စီးပွားရေးဘဏ်က ဖွင့်လှစ်သည့် ဇာရီမှုအမှတ် ၁၆၈/၀၆ တွင် တရားနိုင်တစ်ဦး မဟုတ်ကြောင်း၊ သို့ဖြစ်၍ မူလဇာရီမှုအမှတ် ၁၆၈/၀၆ တွင် နိုင်ဂရု(ပ်)ဆင်ဒီကိတ်အား ဦးစားပေးဝယ်ယူခွင့်နှင့် ခုနှိမ်ဝယ်ယူခွင့်ပြုခြင်းတို့မှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၇၂ နှင့် ညီညွတ်ခြင်းမရှိကြောင်း၊ တရားရုံးပိုင်ပစ္စည်းများ ရောင်းချ၍ရငွေမှ ခံစားခွင့်၊ ရထိုက်ခွင့်ရှိသူ အခြားဇာရီမှုများမှ တရားနိုင်များတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စသည့် နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာန အဖွဲ့အစည်းများ ပါရှိကြောင်း၊ ရောင်းရငွေကို အချိုးကျခွဲဝေပေးရာ၌ ထိုကဲ့သို့ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ရထိုက်ခွင့်ကို မထိခိုက်စေရန် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၇၃ တွင် ပြဋ္ဌာန်းထားကြောင်း၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဆိုင်ရာ နည်းဥပဒေများအပိုဒ် ၂၇ ၌လည်း နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကြွေးမြီများကို တောင်းခံရာတွင် နိုင်ငံတော်နှင့် ဗဟိုဘဏ်သို့ ပေးရန်ရှိသော ကြွေးမြီများနှင့် အခွန်များ၊ အခြားကြွေးမြီများနှင့် အခွန်များအားလုံးထက် ဦးစားပေးရယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဆိုခဲ့သည့်အခြေအနေများတွင် မူလရုံးက နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်၏ ဦးစွာဝယ်ယူခွင့်နှင့် ခုနှိမ်ဝယ်ယူခွင့်ပြုခဲ့ခြင်းသည် အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မှားယွင်းနေကြောင်း၊ သို့ဖြစ်၍ မူလရုံး၏ ၃၀-၃-၀၇ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်၍ တရားရုံးပိုင် ကျန်ပစ္စည်း ၆ မျိုးအား ဥပဒေနှင့်အညီ လေလံရောင်းချစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးသင့်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

ဤအယူခံမှုများမှ အယူခံတရားပြိုင်များအပေါ် မူလမှုတွင် တစ်ဖက်သတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ဤအယူခံမှုများတွင်လည်း တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၁၄(၃) အရ အကြောင်းကြားစာ မထုတ်ဆင့်တော့ဘဲ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မူလရုံး တရားမဇာရီမှုအမှတ် ၁၆၈/၀၆ အမှုတွင် တရားရှုံးပိုင် မရွှေ့မပြောင်းနိုင်သော မြေကွက်များ၊ မြေကွက်များပေါ်ရှိ အဆောက်အဦများ စုစုပေါင်း ၇ မျိုးရှိပြီး၊ ၎င်းတို့ကို လေလံတင်ရောင်းချပြီးနောက် အကျိုးခံစားခွင့် ခွဲဝေရထိုက်သူများတွင် ဤအယူခံမှုများမှ အယူခံတရားလိုတို့သာမက ကမ္ဘောဇဘဏ်လီမိတက်၊ မြန်မာ့စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အာရှဓနဘဏ် (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) နှင့် နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်တို့လည်း ပါဝင်သည်ကို တွေ့ရှိရသည်။

ထို့အပြင် လေလံတင်ရောင်းချသည့် တရားရှုံးပိုင် ပစ္စည်းများတွင် ပစ္စည်းအမှတ်စဉ် (၅) ဖြစ်သည့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်မြေကွက်ရှိ မြေကွက်မှာ ရောင်းချမှု အောင်မြင်ခဲ့ပြီးဖြစ်သည်။ မူလရုံး ဇာရီမှုအမှတ် ၄၀၈/၀၆ မှ တရားနိုင် နိုင်ဂရု(ပ်)ဆင်ဒီကိတ်က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၇၂ အရ ဟုဆိုကာ ဦးစားပေး၍ ခုနှိမ်ဝယ်ယူခွင့် လျှောက်ထားခဲ့သော ပစ္စည်း ၄ မျိုးတွင် မူလရုံးဇာရီမှုအမှတ် ၂၀၇/၀၆ မှ တရားနိုင် ယူနီဗာ့(စ်)ကုမ္ပဏီ (ယခုအမှုအယူခံတရားလို) က ပစ္စည်းအမှတ်စဉ် (၆) (ယင်းမှာ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ Jasmine Place မှ မြေကွက်နှင့် နှစ်ထပ်တိုက်ဖြစ်သည်) အား အလားတူ ခုနှိမ် ဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့သည်။

မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄


ထိုကဲ့သို့ နိုင်ဂရု(ပ်)ဆင်ဒီကိတ်လီမိတက်နှင့် ယူနီဗာ့(စ်)ကုမ္ပဏီတို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၇၂ အရဟုဆိုကာ ခုနှိမ်၍ ဦးစားပေး ဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းများကိုသုံးသပ်ပါက ၎င်းတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၃၊ တရားရုံးများလက်စွဲအပိုဒ် ၂၆၆၊ **ကွေတုံကီး** နှင့် **လင်မ်ချောင်ဂျက်ဇ် စီရင်ထုံး**[၁] တို့အရ ရောင်းချ၍ ရရှိသည့် ရောင်းရငွေတွင်ခွဲဝေခံစားခွင့်ရှိသူများနှင့် မူလရုံး၏ အခြား တရားမဇာရီမှုများမှတရားနိုင်များဖြစ်ကြသော်လည်း မူလ လေလံတင်ရောင်းချသည့်ဇာရီမှုအမှတ် ၁၆၈/၀၆ မှ တရားနိုင်များ မဟုတ်ကြ၍ ယင်းအမိန့်၂၁၊ နည်း ၇၂ တွင် အကျုံးဝင်သည့် ဒီကရီအနိုင်ရသူ (Decree-holder) များ မဟုတ်ကြချေ။

ထို့ပြင် ယင်းနည်း ၇၂ ပြဋ္ဌာန်းချက်အရ "Where a decree-holder purchases the property" ဟု ပါရှိရာ လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်ယူပြီးနောက်တွင်မှ လျှောက်ထားကြရမည့်သူများဖြစ်ကြပြီး၊ ၎င်းကုမ္ပဏီနှစ်ခုမှာ ၇၂ တွင် အကျုံးဝင်သည့် ဒီကရီအနိုင်ရသူအဖြစ် ခုနှိမ်ဝယ်ယူခွင့်ရှိကြသူများ ဖြစ်ကြလျှင်ပင် ပစ္စည်းများကို လေလံတင် ရောင်းချခြင်းမပြုမီ ထိုသို့ လျှောက်ထားကြရန်မဟုတ်ချေ။

ထိုမှတစ်ဖန် ဦးစားပေး ဝယ်ယူခွင့် လျှောက်ထားခြင်းမှာတရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၈၈ ပါ ဦးစားပေးဝယ်ယူခွင့်(Preference) အတွက် လျှောက်ထားခြင်းဖြစ်ပါမူ ယင်းမှာ မခွဲမဝေရသေးသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (Undivided immoveable

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ ၆၊ စာ ၁၃၁။

ယူနီဗာ့(စ်)ကုမ္ပဏီလီမိတက် နှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ပါ ၅
မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄
မြစိမ်းရောင်အင်တာပရိုက်စ် နှင့် M.H.L.G Trading Co. Ltd. ပါ ၄

Property) တွင် ပူးတွဲအစုရှင်(Co-sharer) အဖြစ် ပါဝင်သူက လျှောက်ထားခွင့်ရှိခြင်းဖြစ်ပြီး ပစ္စည်း၏အစုတစ်စုကို လေလံတင် ရောင်းချရာတွင် ပူးတွဲအစုရှင်နှင့် အခြားသူတို့က တန်ဖိုးတူညီစွာ ပေးဝယ်ကြသည့်အခါ ပူးတွဲအစုရှင်က ဝယ်ယူသည်ဟုသာ မှတ်ယူရခြင်း၊ တစ်နည်းအားဖြင့် ပူးတွဲအစုရှင်ကိုသာ ရောင်းချပေးရခြင်းဖြစ်သည်။

အခြားနည်းအားဖြင့် မူလဇာရီမှုတွင် လျှောက်ထားသည့် ဦးစားပေး ဝယ်ယူခွင့်ဆိုခြင်းမှာ အင်္ဂလိပ်ဝေါဟာရ "Preference" ကို မရည်ညွှန်းဘဲ ဦးစွာဝယ်ယူခွင့် (Pre-emption) ကို ရည်ညွှန်းသည်ဆိုပါကလည်း၊ ယင်းမှာ မြန်မာမင်းများလက်ထက် မနုကျယ်ဓမ္မသတ်၊ အဌမတွဲ၊ အခန်း-၁၊ အပိုဒ် ၃ တွင် ပြဋ္ဌာန်းခဲ့သည့် မြေရှင်(တပ်မတော်သားများသို့ပေးသည့် မြေသေဟုခေါ်သောမြေမျိုးမဟုတ်) မြေကွက်မျိုးတွင် အကျိုးခံစားခွင့်ပြုခဲ့ခြင်းဖြစ်၍ မြန်မာဗုဒ္ဓဘာသာဝင်များက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ခံစားခွင့်ရှိသည့် အမွေဆိုင်တို့၏ အခွင့်အရေးဖြစ်သည်။[၂] လွတ်လပ်ရေးမရမီက စီရင်ဆုံးဖြတ်ခဲ့သည့် **မောင်(င)မြိုင်** နှင့် **မ(မိ)ဘော ပါ ၃ အမှု**[၃] မှ စတင်၍ **မောင်ဖိုးကြည်** နှင့် **မောင်ဖိုးစိုင်း ပါအများ အမှု**[၄] အထိ အမှုပေါင်း ၁၉ မှုအရလည်း မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာဝင်အမွေဆိုင်တို့၏အခွင့်အရေးဖြစ်သည်မှာမြင်သာသည်။[၅]

---

(၂) S.C. LAHIRI, "Principles of Merdern Burmese Buddhist Law", Cal., 5th ED, 1951, Pg. 324-335.

(၃) ရွေးချယ်ပြီးအောက်မြန်မာပြည်စီရင်ထုံးများ (S.J.L.B) စာ ၃၉။

(၄) မြန်မာနိုင်ငံဥပဒေဂျာနယ် (B.L.J) အတွဲ ၃၊ စာ ၂၁။

(၅) "Dunkley's Digest, Vol. 1 and 2.

**ဦးချစ်စိုးမြင့်** နှင့် **မြန်မာ့စီးပွားရေးဘဏ်ခွဲ ပါ ၂ အမှု**(၆) တွင် ဦးစွာဝယ်ယူပိုင်ခွင့်မှာလည်း ပစ္စည်းကို လေလံတင်ရောင်းချသည့်အခါမှသာပေါ်ပေါက်လာမည့် အများပေးသည့်ဈေးနှုန်းဖြင့်သာ ဝယ်ယူနိုင်သောကိစ္စဖြစ်ခြင်းကို စီရင်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ရာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် သက်ဆိုင်ခြင်း မရှိသည့် အထက်ပါအမှုမျိုးဖြစ်သည့်အပြင် ပူးတွဲအစုရှင် မဟုတ်သူတို့က ရောင်းချမှု ပြီးမြောက်ခြင်းမရှိမီ ထိုသို့ ဦးစွာဝယ်ယူခွင့်ဖြင့်ဖြစ်စေ၊ ဦးစားပေးဝယ်ယူခွင့်ဖြင့်ဖြစ်စေ လျှောက်ထားခဲ့ခြင်းများနှင့် ထိုသို့လျှောက်ထားမှုအပေါ် ခွင့်ပြုခဲ့မှုတို့မှာ ဥပဒေနှင့်အညီဖြစ်သည်ဟု မဆိုနိုင်ချေ။

ဦးစွာဝယ်ယူခွင့်ကိုဖြစ်စေ၊ ဦးစားပေးဝယ်ယူခွင့်ကိုဖြစ်စေ လေလံတင်ရောင်းချခြင်း မပြုသေးမီ ကြိုတင် ခွင့်ပြုထားခြင်းသည် လေလံဆိုင်ပြိုင် ဝယ်ယူကြမည့် အခြားသူတို့၏ စိတ်ဓာတ်အားကို ထိခိုက်ပျက်ပြားစေခြင်း ဖြစ်စေတတ်သည်ကိုလည်း သတိချပ်သင့်ပေသည်။

ထိုမှတစ်ပါး မူလရုံးသည် တရားရှုံးပိုင်ပစ္စည်း လေလံရောင်းချ၍ ရရှိသောငွေမှ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၆၃ နှင့် ၇၃၊ တရားရုံးများလက်စွဲအပိုဒ် ၂၆၆၊ အထက် ကွေ့တုံကီး စီရင်ထုံးတို့အရ ခွဲဝေခံစားခွင့်ပြုရာတွင် "အစိုးရပိုင်ခွင့်တစ်စုံတစ်ရာကို ထိခိုက်ခြင်းမရှိစေရ (Nothing in this section affects any right of the Government)"

---

(၆) ၁၉၉၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူးအယူခံ) အမှတ် ၂၈၁ (နှစ်ပါးထိုင်) (၁၄-၈-၉၆)

ဟူသော ပုဒ်မ ၇၃(၃) အရ ပြဋ္ဌာန်းချက်ကို ထည့်သွင်းစဉ်းစား သုံးသပ်ခြင်းရှိခဲ့စေကာမူ ထိုအစိုးရ (နိုင်ငံတော်နှင့် နိုင်ငံတော်အဖွဲ့အစည်း) က ရထိုက်သော ငွေကြေးများတွင် ယူရိုငွေဟုခေါ်သော ဥရောပငွေကြေး ယူနစ်နှင့် အမေရိကန်ဒေါ်လာငွေများလည်း ပါရှိနေသေးပေရာ၊ ယခုအခါ မြန်မာနိုင်ငံသုံးကျပ်ငွေဖြင့် ရောင်းချရငွေတွင် မည်သည့်ငွေလဲလှယ်မှုမျိုးနှင့် ပေးချေရမည်ကို မတွက်ချက်ရသေးမီ ထိုသို့ခွင့်ပြုခဲ့ခြင်းမှာ လျော်ကန်သည်ဟုမဆိုသာချေ။ ဤနေရာ၌ ပုဒ်မ ၇၃ (၃) အရ ပြဋ္ဌာန်းချက်နှင့် နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ နည်းဥပဒေအပိုဒ် ၂၇ ပြဋ္ဌာန်းချက်တို့မှာ ဆန့်ကျင်ကွဲလွဲခြင်းမရှိ၊ အတူတကွ ကျင့်သုံးရန်ဖြစ်သည်ကို တွေ့ရှိရသည်။

အထက်ပါအကြောင်းများကြောင့် မူလရုံး၏ တရားမဇာရီမှုအမှတ် ၁၆၈/၀၆ မှ ၃၀-၃-၀၇ ရက်စွဲပါ အမိန့်နှင့် ထုံးပုံကျအမိန့်တို့အား လက်ခံရန်မရှိချေ။ အလားတူ ယူနီဗာ့(စ်)ကုမ္ပဏီ၏ လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်းအမှတ်စဉ် (၆) ပါ လှိုင်သာယာမြို့နယ်၊ Jasmine Place ရှိ မြေကွက်ကို ၎င်းက ခုနှိမ်ဝယ်ယူခွင့်ပြုရန် လျှောက်ထားမှုကိုလည်း လက်ခံနိုင်ရန်မရှိချေ။

ထို့ကြောင့် ဤအယူခံမှုများအနက် အထွေထွေအယူခံမှုအမှတ် ၃၇/၀၇ အား တစ်စိတ်တစ်ဒေသကို စရိတ်မပါ ခွင့်ပြု၍ကျန်အထွေထွေအယူခံမှုများအား စရိတ်နှင့်တကွ ခွင့်ပြုပြီး၊ မူလရုံး၏ ၃၀-၃-၀၇ ရက်စွဲပါ အမိန့်နှင့် ထုံးပုံကျအမိန့်တို့ကို ပယ်ဖျက်လိုက်သည်။

မူလမှုမှ နိုင်ဂရု (ပ်) ဆင်ဒီကိတ်လီမိတက်နှင့် ယူနီဗာ့(စ်)ကုမ္ပဏီတို့၏ လေလံတင်ရောင်းချမည့်ပစ္စည်းများကို တရားမကျင့်ထုံး

ဥပဒေ အမိန့် ၂၁၊ နည်း ၇၂ အရ ဦးစားပေးဝယ်ယူခွင့်နှင့် ခုနှိမ်ဝယ်ယူခွင့်ပြုရန် လျှောက်ထားမှုများအား ပလပ်သည်။

မူလရုံးက လေလံတင်ရောင်းချမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားသည်။

ရှေ့နေခ တစ်မှုလျှင် ၁၀၀၀ိ/- စီ သတ်မှတ်သည်။

## တရားမအထွေထွေလျှောက်လွှာ

## တရားရုံးချုပ်တရားသူကြီး ဦးသက်ထွန်း ရှေ့တွင်

## ဒေါ်သန်းသန်းလွင်
## လက်ထောက်ညွှန်ကြားရေးမှူး
## တရားမတရားစီရင်ရေးဌာန၊ မန္တလေး

## နှင့်

## ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ*

၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်

**၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ ၏ ခြွင်းချက်အရ တရားရုံးကိုကျေနပ်အောင် ဝန်ချတောင်းပန်လျှင် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်-မသင့်။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တိုင်စာပါ အရေးအသားများသည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသော

---

* ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁။

အခြေအမြစ်မရှိသည့် အရေးအသားများဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိရာ ၎င်း၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံ၍ ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပြုရန် သင့်မြတ်လျော်ကန်ခြင်းရှိမည် မဟုတ်ချေ။

လျှောက်ထားသူအတွက် - ကိုယ်တိုင်
(ရုံးသဟာယ) ဦးခင်မောင်ညို
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး၊ မန္တလေးမြို့

လျှောက်ထားခံရသူအတွက် - ဦးခင်မောင်တင့်
တရားရုံးချုပ်ရှေ့နေ

တရားရုံးချုပ် (မန္တလေး)၊ တရားမတရားစီရင်ရေးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းလွင်က ကချင်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၈/၀၃ တွင် ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာက ဒေါ်သိန်းရင် ပါ ၃ ဦးအပေါ် ဦးတီးချိန်နှင့် ဒေါ်ဘီတို့ ကျန်ရစ်သည့်ပစ္စည်းများကို အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ဦးသိန်းကြည်သည် အမွေပုံပစ္စည်း၏ ၄ ပုံ ၂ ပုံ ကို ခွဲဝေရထိုက်ကြောင်း ပဏာမဒီကရီ ချမှတ်ခဲ့ကြောင်း၊ ယင်းပဏာမဒီကရီကို ဒေါ်သိန်းရင်တို့က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ တရားမပထမအယူခံမှုအမှတ် ၁၂၇/၀၅ ကို တင်သွင်းရာ မူလရုံးတရားလိုစွဲဆိုသည့်အမှုကို ပလပ်ခဲ့ကြောင်း၊ ယင်းဒီကရီကို မူလရုံးတရားလိုဦးသိန်းကြည်က မကျေနပ်၍ တရားမထွေထွေလျှောက်လွှာ (အထူး) အမှတ် ၅/၀၆ ကို တင်သွင်းရာ ပလပ်ခဲ့ကြောင်း၊ ကချင်ပြည်နယ်

တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁/၀၃ တွင် ဒေါ်သိန်းရင်က ဦးသိန်းကြည်အပေါ် မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်၊ မြေနှင့်မြေပေါ်ရှိအိမ်မှ ကျူးကျော်သူအား နှင်ထုတ်၍ အိမ်မြေလက်ရောက်ရလိုမှု စွဲဆိုရာ ပလပ်ခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ တရားမပထမအယူခံမှု အမှတ် ၁၂၈/၀၅ ကို တင်သွင်းရာ အနိုင်ဒီကရီချမှတ်ခဲ့ကြောင်း၊ ယင်းဒီကရီကို မူလရုံးတရားပြိုင် ဦးသိန်းကြည်က မကျေနပ်၍ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၆/၀၆ ကိုတင်သွင်းရာ ပလပ်ခြင်းခံရကြောင်း၊ အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးသိန်းကြည်က တရားသူကြီးချုပ်ထံ ပေးပို့ခဲ့သည့် ၂-၅-၀၆ နေ့စွဲပါ တိုင်ကြားစာတွင် ဖော်ပြခဲ့သည့် အသုံးအနှုန်းများသည် တရားရုံးချုပ်မှ ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်အား စော်ကားပုတ်ခတ်ခြင်းမှာ တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်သဖြင့် ဦးသိန်းကြည်အပေါ် တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ပေါ်ပေါက်ကြောင်း၊ ဦးသိန်းကြည်၏ တိုင်စာအရ စုံစမ်းစစ်ဆေးရာတွင် ဦးသိန်းကြည်သည် အမှုရှုံးနိမ့်သည်ကို မကျေနပ်သည့်အတွက် တရားရုံးချုပ်တရားသူကြီးများက လာဘ်ငွေရယူပြီး အမှုကိုဆုံးဖြတ်ခဲ့သည်ဟု မတရားစွပ်စွဲတိုင်ကြားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရကာ ဦးသိန်းကြည်၏ တိုင်စာပါအချက်များမှာ မမှန်မကန်သည်များကို ဖော်ပြထားသဖြင့် တရားရုံးချုပ်တရားသူကြီးများ၏ ဂုဏ်သိက္ခာကို ထိခိုက်ပြီး တရားရုံးများမထီမဲ့မြင်ပြုရာရောက်ကြောင်းဖြင့် ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာအပေါ် တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် လျှောက်ထားမှုဖြစ်သည်။

လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ ရှေ့နေက ၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ ၏ ခြွင်းချက်အရ တရားရုံးမှ ကျေနပ်သည်အထိ ဝန်ချတောင်းပန်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ လျှောက်ထားခံရသူတို့၏ တိုင်ကြားစာ၌ တရားရုံးအားမထီမဲ့မြင်ပြုရာရောက်သည့် စကားအသုံးအနှုန်း တစ်စုံတစ်ရာပါရှိခြင်းမှာ မတော်တဆ သဘောရိုးဖြင့် ရေးသား ဖော်ပြခဲ့ခြင်းဖြစ်သည့်အတွက် ခွင့်လွှတ်သင့်ကြောင်း ခြွင်းချက်မရှိ ဝန်ချတောင်းပန်ကြောင်း လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးကဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ ၂-၅-၀၆ နေ့စွဲပါ တိုင်ကြားစာပါ အသုံးအနှုန်းများသည် တရားရုံးချုပ်မှ ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်အား စော်ကားပုတ်ခတ်ခြင်းဖြစ်၍ တရားရုံးကိုမထီမဲ့မြင်ပြုရာရောက်ကြောင်း၊ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တိုင်စာအရ စုံစမ်းစစ်ဆေးရာတွင်လည်း ဦးသိန်းကြည်သည် အမှုရုံးနိမ့်သည်ကို မကျေနပ်သည့်အတွက် မတရားစွပ်စွဲခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့် အနေအထားဖြစ်သည်ကိုလည်း တွေ့ရှိရကြောင်း၊ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တရားသူကြီးချုပ်ထံ ပေးပို့သည့် တိုင်စာပါ အရေးအသားများသည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲနေသည့် တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ အမြင့်ဆုံးတရားရုံးဖြစ်သည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာကိုလည်းကောင်း ထိခိုက်စေသည့် အရေးအသားများ၊ တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသည့် အရေးအသားများဖြစ်ကြောင်း တွေ့ရှိရ

ကြောင်း၊ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာအပေါ် တရားရုံးများ မထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ အရေးယူရန် ပေါ်ပေါက်ကြောင်း လျှောက်လဲတင်ပြသည်။

တရားသူကြီးတစ်ဦးအား ၎င်း၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပုဂ္ဂိုလ်ရေးအရ မဟုတ်ဘဲ တရားစီရင်ရေးလုပ်ငန်းများကို ယုံကြည်အပ်နှံခြင်းခံရသည့် တရားသူကြီးတစ်ဦးအနေဖြင့် တိုက်ခိုက်ခံရလျှင် တရားသူကြီးကို သွားပုပ်လေလွင့် ပြောရာရောက်သည်သာမက တရားရုံးကိုပါ မထီလေးစားပြု၍ သွားပုပ်လေလွင့် ပြောရာရောက်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံတော်** နှင့် **ဦးထွန်းဖေ အမှု**[၁]ကို ရည်ညွှန်းသည်။

ယခုအမှုတွင် တင်ပြထားသည့် ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တရားရုံးချုပ်တရားသူကြီးများ ဖြစ်ကြသည့် ဦးမြင့်အောင်၊ ဦးစန်းတင့်ရီနှင့် ဦးစိန်လှိုင်တို့အပေါ် တိုင်ကြားချက်တွင် ဖော်ပြခဲ့သည့် အရေးအသားများမှာ တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသည့် အရေးအသားများဖြစ်ကြောင်း တွေ့ရသည့်အပြင် ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တိုင်စာအရ စုံစမ်းစစ်ဆေးရာတွင်လည်း ၎င်းသည် အမှုရှုံးနိမ့်သည်ကို မကျေနပ်သည့်အတွက် တရားရုံးချုပ်တရားသူကြီးများက လာဘ်ငွေရယူပြီး အမှုကို ဆုံးဖြတ်ခဲ့သည်ဟု မတရားစွပ်စွဲ တိုင်ကြားခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း ပေါ်ပေါက်လျက်ရှိရာ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ

---

၁။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ-၅၀

သည် တရားရုံးကို မထီမဲ့မြင်ပြုသည်ဖြစ်၍ တရားရုံးများမထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ ကို ကျူးလွန်ရာရောက်ပေသည်။

တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ တွင် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အတိအလင်း ပြဋ္ဌာန်းထားသည်မှတစ်ပါး တရားရုံးကိုမထီမဲ့မြင်ပြုပါက အလုပ်မဲ့ထောင်ဒဏ် (၆) လထိဖြစ်စေ၊ ငွေဒဏ် ၂၀၀၀ ကျပ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ ရှေ့နေက လျှောက်ထားခံရသူ၏ ခြွင်းချက်မရှိ ဝန်ချတောင်းပန်ခြင်းကို တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ ၏ ခြွင်းချက်အရ လက်ခံခွင့်ပြုပြီး လျှောက်ထားခံရသူအပေါ် ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုထိုက်ကြောင်း လျှောက်လဲတင်ပြသည်။ ၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ ၏ ခြွင်းချက်အရ တရားရုံးကို ကျေနပ်အောင် ဝန်ချတောင်းပန်လျှင် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း ပြုနိုင်သည်။

သို့ရာတွင် တရားလွှတ်တော်ကို ထိခိုက်နစ်နာစေရန် လုံးဝအခြေအမြစ်မရှိဘဲ စွပ်စွဲ၍ မထီလေးစားပြုကြောင်း ထင်ရှားလျှင် တောင်းပန်ခြင်းကို လုံးဝလွတ်ငြိမ်းခွင့်တစ်ရပ်အနေဖြင့် လက်မခံနိုင်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော်** နှင့် **(၁) ဦးဖေတင် (၂) ဦးအေးဖေ အမှု**[၂] တွင် ညွှန်ပြထားသည်။

---

၂။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၁၀ (လွှတ်တော်)

လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ တိုင်စာပါ အရေးအသားများသည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသော အခြေအမြစ် မရှိသည့် အရေးအသားများဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိရာ ၎င်း၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံ၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန်မှာ သင့်မြတ်လျော်ကန်ခြင်းရှိမည် မဟုတ်ချေ။ ၎င်းအပေါ် ၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ ထိုက်သင့်သည့် ပြစ်ဒဏ်စီရင်ရမည်ဖြစ်သည်။ သို့သော် လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာ၏ ဝန်ချတောင်းပန်ခြင်းကို ၎င်းအပေါ် ပြစ်ဒဏ်ချမှတ်ရာ၌ သက်ညှာရန်အကြောင်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစား၍ အမြင့်ဆုံးပြစ်ဒဏ် ချမှတ်ခြင်းမပြုသင့်ဟု ယူဆသည်။

ထို့ကြောင့် လျှောက်ထားခံရသူ ဦးသိန်းကြည် (ခ) မိုဟာမက်မူဆာအပေါ် ၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ အလုပ်မဲ့ထောင်ဒဏ် ၄ လ (လေးလတိတိ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးသက်ထွန်း တို့ရှေ့တွင်

## ဒေါ်အုန်းတင် ပါ ၂

## နှင့်

## ဦးထွန်းရီ ပါ ၂*

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်+

**အငြင်းပွားသော အချင်းဖြစ် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများသည် ဝိနည်းမမှန်ကန် လုပ်ထုံးလုပ်နည်း အပိုဒ် ၆၀ နှင့် အကျုံးဝင်သောပစ္စည်းဟုတ်-မဟုတ်၊ တရားရုံးချုပ်က အချင်းဖြစ် ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းရှိ-မရှိ။**

---

* ၂၀၀၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၈။

\+ ၂၀၀၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၃ တွင် ချမှတ်သော ၆-၁၀-၀၅ ရက်နေ့စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**ဆုံးဖြတ်ချက်**။ ။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၀ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"သာသနာမြေအပဉ္စရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကို ရဟန်း၊ သာမဏေ၊ ဂိုဏ်း၊ သံဃာ၊ စေတီ၊ ကျောင်း၊ ကျောင်းတိုက်၊ နဝကမ္မ၊ ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားသည့် သာသနာ့မြေအပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့် အငြင်းပွားလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခွင့်ရှိသည်။"

မန္တလေးတိုင်းသံဃနာယကအဖွဲ့က အချင်းဖြစ်မြေကွက်နှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၀ ပါ ဖော်ပြချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မန္တလေးတိုင်းသံဃနာယကအဖွဲ့က ယခုအငြင်းပွားမှုကို သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ယခုအမှုသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ယခုအမှုကို မန္တလေးတိုင်းတရားရုံးက

စစ်ဆေးစီရင်ခြင်းအား ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ခြင်းမရှိပေ။

ထို့ကြောင့် အချင်းဖြစ်မြေကွက်များနှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၆၀ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ တရားစွဲဆိုခွင့်မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိပေ။

အယူခံတရားလိုများအတွက် - ဒေါ်အေးအေးအောင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးလှကို
တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁ တွင် အယူခံတရားလို ဒေါ်အုန်းတင် ပါ ၂ ဦးတို့က အယူခံတရားပြိုင် ဦးထွန်းရီ ပါ ၂ ဦးတို့အပေါ် မြေနှင့်အဆောက်အဦကို လက်ရောက်ရလိုမှု စွဲဆိုရာ တိုင်းတရားရုံးက ပဏာမငြင်းချက်အပေါ် နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် အဆိုလွှာအား ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်အုန်းတင် ပါ ၂ ဦးတို့က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ၂၀၀၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၃ ကို

တင်သွင်းရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး အယူခံမှုကို ပလပ်ကြောင်း အမိန့် ချမှတ်သည်။ ဒေါ်အုန်းတင် ပါ ၂ ဦးတို့က တရားရုံးချုပ်၏ စီရင်ချက် နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသောအခါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံ ခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

"(၁) အငြင်းပွားသော အချင်းဖြစ် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများသည် ဝိနည်း ဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ် ၆၀ နှင့် အကျုံးဝင်သော ပစ္စည်းဟုတ်-မဟုတ်၊

(၂) တရားရုံးချုပ်က အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း သည့်အမှုကို တရားမကြောင်းအရ စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းရှိ-မရှိ။"

အဆိုလွှာတွင် တရားလို ဒေါ်အုန်းတင် ပါ ၂ ဦးက အမှတ် (၁) တရားလို ဒေါ်အုန်းတင်နှင့် အမှတ် (၂) တရားလို ဒေါ်ထွေးရင်တို့သည် ကွယ်လွန်သူ ဘုရားဒါယိကာ ဦးထင်က မဟာ လောကဇိနရံသီစေတီတော်မြတ်ကြီးအား ရည်စူး လှူဒါန်းထားသည့် မန္တလေးမြို့၊ ကဍ္ဍဏမဟီရပ်၊ အကွက်နံပါတ် ၆၂၂၊ ဦးပိုင်နံပါတ် ၃၊ ဧရိယာ ၀. ၁၄၁၆ ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် မန္တလေးမြို့၊ ကဍ္ဍဏမဟီ ရပ်၊ အကွက်နံပါတ် ၆၂၂၊ ဦးပိုင်နံပါတ် ၃၇ နှင့် ၃၈ ရှိ ဂရန်မြေကွက် များနှင့် မြေကွက်ပေါ်ရှိ အဆောက်အဦများကို ၅-၈-၉၇ ရက်စွဲပါ မှတ်ပုံတင် ကြေညာစာတမ်းအရ လက်ဝယ်ထိန်းသိမ်းစောင့်ရှောက်

စီမံခန့်ခွဲကြသည့် ပစ္စည်းထိန်းလူကြီးများဖြစ်ကြကြောင်း၊ အမှတ် (၁) တရားပြိုင် ဦးထွန်းရီနှင့် အမှတ် (၂) တရားပြိုင် ဦးညိုဝင်းတို့သည် ၁၉၉၇ ခုနှစ်က ရွေးချယ် တင်မြှောက်ခံရသည်ဆိုသော မဟာလောက ဇိနရံသိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ဖြစ်ကြကြောင်း၊ တရားပြိုင်များသည် တရားလိုများ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အချင်းဖြစ်မြေကွက်များနှင့် အဆောက်အဦများ ကို ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် အတင်းအဓမ္မ လက်ရောက် ရယူပြီး ထရံခတ်ကာရံ၍ အဆောက်အဦများကို ဖျက်သိမ်းရယူထားခဲ့ ကြောင်း၊ တရားလိုများက တရားပြိုင်များထံသို့ မြေကွက်များနှင့် အဆောက်အဦများကို လက်ရောက်ပေးအပ်ရန် တောင်းဆိုခဲ့သော် လည်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တရားပြိုင် များက မြေကွက်များနှင့် အဆောက်အဦများကို တရားလိုများသို့ လက်ရောက်ပေးအပ်စေလိုကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင် ဦးထွန်းရီ ပါ ၂ ဦးက တရားလိုများ သည် အချင်းဖြစ်မြေကွက်နှင့် အဆောက်အဦများကို ထိန်းသိမ်း စောင့်ရှောက် စီမံခန့်ခွဲခဲ့ကြသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင် များက မြေကွက်နှင့် အဆောက်အဦများကို အတင်းအဓမ္မ လက်ရောက်ရယူခြင်း မရှိကြောင်း၊ တရားပြိုင်များက မဟာလောက ဇိနရံသိ စေတီတော်မြတ်ကြီးနှင့် ဘုရားပိုင်ပစ္စည်းများကို စီမံအုပ်ချုပ် ထိန်းသိမ်းလျက်ရှိကြောင်း ချေပသည်။

မန္တလေးတိုင်းတရားရုံးက အဆိုအချေအပေါ် အောက်ပါ ပဏာမငြင်းချက်ကို ထုတ်ခဲ့သည်-

"သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့်စပ်လျဉ်း၍ မှုခင်းများကို

တရားရုံးတွင် တရားမကြောင်း စွဲဆိုခွင့်မရှိဆိုသည်မှာ မှန်ပါသလား။"

မန္တလေးတိုင်းတရားရုံးက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၂ (ဆ) နှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် ၂ (ဆ) အရ စေတီတော်အားသော်လည်းကောင်း၊ ကျောင်းအားသော်လည်းကောင်း၊ ကျောင်းတိုက်အားသော်လည်းကောင်း၊ နဝကမ္မအားသော်လည်းကောင်း လှူဒါန်းထားသော ရတနာ၊ ရွှေ၊ ငွေ၊ ကြေးနှင့် ဂရုဘက်၊ လဟူဘက်ပစ္စည်းများသည် သာသနာရေးဆိုင်ရာ ပစ္စည်းများဖြစ်ကြောင်း၊ ယင်းလုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် မြို့နယ်တစ်ခုအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်း ပိုင်ဆိုင်အငြင်းပွားသည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်ကိုတွေ့ရကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၂ တွင် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့်စပ်လျဉ်းသည့်မှုခင်းများကို တရားရုံးတွင် တရားမကြောင်း စွဲဆိုခွင့်မရှိကြောင်း၊ ထို့ကြောင့် အဆိုလွှာအား စရိတ်နှင့်တကွပလပ်ကြောင်း အမိန့်ချမှတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ကွယ်လွန်သူ ဦးထင်သည် အချင်းဖြစ်မြေကွက်များနှင့် မြေပေါ်ရှိ အဆောက်အဦများကို မဟာလောကဇိနရံသိစေတီတော်သို့ လှူဒါန်းခဲ့သည်မှာ နှစ်ဖက် အငြင်းမပွားကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး

ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂ (ဆ) (၅) အရ အချင်းဖြစ် ပစ္စည်းများသည် သာသနာရေးဆိုင်ရာ ပစ္စည်းများဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းအပိုဒ် ၃ (က) အရ သာသနာရေးဆိုင်ရာ ပစ္စည်း ပိုင်ဆိုင်မှု အငြင်းပွားသည့် ဝိဝါဒိအဓိကရုဏ်းမှုခင်းကို အငြင်းပွား ပစ္စည်းရှိရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ အရ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့် တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထား ကြောင်း၊ အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်းသည့် မှုခင်းကို တရားရုံး၌ တရားမကြောင်း စွဲဆိုခွင့်မရှိ၍ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး အယူခံမှုကိုပလပ်ကြောင်း အမိန့်ချမှတ်သည်။

အယူခံတရားလိုများ ရှေ့နေက မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီတို့သည် ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များ အပိုဒ် ၆၀ နှင့် ညီညွတ်မှုမရှိကြောင်း မန္တလေးတိုင်း သံဃ နာယကအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရလည်းကောင်း၊ တိုင်းသာသနာရေးဦးစီးဌာန၊ မန္တလေးမြို့၏ ၂၀-၂-၀၆ ရက်စွဲပါ စာအမှတ်၊ ၀၁/၁/မတသ-၁၄/၂၀၀၆ (၂၀၅၄) အရလည်းကောင်း၊ အဆိုပါမြေကွက်များသည် မဟာလောကဇိနရံသီစေတီတော် ဂေါပက အဖွဲ့ ဦးပိုင်အမည်ပြောင်းထားမှု မရှိခြင်းတို့ကြောင့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိကြောင်း၊ သံဃာ့ဝိနိစ္ဆယခုံရုံးက စစ်ဆေးခြင်းမပြုသော ပြဿနာအား တရားမတရားရုံးများက လက်ခံ စစ်ဆေးခွင့်ရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ ရှေ့နေက မဟာလောကဇိနရံသိစေတီတော်ကြီးနှင့် ၎င်းစေတီတော်ပိုင်ပစ္စည်းများသည် သာသနာရေးဆိုင်ရာ ပစ္စည်းများဖြစ်ကြောင်း၊ အချင်းဖြစ်ဦးပိုင်အမှတ် (၃) (၃၇) (၃၈) မြေနှင့်မြေပေါ်ရှိ အဆောက်အဦများ၊ အကျိုးခံစားခွင့်များကို ၁၉၄၁ ခုနှစ်က မှတ်ပုံတင်စာချုပ်ဖြင့် လှူဒါန်းခဲ့ရာ မဟာလောကဇိနရံသိစေတီတော်မြတ်ကြီး ပစ္စည်းအဖြစ် အသိအမှတ်ပြုခဲ့ကြပြီးဖြစ်ကြောင်း၊ မြေနှင့်အဆောက်အဦတို့သည် စေတီတော်မြတ်ကြီးပိုင်ပစ္စည်းဖြစ်၍ ဝိနည်းဓမ္မကံ မှုခင်းဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၆၀ နှင့် ညီညွတ်သောပစ္စည်းဖြစ်ကြောင်း၊ စေတီတော်မြတ်ကြီးအား လှူဒါန်းထားသော အချင်းဖြစ်မြေများသည် ၁၉၈၀ ပြည့်နှစ်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၂ (ဆ) (၁) (၂) (၅) တို့တွင် ပြဋ္ဌာန်းချက်အရ သာသနာရေးဆိုင်ရာပစ္စည်းများဖြစ်ကြောင်း၊ စေတီတော်ကြီးအား လှူဒါန်းထားသောအချင်းဖြစ်မြေနှင့် အဆောက်အဦတို့သည် တရားလိုများ ပိုင်ဆိုင်ခွင့်ရှိသည့်အပြင် လက်ရှိလည်းမဟုတ်ကြောင်း၊ ထို့ကြောင့် အယူခံတရားလိုများသည် အယူခံတရားပြိုင်များအပေါ် လက်ရောက်ရလိုမှုစွဲဆိုခွင့်ရှိသူများ မဟုတ်ကြောင်း၊ သာသနာရေးဆိုင်ရာ ပစ္စည်းဖြစ်ခြင်းကြောင့် ဝိနည်းဓမ္မကံ အဓိကရုဏ်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ အရ ဝိနည်းဓမ္မကံမှုခင်းအဖြစ်သာ အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်း

ထားသည်။

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၂ တွင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း တစ်ခုခုဖြစ်ပွားလျှင် ဤလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချက်ကို ခံယူရမည်။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းကို အခြားမည်သည့်တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့်မရှိစေရဟု ဖော်ပြထားသည်။

သို့ဖြစ်၍ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို သံဃဝိနိစ္ဆယအဖွဲ့ကသာ စစ်ဆေးဆုံးဖြတ်ရမည်ဖြစ်ပြီး တရားရုံးများတွင် တရားမကြောင်းအရ တရားစွဲဆိုခြင်းမပြုရပေ။

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၂ (က) ၌ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဆိုသည်မှာ ဝိနည်းတရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းများကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားသည်။

အယူခံတရားလို ဒေါ်အုန်းတင် ပါ ၂ တို့က အဆိုလွှာအပိုဒ် (၁) တွင် ကွယ်လွန်သူ ဘုရားဒါယကာ ဦးထင်က မန္တလေးမြို့၊ ကဋ္ဌဏမဟီရပ်၊ အကွက်နံပါတ် ၆၂၂၊ ဦးပိုင်နံပါတ် ၃၊ ဧရိယာ ၀. ၁၄၁၆ ဧကေရှိ ဘိုးဘွားပိုင်မြေကွက်နှင့် မန္တလေးမြို့၊ ကဋ္ဌဏမဟီရပ်၊ အကွက်နံပါတ် ၆၂၂၊ ဦးပိုင်နံပါတ် ၃၇ နှင့် ၃၈ ဂရန်မြေကွက်များအား မဟာလောကဇိနရံသီစေတီတော်မြတ်ကြီးအား ရည်စူး၍ လှူဒါန်းသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါ မြေကွက်များ၏ ဦးပိုင်များတွင် သာသနာ့မြေသို့ အမည်ပြောင်းခဲ့ပြီးဖြစ်ကြောင်း အမှုတွဲ၌ မပေါ်ပေါက်ချေ။

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆ဝ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"သာသနာမြေအပဵ္ဍရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း ဘဏ္ဍာများကို ရဟန်း/သာမဏေ/ ဂိုဏ်း/သံဃာ/စေတီ/ ကျောင်း/ကျောင်းတိုက်/နဝကမ္မ/ဗုဒ္ဓဘာသာ သာသနာရေး ဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းချုပ်ဆို၍ မှတ်ပုံတင် ခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားသည့် သာသနာ့မြေအပရှိ မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်း ဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့် အငြင်းပွားလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခွင့် ရှိသည်။"

အယူခံတရားလိုများက မန္တလေးတိုင်း သံဃနာယကအဖွဲ့၏ ၁၈-၂-ဝ၆ ရက်စွဲပါ စာအမှတ်၊ ၃၄၉/မ/၂ဝ (သာ-ထွေ) တနက- ဝ၆ နှင့် တိုင်းသာသနာရေးဦးစီးဌာန၊ မန္တလေးမြို့၏ ၂ဝ-၂-ဝ၆ ရက်စွဲ ပါ စာအမှတ်၊ ဝ၁/၁/မတသ-၁၄/၂ဝဝ၆ (၂ဝ၅၄) တို့ကို တင်ပြ ထားသည်။

မန္တလေးတိုင်း သံဃနာယကအဖွဲ့၏ စာဆုံးဖြတ်ချက်အပိုဒ် (က) တွင် အောက်ပါအတိုင်း ဖော်ပြသည်-

"(က) သာသနာမြေအပဵ္ဍရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကို ရဟန်း / သာမဏေ/ ဂိုဏ်း/ သံဃာ/စေတီ/ကျောင်း/ကျောင်းတိုက်/နဝကမ္မ/

ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များ အား လျှုဒါန်းရာ၌ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင် အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည် ဟူသော ကန့်သတ်ချက်အရ မူလဘုရားဒါယကာ ဦးထင်ကသော်လည်းကောင်း၊ ပစ္စည်းထိန်းများက သော်လည်းကောင်း၊ မြေကွက်အမှတ် ၆၂၂၊ ဦးပိုင် ၃ (၃၇) (၃၈) တို့ကို မဟာလောကဇိနရံသီ ဂေါပက အဖွဲ့သို့ မှတ်ပုံတင်စာချုပ်ဖြင့် လှူဒါန်းခဲ့မှု မရှိခြင်း၊ အဆိုပါ မြေကွက်များသည် မဟာလောကဇိနရံသီ ဂေါပကအဖွဲ့ ဦးပိုင်အမည်ပြောင်းထားမှု မရှိခြင်းတို့ ကြောင့် ဝိ/လုပ်ထုံး အပိုဒ် ၆၀ နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိရပါသဖြင့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း။”

သို့ဖြစ်၍ မန္တလေးတိုင်း သံဃနာယကအဖွဲ့က အချင်းဖြစ် မြေကွက်နှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၆၀ ပါ ဖော်ပြချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

**ဗုဒ္ဓဘာသာ ပရိယတ္တိ သာသနာပြုအဖွဲ့ချုပ် (၎င်း၏ ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်သိန်း)** နှင့် **ဒေါ်မေဒနီ အမှု**[၁] တွင်

(၁) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၀။

အောက်ပါအတိုင်း လမ်းညွှန်ထားသည်-

"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်ခြင်း မပြုသည့် အငြင်းပွားမှုသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဟု ဆိုနိုင်မည်မဟုတ်ပေ။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအဖြစ် သံဃဝိနိစ္ဆယရုံးက စစ်ဆေးဆုံးဖြတ်ခြင်းမပြုသော ပြဿနာအား တရားမတရားရုံးက လက်ခံစစ်ဆေး ကြားနာခြင်းကို အထက်တွင် ဖော်ပြခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ် ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်း အပိုဒ် ၂၂ တို့က ပိတ်ပင်ရန်အကြောင်း မရှိနိုင်ပေ။"

မန္တလေးတိုင်း သံဃနာယကအဖွဲ့က ယခု အငြင်းပွားမှုကို သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ယခုအမှုသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ယခုအမှုကို မန္တလေးတိုင်းတရားရုံးက စစ်ဆေးစီရင်ခြင်းအား ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ခြင်း မရှိပေ။

ထို့ကြောင့် အချင်းဖြစ်မြေကွက်များနှင့် အဆောက်အဦများသည် ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၀ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိသဖြင့်

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အချင်းဖြစ် ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ တရားစွဲဆိုခွင့်မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိပေ။

သို့ဖြစ်၍ ဤအထူးအယူခံခုံရုံးက ကြားနာသည့် ပြဿနာများကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

"(၁) အငြင်းပွားသော အချင်းဖြစ် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၀ နှင့် အကျုံးဝင်သော ပစ္စည်းမဟုတ်ကြောင်း၊

(၂) တရားရုံးချုပ်က အချင်းဖြစ် ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုကို တရားမကြောင်းအရ စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်မှုမရှိကြောင်း။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

တိုင်းတရားရုံးသည် အယူခံတရားလိုများ စွဲဆိုသည့်အမှုကို မူလအမှုအမှတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး ကျန်ငြင်းချက်များကို နှစ်ဖက်သက်သေခံချက်များ ရယူပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအား ပေးရမည်။

ဤအယူခံတွင် အယူခံတရားလိုထမ်းဆောင်ထားသော ရုံးခွန်ကို ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို အယူခံတရားလိုအား ထုတ်ပေးစေ။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးစိန်လှိုင် တို့ရှေ့တွင်

## ဦးအောင်သိန်း (ခ) ဦးသိန်းထူး ပါ ၂

## နှင့်

## အာရှဓနဘဏ်လီမိတက် (တရားရုံးအမိန့်ဖြင့်စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဝင်းသင်) ပါ ၂*

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်+

**အပေါင်မှုတွင် လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၉ နှင့် သက်ဆိုင်ခြင်းရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက်မှာ အပေါင်ရွေးနုတ်ခွင့်နှင့်သာ သက်ဆိုင်

---

* ၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၂။

\+ ၂၀၀၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၇ တွင် ချမှတ်သော ၁၆-၃-၀၇ ရက်နေ့စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

ကြောင်း ပြဋ္ဌာန်းချက်အရ ပေါ်လွင်သည်။ လေလံရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားချက်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၉ နှင့် သက်ဆိုင်ရန်မှတစ်ပါး အခြားမရှိပေ။

အယူခံတရားလိုများအတွက် - ဒေါ်စန္ဒာသိန်း၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ၁။ ဦးတင်ယု၊ တရားရုံးချုပ်ရှေ့နေ
၂။ ဦးဇော်ဝင်း၊ တရားရုံးချုပ်ရှေ့နေ

ရောဝတီတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၁၅/ဝ၄ တွင် တရားနိုင် အာရှခနဘာဏ်လီမိတက်က တရားရှုံး ဦးအောင်သိန်း (ခ) ဦးသိန်းထူးနှင့် ဒေါ်စန်းရီတို့အပေါ် ပုသိမ်မြို့ရှိ အပေါင်ပစ္စည်း ရောင်းချ၍ ကြွေးမြီများ ရယူဆောင်ရွက်ပေးရန် စွဲဆိုသည်။ တိုင်းတရားရုံးက ပမ္မဝတီအဆောက်အဦကို လေလံတင် ရောင်းချသည့်အပေါ် ဦးအောင်သိန်း (ခ) ဦးသိန်းထူးတို့က ရောင်းချခြင်း ပယ်ဖျက်ပေးရန် လျှောက်ထားရာ မအောင်မြင်ပေ။ ဆက်လက်၍ တရားရုံးချုပ်၊ တရားမ ထွေထွေအယူခံမှုအမှတ် ၇၇/ဝ၆ တွင် လျှောက်ထားရာ၌လည်း တရားရုံးချုပ်က တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုသည်။

ထို့ကြောင့် ဦးအောင်သိန်း(ခ)ဦးသိန်းထူးတို့က ၂ဝဝဝ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၅၇/ဝ၇ တွင် လျှောက်ထားရာ အထူးခုံရုံးက အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုသည်-

" ၁။ အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်း ရောင်းချခြင်းကိစ္စတွင် တရားမကျင့်ထုံးဥပဒေ အမိန့်

၃၄ ပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာရန်ဖြစ်သော်လည်း တရားရုံးချုပ်က အမိန့် ၂၁၊ နည်း ၈၉ ကို ကိုးကား၍ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ။

၂။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အရ အပေါင်ပစ္စည်း ရွေးနုတ်ခွင့်ပြုပါရန် လျှောက်ထားသည့် ကိစ္စများ၌ သတ်မှတ်သည့် ငွေကြေးကို တရားရုံးတွင် ပေးသွင်းခွင့်ပြုပါရန်နှင့် လေလံတင် ရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းသည်ဥပဒေနှင့်ညီညွတ်မှုရှိ-မရှိ။”

အယူခံတရားလို ဦးအောင်သိန်း (ခ) ဦးသိန်းထူးတို့၏ တရားရုံးချုပ်ရှေ့နေက မိမိတို့ လျှောက်ထားချက်သည် ပစ္စည်းကို လေလံတင်ရောင်းချပြီး ရက် ၃၀ အတွင်း လျှောက်ထားခြင်းမဟုတ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်းကောက်ယူသုံးသပ်ချက်သည် မှန်ကန်မှုမရှိကြောင်း၊ အပေါင်မှုများ၌ လိုက်နာဆောင်ရွက်ရမည့် အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အပေါ် အမိန့် ၂၁ နည်း ၈၉ က လွှမ်းမိုးသည့်သဘော သက်ရောက်ကြောင်း၊ မိမိတို့က ငွေပေးသွင်းခွင့်ပြုရန်နှင့် လေလံတင် ရောင်းချခြင်းကို ပယ်ဖျက်၍ အပေါင်ရွေးနုတ်ခွင့်ပြုရန် လျှောက်ထားခြင်းသည် ငွေပေးသွင်းခွင့်ပြုရန် တရားရုံးလက်စွဲအပိုဒ် ၂၆ နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငွေပေးသွင်းရုံဖြင့် မလုံလောက်၊ ရောင်းချခြင်းကို ပယ်ဖျက်ခြင်းမပြုနိုင်။ တစ်ဖက်တွင်တရားဝင်အတည်ဖြစ်စေရန် လျှောက်လွှာနှင့် ငွေပေးသွင်းရန်၊ ထိုနောက်ပိုင်းတွင် ပေးသွင်းနိုင်သည်ဟု အေအိုင်အာ ၁၉၄၆ အောက် ၄၅ စီရင်ထုံးတွင်

ဖော်ပြထားကြောင်း၊ တရားရုံးချုပ် (အထွေထွေလျှောက်လွှာအထူး) စီရင်ချက်တွင်လည်း ငွေများ ပေးသွင်းခွင့်ပြုရန် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ခွင့်ပြုချက်တောင်းခံမှသာလျှင် ငွေပေးသွင်းရမည့်သူအနေဖြင့် ဒီကရီကျငွေနှင့် တရားစရိတ်ငွေများကို နည်း ၇ အရ တရားရုံးက သတ်မှတ်သည့် နောက်ထပ်ပေးရမည့်ငွေများကို သိရှိနိုင်မည်ဖြစ်သည်ဟု သုံးသပ်ထားကြောင်း၊ တရားမကျင့်ထုံး အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အရ လျှောက်ထားခြင်းဖြစ်ကြောင်း ထင်ရှားပြီးဖြစ်ပါလျက် အယူခံတရားပြိုင်များမှ လေလံတင် ရောင်းချခြင်းကို ပယ်ဖျက်ပေးစေလိုမှုသာ လျှောက်ထားခြင်းဖြစ်ပြီး အပေါင်ရွေးနုတ်လိုမှု လျှောက်ထားခြင်းမရှိကြောင်း တင်ပြချက်သည် မှန်ကန်မှုမရှိကြောင်း၊ ဥပဒေနှင့်အညီ ပေးသွင်းရန်ရှိသောငွေများ ပေးသွင်းခွင့်ပြုပြီး အပေါင်ရွေးနုတ်ခွင့်ပြုကြောင်း အပြီးသတ် အမိန့်ချမှတ်ပေးရန်ဖြစ်ကြောင်း လျှောက်ထားသည်။

အယူခံတရားပြိုင် အာရှဓနဘဏ်၏ တရားရုံးချုပ်ရှေ့နေက အယူခံတရားလိုများသည် ဥပဒေကခွင့်ပြုထားသော ငွေကြေးများကို တရားရုံးတော်ကိုပေးသွင်းပြီးမှ ရွေးနုတ်ခွင့်ပြုရန် အမိန့် ၃၄၊ နည်း ၃ (၂) တွင် ပြဋ္ဌာန်းထားသဖြင့် ငွေမသွင်းဘဲ ရွေးနုတ်ခွင့်ပြုမည်ဆိုပါက တရားရုံးမှ ငွေမသွင်းဘဲ အချိန်ဆွဲနေခဲ့လျှင် လေလံ ထပ်ပစ်ရဦးမည်ဖြစ်ကြောင်း၊ တရားမကျင့်ထုံး အမိန့် ၂၁ နည်း ၈၉ အရ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌ ကာလစည်းကမ်းသတ် ၁ ရက် နောက်ကျသည်ကိုခွင့်မလွှတ်ကြောင်း **မဟာမက်ကာစင်** နှင့် **အေဂျေဒေးဗစ် အမှု**[၁] တွင် ထုံးဖွဲ့ထားကြောင်း၊ ယခုအမှုတွင်

---

၁။ အတွဲ ၆ ရန်ကုန် စာ ၄၉၈

ကာလစည်းကမ်းသတ် ကျော်နေသည်မှာလည်း ပေါ်လွင်၍ အထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားပြိုင် ဦးအောင်မြင့်၏ တရားရုံးချုပ်ရှေ့နေက အယူခံတရားလိုများက လေလံတင်ရောင်းချခြင်း ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌ ရောင်းချသည့်နေ့မှ ရက် ၃၀ အတွင်း တင်သွင်းခြင်း မရှိ၍ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၈၉ နှင့် ညီညွတ်ခြင်း မရှိကြောင်း၊ လျှောက်လွှာသာမက ငွေကိုလည်း ရောင်းချသည့်နေ့မှ ရက် ၃၀ အတွင်း ပေးသွင်းရမည်ဟု (အေအိုင်အာ ၁၉၄၄ ဘုံဘိုင် ၂၃၃) တွင် ထုံးဖွဲ့ထားကြောင်း၊ အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အရ ငွေပေးသွင်းကာ ရောင်းချမှုကို ပယ်ဖျက်စေနိုင်သည်ဟု ( ILR ၁၉၄၃ CAL ၃၂၄) တွင် ဆုံးဖြတ်ထားကြောင်း၊ အယူခံတရားလိုများ၏ လျှောက်ထားချက်သည် အပေါင်ပစ္စည်းရွေးနုတ်ခွင့်ပြုရန် လျှောက်ထားနိုင်သည့် အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်၏ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သဖြင့် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

ယခုအမှုတွင် တရားရှုံး ဦးအောင်သိန်း (ခ) ဦးသိန်းထူးနှင့် ဒေါ်စန်းရီတို့သည် ၎င်းတို့ပိုင် ပုသိမ်မြို့ရှိ ပမ္မဝတီဧည့်ရိပ်မွန်ကို အာရှမနေဘဏ်လီမိတက်တွင် ပေါင်နှံပြီး ဘဏ်ချေးငွေ ပေးဆပ်ခြင်းမရှိ၍ ယင်းပစ္စည်းကို ၁၈-၁၀-၀၄ ရက်နေ့ကစ၍ လေလံတင်ရောင်းချသည်။ အကြိမ်ကြိမ် လေလံတင်ပြီး ၁၇-၈-၀၆ ရက်နေ့တွင် သိန်း ၁၂၀၀ ဖြင့် လေလံအောင်၍ ဦးအောင်မြင့်ဆိုသူကဝယ်ယူသည်။ ၁၈-၉-၀၆ ရက်နေ့တွင် ငွေအပြေအကျေ ပေးသွင်းသည်။

ရောင်းချခြင်း အတည်ပြုမိန့် ချမှတ်ရန်အဆင့်တွင် တရားရှုံး

များမှ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက် အရ လျှောက်ထားသည်။ လျှောက်လွှာနောက်ဆုံးအပိုဒ်တွင်-

> "တရားရုံးများပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လေလံတင် ရောင်းချပြီးနောက် ထိုသို့ ရောင်းချခြင်းကို အတည်ပြုလက်မှတ် (Sale Certificate) မထုတ်ပေးရသေးမီ တရားရုံးများမှ တရားနိုင်ဘဏ်သို့ ပေးသွင်းရန်ရှိသော ဒီကရီကျငွေ၊ တရားစရိတ်များနှင့် လေလံဆွဲဝယ်ရရှိသူ ဝယ်ယူသည့် ငွေကျပ် သိန်း ၁၂၀၀ ၏ ၅%၊ ကျပ်သိန်း ၆၀ အား ပေးသွင်းခွင့်ပြုပါရန်နှင့် လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် တရားမကျင့်ထုံး အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက် အရ လျှောက်ထားခြင်းအား ခွင့်ပြုကြောင်း အမိန့်တစ်ရပ် ချမှတ်ပေးပါရန် တင်ပြလျှောက်ထားအပ်ပါသည်။"

ဟု ဖော်ပြသည်။

တရားမကျင့်ထုံး အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်မှာ အပေါင်ရွေးနုတ်ခွင့်နှင့်သာ သက်ဆိုင်ကြောင်း ပြဋ္ဌာန်းချက်အရ ပေါ်လွင်သည်။ လေလံရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားချက်သည် အမိန့် ၂၁ နည်း ၈၉ နှင့် သက်ဆိုင်ရန်မှတစ်ပါး အခြားမရှိပေ။

တရားရုံးတို့၏ ပမ္မဝတီဩ့ရိပ်မွန် အဆောက်အဦကို ၁၇-၈-၀၆ ရက်နေ့တွင် လေလံတင်ရောင်းချပြီးဖြစ်၍ ရောင်းချခြင်းကို ပယ်ပျက်စေလိုက ကာလစည်းကမ်းသတ်ဥပဒေ အပိုဒ် ၁၆၆ အရ ရောင်းချပြီး ရက် ၃၀ အတွင်း လျှောက်ထားရမည်ဖြစ်သည်။ ယခုအမှုတွင် ၃၃ ရက်အကြာ ၂၀-၉-၀၇ ရက်နေ့တွင်မှ လျှောက်ထားသဖြင့် ၃ ရက်ကျော်နေသည်။ လက်ခံရန်မဖြစ်နိုင်ပေ။ ဤကိစ္စမျိုးတွင်

လျှောက်ထားချက် ၁ ရက် နောက်ကျခြင်းကိုပင် ခွင့်လွှတ်မည် မဟုတ်ကြောင်း **မဟာမက်ကာစင်** နှင့် **အေဂျေဒေးပစ် အမှု**[၁]တွင် အောက်ပါအတိုင်း ထုံးဖွဲ့ညွှန်ပြသည်-

" A day's delay in making the application or the deposit beyond the period of 30 days from the date of sale cannot be disregarded."

ထို့ကြောင့် တရားရုံးချုပ်က ဦးအောင်သိန်း (ခ) ဦးသိန်းထူး တို့က ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသည် ကာလစည်းကမ်းသတ်ရက် ၃၀ ထက်ကျော်လွန်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒုတိယပြဿနာနှင့်စပ်လျဉ်း၍ အမှုကိုစိစစ်ရာတွင် တရားရုံးများက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အရ အပေါင်ပစ္စည်းရွေးနုတ်ခွင့်ပြုပါရန် လျှောက်ထားသည်။

တရားရုံးချုပ်က "ဦးအောင်သိန်း (ခ) ဦးသိန်းထူးတို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ၏ ခြွင်းချက်အရ ရွေးနုတ်ခွင့် လျှောက်ထားခြင်းဖြစ်ပါမူ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း အာရှုခနေဘဏ်သို့ ပေးရန်ရှိသောငွေအပြင် တရားရုံးက သတ်မှတ်ပေးသည့် နောက်ထပ်ပေးရမည့်ငွေနှင့် လေလံဆွဲဝယ်သူက တရားရုံးသို့ ပေးသွင်းထားသည့်ငွေ ၅% နှင့်ညီသော လျော်ကြေးငွေကို တရားရုံးသို့ပေးသွင်းပြီး လျှောက်ထားရန်ဖြစ်သည်ဟု သုံးသပ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက်တွင် သတ်မှတ်ထားသည့် ငွေများကို ပေးသွင်းခြင်းဖြင့် လျှောက်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည့်ပြင် နောက်ဆုံးစာပိုဒ်၌-

> "Which said compensatory amount shall be paid to the purchaser together with the said purchase-money as his application."

ဟု ဖော်ပြထားသဖြင့် လျော်ကြေးငွေနှင့် ဝယ်ယူသည့် အဖိုးငွေကို ဝယ်သူအား မလွဲမသွေပေးရမည်ဖြစ်ရာ လျှောက်ထားသူက ငွေသွင်း မထားလျှင် ဤပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်မဟုတ်ပေ။

သို့ဖြစ်၍ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက်အရ လျှောက်ထားရာ၌ ငွေပေးသွင်းပြီးဖြစ်ရန် လိုကြောင်း တွေ့ရသည်။ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ၏ ပထမအပိုဒ်မှာ ရောင်းချခြင်း၊ ငွေသွင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်ပြီး ဒုတိယအပိုဒ် (ခြွင်းချက်အပိုဒ်) ၏ ပြဋ္ဌာန်းချက်မှာ ရောင်းချပြီးနောက် အပေါင်ရွေးနုတ်နိုင်ရေးအတွက် လျှောက်ထားခွင့်ဖြစ်သည်။ သတ်မှတ်သည့်ငွေကြေးကို တရားရုံးတွင် ပေးသွင်းရေးအတွက် လျှောက်ထားခွင့်မဟုတ်ကြောင်း ထင်ရှားသည်။

သို့ဖြစ်၍ တရားရုံးချုပ်က တရားရုံးများသည် ငွေပေးသွင်းခွင့် ပြုရန်ကိုသာ လျှောက်ထားခြင်းဖြစ်သောကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ (၂) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်း မဟုတ်ကြောင်း၊ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက် ပေးရန် ကာလစည်းကမ်းသတ်ကျော်လွန်မှ လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်၍ တရားရှုံး ဦးအောင်သိန်း (ခ) ဦးသိန်းထူးတို့၏ လျှောက်ထားချက်ကို ပယ်ခြင်းသည် မှားယွင်းခြင်းမရှိဟု ကျွန်ုပ်တို့ သုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် ဤအထူးအယူခံမှု၏ ပြဿနာများအပေါ် အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" ၁။ အပေါင်ဒီကရီပါ မရွေ့မပြောင်းနိုင်သော ပစ္စည်း ရောင်းချခြင်းကိစ္စတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ ပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာရန်ဖြစ်သော် လည်း တရားရုံးချုပ်က အမိန့် ၂၁၊ နည်း ၈၉ ကို ကိုးကား၍ ကာလစည်းကမ်းသတ် ကျော်လွန်သည် ဟု ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ကြောင်း၊

၂။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ (၂) ခြွင်းချက်အရ အပေါင်ပစ္စည်း ရွေးနုတ်ခွင့်ပြုပါ ရန် လျှောက်ထားသည့် ကိစ္စများ၌ သတ်မှတ်သည့် ငွေကြေးကို တရားရုံးတွင် ပေးသွင်းခွင့်ပြုပါရန်နှင့် လေလံတင် ရောင်းချခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိ ကြောင်း။"

၎င်းနောက် တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြုပြီး ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၃၀၀၀/- ကျပ် သတ်မှတ်သည်။